



# မောင်နှင်းဆွေ

## ဝံပုလွေမြူနှင့်၊ သွေးပင့်ကူ

(ဒုတိယပိုင်းဇာတ်သိမ်း)

ဒိုင်း ဝ ရွှေ တောင်

| | |
|---|---|
| | ပထမအကြိမ် |
| | ၁၉၉၀ ခု၊ မေလ |
| | စာမူ ခွင့်ပြုအမှတ် ၂၇/၉၀[၁] |
| | မျက်နှာဖုံးခွင့်ပြု အမှတ် ၁၆၁/၉၀[၃] |
| တန်ဖိုး | သုံးဆယ့်နှစ်ကျပ်တိတိ |
| အုပ်ရေ | ၇၀၀ အုပ် |
| မျက်နှာဖုံး ပန်းချီ | စံရွှေအောင် |
| ကာလာခွဲ | ကျော်စိမ်း |
| မျက်နှာဖုံးရိုက် | ကျော်စိမ်း OFFSET |
| ပုံနှိပ်သူ | ဒေါ်တင်ရွှေ (၀၁၄၄၀)<br>အောင်ချမ်းသာပုံနှိပ်တိုက်<br>၅၄၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | မောင်နှင်းဆွေ (မြ-၀၉၀၃)<br>ပန်းလက်ဆောင်စာပေ<br>၃၂၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊<br>ရန်ကုန်မြို့။ |


# မောင်နှင်းဆွေ

## ဝံပုလွေဖြူ နှင့် သွေးပင့်ကူ

ဒုတိယပိုင်း (ဇာတ်သိမ်း)

[သိုင်းဘာသာပြန် အသစ်စက်စက်]

(နှစ်အုပ်တွဲ သိုင်းစာစဉ်)

ပန်းလက်ဆောင်စာပေ မှ ဖူးပွင့်သော
အနုပညာပန်းပွင့်များတို့သည်
အမည်နာမသာ ကွဲပြား သော်လည်း
ထပ်တူထပ်မျှ မွှေးပျံ့ကြပါ၏။

မောင်နှင်းဆွေ

# မောင်နှင်းဆွေ

## ဝံပုလွေဖြူနှင့် သွေးပင့်ကူ

ဒုတိယပိုင်း(ဇာတ်သိမ်း)

မူရင်းစာရေးဆရာ.... မာထိန်

မူရင်းဝတ္ထု.... စစ်နီတောင်စိန်

ပန်းလက်ဆောင်စာပေ

မိမိငှါးရမ်းသွားသောစာအုပ်၊
ဖြဲ-နုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုးနှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော်ရမည်။

လှိုင်ဇာပေ
အမှတ် ၁၅/၁၃၈၊ မိလမ်း
တောင်ငူမြို့။

အခန်း (၁၁)

---

## ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်

ညဥ့်လေအေးကလေးများက တသုန်သုန်တိုက်ခတ်လျက်ရှိ၏။

လရောင်က ရွှန်းမြစွာ ကျရောက်လျက်ရှိနေ၏။ ချူးချင်းနှင့် ဖန်းပူဖိန်တို့က ဝံပုလွေဖြူတောင်ကြီး၏ ခြေရင်းသို့ရောက်လာခဲ့ကြလေပြီ။

သူတို့လက်ထဲတွင် အဖိုးထိုက်အဖိုးတန်လှသော ဝံပုလွေဘိုးဘိုး၏ ဝံပုလွေခေါင်းခေါင်း ရတနာမြေပုံများက ပါရှိလာခဲ့လေပြီ။

ဝံပုလွေခြားက ယခု ချူးချင်းလက်ထဲသို့ ရောက်လျက်ရှိနေ၏။

ဖန်းပူဖိန်က ကောက်ကျစ်စဉ်းလဲသော အပြုံးနှင့် တစ်ချက်ပြုံးလိုက်ပြီး....

"ချူးချင်း....ဝံပုလွေခြားကတကယ့်ရတနာခြားကောင်းကွ၊ ငါ့ကိုခဏလောက် ပြစမ်း"

"ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ကို အသေအချာ မှာထားတယ်၊ ဒီခြားရလာရင် ဘယ်သူ့လက်ထဲမှ မထည့်ရဘူးတဲ့"

"ဟုတ်ပါတယ်၊ ငါကလဲ မယူပါဘူး၊ ခဏကလေးကြည့်မလို့ပါ"

ဖန်းပူဖိန်ကလည်း စကားကို အမျိုးမျိုးလှည့်ပြောကာ ချူးချင်းထံမှ ဝံပုလွေခြားကို မရမကတောင်းနေသည်။

ချူးချင်းကလည်း အတန်တန်ငြင်းသည်။ နောက်ဆုံး ဖန်းပူဖိန်က အတင်းအဓမ္မတိုက်ခိုက်ပြီး လုယူတော့မည့်အသွင်မျိုး ဖြစ်ပေါ်လာသည်။

"ဟိတ်....ချူးချင်း၊ ငါအေးအေးဆေးဆေးပြောနေတာမရဘူးလား၊ ဝံပုလွေခြားကို ငါ့လက်ထဲ အပ်မလား၊ မအပ်ဘူးလား"

ဖန်းပူဖိန်က ချူးချင်းကို စူးစိုက်ကြည့်လိုက်ပြီး စူးရှခက်ထန်သော လေသံဖြင့် ပြောကြားလိုက်သည်။





ချူးချင်းက ဟာက်ခနဲ ရယ်မောလိုက်ရင်း....

"ဒီခြားက ဝံပုလွေဘိုးဘိုးရဲ့ခြား၊ ကျွန်တော် ဘိုးတော်ဆရာသခင်ရဲ့ ခြားဆိုရင်လဲ မမှားဘူး၊ ကျွန်တော့်ဆရာက တောင်ပေါ်ဝံပုလွေ၊ ဒါကြောင့် ဒီခြားကို မသမာသူတွေရဲ့လက်ထဲ ရောက်သွားလို့မဖြစ်ဘူး၊ စောစောက ခင်ဗျားတောင်ပေါ်မှာတုန်းက ခြားကိုလေထဲတက်အဖမ်းမှာ ဝံပုလွေတွေ ဝိုင်းအူတာ တွေ့တယ်မဟုတ်လား၊ ခြားက ခင်ဗျားနဲ့ ထိုက်တန်ရင် ခင်ဗျားလက်ထဲ ရောက်မှာပေါ့၊ အခုတော့ ခြားက လေထဲမှာတင် တစ်ပတ်လည်ပြီး ကျွန်တော် လက်ထဲရောက်လာတာ၊ ဒီလိုအစွမ်းထက်ပြီး အဖိုးထိုက်အဖိုးတန်တဲ့ ရတနာခြားမျိုးဆိုတာ မသမာသူတွေလက်ထဲ ရောက်သွားလို့မဖြစ်ဘူး"

"ဘာကွ....ဘာပြောလိုက်တယ်၊ မင်းက ငါ့ကို မသမာသူဒုစရိုက်သမားတစ်ယောက်လို့ပြောလိုက်တာပေါ့၊ ဟုတ်လား"

ဖန်းပူဖိန်က ဒေါသတကြီး အော်ငေါက်ပြောလိုက်သည်။ ချူးချင်းက ရယ်မောလိုက်ပြီး အေးစက်စက်လေသံဖြင့်....

"ဟုတ်တယ်....ခင်ဗျားတင်မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်ဟာလဲ လူယုတ်မာကြီးပဲ"

"ဟိတ်ကောင်....မင်းကဂိုဏ်းချုပ်ကို စော်ကားတာလား၊ တို့ဂိုဏ်းချုပ်ကြီးဟာ သိုင်းလောကမှာအဖြူရောင်သစ္စာဘက်တော်သား ဂိုဏ်းချုပ်ကြီးတစ်ယောက်ဆိုတာ အားလုံးသိပါတယ်ကွ"

"ဟား....ဟား....ဟား"

ချူးချင်းက တဟားဟား ရယ်မောလိုက်ကာ....

"ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးကျူမင်က မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးကြီးတစ်ကောင်ပါ၊ အခုမျက်နှာဖုံးကွာကျပြီး ဘီလူးခေါင်း ပြန်ထွက်လာပြီလေ၊ တကယ်တော့ ကျုပ်မိဘတွေကို ရက်ရက်စက်စက်သတ်သွားတာ ခင်ဗျားတို့ ဂိုဏ်းချုပ်ပဲ၊ သိုင်းလောကမှာ အမှောင်သခင်ဘွဲ့ရထားတဲ့ အဆိပ်သခင်ဟာ ကျူမင်ပဲဆိုတာ ကျုပ်သိထားပြီးပြီ"

ဖန်းပူဖိန်က မျက်ခုံးနှစ်ဘက် မြှင့်လိုက်ကာ—

"ဩော်....လက်စသတ်တော့ မင်းက ဒီအကြောင်းတွေကို သိနေမှုကိုးကွ၊ ငါလဲထင်လိုက်သားပဲ၊ နယ်စပ်စားသောက်ဆိုင်မှာတုန်းက လာပြီးတိုက်ခိုက်တဲ့ မျက်နှာဖုံးစွပ်နဲ့ မင်းကို ငါက မသင်္ကာဘူး၊ ငါကမင်းကိုမေးတော့ မင်းအဖြေက သိပ်မရေရာဘူး၊ အဲဒီမှာတည်းက ငါကမင်းကို မသင်္ကာဖြစ်နေတာ၊ သူတို့က မင်းကိုဖော်ပြောလိုက်ပြီမဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားတို့ရဲ့ ယုတ်မာတဲ့ အကြံအစည်တွေ အားလုံးကို ကျုပ်သိထားပြီးပြီ၊ ခင်ဗျားတို့ လှည့်ချင်တိုင်း လှည့်လို့ မရတော့ဘူး"

ဖန်းပူဖိန်က ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးလိုက်ရင်း....

"ချူးချင်း....ဒီညအဖို့တော့ မင်းပြန်လမ်းလုံးဝမရှိတော့ဘူး၊ ဘောဒီ ငါ့ဓားကိုပဲ ကြည့်ရှောင်ပေတော့"



ပြောပြောဆိုဆို ဖန်းပူဖိန်က ကျောမှပိုးလွယ်ထားသော မြွေဓားကို ရှမ်းခနဲဆွဲထုတ် ပစ်လိုက်သည်။

လရောင်တွင် ဖန်းပူဖိန်၏ဓားမှာ နီကျင့်ကျင့်တောက်ပသွားသည်။ ချူးချင်းက သူ၏နှစ်ဘက်သွားဓားကို ဆွဲထုတ်ပစ်လိုက်ပြီး—

"ဖန်းပူဖိန်၊ ခင်ဗျားရဲ့ဇာတိရုပ်ကလဲ ဘွားဘွားကြီးပေါ်လာပြီ။ ခင်ဗျားက ကျုပ်ရဲ့မဟာရန်သူတော်ကြီး အဆိပ်သခင်ရဲ့လက်ရုံးကြီးဆိုတော့ ခင်ဗျားကို အသက်ရှင်ထားလို့ မဖြစ်တော့ဘူး"

ဖန်းပူဖိန်က တဟားဟားရယ်မောလိုက်ရင်း....

"ချူးချင်း....အပြောသိပ်ကြီးမနေစမ်းပါနဲ့၊ မင်းကအခုမှ သိုင်းလောကထဲဝင်ဖို့ ကြိုးစားနေတဲ့ ကောင်လေးတစ်ယောက်ပါ၊ ငါကသိုင်းလောကအတွေ့အကြုံရော၊ တိုက်ပွဲအတွေ့အကြုံပါ ရင့်ကျက်နေပြီ၊ မင်းငါ့ကို ဘယ်လိုမှမယှဉ်နိုင်ပါဘူး"

စကားဆုံးသည်နှင့် ဖန်းပူဖိန်က ဓားကိုဝှေ့ယမ်းကာ ချူးချင်းထံသို့ လူရောဓားပါ လွှားဝဇီလာလေသည်။

"ယား"

"ချွမ်း"

ဓားနှစ်လက်မှာ ပြင်းသန်စွာထိခတ်ကာ မီးများပွင့်ထွက်သွားရသည်၊

ဖန်းပူဖိန်၏ဓားကွက်များမှာ ကြောက်စရာကောင်းလှပေသည်။ ချူးချင်းမှာ အထူးသတိထားကာ တိုက်ခိုက်နေရသည်။

ဓားရိပ်ဓားငွေ့များမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလျက်ရှိနေ၏။ ဓားသံများမှာ တချွမ်းချွမ်းမြည်ဟည်းထိခတ်လျက်ရှိ၏။

ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် လရောင်အောက်တွင် ပြင်းထန်စွာ တိုက်ခိုက်နေမိကြသည်။ ဓားကွက် ငါးဆယ်ကျော်လာသည်အထိ တစ်ယောက်နှင့်တစ်ယောက် အနိုင်မရကြသေးချေ။

ဖန်းပူဖိန်မှာ လက်မောင်းတစ်ဘက်တွင်ဝံပုလွေကိုက်ထားသော ဒဏ်ရာကြောင့် အတော်ကလေး ဝေဒနာဆိုး ခံစားနေရသည်။

ယခုချူးချင်းနှင့် ပြင်းထန်စွာ တိုက်ခိုက်နေရလေရာ ထိုဒဏ်ရာမှ သွေးများက စီးကျလာရသည်။

ဖန်းပူဖိန်မှာ သိုင်းလောကအတွေ့အကြုံနှင့် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူတစ်ယောက်ဖြစ်သော်လည်း လက်မောင်းတစ်ဘက်မှ ဝံပုလွေကိုက်ခဲထားသော ဒဏ်ရာကြောင့် တပန်းရှုံးနေရလေသည်။





“ယား”

ရုတ်တရက် ချူးချင်းက မာန်သွင်းသံပြုလိုက်ပြီး ဖန်းပူဖိန်ထံသို့ လွှားဝင်လိုက်ကာ ဝိညာဉ်ရှစ်ဖော် အရိပ်ဖျောက်ဓားကွက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်ပစ်လိုက်သည်။

“ဟင်”

ဖန်းပူဖိန်မှာ ချူးချင်းအသုံးပြုလိုက်သော ဝိညာဉ်ရှစ်ဖော် အရိပ်ပျောက်ဓားကွက်ကို ရုတ်တရက် တွေ့မြင်လိုက်ရလျှင် မျက်လုံးမျက်ဆန်ပြူးကာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်၊

“ဝှစ်....ဝှစ်....ဝှစ်”

ဝိညာဉ်ရှစ်ဖော် ကိုယ်ပျောက်ဓားချက် ဝင်လာသည်နှင့် ဖန်းပူဖိန်က ကိုယ်ကို နောက်သို့ လှန်ချလိုက်သည်။

ပြီးနောက် ဓားကို အဆက်မပြတ်ဝှေ့ယမ်းရင်း ကျွမ်းပစ်ကာ အမြန်ဆုံး ရှောင်တိမ်းထွက်သွားရသည်။

ထိုသို့ ရှောင်တိမ်းလှုပ်ရှားလိုက်မှုကြောင့် ဒဏ်ရာရထားသော လက်မောင်းတစ်ဘက်မှာ ပိုမိုနာကျင်သွားရကာ သွေးများက အဆက်မပြတ် စီးကျလာသည်။

ဤအတိုင်း ဆက်၍ တိုက်ခိုက်သွားမည်ဆိုပါက ဖန်းပူဖိန်မှာ ချူးချင်း၏ ဓားချက်ဖြင့် တစ်ချိန်ချိန်တွင် အသက်ပျောက်ရပေတော့မည်။

ထိုအချက်ကို ရိပ်စားမိလိုက်သဖြင့် ဖန်းပူဖိန်က နောက်သို့ အမြန်ဆုံး ခုန်ဆုတ်လိုက်ပြီး အင်္ကျီလက်စကြီး တစ်ဘက်ကို ဝှေ့ယမ်းပစ်လိုက်သည်။

"ဝှီး"

"ဖောင်း....ဖောင်း"

ရုတ်တရက် အချက်ပေး မီးမြားနှစ်စင်းက ကောင်းကင်ထက်သို့ ထိုးတက်သွားပြီး အလင်းရောင်တန်းများ ဖြာကာ ပေါက်ကွဲသွားသည်။

ချူးချင်းမှာ အချက်ပေးမီးမြားနှစ်စင်းကို တွေ့မြင်လိုက်ရလျှင် မျက်မှောင်ကြုတ်လိုက်သည်။

ဖန်းပူဖိန်က တဟဲဟဲ ရယ်မောလိုက်ပြီး....

"ဘယ့်နှယ့်လဲ၊ သိပ် ကြောက် သွား ပြီလားကွ၊ မင်းအတွက် ဒီညအဖို့ လုံးဝပြေန်လမ်း မရှိတော့ပါဘူး၊ မကြာခင်မှာ မင်းအတွက် သေမင်းတွေ ရောက်လာတော့မှာပါ၊ ဟဲ....ဟဲ"

သူ့စကား မဆုံးမီမှာပင်....

"ဖလပ်....ဖလပ်....ဖလပ်"

"ဝှစ်....ဝှစ်....ဝှစ်"

ရုတ်တရက် အဝတ်လေတိုးသံများ ကြားလိုက်ရပြီးနောက် မည်းနက်သော အရိပ်ခြောက်ရိပ်တို့သည် လျင်မြန်စွာ ရောက်





ရှိလာကြပြီး ဖန်းပူဖိန်ရှေ့တွင် ဒူးထောက်ကာ အရိုအသေပြုလိုက်ကြလေသည်။

"ဟား....ဟား....ဟား"

ဖန်းပူဖိန်က ရောက်လာသူများကို ကြည့်ရင်း အားရကျေနပ်စွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

ချူးချင်းက ရောက်လာသူ အဝတ်နက်များကို စူးစိုက်ကြည့်လိုက်ရာ ဝံပုလွေဖြူ တောင်သို့ လာရာလမ်းတစ်လျှောက်တွင် သူတို့နောက်မှ နောက်ယောင်ခံ လိုက်လာခဲ့ကြသော ဝတ်စုံနက်ခြောက်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

စင်စစ် ဤခြောက်ယောက်သည်ကား ဖန်းပူဖိန်နှင့် တစ်ဖွဲ့တည်းဖြစ်ကာ အမှောင်သခင်ကြီး ကျူမင်၏ လက်ရုံး ဓားသမားများပင် ဖြစ်နေကြပေတော့သည်။

ဤဝတ်စုံနက် ခြောက်ယောက်တို့သည်ကား အမှောင်သခင်ကြီး ကျူမင်၏ အထူးလက်ရွေးစင် ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့ပင် ဖြစ်ကြသည်။

သူတို့က တစ်လမ်းလုံး ချူးချင်းတို့နောက်သို့ ကိုယ်ယောင်ပျောက်ကာ လိုက်ပါလာခဲ့ကြခြင်းပင် ဖြစ်၏။

ကျူမင် အလွန်အားထားရသော သိုင်းသမားများလည်း ဖြစ်ကြသည်။ ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့၏ သိုင်

ပညာမှာ ထူးခြားဆန်းကြယ်လှပြီး ခုခံကာကွယ်နိုင်သူအလွန်ပင် ရှားပါးလှသည်။

ဖန်းပူဖိန်က တဟားဟား ရယ်မောလိုက်ပြီး....

"ကိုင်း....ချူးချင်း၊ ဟောဒီက သိုင်းသမား ခြောက်ယောက်ဟာ ငါတို့ သွေးပင့်ကူဂိုဏ်းမှာ အင်မတန် သိုင်းပညာအဆင့် မြင့်မားပြီး အလွန်အားထားရတဲ့ ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်ပဲ....

"ဒီခြောက်ယောက်နဲ့ တွေ့တဲ့လူကတော့ ဘယ်တော့မှ သက်ဆိုးရှည်လေ့ မရှိပါဘူး၊ ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်က မင်းကို ကောင်းကောင်းကြီး အစွမ်းပြပါလိမ့်မယ်"

စကားဆုံးသည်နှင့် ဖန်းပူဖိန်က အင်္ကျီလက်စကို ဝှေ့ယမ်း အချက်ပြလိုက်သည်။ ဖန်းပူဖိန်က အချက်ပြလိုက်သည်နှင့် ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့သည် ခုန်လွှားထလာကြသည်။

ထိုသူများကိုကြည့်ရသည်မှာ လူသားများနှင့်မတူဘဲ ပင့်ကူနက်နှင့်တူနေသည်။ လှုပ်ရှားပုံများမှာလည်း ပင့်ကူအတိုင်းပင် ဖြစ်၏။

ကိုယ်ပျောက် ပင့်ကူခြောက်ဖော်တို့က ချူးချင်းထံသို့ တရွေ့ရွေ့ တိုးကပ်လာကြပြီး ချူးချင်းကို လုံးဝထွက်ပေါက် မရှိစေရန် စက်ဝိုင်းသဏ္ဌာန်ဝိုင်းရံထားလိုက်ကြသည်။





"ရွှမ်း....ရွှမ်း....ရွှမ်း"

"ဝှစ်....ဝှစ်... ဝှစ်"

ခြောက်ယောက်အနက် သုံးယောက်က ဓားများကို ဆွဲထုတ်လိုက်ကြပြီး သုံးယောက်က ပိုက်ကွန်သဏ္ဌာန် ရှည်မျောမျော ပွစိစိလက်နက်ဆန်းများကို ဆွဲထုတ်လိုက်ကြသည်။

ချူးချင်းက လေတိုးသံကိုနားစွင့်ရင်းက သူ၏ နှစ်ဘက်သွား ဓားကို ကန့်လန့်ဖြတ်ကိုင်ကာ ကိုယ်ပျောက် ပင့်ကူ ခြောက်ဖော် တိုက်ခိုက်ရန်သတိမပြတ်ထားလိုက်ရသည်။

ဖန်းပူဖိန်ကတော့ ထိုမြင်ကွင်းကိုကြည့်ကာ တဟဲဟဲ ရယ်မောကာ သဘောကျလျက်ရှိနေသည်။

"ယား....ယား....ယား"

"ဝှစ်....ဝှစ်....ဝှစ်"

တိုက်ပွဲစသည်နှင့် ကိုယ်ပျောက်ပင့်ကူတို့က အစွမ်းပြကြလေပြီ။

ပိုက်ကွန်လက်နက်များရော ဓားလက်နက်များကိုပါ ပူးတွဲအသုံးပြုပြီးတစ်ပြိုင်နက်တည်းတိုက်ခိုက်လိုက်ကြသည်။

ချူးချင်းမှာလေးဘက်လေးတန်မှ လက်နက်များ လေတိုးသံ ကြားလိုက်ရသည်နှင့် ပျံသွား တောင်ကျော် သိုင်းကွက်ကို အသုံးပြုကာ အထက်သို့ ခုန်ပျံရင်း အမြန်ဆုံးရှောင်တိမ်းပေးလိုက်ရသည်။

"ဒီလိုပြေးလို့ ဘယ်ရမလဲကွ"

"သတ်ကြ"

ကိုယ်ပျောက်ပင့်ကူခြောက်ဖော်တို့က အော်ဟစ်ရင်း လေထဲသို့ လွှားတက်ကာ ထက်ကြပ်မကွာ ချူးချင်းနောက်သို့လိုက်ပါလာကြသည်။

"ချွမ်း....ချွမ်း....ချွမ်း"

"ထန်း....ထန်း....ထန်း"

ချူးချင်းမှာ ရတနာဓားကို လေထဲတွင်အဆက်မပြတ် ဝှေ့ယမ်းကာ ပန်းကြဲဓားချက်နှင့် အမြန်ဆုံးတိုက်ခိုက်ပစ်လိုက်ရသည်။

ပန်းကြဲဓားချက်ကြောင့် တစ်ပြိုင်နက်တည်း တိုက်ခိုက်လာသော ဓားသုံးလက်မှာနောက်သို့ပြန်ကန်ထွက်သွားရသည်။

"ဟူး....ဟူး....ဟူး"

ချူးချင်းကလေထဲတွင်နဂါးတစ်ကောင်လိုလှည့်ပတ်ရှောင်တိမ်းပေးလိုက်သဖြင့် ပိုက်ကွန်နက်သုံးခုမှာ ပွတ်ကာ သီကာကလေး လွဲချော်သွားရလေသည်။

"ဟောက်....သိကြသေးတာပေါ့ကွာ"

ထိုမြင်ကွင်းကို မြင်လိုက်ရသော ဖန်းပူဖိန်မှာ အကြီးအကျယ် ဒေါသထွက်လွှားရကာ တိုက်ပွဲအတွင်းသို့ သူကိုယ်တိုင် ပါဝင်လာသည်။





ချူးချင်းမှာ ယခုမှခုနစ်ယောက်နှင့်တစ်ယောက် အကျိတ်အနယ် တိုက်ခိုက်နေရလေသည်။

သုံးယောက်ဆိုလျှင်ကိစ္စမရှိ၊ ယခုမူ ခုနစ်ယောက်ဖြစ်နေ၍ ချူးချင်းမှာ အတော်ကလေး အကျပ်ရိုက်နေရသည်။

ဓားကွက်ငါးဆယ်ကျော်လာလျှင် ချူးချင်း၏အခြေအနေမှာ အတော်ကလေးဆိုးရွားလာရသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ရုတ်တရက် သူ့ပတ်ပတ်လည်တွင် များပြားလှသော ဓားဓားချက်များကြောင့် ချူးချင်းမှာမြွေလူးဓားကွက်ကို အသုံးပြုပြီး မြေပြင်တွင်လှိမ့်ကာ အတတ်နိုင်ဆုံး ရှောင်တိမ်းပေးလိုက်ရသည်။

"ရွှမ်း"

"အင့်"

ရုတ်တရက် နောက်ကျောဟွင်း ဓားတစ်ချက်ရှပ်ထိခြင်း ခံလိုက်ရပြီး ချူးချင်းမှာ တစ်ဘက်သို့ လိမ့်ဆင်းသွားရသည်။

သွေးများက ရဲခနဲဖြာဆင်းသွားသည်။ သူလှိမ့်ဆင်းသွားရာ ဘက်သို့ ကိုယ်ပျောက်ပင့်ကူခြောက်ဖော်နှင့် ဖန်းပူဖိန်တို့က အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလာကြပြန်သည်။

သူတို့က ယနေ့ညအဖို့ ချူးချင်းကိုအပြတ်ရှင်းပြီးဝံပုလွေဓားကို အရယူကြမည်ဖြစ်သည်။

ချူးချင်းကလည်း ဝံပုလွေခေါးကို အသက်နှင့်လဲပြီး ကာကွယ်ရမည် ဖြစ်ပေသည်။

ဤခေါးကို အမှောင်သခင်နှင့် အမှောင်လောကမှ သိုင်းသမားများ၏လက်သို့ ရောက်ရှိသွား၍မဖြစ်ပေ။

အကယ်၍ ရောက်ရှိသွားပါက သိုင်းလောကတွင် သွေးချောင်းစီး တိုက်ပွဲများ ဖြစ်ပွားလာပြီး သိုင်းလောကကြီးတစ်ခုလုံးကို ဒုစရိုက်သမားများက လွှမ်းမိုးသွားပေလိမ့်မည်။

ထို့ကြောင့် သူက ဝံပုလွေခေါးကို အသက်နှင့်လဲပြီး ကာကွယ်ပေးနေရခြင်းပင် ဖြစ်ပေသည်။

ချူးချင်းက လှိမ့်ထွက်သွားရင်းမှ ပက်ခေါးဖျက်ခေါးများကို အသုံးပြုကာ ပြန်လည်ခုန်ထလိုက်သည်။

"သတ်ကြ....သတ်ကြ"

"ဝံပုလွေခေါးကို အရယူကြ"

ဖန်းပူဖိန်က အသံနက်ကြီးဖြင့် ခအော်ဟစ်ကာ ကိုယ်ပျောက်ပင့်ကူခြောက်ဖော်ကို အဆက်မပြတ် အမိန့်ပေးနေသည်။

ချူးချင်းက အံကိုကြိတ်လိုက်ရင်း....

"တက်လာခဲ့ကြစမ်း၊ မင်းတို့ကို တစ်ယောက်မကျန် ငရဲပြည်ကို ပို့ပစ်မယ်၊ ဝံပုလွေခေါးကိုတော့ မင်းတို့လက်ထဲ အပါမခံဘူးကွ"

"ယား"

"ချွမ်း"





ရုတ်တရက် ကိုယ်ပျောက်ပင့်ကူခြောက်ဖော်အနက်မှ တစ်ယောက်က ခြေ့မှလွှားဝင်ပြီး တိုက်ခိုက်လိုက်သည်။

ယင်းအချိန်မှာပင် ချူးချင်း၏ နောက်ကျောဘက်သို့ ခေါးလေတိုးသံများက ကြောက်ခမန်းလိလိ အဆက်မပြတ် ထွက်ပေါ်လာကြပြန်သည်။

"ထန်း....ထန်း....ထန်း"

ချူးချင်းက နောက်ပြန်ခေါးကွက်များ အသုံးပြု ရင်း နောက်ကျောဘက်မှ ရောက်လာသည့် ခေါးချက်များကို ခတ်သုတ်ပစ်လိုက်သည်။

"ရွှမ်း"

"ဒုတ်"

တစ်ချိန်တည်းမှာပင် ဘေးဘက်ဆီမှ ခေါးရောင်တစ်ချက် ဝင်းလက်သွားပြီး သူ့နံစောင်းတွင် ခေါးချက်တစ်ချက်က ရှပ်ထိခြင်း ခံလိုက်ရပြန်လေသည်။

ချူးချင်းမှာ ဝေဒနာဆိုးတစ်ရပ် ခံစားလိုက်ရကာ နံစောင်းတွင် နီရဲသော အစင်းကြီးတစ်ခုဖြစ်ပေါ်လာပြီး သွေးများက စီးကျလာရသည်။

သူ့ရင်ခွင်ထဲမှ ဝံပုလွေခေါးကို သူက တင်းကျပ်စွာ ပိုက်ထားသည်။

ဝံပုလွေခေါးကိုတော့ အလွတ်မခံနိုင်၊

"ဖြောင်း"

"အား"

ယင်းအချိန်မှစပင် ပိုက်ကွန်ရိုက်ချက်တစ်ချက်ကြောင့် ချူးချင်းမှာ လေထဲတွင် မြောက်တက်သွားသည်။

သူသည် အပေါ်သို့ မြောက်တက်သွားပြီး ကျောက်တုံးကြီး တစ်တုံး၏ အပေါ်သို့ ကျရောက်သွားသည်။

ပိုက်ကွန်ရိုက်ချက်ကြောင့် သူ့တစ်ကိုယ်လုံး အရိုးများကြေလုမတတ် ခံစားလိုက်ရကာ ပါးစပ်မှ သွေးများပင် အန်ထွက်လာရသည်။

"ဝေါ့....ဝေါ့"

ပါးစပ်မှ စီးကျလာသော သွေးများကြောင့် သူ့အင်္ကျီရင်ဘတ်တစ်ခုလုံး နီမြန်းသွားရသည်။

ချူးချင်းက အခြေအနေကို အမြန်ဆုံး သုံးသပ်ကြည့်လိုက်သည်။ အခြေအနေအရ သူသည် ဒဏ်ရာအတော်များများ ရထားလေပြီ။

ဤပုံစံအတိုင်းသာ ဆက်ပြီးတိုက်ခိုက်နေမည်ဆိုပါက သူ့အတွက် မိုက်မဲမှုနှင့် ကျဆုံးရန်သာ ရှိတော့မည်။

သူ ကျဆုံးသွားပါက စံပုလွေဘိုးဘိုး၏ စံပုလွေဓားသည် ဒုစရိုက်သမားများ၏လက်သို့ မလွဲမသွေ ပါသွားရပေတော့မည်။





သူ့နားထဲတွင် သိုင်းလောကကိုကာစကွယ်စောင့်ရှောက်သူဟု သူ့ကိုယ်သူ မိတ်ဆက်ခဲ့သည့် အဘိုးအို၏စကားများကိုပြန်လည် သတိရလိုက်မိသည်။

သူ့တွင် တာဝန်ကြီးသုံးခု ရှိနေသည်။ ထိုတာဝန်သုံးခုမှာ နံပါတ်တစ် မိဘသွေးကြွေးဆပ်ရန်၊ စံပုလွေဓား ရယူရန်နှင့် ဝံပုလွေဓားကို သိုင်းလောကမှ သမာဓိ၊ သတ္တိနှင့် ပြည့်စုံသော အဖြူရောင် သိုင်းဂိုဏ်းချုပ်ကြီးများလက်သို့ အပ်နှံရန် ဖြစ်သည်။

သူသာ ယခု ကျဆုံးသွားမည်ဆိုပါက ထိုတာဝန်သုံးခုကို မည်သို့မျှ ကျေပွန်အောင် ထမ်းဆောင်နိုင်မှာ မဟုတ်တော့ပေ။

ထို့ပြင် သိုင်းလောကတစ်ခုလုံးမှာလည်း အမှောင်သခင်၏ ဒုစရိုက် သိုင်းသမားများ၏ ထင်သလို စိတ်တိုင်းကျ ချယ်လှယ်ခြင်းကို ခံရတော့မည် ဖြစ်ပေသည်။

မိဘများအတွက် သွေးကြွေးကိုလည်း ဆပ်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ချူးချင်းက ဆုံးဖြတ်ချက်တစ်ရပ်ကိုအမြန်ဆုံးချလိုက်ပြီး ကျောက်တုံးကြီးထက်မှ လွှားထွက်လိုက်သည်။

"ဝှစ်"

"ဟူး"

သူ လွှားထွက်လိုက်ပုံကတော့ ကြောင်ရိုင်း တစ်ကောင်အလား ညအမှောင်တွင် ထိုးဝင်သွားသည်။

"ဟာ....လိုက်ကြ....လိုက်ကြ"

"ဝံပုလွေခွေးပါသွားပြီ... လိုက်ကြ"

"ဒီကောင့်ကို အလွတ်မပေးနဲ့၊ လိုက်ကြ"

သူ့နောက်မှနေ၍ အော်ဟစ်သံများက ပွက်လောရိုက်သွားသည်။

ဖန်းပူဖိန်အသံကအဆိုးဆုံး၊ ဖန်းပူဖိန်က ကိုယ်ပျောက်ပင့်ကူခြောက်ဖော်ကို အော်ဟစ် အမိန့်ပေးလိုက်သလို သူကိုယ်တိုင်ချူးချင်းပြေးထွက်သွားရာဘက်သို့ အတင်းပြေးလိုက်သွားသည်။

"ဝှစ်....ဝှစ်....ဝှစ်"

"ဟူး....ဟူး....ဟူး"

ကိုယ်ပျောက် ပင့်ကူခြောက်ဖော်၏ ကိုယ်ဖျောက်ပညာနှင့် လှုပ်ရှားမှုကလည်း အံ့မခန်းလောက်စရာပင်ဖြစ်သည်။

တစ်ခဏချင်းမှာပင် သူတို့သည် ချူးချင်းပြေးထွက်သွားရာဘက်သို့ ကိုယ်ပျောက်ပင့်ကူခြောက်ဖော်တို့က ခုန်ပျံလိုက်ပါသွားကြလေသည်။

ညဉ့်ယံကား တိတ်ဆိတ်လျက်....

အဝတ်လေတိုးသံများက အဆက်မပြတ် ထွက်ပေါ်လျက်ရှိနေပေတော့သည်။

* * *



အခန်း (၁၂)

---

## အသက်သခင် အပျိုစင်

လေသည် ကြမ်းတမ်းစွာတိုက်ခတ်လျက် ရှိနေ၏။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများလှုပ်ခါယိမ်းထိုးနေကြရသလို သစ်ရွက်များမှာလည်း ကြွေလွင့်ကာ လေတွင် တဖွဲဖွဲလွင့်မျောလျက်ရှိနေ၏။

တောလမ်းကလေးအတိုင်း လေပြင်း တိုက်ခတ်မှု အောက်တွင် အဖြူရောင်လူရိပ်တစ်ရိပ်သည် လေအဟုန်ကိုဖောက်ထွင်းကာ တစ်ဟုန်ထိုးပြေးလွှားလာလျက်ရှိနေ၏။

ထိုသူသည် ဒဏ်ရာရထားဟန်ဖြင့် တစ်ခါတစ်ခါ ခြေလှမ်းများ နှေးကွေးသွားရကာ ချောင်းတဟွတ်ဟွတ် ဆိုးနေရသည်။

ထိုသူသည်ကား အခြားသူမဟုတ်ပေ။ ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်နှင့် ဖန်းပူဖိန်တို့လက်မှ အသက်လုပြေးလာခဲ့ရသော ချူးချင်းပင်ဖြစ်ပေတော့သည်။

ချူးချင်းက ဝိပုလွေဓားကို လက်တစ်ဘက်က တင်းကျပ်စွာ ဆုပ်ကိုင်ထားသလို လက်တစ်ဘက်က သူ့လက်စွဲတော်နှစ်ဘက်သွားဓားကို မြဲမြံစွာ ဆုပ်ကိုင်ထား၏။

သူ့ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များရကာ သွေးများကအဆက်မပြတ်စီးကျလျက်ရှိနေ၏။

ပိုက်ကွန်ရိုက်ချက်ခံလိုက်ရမှုကြောင့် သူ့ အရိုးများ ကျိုးကြေလုမတတ် ခံစားနေရကာ တစ်ခါတစ်ခါ ရင်ခေါင်းတစ်လျှောက် အောင့်တက်လာပြီး လည်ချောင်းတလျှောက် သွေးများက ပျို့တက်လာရသည်။

သူက တောလမ်းမှတစ်ခါတစ်ခါ ပြေးလိုက် တောအုပ်ကိုဖောက်ထွင်းကာပြေးလိုက်နှင့် ရှိနေသည်။

သစ်ကိုင်းသစ်ခက်များ၏ ခြစ်မိ ပွတ်မိမှုကြောင့် အဝတ်အစားများပင် စုတ်ပြဲလာရကာ သွေးချင်းချင်း ရဲလာရသည်။





သူက ပြေးလွှားနေရင်းမှ မျက်လုံးများပင်ပြာဝေလာခဲ့ရလေပြီ။

ဒူးများပင်မခိုင်တော့။

သို့သော် သူကအားတင်းပြီးရန်သူများလက်မှလွတ်မြောက်ရန်သာ ရှေ့သို့အားကုန်ပြေးနေမိသည်။

နောက်မှ လိုက်လာမည့် ရန်သူများ၏ အရည်အချင်းအစွမ်းအစကိုလည်း အထင်သေးစွာ ပေါ့ပေါ့ဘန်တန်တွက်ဆထား၍ မရပေ။

နေစက်မှလိုက်လာသော ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့မှာ အလွန်မြန်ဆန်ပြီး အနံ့ခံကောင်းသူများ ဖြစ်ကြသည်။

တော်ရုံတန်ရုံသားကောင်က သူတို့လက်မှလွတ်မြောက်မည်မဟုတ်ပေ။

ကိုယ်ပျောက်ပင့်ကူဟူသောဘွဲ့မှာ အလကားရထားသောဘွဲ့မျိုးမဟုတ်။ အလွန်အစွမ်းထက်ပြီး ထိပ်တန်း အဆင့်မြင့်သိုင်းသမားမျိုးမှသာလျှင် ရနိုင်သောဘွဲ့မျိုးဖြစ်၏။

"ဝေါ...ဝေါ...ဝေါ"

ယင်းအချိန်မှာပင် လေပြင်းနှင့်အတူ မိုးရေစက်များကလည်း သည်းထန်စွာ ရွာသွန်းချလိုက်သော မိုးရေစက်များကြောင့် ချူးချင်းတစ်ကိုယ်လုံး မိုးရေများ စိုရွှဲသွားသည်။

ဒဏ်ရာများပေါ်သို့ မိုးရေစက်များ တဖျန်းဖျန်းနှင့် ရိုက်ခတ်လိုက်သောအခါ မခံမရပ်နိုင်အောင် နာကျင်လာရသည်။

သူသည် တဝေါဝေါ ရွာသွန်းနေသော မိုးရေနှင့် လေပြင်းကို အံ့ဘုကာ မရပ်မနား ဆက်လက်ပြေးလွှားလာသည်။

ထမင်းတစ်အိုးချက်ခန့် ကြာသောအခါ တောစပ်ဆီမှ မီးရောင်ကလေး လင်းလက်နေသည်ကို တွေ့လိုက်ရသည်။

"ဟင်....ဒီမီးရောင်ဟာ ရွာစွန်ရွာဖျားက အိမ်ကလေးတစ်လုံး ဖြစ်နိုင်တယ်၊ ငါသွားကြည့်မှပဲ"

ချူးချင်းမှာ အမှောင်ထုထဲတွင် မျှော်လင့်ချက်ရောင်ခြည်ပေါ်ထွက်လာသကဲ့သို့ ခံစားလိုက်ရပြီး အားတက်သွားမိကာ ထိုမီးရောင်ကလေး လင်းလက်နေရာဆီသို့ ပြေးလွှားသွားလိုက်သည်။

သူထင်ထားသကဲ့သို့ ထိုလင်းလက်နေသော နေရာမှာ အိမ်ကလေးတစ်လုံး ဖြစ်နေသည်။

အိမ်ကလေးမှာ ရွာစွန်ရှိ ချောင်ကျလှသော နေရာတွင် တည်ရှိနေသည်။ သို့သော် ခြံဝင်းကလေးနှင့် သပ်သပ်ရပ်ရပ် ဖြစ်သည်။

အိမ်ကလေးဆီမှ အမွှေးတိုင်နံ့များကို ရလိုက်သည်။ စက္ကူမီးရှို့သလို ညှော်နံ့များကိုလည်း ရလိုက်သည်။ ထို့ကြောင့် ချူးချင်းမှာ ရင်ထိတ်သွားမိသည်။

ချူးချင်းက လေတိုးသံကို တစ်ချက် နားစွင့်ကြည့်လိုက်ရာ အိမ်ကလေးအတွင်းမှ မိန်းကလေးတစ်ယောက်၏ ငိုရှိုက်နေသော အသံကို ကြားလိုက်ရသည်။





ကျိန်းသေသွားပေသည်။ ဤအိမ်ကလေးအတွင်း တစ်စုံတစ်ယောက် သေဆုံးပြီး အသုဘ အခမ်းအနား ပြင်ဆင်နေခြင်းပင် ဖြစ်ပေလိမ့်မည်။

ချူးချင်းက ပြတင်းပေါက်မှတစ်ဆင့် အတွင်းသို့ အသာချောင်းကြည့်လိုက်ရာ ခေါင်းတစ်လုံးရှေ့တွင် တရှုပ်ရှုပ် ငိုကြွေးနေသော မိန်းမပျိုတစ်ဦးကို တွေ့မြင်လိုက်ရသည်။

ခေါင်းထဲမှ ရှိနေသူကို အဖုံးမပိတ်ရသေးသဖြင့် မြင်တွေ့နေရလေသည်။ ခေါင်းထဲမှ ရှိနေသူမှာ အဘိုးအိုတစ်ယောက်ပင် ဖြစ်နေသည်။

အိမ်ထဲတွင် ဤမိန်းကလေးမှအပ အခြား တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပေ။

"ဘယ်သူလဲ"

ရုတ်တရက် မိန်းမပျိုက အငိုရပ်လိုက်ပြီး ချူးချင်းရှိရာ ပြတင်းပေါက်ဘက်သို့ လှမ်းမေးလိုက်သည်။

ချူးချင်းမှာ တအံ့တသြ ဖြစ်သွားရသည်။

မိန်းကလေးကလည်း သိုင်းပညာ အခြေခံရှိထားသူ တစ်ယောက် ဖြစ်ဟန်တူပေသည်။ သိုင်းလောကသားချင်းဆိုပါက အကူအညီ တောင်းခံ၍ ရပေလိမ့်မည်။

ချူးချင်းက စဉ်းစားမိပြီးသည်နှင့် အိမ်ကလေးအတွင်းသို့ ပြတင်းပေါက်မှတစ်ဆင့် လွှားဝင်လိုက်သည်။

"အို"

တစ်ကိုယ်လုံး ဒဏ်ရာများရကာ ဓားနှစ်လက်ကိုင်ရင်း ဝင်လာသော ချူးချင်းကို ရုတ်တရက် တွေ့မြင်လိုက်ရလျှင် မိန်းမပျိုမှာ အထိတ်တလန့် ဖြစ်သွားရရှာသည်။

"ရှင် ဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ"

မိန်းမပျိုက ချူးချင်းကို ဝိုင်းစက်သော မျက်လုံးကလေးများဖြင့် ကြည့်ရင်းက မေးမြန်းလိုက်သည်။

ချူးချင်းက လက်နှစ်ဘက်ဆုပ်ကာ....

"ကျွန်တော် ချူးချင်းပါ၊ နောက်က ရန်သူတွေလိုက်လာလို့ အသက်လုပြီး ပြေးလာခဲ့ရတာပါ၊ ကျွန်တော့်ကို ကူညီပါ"

"အို....ရှင်က လူကောင်းလား လူဆိုးလားမှန်းမှ မသိတာ၊ ကျွန်မက ဘယ်လိုကူညီရမှာလဲ"

ချူးချင်းမှာ မိန်းကလေး၏ စကားကြောင့် တစ်ချက်ပြုံးမိလိုက်ပြီး....

"ကျွန်တော် လူကောင်းပါ၊ အဖြူရောင်သိုင်းသမားတစ်ယောက်ပါ၊ ဟောဒီက ဝံပုလွေဓားခေါ်တဲ့ ရတနာမြေပုံဓားပါပဲ"

ထိုနောက် ချူးချင်းက အဖြစ်အပျက်များကို အကျဉ်းချုံးပြောပြလိုက်သည်။ ချူးချင်း ရှင်းပြလိုက်တော့မှ မိန်းမပျိုမှာ သဘောပေါက်သွားရသည်။





မိန်းမပျိုက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး....

"အင်း....ဒီလိုဆိုတော့လဲ ရှင့်ကို ကူညီရမှာပေါ့လေ၊ ကျွန်မဘိုးဘိုးကလဲ ညနေကမှ ဆုံးသွားတာ၊ ကျွန်မ အကြံတစ်ခုရပြီ၊ ရှင် ကျွန်မပြောသလိုလုပ်"

ထိုနောက် မိန်းမပျိုက ချူးချင်း၏ ဒဏ်ရာများကို ဆေးဝါးများ အမြန်ထည့်ပေးလိုက်ပြီး သူ့အဘိုးဖြစ်သူ၏ အဝတ်အစား တစ်စုံကို သေတ္တာထဲမှထုတ်ကာ လဲလှယ်ဝတ်ဆင်စေလိုက်သည်။

ရုပ်ဖျက်ဆေးသေတ္တာကို ထုတ်ကာ ချူးချင်းကို ရုပ်ဖျက်ပေးလိုက်သည်။ တစ်ခဏချင်းမှာပင် ချူးချင်း၏ ရုပ်သွင်မှာ မိန်းမပျို၏ အဘိုးရုပ်သွင်နှင့် ချွတ်စွပ် တူသွားရတော့သည်။

ချူးချင်းမှာ မှန်ထဲကြည့်ရင်း မိမိမျက်လုံးကိုပင် မိမိ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရသည်။

မိမိ၏ ရုပ်သွင်မှာ သေဆုံးသွားသော အဘိုးအို၏ ရုပ်သွင်နှင့် တူနေလေပြီ။

"ရှင့်ကို ကျွန်မက ခေါင်းထဲထည့်ပြီး အလောင်းဟန်ဆောင်ထားလိုက်မယ်"

ချူးချင်းမှာ မျက်လုံးအစုံ ပြူးကျယ်သွားမိရပြီး....

"ကျွန်တော်က ခေါင်းထဲဝင်နေရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒီအတွက် ဘာမှမပူပါနဲ့၊ ကျွန်မ ဘိုးဘိုးရဲ့ အလောင်းကို တစ်နေရာမှာ ပြောင်းပြီးထားလိုက်ပါ့မယ်၊ ရှင့်ကို ကျွန်မက ဆေးတစ်လုံး တိုက်ထားလိုက်မယ်...

"ဒီဆေးသောက်ပြီးရင် ရှင်ဟာ မနက်အထိ အသက်ရှူရပ်သွားပြီး နှလုံးခုန်ခြင်း မရှိတော့ဘူး၊ ရှင့်ကို သူတို့ရောက်လာပြီး စစ်ဆေးကြည့်တာတောင်မှ ဘယ်လိုမှ ခွဲခြားလို့ရမှာ မဟုတ်ဘူး"

ထို့နောက် မိန်းမပျိုက ချူးချင်းအကူအညီဖြင့် အတိုးဖြစ်သူ၏ အလောင်းကို ခေါင်းထဲမှထုတ်ကာ နောက်ဘက်အခန်းရှိ မြေအောက်အတွင်းသို့ ထည့်သွင်းထားလိုက်လေသည်။

ပြီးနောက် မိန်းမပျိုက....

"ကျွန်မဘိုးဘိုးက ဆေးဆရာကြီး တစ်ယောက်ပါ၊ ဒါကြောင့် ကျွန်မကလဲ ဆေးပညာကို အတော်အသင့် နားလည်ပါတယ်"

မိန်းမပျိုကပြောရင်း ချူးချင်းကို ဆေးတစ်လုံး ပေးလိုက်သည်။

ချူးချင်းမှာ ထိုဆေးကိုသောက်ပြီး တစ်ကိုယ်လုံး အေးစိမ့်သွားသလို ခံစားလိုက်ရသည်။

"ကဲ....ရှင် ခေါင်းထဲဝင်ပြီး လှဲနေပေတော့၊ မနက်ကျမှ ရှင်ပြန်ပြီးသတိရလာလိမ့်မယ်"

မိန်းမပျိုက ပြောလိုက်သည်။ ချူးချင်းက ခေါင်းထဲဝင်ပြီး လဲလျောင်းနေလိုက်သည်။

လဲလျောင်းပြီး မကြာမီမှာပင် ချူးချင်းသည်မျက်လုံးများ ပြာဝေလာကာ မေ့ခနဲဖြစ်သွားရသည်။





မိန်းမပျိုက ချူးချင်း၏ ရင်ဘတ်ပေါ်သို့ လက်တစ်ဘက်တင်ပြီး ကြည့်လိုက်သည်။ ချူးချင်းသည် ဆေးတံခိုးကြောင့် အသက်မရှူတော့။ နှလုံးမခုန်တော့။

တစ်ကိုယ်လုံး အေးစက်တောင့်တင်းပြီး လူသေကောင်တစ်ကောင်ပမာ ဖြစ်နေရလေပြီ။

မိန်းမပျိုက ခေါင်းဖုံးကိုမကာ အသာပြန်ပိတ်ထားလိုက်သည်။

ထို့နောက် အမွှေးတိုင်များထွန်းညှိကာ ငိုကြွေးနေဟန်ပြုနေလေသည်။

"ဝေါ....ဝေါ....ဝေါ"

"ဟူး....ဟူး....ဟူး"

အပြင်ဘက်တွင် မိုးရောလေပါ သည်းထန်စွာ ရွာသွန်းလျက် ရှိနေ၏။

လျှပ်စီးများကလည်း တဝင်းဝင်းတလက်လက်နှင့် ရှိနေသလို မိုးချုန်းသံများကလည်း နားပွင့်မတတ် ရှိနေသည်။

လေက တဟူးဟူးတိုက်ခတ်နေသဖြင့် အိမ်ကလေးထဲမှ မီးအိမ်ကလေးမှာပင် လှုပ်ခါလျက် ရှိနေသည်။

အိမ်ကလေး တစ်အိမ်လုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ခြောက်ကပ်လျက်ရှိ၏။ စိတ်ချောက်ချားစရာ ကောင်းလှပေတော့သည်။

အိမ်ကလေးအတွင်းခေါင်းနက်ကြီးရှေ့တွင် မိန်းမပျို့သည် ကရှုပ်ရှုပ်ငိုကြွေးလျက် ရှိ၏။

"ဝုန်း"

ရုတ်တရက် အိမ်ကလေး၏တံခါးမှာ ကြမ်းတမ်းစွာ ပွင့်ထွက်သွားပြီး တံခါးဝတွင် လူရိပ်များ ထွက်ပေါ်လာလေသည်။

"အိုး"

မိန်းမပျို့မှာ ထိတ်လန့်ကာ တံခါးဝဆီသို့လှည့်ကြည့်လိုက်သည်။

တံခါးဝတွင် ဝတ်စုံနက်လူခြောက်ယောက်က ကျောက်ရုပ်များပမာ မလှုပ်မယှက် ရပ်လျက်ရှိနေသည်။

ခြောက်ယောက်စလုံး မိုးရေများစိုရွှဲနေပြီး သူတို့ကိုယ်များဆီမှ ရေများက တစ်ခန်းလုံးသို့ပင် စီးကျနေသည်။

"ရှင်....ရှင်တို့ ဘယ်သူတွေလဲ"

မိန်းမပျို့က ထိတ်လန့်ချောက်ချားစွာဖြင့် မေးမြန်းလိုက်သည်။

ယင်းအချိန်မှာပင်ဝတ်စုံနက်ခြောက်ယောက်နောက်မှအသံတစ်သံက ထွက်ပေါ်လာသည်။

"ငါတို့က အမှောင်သခင်ကြီးရဲ့ လက်ရုံးတော်ကြီးတွေပဲ၊ ဟဲ....ဟဲ"





အေးစက်စက် စကားသံနှင့်အတူ မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုတစ်ယောက်သည် ဝတ်စုံနက်ခြောက်ယောက် နောက်ကွယ်မှ ထွက်ပေါ်လာသည်။

ထိုအဘိုးအို၏ကျောတွင် ကောက်ကောက်ကွေးကွေးနှင့် အရုပ်ဆိုးလှသော ဓားတစ်လက် ပိုးလွယ်ထားသည်။

အဘိုးအိုသည်ကား ဖန်းပူဖိန်ဖြစ်၍ ဝတ်စုံနက် ခြောက်ယောက်မှာ ကိုယ်ပျောက်ပင့်ကူခြောက်ဖော်တို့ပင် ဖြစ်ကြပေသည်။

ဖန်းပူဖိန်က တဟဲဟဲ ရယ်မောလိုက်ရင်းက အခန်းထဲသို့ ဝင်ရောက်လာသည်။

ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့ကမူ တံခါး ဝ တွင် ကျောက်ရုပ်များပမာ မလှုပ်မယှက်နှင့် ဆက်လက်ရပ်နေကြသည်။

ဖန်းပူဖိန်က အခန်းထဲကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရင်း....

"အခုသေနေတာက ဘယ်သူလဲ"

"ကျွန်မ ဘိုးဘိုးပါ၊ ဆေးဆရာကြီး ချင်းဝင့်စိန်းပါ"

"မင်းက ဘယ်သူလဲ"

"ကျွန်မက ချင်းဟိုပါ"

မိန်းမပျို့၏အမည်မှာ ချင်းဟိုဖြစ်သည်။ ချင်းဟိုမှာ အသက်တစ်ဆယ့်ရှစ်နှစ်ခန့်မျှ ရှိပြီး ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်

ကာ ချောမောလှပသော မိန်းကလေးတစ်ယောက်ပင် ဖြစ်ပေသည်။

ဖန်းပူဖိန်က ချင်းဟိုကို စူးစိုက်ကြည့်လိုက်သည်။ ချင်းဟို၏မျက်နှာမှာ စိတ်လှုပ်ရှားမှု ကင်းမဲ့ကာ အဘိုးဖြစ်သူ ဆုံးသွားသဖြင့် ပူဆွေးသောက ရောက်နေဟန် တူပေသည်။ ငိုကြွေးထားသဖြင့် မျက်ခွံများမို့နေကာ မျက်လုံးများမှာ အနီရောင် အနည်းငယ်ပင် သမ်းလျက် ရှိနေ၏။

ဖန်းပူဖိန်က ခေါင်းဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"မင်းအဘိုးက ဘယ်တုန်းက ဆုံးသွားတာလဲ"

"ညနေကမှပါ"

"ဘာဖြစ်လို့ ဆုံးသွားတာလဲ"

"ဘိုးဘိုးက မကျန်းမမာဖြစ်နေတာကြာပြီ၊ နှလုံးရောဂါအခံကလဲ ရှိတယ်ဆိုတော့...."

ချင်းဟိုက ဆက်မပြောတော့ပေ။ ဖန်းပူဖိန်က ချင်းဟိုကို စူးစိုက်ကြည့်လိုက်ရင်း....

"စောစောက ဒီနေရာကို ဒဏ်ရာတွေနဲ့ ကောင်လေးတစ်ယောက် ရောက်လာတယ်မဟုတ်လား"

ချင်းဟိုက ခေါင်းကလေး ခါယမ်းပြလိုက်ရင်း....

"ဒီကို ဘယ်သူမှ မလာပါဘူး၊ တစ်ညနေလုံး ကျွန်မတစ်ယောက်တည်းပဲ ရှိပါတယ်"





ဖန်းပူဖိန်က အခန်းကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြန်သည်။ အခန်းထဲတွင် မသင်္ကာစရာဆို၍ ဘာမျှမတွေ့ရပေ။

ဖန်းပူဖိန်က ချင်းဟိုကို ခက်ထန်တင်းမာသော လေသံဖြင့်....

"မိန်းကလေး....မင်းငါ့ကို လိမ်မနေနဲ့၊ ဒီနေရာကို လူတစ်ယောက် ရောက်လာတာငါတို့သိတယ်"

"ကျွန်မ မလိမ်ရပါဘူးရှင်၊ အမှန်ကို ပြောပြနေတာပါ"

ဖန်းပူဖိန်က စူးရှတောက်လက်သော မျက်လုံးအစုံဖြင့် မိန်းမချောလေး ချင်းဟိုကို စူးစိုက်ကြည့်လိုက်ကာ....

"မင်းလိမ်ညာပြောလို့ ပေါ်သွားရင် သက်သာမှာမဟုတ်ဘူးနော်၊ သေသေချာချာစဉ်းစား၊ တကယ်လို့ ဒီနေရာမှာ ဒီကောင့်ကိုမိရင် မင်းဘဝလဲ ငါတို့လက်ထဲမှာ ဘယ်လိုဖြစ်သွားမယ်ဆိုတာ စဉ်းစားမိရဲ့လား"

ချင်းဟိုက တည်ကြည်သောလေသံကလေးဖြင့်ပင်....

"ကျွန်မ ဦးတို့ကို လိမ်ညာမပြောဝံ့ပါဘူး၊ တစ်အိမ်လုံးကို စိတ်တိုင်းကျ ရှာဖွေကြည့်ပါ၊ အိမ်ကလေးကလဲ ကျဉ်းကျဉ်းကလေးပါပဲ၊ လူတစ်ယောက်ကို ဘယ်လိုမှ ဝှက်ထားလို့မရပါဘူး"

"ကောင်းပြီ"

ဖန်းပူဖိန်က ပြောရင်း လက်တစ်ဘက်ဝှေ့ယမ်းပြလိုက်သည်၊ တံခါးဝမှ ကျောက်ရုပ်များပမာ မလှုပ်မယှက်ရပ်နေကြသော လူခြောက်ယောက်တို့သည် ချက်ချင်းအသက်ဝင်လှုပ်ရှားလာကြသည်။

ဝတ်စုံနက် ခြောက်ယောက်တို့က လေတိုက်သလို ဖန်းပူဖိန်နှင့် မိန်းမချောလေးချင်းဟိုတို့အနီးမှ ဖြတ်ကျော်သွားကြပြီး အိမ်နောက်ဘက်ဆီသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်၊

မကြာမီ ဝတ်စုံနက်များ ပြန်ထွက်လာကြကာ အပြင်ဘက်အခန်းတွင်း၌ပါ စေ့စေ့စပ်စပ် လိုက်လံရှာဖွေကြည့်ကြပြန်သည်၊

အတန်ကြာလျှင် ဝတ်စုံနက်များက ဖန်းပူဖိန်ရှေ့သို့ ပြန်ရောက်လာကြသည်။ သူတို့အထဲမှ တစ်ယောက်က....

"ချူးချင်းကို လုံးဝမတွေ့ရပါဘူး"

ဖန်းပူဖိန်က ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သည်၊ ဝတ်စုံနက်ခြောက်ယောက်က တံခါးဝသို့ ခုန်ပျံရောက်သွားကြလေသည်။

"ခေါင်းကိုဖွင့်လိုက်စမ်း"

ရုတ်တရက် ဖန်းပူဖိန်က မိန်းမချောလေး ချင်းဟိုကို ပြောလိုက်သည်။





ချင်းဟိုက ခေါင်းဆီသို့ လျှောက်သွားပြီး ခေါင်းဖုံးကို အသာအယာဖွင့်ပြီး နံဘေးတွင် ချထားလိုက်သည်၊

ဖန်းပူဖိန်က လက်နှစ်ဘက် နောက်ပစ်ကာ ခေါင်းဆီသို့ အသာအယာလျှောက်သွားလိုက်သည်၊

သူ့ကိုကြည့်ရသည်မှာ ညနေခင်း အညောင်းပြေလမ်းလျှောက်လာသူ တစ်ယောက်၏ ပုံစံမျိုးဖြစ်သည်။

"ဒါ....မင်းအဘိုးလား"

ဖန်းပူဖိန်က ခေါင်းထဲသို့ ငုံ့ကြည့်ရင်းက မိန်းမချောလေး ချင်းဟိုကို မေးမြန်းလိုက်သည်။ ချင်းဟိုက ခေါင်းကလေး ညိတ်ပြရင်း....

"ဟုတ်ပါတယ်ရှင်"

ခေါင်းထဲ၌ အဘိုးအိုတစ်ဦး၏ အလောင်းက မလှုပ်မယှက်ရှိနေသည်၊ ညနေကမှ သေဆုံးသွားသောကြောင့် အသားအရေများမှာ လတ်လတ်ပင် ရှိနေသေးသည်။ အပုပ်နံ့ပင် မရသေးပေ။

ဖန်းပူဖိန်ကအဘိုးအိုအလောင်းကို သေချာစွာစူးစိုက်ကြည့်လိုက်သည်။

မသက်ာစရာ ဘာမှမတွေ့ရပေ၊ ချင်းဟိုက ချူးချင်း၏ ဆံပင်များကိုပင် ဖြူဖွေးအောင်ပြုလုပ်ထားပေးရာ ရုပ်ဖျက်ထားမှုမှာ အထူးပင်ပိရိလှပေသည်။

ဖန်းပူဖိန်က ခေါင်းထဲမှအလောင်းကို အတန်ကြာသည်အထိ စူးစိုက်ကြည့်နေသည်။

ချင်းဟို၏အမူအရာမှာ တစ်စက်ကလေးမျှ တုန်လှုပ်မှုမရှိပေ။ သူမကိုကြည့်ရသည်မှာ စိတ်အေး လက်အေး ရှိလှပေသည်။

ဖန်းပူဖိန်က အလောင်းကို တစ်ချက်ကိုင်ကြည့်လိုက်သည်။ အလောင်းမှာ အေးစက်တောင့်တင်းနေကာ လုံးဝနှလုံးမခုန်။ လူသေတစ်ယောက်ဆိုသည်မှာ သေချာလှပေသည်။

ထိုမျှအထိ ဖန်းပူဖိန်က မကျေနပ်သေး။ အလောင်း၏ အင်္ကျီကိုလှန်ကာ နံကြားတစ်နေရာသို့ ကြည့်လိုက်သည်။ ထိုနံကြားတွင် ချူးချင်းမှ တိုက်ခိုက်စဉ်က ဓားချက်တစ်ချက် ထိသွားခဲ့သည် မဟုတ်ပါလား။

ယခုအလောင်း၏ နံကြားတွင် မည်သည့်ဒဏ်ရာမှမတွေ့ရပေ။

ခိန်းမချောလေးချင်းဟိုလိမ်းကျံပေးထားသောဆေးစွမ်းကောင်းများကြောင့် ဓားချက်မှာပြန်စေ့ကာ ပကတိအသားကောင်း အတိုင်း ဖြစ်သွားခဲ့ရလေပြီ။

ဖန်းပူဖိန်က ခေါင်းထဲမှလက်ကိုပြန်ထုတ်လိုက်ပြီး....

"ရပြီ....ခေါင်းကိုပြန်ဖုံးလိုက်တော့"

မိန်းမချောလေးချင်းဟိုက ခေါင်းကို ပြန်ဖုံးလိုက်သည်။ ဖန်းပူဖိန်က ချင်းဟိုကိုစူးစိုက်ကြည့်လိုက်ပြီး....





"မင်း မှန်မှန်ပြောစမ်း၊ ငါတို့ရန်သူကို မင်း ဝှက်ထားတယ် မဟုတ်လား"

ချင်းဟိုက ခေါင်းကလေးခါယမ်းပြလိုက်ရင်း....

"ကျွန်မ ဘယ်သူ့ကိုမှဝှက်မထားပါဘူး၊ ကျွန်မလိမ်ညာမပြောတတ်ပါဘူး"

ဖန်းပူဖိန်က အတန်ကြာ စဉ်းစားနေလိုက်ရင်း....

ပြီးမှ....

"ကောင်းပြီ....မင်းကို ဖမ်းခေါ်သွားရမယ်"

"ရှင်"

ချင်းဟိုမှာ ဖန်းပူဖိန်စကားကြောင့် အထိတ်တလန့် ဖြစ်ကာ မျက်လုံးကလေးများ ပြူးကျယ် ဝိုင်းစက်သွားရသည်။

"ဘာ....ဘာဖြစ်လို့ ကျွန်မကို ဖမ်းခေါ်သွားကြမှာလဲ၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ၊ ကျွန်မဘိုးဘိုးရဲ့ဈာပနကရှိသေးတယ်၊ မဖမ်းကြပါနဲ့ရှင်"

ဖန်းပူဖိန်က အေးစက်စက် တစ်ချက်ရယ်မောလိုက်ကာ....

"ဟဲ....ဟဲ....ဒဏ်ရာနဲ့ပြေးလာတဲ့ကောင်လေးကိုထုတ်ပေးရင်တော့ မင်းကိုငါတို့ကခေါ်မသွားပါဘူး၊ သူ့ကို ထုတ်မပေးဘူးဆိုရင်တော့ မင်းကိုခေါ်သွားရလိမ့်မယ်၊ ဒီကောင်က ပြေးစရာ တခြားလမ်းရှိတာမှမဟုတ်ဘဲ၊ ဒီအိမ်ထဲဝင်ပြီးပုန်းနေတာကလွဲလို့ တခြားနည်းလမ်း မရှိနိုင်ဘူး၊ မင်းကလဲကောင်လေးကရုပ်ချောတော့ ကြိုက်ပြီး ဝှက်ထားပေးတယ်ထင်တယ်"

"အို"

မိန်းမချောလေးချင်းဟိုမှာ ဖန်းပူဖိန်စကားကြောင့် ရှက်သွေး ဖြာကာ မျက်နှာကလေးနီမြန်းပြီး ခေါင်းကလေး ငုံ့သွားရသည်၊

အတန်ကြာမှ သူမက....

"ရှင်တို့ပြောတာ ကျွန်မ ဘာမှမသိဘူး၊ ဒီကိုဘယ်သူမှလဲ မလာဘူး၊ ရှင်တို့ပြောတဲ့လူက ကျွန်မအိမ်ထဲမဝင်ဘဲ တခြားလမ်းကနေပြေးရင်ကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး....ဒီကိစ္စ မင်းသိကိုသိရမယ်၊ ဘာပဲဖြစ်ဖြစ် မင်းကို ခေါ်သွားရမယ်"

ဖန်းပူဖိန်က ပြောပြောဆိုဆို မျက်ရိပ်တစ်ချက် ပြလိုက်သည်။

ချက်ချင်းပင် တံခါးဝမှရပ်နေသော ဝတ်စုံနက် ခြောက်ယောက်တို့က အဘွင်းသို့ လေတိုက်သလို ဟူးခနဲရောက်လာပြီး ချင်းဟိုကို ဖမ်းချုပ်ထားလိုက်ကြသည်၊

ဖန်းပူဖိန်က ပြောရင်း ချင်းဟို၏မို့ဖောင်းသောပါးပြင်နှစ်ဘက်ကို သူ့လက်ဝါးကြမ်းကြီးဖြင့် ပွတ်သပ်လိုက်သည်၊

ချင်းဟိုမှာယားသဖြင့် တွန့်ခနဲဖြစ်သွားရရှာသည်။

"ဟဲ... ဟဲ....ဘယ်လိုလဲ၊ မင်း ဗိုကောင့်ကို ဘယ်မှာဝှက်ထားသလဲ ပြောစမ်း"





"ကျွန်မမသိဘူး....ဘယ်မှာမှဝှက်မထားဘူး"

"ဖြန်း"

ဖန်းပူဖိန်၏လက်တစ်ဘက်က မြောက်တက်သွားသည်။ဖြန်းခနဲ ရိုက်သံနှင့်အတူ ချင်းဟို၏ ဖြူဖွေးသော ပါးပြင်တစ်ဘက်မှာ နီရဲပြီး လက်ငါးချောင်းရာ ထွက်ပေါ်လာသည်၊

ဖန်းပူဖိန်က အေးစက်စက်မျက်လုံးများဖြင့် မိန်းမချောလေး ချင်းဟိုကို စူးစိုက်ကြည့်လိုက်ရင်း....

"မမိုက်ချင်စမ်းပါနဲ့ မိန်းကလေး၊ ငါတို့ဟာ ဘယ်လိုလူစားတွေလဲဆိုတာ မင်းရိပ်စားမိတယ် မဟုတ်လား"

ဖန်းပူဖိန်၏ လက်ဝါးရိုက်ချက်ကြောင့် မိန်းမချောလေး ချင်းဟို၏ နှုတ်ခမ်းထောင့်မှ သွေးစီးကြောင်းတစ်ခုက စီးကျလာသည်၊

ချင်းဟိုမှာ မျက်ရည်များပင်ကျလာကာ....

"ကျွန်မက ဘာမှမသိရပါဘူးရှင်၊ ဘယ်သူမှလဲ မလာပါဘူး"

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"

ဖန်းပူဖိန်နှင့် ဝတ်စုံနက်ခြောက်ယောက်တို့၏ ဟားတိုက်ရယ်မောလိုက်သောလှောင်ပြောင်သံများက နားခွင့်လုမတတ်စူးရှကျယ်လောင်စွာ ထွက်ပေါ်လာကြသည်၊

"ဘယ်လိုလဲ၊ မင်း မပြောဘူးလား"

"ကျွန်မ ဘာပြောရမှာလဲ၊ မသိပါဘူးလို့ ပြောနေတာ"

ချင်းဟိုက ငြင်းဆန်လိုက်ပြန်သည်။ ဖန်းပူဖိန်က တဟဲဟဲ ရယ်မောရင်းက ချင်းဟို၏ အင်္ကျီရင်ဘတ်စကိုဆုတ်ဖြဲပစ်လိုက်သည်။

"ဗျို"

အင်္ကျီစုတ်ပြဲသွားသည်နှင့်အတူ ချင်းဟို၏ အတွင်းခံအင်္ကျီ အနီကလေးက ထင်းခနဲ ပေါ်ထွက်လာသည်။

ရင်ညွှန့်သားကလေးများမှာ ဝင်းမွတ်လျက်ရှိ၏။ အင်္ကျီ အတွင်းမှ ရင်နှစ်မြွှာမှာ အတွင်းခံအင်္ကျီကို ဖောက်ထွက်လာ တော့မည့်အလား ပြည့်တင်းလျက်ရှိနေသည်။

"အို"

မိန်းမချောလေး ချင်းဟိုမှာ ရှက်သွေးဖြာကာ အထိတ် တလန့် အော်ဟစ်မိလိုက်သည်။ ဖန်းပူဖိန်ကစူးရှခက်ထန်သော လေသံဖြင့်....

"ကိုင်း....မင်းဘဝကို အဆုံးခံမလား၊ ဟိုကောင့်ကိုကယ် ထားမှာလား၊ မင်း ဘယ်လမ်းရွေးမှာလဲ"

ချင်းဟိုက လေသံတုန်တုန်ယင်ယင်ဖြင့်....

"ကျွန်မကို သနားကြပါရှင်၊ ကျွန်မတို့မှာ ဒီမြေအဘိုး နှစ်ယောက်ပဲ ရှိတာပါ၊ ကျွန်မမှာ အားကိုးစရာလဲမရှိပါဘူး၊ ကျွန်မ လိမ်ညာမပြောဝံ့ပါဘူးရှင်"





"ဟာ—ကြာတယ်ကွာ၊ ဟိတ်....ဒီကောင်မလေးကို အပြင် ကို ခေါ်ထုတ်လာခဲ့ကြစမ်း"

ဖန်းပူဖိန်က ဝက်စုံနက်များကို အမိန့်ပေးလိုက်ပြီး အိမ် အပြင်သို့ ထွက်သွားသည်။ ယင်းအချိန်တွင် မိုးရောလေပါ ရပ်တန့်သွားပြီ ဖြစ်၏။

ဝတ်စုံနက်ခြောက်ယောက်က ရုန်းကန်လိုက်ပါလာသော ချင်းဟိုကို အပြင်ဘက် မြေကွက်လပ်သို့ဆွဲခေါ်လာခဲ့ကြသည်။

"တောက်....ဒီသောက်ခေါင်းမာတဲ့ ကောင်မ၊ သိကြသေး တာပေါ့ကွာ"

ဖန်းပူဖိန်က ဆွဲခေါ်လာသော ချင်းဟိုကို စူးစူးဝါးဝါး စိုက်ကြည့်ရင်းက ကြုံးဝါးလိုက်သည်။

"ဝုန်း"

ဝတ်စုံနက်ခြောက်ယောက်တို့က မိန်းမချောလေး ချင်းဟို ကို မြေပေါ်သို့ ကြမ်းတမ်းစွာ တွန်းထုတ်ပစ်လိုက်ကြသည်။

ချင်းဟိုမှာ မြေပေါ်သို့ လဲကျသွားရသည်။ သူမက အင်္ကျီ ကို ပြန်လည်စုစည်းထားလိုက်သည်။

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"

ဖန်းပူဖိန်နှင့် ဝတ်စုံနက်ခြောက်ယောက်တို့က ကျားများ အလယ် ရောက်ရှိနေသော သမင်ပျိုကလေးပမာ ဖြစ်နေသည့်

မိန်းမချောလေး ချင်းဟိုကိုကြည့်၍ အူ လှိုက် သည်း လှိုက် တဟားဟား ရယ်မောလိုက်ကြသည်။

ဖန်းပူဖိန်က တဟားဟားရယ်မောလိုက်ရင်း....

''မင်းကို ငါ နောက်ဆုံးမေးမယ်၊ ဝိပုလွေဓားနဲ့ဟိုကောင် ဘယ်မှာလဲ''

''ကျွန်မ ဘာမှမသိရပါဘူးရှင်၊ မသိရပါဘူး''

ဖန်းပူဖိန်က အံတစ်ချက်ကြိတ်လိုက်ရင်း....

အောင်သေအောင်သားစားတော့မည့် ဟန်မျိုးဖြင့် မိန်းမချောလေး ချင်းဟိုထံသို့ တစ်လှမ်းချင်း လျှောက်လာသည်၊

ထိုအချိန်၌ ချင်းဟိုမှာ မြေပေါ်တွင် ပက်လက်ကလေးဖြစ်နေသည်၊

''ဖျောက်''

ရုတ်တရက် သူတို့နေစက်ကျောဘက်မှ သစ်ကိုင်းပြတ်ကြေသံ တစ်ချက်ကို ကြားလိုက်ရသောကြောင့် ဖန်းပူဖိန်ရော ဝတ်စုံနက် ခြောက်ယောက်ပါ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်၊

''ဖျောက်....ဖျောက်....ဖျောက်''

ရုတ်တရက် အရွက်ဖားဖား အခက်ဝေဖြာသော သစ်ကိုင်းကြီးတစ်ကိုင်းက အောက်သို့ ပြုတ်ကျသွားပြီးနောက် ဿူတစ်ယောက်၏ ရပ်နေသော ပုံသဏ္ဌာန်က ပီပြင်စွာ ထွက်ပေါ်လာသည်၊





ထိုသူသည် စိန်ပွင့်ကလေးများအလား တဖျပ်ဖျပ်တောက်ပနေသော အနက်ရောင်ကိုယ်ချပ်ဝတ်စုံကို တစ်ကိုယ်လုံး သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး ဓားတစ်လက်ကို ကျောတွင်ပိုးလွယ်ထားသည်။

မျက်နှာမှာလည်း အနက်ရောင်ခေါင်းစွပ် စွပ်ထားရာ မျက်လုံးနှစ်လုံးကိုသာ တွေ့မြင်နေရသည်။

ထိုမျက်လုံးနှစ်လုံးမှာ စူးရှတောက်ပပြီး အရောင် တဖျပ်ဖျပ် တောက်လက်လျက် ရှိနေ၏။

ထိုသူသည် ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ သစ်ပင်အုပ်ကြားတွင် အသက်ဝိညာဉ်ကင်းမဲ့နေသော ကျောက်ရုပ်တစ်ရုပ်အလား ရပ်လျက်ရှိနေ၏။

လူစိမ်းကို တွေ့လိုက်ရသည်နှင့် ကိုယ် ပျောက် ပင့် ကူခြောက်ကောင်တို့သည် လက်နက်များကိုဆွဲထုတ်ကာ အသင့်ပြင်လိုက်ကြလေသည်။

''ဟိတ်....ဘယ်သူလဲကွ''

ဖန်းပူဖိန်က ထိုသူထံသို့ လှမ်း၍ စူးရှခက်ထန်သော လေသံဖြင့် အော်ငေါက်မေးမြန်းလိုက်သည်၊

''ဟဲ....ဟဲ....ဟဲ''

ထိုသူ့ထံမှ အေးစက်စက် ရယ်မောသံတစ်ချက်က သဲ့သဲ့ ထွက်ပေါ်လာသည်။ ပြီးမှ....

"သိုင်းလောကက ဒုစရိုက်သမား လူယုတ်မာတွေကို လိုက်ပြီး သုတ်သင်ပစ်နေတဲ့ လူတစ်ယောက်ပဲ၊ ငါ့နာမည်ကို တော့ မင်းတို့လို ကလေကချေ အောက်တန်းစားတွေ သိစရာ မလိုဘူး"

"ဟင်"

"တောက်"

"တော်တော်စော်ကားတဲ့ကောင်ပဲ"

ဖန်းပူဖိန်နှင့် ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့မှာ ထို သူ၏ စကားကြောင့် ထောင်းခနဲ ဒေါသထွက်သွားကြရ သည်။

ဖန်းပူဖိန်က....

"ဟိတ်....မင်းကြည့်ရတာ အသက်ငယ်ငယ်ပဲ ရှိပါဦးမယ်၊ လူလောကမှာ ဆက်ပြီး နေသွားချင်သေးတယ်ဆိုရင် ဒီနေရာ ကနေ ထွက်သွားရင် ကောင်းမယ်၊ ငါတို့အလုပ်ကို ဝင်ရှုပ် ဖို့ မကြိုးစားနဲ့"

"ဟား....ဟား....ဟား"

ထိုဝတ်စုံနက် ဓားသမားက တဟားဟား ရယ်မောလိုက် ပြီး....

"မင်းတို့ အလုပ်ကို ဝင်ရှုပ်ဖို့ ရောက်လာတာပဲ၊ ငါက ဘယ်ထွက်သွားနိုင်ပါ့မလဲ"





"ဟင်"

ဖန်းပူဖိန်မှာ အကြီးအကျယ် ဒေါသ ထွက် သွား ရကာ တောက်ခေါက်လိုက်ရင်းက....

"သတ်ကြစမ်း၊ ဒီကောင့်ကို နုပ်နုပ်စင်းပစ်၊ ငါဒီကောင်မ လေးကို ကြည့်ထားမယ်"

"ဟား....ဟား....ဟား"

ဖန်းပူဖိန်၏ အမိန့်သံ ဆုံးသည်နှင့် ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့သည် ဓားများကို ဝှေ့ယမ်းသူ ဝှေ့ယမ်း၊ ဂိုက် ကွန်များ ဆွဲသူဆွဲနှင့် အလုပ်ရှုပ်သွားကြရသည်။

ထို့နောက် ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့သည် ထို ဝတ်စုံနက် ဓားသမားဆီသို့ အသေအကြေ တိုက်ခိုက်ရန်ခုန်ပျံ ဝင်ရောက်သွားကြလေတော့သည်။

သစ်ပင်အောက်မှ ရပ်နေသည့် ဝတ်စုံနက် ဓားသမားက မည်သည့်အချိန်က ဓားထုတ်လိုက်မှန်းပင် မမြင်လိုက်ရပေ။

ဓားရိပ်ဓားငွေ့များသည် ဝန်းကျင်တစ်ခွင်သို့ နဂါးငွေ့ လှိုင်းများအလား တဟူးဟူး ရိုက်ခတ်လျက် ရှိနေ၏။

ဖန်းပူဖိန်သည် မိန်းမချော ချင်းဟိုကို ချုပ်ကိုင်ထားရင်း တိုက်ပွဲကို မျက်ခြည်မပြတ် ကြည့်နေမိ၏။

ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်မှာ သိုင်းလောကမှ အစိ ပတိ ဆိုးသွမ်းရက်စက်သော သိုင်းအကျော်အမော် ခြောက် ဖော်ပင် ဖြစ်သည်။

သူတို့ခြောက်ဖော်၏ သိုင်းပညာမှာ အံ့မခန်းဖြစ်ကာ ကိုင်ထားသော လက်နက်များမှာလည်း ဆန်းပြားသလို တိုက်ကွက်များမှာလည်း ထူးခြားလှပေသည်။

သူတို့နှင့် ရင်ဆိုင်မိသူမှန်သမျှ မပြန်လမ်းသို့ ကြွမြန်းသွားရသည်ချည်းပင် ဖြစ်ပေသည်။

ယခု လူစိမ်းဝတ်စုံနက် ဓားသမားကိုမူ သူတို့ တစ်ခါမှ မမြင်ဖူးသဖြင့် ထိုသူ၏ ဓားပညာ၊ သိုင်းပညာ၊ အတွင်းအားကိုယ်ဖော့အားတို့ကို ခန့်မှန်း မသိရှိကြရသေးချေ။

ဝတ်စုံနက်ဓားသမား၏ ဓားမှာ နှစ်ဘက်သွားဓားမျိုးဖြစ်ကာ လရောင်အောက်တွင် စိမ်းဖန့်ဖန့် တောက်ပလျက် ရှိနေ၏။

"ယား....ယား....ယား"

"ထန်း....ထန်း....ထန်း"

ဝတ်စုံနက်ဓားသမား၏ဓားချက်များမှာ လျှပ်ပြက်သလို မြန်ဆန်လှပြီး ကောင်းကင်ထက်မှကြယ်များ တဖွဲဖွဲကြွေကျနေသည့်အလား အဆက်မပြတ် ပြေးလွှား တိုက်ခိုက်လျက်ရှိ၏။

ကိုယ်ပျောက်ပင့်ကူခြောက်ဖော်တို့သည် ပင့်ကူနက်ခြောက်ကောင်က ပိုက်ကွန်ထဲဝင်တိုးမိနေသော ယင်ကောင် တစ်ကောင်ကို ဖမ်းဆီးဝါးမျိုပစ်တော့မည့်အလား တရကြမ်းတိုးကပ်ရင်း တိုက်ခိုက်လျက်ရှိကြ၏။





"ဟူး....ဟူး... ဟူး"

ဝတ်စုံနက်ဓားသမားသည် ကိုယ်ပျောက်ပင့်ကူခြောက်ဖော်တို့၏ အကြားတွင် လျှပ်တစ်ပြက်ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် အနက်ရောင်နဂါးတစ်ကောင်ပမာ ပြေးလွှားတိုက်ခိုက်နေ၏။

နေရာတိုင်း၌ စိမ်းဖန်ဖန့်ဓားရောင်များကသာ ဖုံးလွှမ်းလျက် ရှိနေ၏။

ကိုယ်ပျောက်ပင့်ကူခြောက်ဖော်တို့သည် အထူး သတိထားပြီး တိုက်ခိုက်နေကြရလေသည်။

"ရွှမ်း"

ရုတ်တရက် ဝတ်စုံနက်ဓားသမား၏ ကြယ်ခွေ ဓားချက်ကြောင့် ကိုယ်ပျောက်ပင့်ကူတစ်ယောက်၏ပိုက်ကွန်မှာနှစ်ခြမ်းကွဲထွက်သွားရသည်။

"အား"

ထို ပိုက်ကွန်ကိုကြည့်ရင်း ကိုယ်ပျောက်ပင့်ကူသည် အံ့ဩသွားရ မြင်လိုက်ရသည့်အလား အသံနက်ကြီးဖြင့် အော်ဟစ်ကာ နောက်ကျွမ်းပစ်ရင်း ခုန်ဆုတ်လိုက်၏။

သူ့တစ်သက်တွင် ဤ ပျော့ပျောင်းပါးလွှာလှသော သံမဏိမျှင် ပိုက်ကွန်ကို နှစ်ခြမ်းကွဲပြတ်အောင် ခုတ်ဖြတ်နိုင်စွမ်းရှိမည့်သူ လောကတွင်မရှိဟု မှတ်ထင်ယူဆထားရာ ယခုဝတ်စုံ

နက် ခေါ်သမားလက်ချက်ကြောင့် ပိုက်ကွန်နှစ်ခြမ်းပြတ်သွားရပြီ ဖြစ်လေရာ သူ့အယူအဆမှာမှားယွင်းနေပြီ ဖြစ်ကြောင်း သိရှိသုံ့က်ရလေတော့၏။

ထို့ကြောင့်လည်း ပိုက်ကွန်ကွဲကို ကိုင်ထားရင်း ကိုယ်ပျောက် ပင့်ကူသည်စူးဝါးသောအသံဖြင့်ဟစ်အော်ရင်းနောက်သို့ ကမန်းကတန်းခုန်ဆုက်လိုက်ရခြင်းပင်ဖြစ်ပေသည်။

"ဒုတ်"

"အင်"

နောက်သို့ခုန်ဆုတ်လိုက်စဉ်မှာပင် ထို ကိုယ်ပျောက်ပင့်ကူ၏ ရင်ဝသို့ ပါးလွှာထက်မြက်သော ခေါ်ပျံတစ်လက်က လာရောက် စိုက်ဝင်သွားသည်။

ပိုက်ကွန်အဖြတ်ခံလိုက်ရသော ကိုယ်ပျောက်ပင့်ကူမှာ အင့်ခနဲ တစ်ချက်သာအော်ညည်းလိုက်နိုင်ပြီး နောက်သို့ ပတ်လက်လန်လဲ ကျသွားလေသည်။

"ဟာ"

"ဟင်"

"အို"

ကျန် ကိုယ်ပျောက်ပင့်ကူငါးဖော်တို့မှာ မချိမဆန့်အသက်ပျောက်သွားရသော သူတို့အဖော် ကိုယ်ပျောက်ပင့်ကူကိုကြည့်ကာ အံ့သြချောက်ချားသွားကြရသည်။





ဖန်းပူဖိန်မှာ ထိုမြင်ကွင်းကိုကြည့်ကာ ထောင်းခနဲဒေါသထွက်သွားရသည်။

"ထောက်"

"အင့်"

ချက်ချင်းပင် ဖန်းပူဖိန်က မိန်းမချောလေး ချင်းဟို၏ သွေးကြောကိုထိုးပိတ်လိုက်ပြီး ခေါ်ကိုဆွဲထုတ်ကာ တိုက်ပွဲအတွင်းသို့ လွှားဝင်လိုက်သည်။

ဖန်းပူဖိန်က မြွေခေါ်းကိုဝှေ့ယမ်းလိုက်ရင်း အပေါ်မှမိုး၍ မျက်နှာဖုံးစွပ်ကိုခုတ်ချလိုက်သည်။

"ဝှစ်"

မျက်နှာဖုံးစွပ်ခေါ်းသမား၏လှုပ်ရှားမှုမှာ အံ့မခန်းလောက်စရာပင် ဖြစ်သည်။

ဖန်းပူဖိန်ခေါ်းချက်အောက်မှာ မြွေတစ်ကောင်ပမာ လျှောထွက်သွားသည်။ ရုတ်တရက် ဖန်းပူဖိန်မှာ ထိတ်လန့်သွားသည်။

ခေါ်းလေတိုးသံတစ်ချက်က သူ့ခါးလယ်လောက်ဆီမှ ရုတ်တရက် ဖြတ်ဝင်လာခြင်းကြောင့်ပင် ဖြစ်သည်။

"ဟူး"

ဖန်းပူဖိန်က နောက်သို့ ကမန်းကတန်းခုန်ဆုတ်ကာအမြန်ဆုံး ရှောင်တိမ်းပေးလိုက်ရသည်။

သို့ဖြစ်သည့်တိုင်မားချက်ကြောင့်သူ့အင်္ကျီမှာ ကွဲထွက်သွား ရသည်။

"ဟင်"

ဖန်းပူဖိန်မှာ ကွဲထွက်သွားသောအင်္ကျီစကိုကြည့်ရင်းမျက် နှာ ကွက်ခနဲပျက်သွားရသည်။

သူ ရိပ်စားမိလိုက်ပေပြီ။ ယခုရောက်လာသော မျက်နှာဖုံး စွပ် ဝတ်စုံနက်မားသမား၏ သိုင်းပညာမှာ သူတို့ထက်အဆ ပေါင်း များစွာ အဆင့်မြင့်မားနေသူဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ နောက်ထပ် မားကွက်အခတော်များများ ကို စမ်းသပ်ကြည့်ရန် ဖန်းပူဖိန်က ဆုံးဖြတ်လိုက်ပြီး ကိုယ် ပျောက် ပင့်ကူငါးဖော်ကို ဆက်လက်တိုက်ခိုက်ရန် အမိန့်ပေး လိုက်သည်။

"သတ်ကြစမ်း"

တိုက်ပွဲမှာ ခက်ထန်ကြမ်းတမ်းစွာဖြင့် ဆက်လက်ဖြစ်ပေါ် လာသည်။ ဖန်းပူဖိန်နှင့် ကိုယ်ပျောက်ပင့်ကူငါးဖော်တို့သည် မျက်နှာဖုံးစွပ် ဝတ်စုံနက် မားသမားကို တရကြမ်းဝင်တိုက် ပြန်သည်။

"ထန်း....ထန်း....ထန်း"

"ချွမ်း....ချွမ်း... ချွမ်း"





မား မားချင်းထိခတ်သံ၊ အော်ဟစ်မာန်သွင်းသံ၊ ဆဲဆို ကြုံးဝါးသံများမှာ ဆူညံလျက်ရှိ၏။

ကိုယ်ပျောက်ပင့်ကူငါးဖော်တို့သည် ဝတ်စုံနက်ကို အတင်း လိုက်လံ တိုက်ခိုက်လျက် ရှိ၏။ ဖန်းပူဖိန်ကလည်း မြွေမား ကို တရကြမ်းဝှေ့ယမ်းကာ တိုက်ခိုက်လျက် ရှိနေသည်။

မျက်နှာဖုံးစွပ် ဝတ်စုံနက်မားသမား၏ မားမှာ စိမ်းဖန့် ဖန့် တောက်ပလျက် ရှိ၏။ အစိမ်းရောင် မားအလင်းတန်းကြီး များသည် အရပ်လေးမျက်နှာသို့ ဖြာစင် ပြေးထွက်နေ၏။

"ယား"

မျက်နှာဖုံးစွပ် ဝတ်စုံနက်က မာန်သွင်းသံတစ်ချက်ပြုလိုက် ပြီး မားကို ဝှေ့ယမ်းတိုက်ခိုက်ပစ်လိုက်သည်။

"ချွမ်း"

"အို"

ရုတ်တရက် ဝတ်စုံနက်၏ လျှပ်ပြက်သလို မားချက် ကြောင့် ကိုယ်ပျောက်ပင့်ကူတစ်ယောက်၏ မားမှာ ထက် ပိုင်းကျိုးထွက်သွားရသည်။

မားထက်ပိုင်းကျိုးထွက်သွားသလို ထိုသူမှာလည်း နောက် သို့ လူတခြား မားတခြားဖြစ်ကာ လွင့်စဉ်ထွက်သွားရ သည်။

နောက်သို့ လွင့်စဉ်ထွက်သွားသူ၏ နဖူးထက်တွင် ဒေါင်လိုက်ကွဲထွက်သွားသော ဓားချက်ကြီး ထင်းထင်းရဲရဲကြီး ထွက်ပေါ်လာသည်။ ထိုဓားချက်ဆီမှ သွေးများက စီးထွက်လာသည်။

"ဝုန်း"

ထိုကိုယ်ပျောက်ပင့်ကူ၏ မျက်လုံးအစုံသည် တဖြည်းဖြည်း ပြူးကျယ်ဝိုင်းစက်လာကာ နောက်ဆုံးတွင် မြေပေါ်သို့ ဝုန်းခနဲ ယိုးလဲကျသွားလေတော့၏။

"ဟာ....ဟင်....ဟယ်"

"အို"

ဖန်းပူဖိန်နှင့် ကျန်ကိုယ်ပျောက်ပင့်ကူ လေးဖော်တို့မှာ မျက်နှာဖုံးစွပ် ဓားသမား၏ ဆန်းပြားထက်မြက်သော ဓားချက်ကို မြင်လိုက်ရလျှင် တအံ့တသြ ဖြစ်ကာ တုန်လှုပ်ချောက်ချားသွားကြရလေတော့၏။

သူတို့သည် ရှေ့ဆက်မတိုးဝံ့ကြတော့ပေ။ သူတို့အဖို့ ဆက်ပြီး တိုက်ခိုက်နေလျှင် ဝတ်စုံနက်၏ဓားချက်ကြောင့် တစ်ယောက်ပြီး တစ်ယောက် အမှည့်ခြွေ ခြွေသလို သတ်ဖြတ်ခြင်းခံကြရတော့မည်ဖြစ်၏။

ထို့ကြောင့် ဖန်းပူဖိန်က အခြေအနေကို အမြန်ဆုံးအကဲခတ်လိုက်ပြီး ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်ရသည်။





သူတို့က တိုက်ပွဲမှ အမြန်ဆုံးဆုတ်ခွာရန်ပင် ဖြစ်သည်။ သို့သော် ဖန်းပူဖိန်က မိန်းမချောကလေး ချင်းဟိုကိုပါ တပါတည်းခေါ်သွားချင်သည်။ ထို့ကြောင့် သူက မိန်းမချောလေးချင်းဟို သွေးကြောပိတ်၍ လဲကျနေရာဆီသို့ သူကခုန်ပျံသွားရောက်ရန် ကြိုးစားလိုက်သည်။

"ဟူး"

သို့သော်သူက နောက်ကျသွားလေပြီ။ သူ့ထက်ပိုမိုလျင်မြန်သော၊ ပါးနပ်သောဝတ်စုံနက်က လေတိုက်သလိုရွှေ့လျားသွားပြီး လဲကျနေသော မိန်းမချောလေး ချင်းဟိုကို ပွေ့ယူထားလိုက်သည်။

ဝတ်စုံနက်က မိန်းမချောလေး ချင်းဟို၏ ပိတ်ထားသော သွေးကြောနေရာကို လက်ညှိုးနှင့်ထောက်၍ အမြန်ဖွင့်ပေးလိုက်သည်။

"ထောက်"

"အင့်"

ဝတ်စုံနက်က သွေးကြော ပြန်ဖွင့်ပေးလိုက်သဖြင့် မိန်းမချောလေးချင်းဟိုမှာ ပြန်လည်သတိရလာသည်။ လှုပ်ရှားနိုင်စွမ်းရှိလာသည်။

ဝတ်စုံနက်က ချင်းဟိုကို ကာကွယ်ပေးရင်း ဓားကိုရှေ့ညွှန်ကာ ရှေ့သို့ တိုးလာသည်။

သူက တိုးကပ်လေလေ ဖန်းပူဖိန်နှင့် ကိုယ်ပျောက်ပင့်ကူလေးဖော်တို့မှာ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ကာ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားရသည်။

"ဆုတ်ကြ"

ဖန်းပူဖိန်က အော်ဟစ်ကာ တောစပ်ဆီသို့ လွှားထွက်သွားကြသည်။ ကိုယ်ပျောက်ပင့်ကူလေးဖော်တို့ကလည်း ဖန်းပူဖိန်နောက်သို့ထက်ကြပ်မကွာ လိုက်ပါသွားကြသည်၊

ဖန်းပူဖိန်နှင့် ကိုယ်ပျောက်ပင့်ကူလေးဖော်တို့မှာ ဝတ်စုံနက်ဓားသမားကို မယှဉ်နိုင်တော့ဘဲ အသက်လုပြေးသွားကြခြင်းပင်ဖြစ်ပေသည်။

တစ်ခဏချင်းမှာပင် ဖန်းပူဖိန်နှင့် ကိုယ်ပျောက်ပင့်ကူလေးဖော်တို့မှာ အမှောင်ရိပ်များအတွင်း တိုးဝင်ပျောက်ကွယ်သွားကြလေတော့သည်၊

ဒုစရိုက်သမားများပျောက်ကွယ်သွားသည်နှင့် မိန်းမချောလေး ချင်းဟိုက မျက်နှာဖုံးစွပ် ဓားသမားကို ဦးညွှတ်ဂါရဝပြုလိုက်ပြီး....

"ကျွန်မရဲ့ အသက်နဲ့ အရှက်ကို ကာကွယ်ပေးလိုက်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ ရှင် ဘယ်သူလဲဆိုတာ ကျွန်မ သိပါရစေ"

မျက်နှာဖုံးစွပ်ဓားသမားက တည်ကြည်လေးနက်သောလေသံဖြင့်....





"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မိန်းကလေးသိစရာ မလိုပါဘူး၊ ကျုပ်တို့ဟာ ဝံပုလွေတပ်ဖွဲ့က အထူးလက်ရွေးစင် ဝံပုလွေသိုင်းသမားတွေပဲ....

"မင်းဆီမှာ ဒဏ်ရာတွေနဲ့ရောက်နေတဲ့ ချူးချင်းဟာ ငါတို့ သခင်ကြီးရဲ့ အသက်တမျှ ချစ်မြတ်နိုးတဲ့ မြေးတပည့် ဖြစ်တယ်၊ သူ့ကို အထူးဂရုစိုက် စောင့်ရှောက်ပါ၊ ကိုင်း....ကျုပ်သွားမယ်"

စကားဆုံးသည်နှင့် မျက်နှာဖုံးစွပ် ဝတ်စုံနက်ဓားသမားက ချင်းဟိုကိုနှုတ်ဆက်စကားဆိုလိုက်ပြီး ထိပ်တန်းကိုယ်ဖော့အားသုံးကာ လွှားထွက်သွားလေတော့သည်။

"ဝှစ်....ဝှစ်....ဝှစ်"

တစ်ခဏချင်းမှာပင် ထိုဝတ်စုံနက်သည် လေထဲတွင်ပျံလွှားငှက်တစ်ကောင် ပျံသန်းသွားသည့်ပမာ ပေါ့ပါးလျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

မိန်းမချောလေး ချင်းဟိုမှာ ထိုဝတ်စုံနက်ဓားသမား၏ ထိပ်တန်း ကိုယ်ဖော့ပညာနှင့် အဆင့်မြင့်သိုင်းပညာကိုကြည့်ကာ ပါးစပ်အဟောင်းသားဖြစ်ကာ အငေးသား ကျန်ရစ်ခဲ့ရလေတော့၏။

လေသည် တဟူးဟူး ပြန်တိုက်လာ၏၊ အေးစိမ့်သောလေနှင့်အတူ လျှပ်ပန်းလျှပ်နွယ်များကလည်း တဝင်းဝင်းတလက်လက်နှင့် ဖြစ်ပေါ်လာကြသည်၊

မိုးဘစ်ချုန်းသံများနှင့်အတူ မိုးသီးမိုးပေါက်များကလည်း ကျဆင်းလာခဲ့လေသည်။

မိုးရေစက်များ မျက်နှာပေါ်သို့ကျလာမှ မိန်းမချောလေး ချင်းဟိုမှာ သတိပြန်ဝင်လာရကာ အိမ်ကလေးအတွင်းသို့ ပြန်ဝင်လာခဲ့လေတော့သည်။

ယခုမှပင် မိန်းမချောလေးမှာ သက်ပြင်းကို ချလိုက်မိရှာသည်။

သူမ ကယ်တင်ထားခဲ့သော လူရွယ်ချော ချူးချင်းမှာ ရန်သူ့ လက်မှ လွတ်မြောက်သွားရပြီဖြစ်သလို သူမမှာလည်း ဘဝဆုံးတော့မည့်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသည် မဟုတ်ပါလား။

✱ ✱ ✱



အခန်း (၁၃)

## လင်းယုန်တောင်ကြား

နေခြည်နုနုကလေးများက ကျရောက်လျက်ရှိနေလေပြီ။

ငှက်ကလေးများက တကျီကျီ ဘကျာကျာနှင့် အော်သံကလေးများက ထွက်ပေါ်လျက်ရှိနေ၏။

ပန်းရနံ့ကလေးများကလည်း လေအဝှေ့တွင် သင်းထုံစွာ ပါရှိလာကြသည်။

မိန်းမချောလေး ချင်းဟိုက ခေါင်းဖုံးကို ဖွင့်လိုက်ပြီးကြည့်လိုက်သည်။

အတွင်းမှ အဘိုးအိုသဏ္ဍာန် ရုပ်ဖျက်ထားသော ချူးချင်းက မလှုပ်မယှက် ရှိနေသည်။

မိန်းမချောလေး ချင်းဟိုက အင်္ကျီအတွင်းအိတ်ထဲမှ ကြွေဘူး တစ်ဘူး ထုတ်ယူလိုက်ပြီး ကြွေဘူးအတွင်းမှအစိမ်းရောင် သမ်းနေသော အရည်များကို ချူးချင်းပါးစပ်ထဲသို့ လောင်းထည့်ပေးလိုက်သည်။

ပြီးနောက် ချင်းဟိုက ကြွေဘူးကလေးကို ပြန်လည် သိမ်းဆည်းလိုက်ပြီး ချူးချင်း၏မျက်နှာကို စူးစိုက်ကြည့်နေလိုက်သည်။

"အင်း....အင်း"

မကြာမီ ချူးချင်း၏ ဖြူဖွေးနေသော မျက်နှာမှာ သွေးရောင် ပြန်လွှမ်းလာပြီး နှလုံးပြန်ခုန်ကာ အသက်ရှူရှိုက်လိုက်သည်။

အတန်ကြာလျှင် ချူးချင်း၏ မျက်တောင်ကလေးများ လှုပ်ခတ်လာပြီး မျက်လုံးအစုံမှာ ပွင့်လာသည်။

ခြေလက်များ လှုပ်ရှားလာနိုင်သည်နှင့်အမျှ ခေါင်းထဲမှ ဖြည်းညင်းစွာ ထထိုင်လိုက်သည်။

ချူးချင်းမှာ သတိပြန်ရလာပြီဖြစ်သော်လည်း ခေါင်းထဲတွင် မူးဝေနောက်ကျိကာ အင်အားများ ယုတ်လျော့နေသလို ခံစားနေရသည်။





"အစ်ကို....အ ရမ်း မ ထ နဲ့ ဦး လေ၊ အားနည်းနေသေးတယ်"

ချင်းဟိုက ခေါင်းထဲမှလှမ်းထွက်လိုက်သော ချူးချင်းကို ဖေးမပေးရင်းက ပြောကြားလိုက်သည်။

ချူးချင်းက ချင်းဟိုပေးသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း....

"ညက ဘာဖြစ်သေးလဲ ညီမ"

ချင်းဟိုက....

"အစ်ကို သတိမေ့သွားပြီး လူခုနစ်ယောက် ရောက်လာတယ်။ သူတို့က တစ်အိမ်လုံး ပိုက်စိပ်တိုက်ရှာတယ်၊ အစ်ကို့ကိုလဲစစ်ဆေးကြည့်တယ်၊ ဘာမှ မသင်္ကာစရာမတွေ့ရပါဘူး....

"နောက် သူတို့က ညီမကို ရန်ရှာတယ်၊ မမျှော်လင့်ဘဲ ဝတ်စုံနက် ဓားသမားတစ်ယောက် ရောက်လာပြီး သူတို့ကို တိုက်ခိုက်တယ်....

"အဲဒီလူက သိုင်းပညာရော ဓားပညာရော အံ့မခန်း လောက်စရာပါပဲအစ်ကို၊ သူ့ လက်ချက်နဲ့ ဟိုခုနစ်ယောက်ထဲက နှစ်ယောက် ကျဆုံးသွားတယ်၊ အဲဒီမှာတင် သူတို့လဲ ဆက်ပြီး မတိုက်ရဲတော့ဘဲ ထွက်ပြေးသွားကြတယ်"

ချူးချင်းမှာ တအံ့တဩဖြစ်သွားရကာ....

"ဟင်....အဲဒီလူက ဘယ်သူလဲဟင်"

ချင်းဟိုက ခေါင်းကလေးခါယမ်းပြရင်း....

"ညီမလဲ မသိဘူး၊ ညီမမေးတော့ သူက လက်ရွေးစင် ဝံပုလွေ သိုင်းသမားတစ်ယောက်လို့ ပြောတယ်၊ အစ်ကို့ရဲ့ ဘိုးတော်ဆရာသခင် စေလွှတ်ထားတဲ့ ဝံပုလွေသိုင်းသမားလို့လဲ ပြောတယ်၊ အစ်ကို့ကို ဂရုစိုက်ပါလို့လဲ မှာခဲ့တယ်"

ထိုအခါကျမှ ချူးချင်းမှာ သဘောပေါက်သွားရသည်၊

နယ်စပ်စားသောက်ဆိုင်တွင် ဆုံတွေ့ တိုက်ခိုက်ဖူးသော ဝတ်စုံနက်ဓားသမားကို သွားရောက်သတိရလိုက်မိသည်။

ထိုဝတ်စုံနက်ဓားသမားမှာ အထူး ဝံပုလွေတပ်ဖွဲ့မှ ဓားသမား ခေါင်းဆောင်ဖြစ်ပြီး ငွေရောင်ဝတ်စုံရှင်သိုင်းလောကကို စောင့်ရှောက်သူဟုဆိုထားသော အဘိုးအို၏ တပည့်တစ်ယောက် ဖြစ်ပေသည်။

ညကအမှတ်မထင်ရောက်ရှိလာပြီး မိန်းမချောလေးချင်းဟို၏ အသက်နှင့်အရှက်ကို ကာကွယ်သွားခဲ့သူမှာ ဤဝံပုလွေတပ်ဖွဲ့ ခေါင်းဆောင် သိုင်းသမားကြီးပင် ဖြစ်ရပေလိမ့်မည်၊

ထို့နောက် ချင်းဟိုက ချူးချင်းမျက်နှာပေါ်မှ ရုပ်ဖျက်ထားသော ဆေးများကို ပြန်ဖျက်ပေးလိုက်သည်။

ထိုအခါ ချောမောခံ့ညားသော ချူးချင်း၏ ပင်ကိုရုပ်သွင်မှာ ဘွားခနဲ ပြန်လည်ပေါ်ပေါက်လာရလေတော့သည်၊





ချင်းဟိုက အနီရောင် ဆေးပုလင်းတစ်လုံး ယူဆောင်လာခဲ့ပြီး....

"အစ်ကို... ဒီဆေးက ဘိုးဘိုးကိုယ်တိုင် ဖော်စပ်ထားခဲ့တဲ့ နဂါးအားမာန် အားတိုးဆေးပါ၊ ဒီဆေးသောက်လိုက်ရင် အစ်ကို အားအင်တွေ ပြန်ပြည့်သွားမှာပါ"

ချူးချင်းက အနီရောင်ဆေးပုလင်းကိုယူ၍ မော့သောက်ပစ်လိုက်သည်၊

ဆေးသောက်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသလို ခံစားလိုက်ရသည်၊ အားအင်များလည်း တိုးပွားလာသည်ဟု ထင်မှတ်လိုက်ရသည်။

ချူးချင်းက အခြေအနေကို အမြန်ဆုံး အကဲခတ်လိုက်ပြီး....

"ကိုင်း....ညီမ၊ အစ်ကိုတို့ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ ညီမဘိုးဘိုးကို အမြန်ဆုံး မြှုပ်နှံသင်္ဂြိုဟ်ပြီး ဒီနေရာက ထွက်ခွာမှဖြစ်မယ်၊ ရန်သူတွေ မကြာခင်မှာ ဒီဓားအတွက် အမြန်ဆုံး ရောက်လာကြလိမ့်မယ်"

"ဟင်"

ချူးချင်းစကားကြောင့် ချင်းဟိုမှာ မျက်လုံးကလေးများပြူးကျယ် ဝိုင်းစက်သွားရသည်။

ချက်ချင်း တွေးဆချက်နှင့် ပြောလိုက်သောစကားမှာ မှန်ကန်လှပေသည်။

ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်နှင့် ကိုယ်ပျောက်ပင့်ကူလေးဖော်တို့သည် သူတို့ကို မည်သည့်နည်းနှင့်မျှ အခဲကြကြလိမ့်မည် မဟုတ်။

သူတို့က လူစုပြီး ဤနေရာသို့ ပြန်လာကြပေလိမ့်မည်။

ထိုအခါ ဒဏ်ရာကောင်းကောင်း မပျောက်သေးသော ချူးချင်းနှင့် မိန်းမချောလေး ချင်းဟိုတို့ ဒုက္ခရောက်ကြရပေလိမ့်မည်။

အထူးသဖြင့် ချူးချင်း၏ နောက်ကျောမှ ဓားချက်မှာ အတော်ကြီးမားကာ အချိန်ယူ ဆေးကုသရဦးမည် ဖြစ်ပေသည်။

ချင်းဟိုက ချူးချင်း၏နောက်ကျောမှ ဓားချက်ကို ဆေးထည့်ပေးလိုက်ပြီး....

''အစ်ကိုပြောတာ မှန်ပါတယ်၊ ဘိုးတိုးကို မြှုပ်နှံပြီး ညီမတို့ ဒီနေရာကနေ အမြန်ဆုံး ထွက်ခွာကြမှ ဖြစ်လိမ့်မယ်''

ထို့နောက် သူတို့နှစ်ယောက်က မြေအောက်အတွင်း ဝှက်ထားသော ချင်းဟို၏အဘိုးအလောင်းကို အပြင်သို့ထုတ်လိုက်ကြသည်။





ပြီးနောက် တောင်ကုန်းကလေး တစ်ကုန်းအထက်တွင် ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ် ပေးလိုက်ကြသည်။

''တိတ်ပါ ညီမရယ်၊ လူဆိုတာ သေမျိုးချည်းပါပဲ၊ ညီမ ခုလိုငိုနေလို့ ညီမဘိုးဘိုးကလဲ ပြန်ရှင်လာမှာ မဟုတ်ပါဘူး၊ အစ်ကိုတို့ အချိန်ရှိတုန်း ဒီနေရာကနေ သွားကြရအောင်''

ချူးချင်းက မြေပုံရှေ့တွင် တရှုပ်ရှုပ်ငိုကြွေးနေသော မိန်းမချောလေး ချင်းဟိုကို နှစ်သိမ့်စကားပြောလိုက်သည်။

မိန်းမချောလေးချင်းဟိုက ဖြည်းညင်းစွာထလိုက်ရင်း....

''အစ်ကိုပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ညီမတို့မှာ ဒီမြေးအဘိုးနှစ်ယောက်တည်း ရှိတာပါ၊ အခု လောကအလယ်မှာ ညီမတစ်ယောက်တည်း ကျန်ရစ်ရတော့မှာကို တွေးပြီး ဝမ်းနည်းမိလို့ပါ''

ချူးချင်းက လေးနက်တည်ကြည်သော လေသံဖြင့်....

''အို....ညီမရယ်၊ အစ်ကိုကကော ညီမနဲ့ ဘာထူးလို့လဲကွယ်၊ အစ်ကိုကလဲ တစ်ယောက်တည်းပါ၊ ကိုင်း....လုံခြုံစိတ်ချရတဲ့ နေရာတစ်နေရာရှာပြီး အစ်ကိုတို့ အဲဒီမှာ ခေတ္တခဏ ရှောင်နေကြမှ ဖြစ်မယ်''

ချင်းဟိုက ချူးချင်း၏မျက်နှာကို အားကိုးတကြီးနှင့် မော့ကြည့်ရင်း....

''အစ်ကိုက ဘယ်နေရာကိုသွားဖို့ စဉ်းစားထားလို့လဲ''

"လင်းယုန်တောင်ကြား"

* * *

လင်းယုန်တောင်ကြား....

အလွန် မြင့်မားမတ်စောက်သော တောင်တန်းကြီးများ အလယ် လူသူအရောက်အပေါက်နည်းလှသော တောင်ကြား တစ်နေရာပင် ဖြစ်၏။

တောင်ကြားအတွင်းသို့ရောက်ရန် ကွေ့ ကွေ့ ကောက် ကောက်နှင့် ဝက်ပါလမ်းများရှိနေပြီး ဝင်ပြီး ပြန်မထွက်တတ် လျှင် မျက်စိလည်ကာ အသက်ပျောက်သွားရပေမည်။

လင်းယုန်တောင်ကြောကြီးများ၏ နက်ရှိုင်းချောင်ကျလှ သော နေရာဖြစ်ခြင်းကြောင့် လင်းယုန်တောင်ကြားဟု ခေါ် တွင်ရခြင်းပင် ဖြစ်ပေ၏။

လူသိအလွန်နည်းကာတောကျွမ်းမုဆိုးများပင်လျှင် မျက်စိ လည် လမ်းမှားကာ တစ်ခါတစ်ရံမှ ရောက်သွားတတ်လေ့ ရှိ၏။

ကြီးမားသော လင်းယုန်ငှက်ကြီးသည် တောင်ကြောတစ် ဝိုက်တွင် ပျံဝဲလျက် ရှိနေတတ်သည်။





တောင်ကြားဆီမှ ထူးဆန်းသောအသံများနှင့်အခိုးအငွေ့ များက အဆက်မပြတ် ထွက်ပေါ်နေတတ်သည်။

စင်စစ် ထိုတောင်ကြားအတွင်း အလွန် သာယာသော နေရာတစ်ခုရှိနေကြောင်းကို မည်သူမှ မသိပေ။

ထိုနေရာတွင် တသွင်သွင်စီးဆင်းနေသော စမ်းချောင်း ကလေးများ၊ ရေထဲတွင် ကူးခတ်နေသော ကျောက်ငါးကြင်း ကြီးများ၊ စားပင်သီးပင်များ၊ ငှက်များ၊ ရေတံခွန်များရှိနေ ပေသည်။

ဤမျှ သာယာလှသော နေရာတစ်ခု ဤကြောက်မက်ဖွယ် ကောင်းသော လင်းယုန်တောင်ကြားအတွင်း ရှိနေမည်ဟု မည်သူကမျှ မျှော်လင့်ယုံကြည်ထားကြလိမ့်မည် မဟုတ်ပေ။

တသွင်သွင် စီးဆင်းနေသော ကြည်လင် အေးမြလှသည့် စမ်းချောင်းကလေးနှင့် မနီးမဝေးတွင် ခြံဝင်းငယ်တစ်ခုရှိနေ သည်။

ထိုခြံဝင်းအတွင်း သေသပ်စွာ ဆောက်လုပ်ထားသောအိမ် ကလေးတစ်လုံးက ရှိနေသည်။

အိမ်ကလေး၏ ဝရန်တာထက် ကုလားထိုင်နှစ်လုံးတွင် လင်မယားဖြစ်ဟန်တူသော အဘိုးအိုတစ်ယောက်နှင့် အဘွား အိုတစ်ယောက်တို့က ထိုင်ကာ စကားပြောလျက် ရှိနေကြ သည်။

"အင်း....ဒီနေ့တော့ ထူးထူးခြားခြား ဒီနေရာကို ညှို့သည့် နှစ်ယောက် ရောက်လာလိမ့်မယ် ထင်တယ်"

အဘိုးအိုက ပြောလိုက်သည်။

အဘွားအိုက....

"အို....ရှင်က ဗေဒင်ဆရာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

အဘိုးအိုက ကောင်းကင်တွင် ပျံဝဲနေသော ကြီးမားလှသည့် လင်းယုန်ငှက်ကြီးနှစ်ကောင်ကို ညွှန်ပြလိုက်ကာ....

"ဟိုမှာ မတွေ့ဘူးလား၊ ဒီကောင်ကြီး နှစ်ကောင်က ခါတိုင်း ဒီအချိန်နဲ့ရောက်မလာကြသေးဘူး၊ အခု အစောကြီး ရောက်လာတာ"

"ရှင်ကလဲ မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့"

"ငါမဟုတ်တာတွေ ပြောနေတာ မဟုတ်ဘူး၊ မယုံရင် စောင့်ကြည့်"

အဘိုးအို၏ စကားမဆုံးမီမှာပင် တောင်ကြားအဝ အခိုးအငွေ့များကြားမှ တရွေ့ရွေ့ ထွက်ပေါ်လာသော လူရိပ်သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ရ၍ အဘိုးအိုရော အဘွားအိုပါ ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသား ဖြစ်သွားကြရလေတော့၏။





စောစောက အဘိုးအို၏ ခန့်မှန်းပြောလိုက်သောစကားများမှာ လက်တွေ့တွင် မှန်ကန်နေလေပြီ။

အခိုးအငွေ့များကြားမှ လာနေသူနှစ်ယောက်မှာ အလွန်ဝေးကွာလှပေရာ မည်သူမည်ဝါမှန်း မသိကြရသေးချေ။ ယောက်ျားမှန်း မိန်းမမှန်းလည်း မသိရသေးပေ။

အဘိုးအိုက လာနေသူနှစ်ယောက်အား ညွှန်ပြလိုက်ရင်း အဘွားအိုအား....

"ကိုင်း....ငါပြောတာ မှန်တယ်မဟုတ်လား၊ လင်းယုန်ငှက်ကြီးနှစ်ကောင်လာရင် တကယ်မှန်ပါတယ်ကွ၊ ဟဲ....ဟဲ"

အဘွားအိုက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း....

"တော်က အခြောက်တိုက် အာချောင်နေတာ၊ ဒါတိုက်ဆိုင်လို့ ဖြစ်သွားတာပဲ၊ တော် ဗေဒင်မတွက်တတ်ဘူးဆိုတာ ကျုပ်မသိတယ်"

သူတို့လင်မယားနှစ်ယောက် အချီအချပြောနေစဉ်မှာပင် တောင်ကြားဆီမှ ထွက်ပေါ်လာခဲ့သော လူရိပ်သဏ္ဌာန်နှစ်ခုမှာ အခိုးအငွေ့များကြားမှ ထွင်းဖောက်ကာထွက်လာခဲ့ကြပြီ ဖြစ်၏။

တစ်ယောက်မှာ ရှည်မျောမျော အထုပ်တစ်ထုပ်ကို ထမ်းထားသည့် လူရွယ်ခေါ်သမားတစ်ယောက်ဖြစ်ပြီး ကျန် တစ်

ယောက်မှာ ခရီးသွားအိတ်ကို ပိုးလွယ်ထားသည့် မိန်းမပျို တစ်ယောက်ပင် ဖြစ်သည်။

လူရွယ်က အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မိန်းမပျိုက အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

"ဟင်"

အဘိုးအိုမှာ လူရွယ်ကိုတွေ့လိုက်ရသောအခါ မျက်ခုံးနှစ်ဘက် အထက်သို့မြင့်တက်သွားရပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ချူး.... ချူးချင်း"

အဘိုးအိုက နှုတ်မှအထစ်ထစ် အငေါ့ငေါ့နှင့် ရေရွတ်မိလိုက်သည်။

တစ်ဆက်တည်းမှာပင် အဘိုးအိုသည် ဝရန်တာထက်မှ ပျံလွှား တစ်ကောင်ပမာ လွှားဆင်းသွားသည်။

"ဟာ....ချူးချင်း၊ ဆရာလေး"

အဘိုးအိုက ဝမ်းသာအားရနှင့် အော်ဟစ်ခေါ်ရင်းလူရွယ်နှင့် မိန်းမပျိုထံပြေးလွှားသွားသည်။

မှန်ပေသည်။

လူရွယ်သည်ကား ချူးချင်းပင်ဖြစ်ပေတော့သည်။ ချူးချင်းက မိန်းမချောလေးချင်းဟိုကို သူ၏ မိတ်ဆွေကြီးရှဲယိတောက်





ရှိရာ လင်းယုန်တောင်ကြားဆီသို့ ခေါ်ဆောင်လာခဲ့ခြင်းပင် ဖြစ်သည်။

ဤ လူသူ အရောက်အပေါက်နည်းပါးပြီး ချောင်ကျလှသော လင်းယုန်တောင်ကြားတွင် ချူးချင်းကခေတ္တအနားယူ ဆေးကုပြီးမှ သိုင်းလောကသို့ ခရီးဆက်ရန် ရည်ရွယ်ထားသည်။

ရှဲယိတောက်မှာ တစ်ချိန်ကချူးချင်းအား ထိုင်စန်တောင်ပေါ်တွင် သေွးပင့်ကူဂိုဏ်းမှဂိုဏ်းခွဲမှူးဘဝတွင်ရှိနေစဥ် ခင်မင် ရင်းနှီးခဲ့ဖူးသူတစ်ယောက်ပင်ဖြစ်သည်။

ချူးချင်းက ဂိုဏ်းခွဲမှူးဘဝတွင် ချောပို့လုပ်ငန်း တစ်ခုတွင် တာဝန်ယူပြီး ခရီးစဥ်တစ်ခုတွင် ယိုက်ပါတာဝန်ယူရစဥ် မြင်းရထားတစ်စီးကို ဝိုင်းဝန်း ဓားပြတိုက်နေသော ဓားပြများကို သူကတိုက်ခိုက်ပစ်လိုက်သည်။

ဓားပြများမှာ ချူးချင်း၏သိုင်းပညာအဆင့်ကို မယှဥ်ပြိုင်နိုင်၍ ထွက်ပြေးသွားကြရသည်။

မြင်းရထားပေါ်၌ လိုက်ပါလာသူမှာ ဤ ရှဲယိတောက်ပင် ဖြစ်သည်။

ရှဲယိတောက်က ချူးချင်းကို အထူးကျေးဇူးတင်ပြီး သူနေထိုင်ရာလင်းယုန်တောင်ကြားသို့ခရီးစဥ်မြေပုံကိုပေးထားရစ်ခဲ့ပြီး လာရောက် လည်ပတ်နေထိုင်ရန် ဖိတ်ကြားထားခဲ့သည်။

ယခု မမျှော်လင့်ဘဲ ချူးချင်းကိုတွေ့လိုက်ရလေရာ ရှဲယိတောက်မှာ အထူးအံ့ဩဝမ်းသာသွားရခြင်းပင်ဖြစ်လေသည်၊

ချူးချင်းနှင့်အတူပါလာသော မိန်းမချောလေးကိုမူ ရှဲယိတောက်မသိပေ။

သို့သော် သူ့စိတ်ထဲတွင် ဤ မိန်းမချောလေးမှာ သူ့အသက်သခင်ကျေးဇူးရှင် ချူးချင်း၏ ချစ်သူ သို့မဟုတ် ဇနီးဖြစ်ရမည်ဟု မှတ်ထင်ယူဆလိုက်မိ၏။

ရှဲယိတောက်က ပြေးသွားလိုက်ပြီး....

"ဟာ....ဆရာလေးရောက်လာတာကလဲ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ပါလား၊ ဒါ ဆရာလေးဇနီးလား၊ အတော်လှတာပဲ"

"အို"

ရှဲယိတောက်၏ မစူးမစမ်းနှင့် ရမ်းသန်း ပြောလိုက်သော စကားကြောင့် မိန်းမချောလေးချင်းဟိုမှာ ရှက်သွေးဖြာကာ မျက်နှာကလေးနီမြန်းသွားရသည်၊

"ဟာ...အဘကလဲဗျာ၊ ဒါ ကျွန်တော့် မိတ်ဆွေပါ၊ သူက 'ချင်းဟို'လို့ခေါ်တယ်"

ချူးချင်းက ရှဲယိတောက်ကို အမြန်ဆုံးရှင်းပြလိုက်ရသည်။ ထိုအခါကျမှ ရှဲယိတောက်မှာ သဘော ပေါက်သွား ရပြီး မျက်လုံးများပြူးကျယ်သွားရကာ....





"ဟာ....ကျွန်တော် တောင်းပန်ပါတယ် ဆရာလေးရယ်၊ ကျွန်တော်မသိလို့ ပြောမိတာပါ၊ စိတ်မဆိုးနဲ့နော် ဟဲ....ဟဲ....ဟဲ...."

ရှဲယိတောက်မှာ ပျော်ရွှင်တတ်သူ တစ်ယောက် ဖြစ်သည့်အတိုင်း အာသွက်သွက်နှင့် ပြောကြားလိုက်သည်၊

ချူးချင်းက ရယ်မောလိုက်ပြီး....

"ရပါတယ်အဘရယ်၊ အဘကမသိလို့ပြောမိတာပဲ၊ ကိုင်း သွားရအောင်"

"ဒီမှာ ဘာမှအားနာစရာမလိုပါဘူး ဆရာလေး၊ ကျွန်တော်ကလဲ ကိုယ့်အသက်သခင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်ချင်နေတာကြာပါပြီ၊ ဒီနေရာကအင်မတန်မှသာယာပါတယ်၊ မကြာခင်မှာ ဆရာလေးတို့ပျော်သွားမှာပါ၊ ဟဲ... ဟဲ....ဟဲ"

ရှဲယိတောက်ကပြောကြားရင်း ချူးချင်းနှင့်ချင်းဟိုတို့ကို အိမ်ကလေးဆီသို့ ခေါ်ဆောင်သွားသည်။

လင်းယုန်တောင်ကြားသို့လာခဲ့ရာ ခရီးစဉ်မှာပင်ချူးချင်းက ချင်းဟိုကို ဤ ရှဲယိတောက်နှင့်ပတ်သက်၍ သိကျွမ်းခဲ့ရသော အကြောင်းများကို ပြောပြထားခဲ့သည်၊

လင်းယုန်တောင်ကြား၏ လှပသော ရေမြေ သဘာဝကို ကြည့်ကာ ချင်းဟိုမှာ ခရီး ပင်ပန်း နွမ်းနယ်လာသမျှ ပြေပျောက်သွားသလို ထင်မှတ်လိုက်ရသည်၊

သစ်ပင် ပန်းမန်များကြားတွင် ငှက်ကလေးများက ဟိုဟိုသည်သည် ပျံဝဲလျက် ရှိ၏။

ကြည်လင်အေးမြသော စမ်းချောင်းကလေးသည် တသွင်သွင် စီးဆင်းနေပြီး ရေအောက်မှ ကူးခတ်နေသော ကျောက်ငါးကြင်းကြီးများနှင့် ငါးကလေးများကို အတိုင်းသား တွေ့မြင်နေရလေသည်။

စားပင် သီးပင်များကလည်း ပေါများလှကာ အသင့် ခူးဆွတ်စားရန်သာ ရှိပေသည်။

"ဆရာလေး....သူက ကျွန်တော့် ဇနီးကျီယင်ကျောက်ပါ"

အိမ်ကလေး၏ ဝရန်တာထက်ရောက်လျှင် ရှဲယီတောက်က ဇနီးဖြစ်သူ ကျီယင်ကျောက်နှင့် ချူးချင်းတို့အား မိတ်ဆက်ပေးလိုက်သည်။

ကျီယင်ကျောက်က ချူးချင်းနှင့် ချင်းဟိုတို့အတွက် နေရာထိုင်ခင်းများပေးရင်း....

"သူက ခုနကပြောနေသေးတယ်၊ ဒီနေ့တော့ ထူးထူးခြားခြား ဧည့်သည်နှစ်ယောက် ရောက်လာမယ်တဲ့၊ ဒေါ်ဒေါ်က မယုံပါဘူး၊ ဒါပေမယ့် တကယ်ပဲဖြစ်လာတယ်လေ"

ရှဲယီတောက်နှင့် ကျီယင်ကျောက်တို့မှာ သားသမီးမထွန်းကားဘဲ ဤလင်းယုန်တောင်ကြားတွင် ဇာတ်မြှုပ်နေထိုင်သူများ ဖြစ်ကြသည်။





ချူးချင်းမှာမူ အသက်သခင် ကျေးဇူးရှင်ဖြစ်နေ၍ ရှဲယီတောက်က ယခုလို ဖိတ်ခေါ်ထားခဲ့ရခြင်း ဖြစ်ပေသည်။

သူတို့လင်မယား ရှိရာဆီသို့ ဧည့်သည်ဆို၍ ဆယ်နှစ်ဆယ့်ငါးနှစ်အတွင်း တစ်စုံတစ်ယောက်မှ မလာဖူးပါချေ။

ထို့ကြောင့် ယခုဧည့်သည်ရောက်နေပြီဖြစ်ရာ လင်မယားနှစ်ယောက်မှာ ဝမ်းသာလုံးဆို့ကာ မည်သည့်နေရာကစပြီး ဧည့်ဝတ်ပြုရတော့မည်ကိုပင်မသိရတော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြရလေတော့၏။

ချူးချင်းက ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော ရှဲယီတောက်ကိုကြည့်ကာ ရယ်မောလိုက်ရင်း....

"အဘကလဲဗျာ....ဘာဖြစ်နေတာလဲ၊ ကျွန်တော်က တစ်ခြားလူမဟုတ်ပါဘူး၊ အဘရဲ့ သားသမီးလိုသဘောထားပါ၊ ဘာမှ ထွေထွေထူးထူး ဧည့်ဝတ်ပြုနေစရာမလိုပါဘူး"

ရှဲယီတောက်တို့ ဇနီးမောင်နှံက ချက်ချင်းပင် မွှေးကြိုင်သော အရက်များ၊ ကျောက်ငါးကြင်း ကြော်ကြီးများ၊ တောင်ဆိတ်သားပေါင်းများနှင့် ဧည့်ခံလိုက်ကြသည်။

ရှဲယီတောက်က ဧည့်ခံကျွေးမွေးရင်း....

"ဆရာလေးမသိဘူးနော်၊ ကျွန်တော်တို့ဆီကို ဆယ်နှစ်တစ်ဆယ့်ငါးနှစ်အတွင်း ဘယ်သူမှမလာကြသေးဘူး၊ ကျွန်တော်တို့မှာ ဧည့်သည်မျှော်နေရတာ၊ အခုမျှော်ရကျိုးနပ်ပြီ

ပေါ့၊ နောက်ပြီး ဆရာလေးက ကျွန်တော့်အသက်သခင် ကျေးဇူးရှင်ပါ၊ ကျွန်တော့်အသက်သခင်ကျေးဇူးရှင်ကို တဝကြီး ကျေးဇူးဆပ်ပါရစေ၊ ဆရာလေး ဒီမှာ တစ်သက်လုံးပဲ နေသွားပါတော့၊ ကျွန်တော့်ကိုသနားရင် မပြန်ပါနဲ့ခင်ဗျာ"

ချူးချင်းက ရှဲယီတောက်၏ ပုံစံကိုကြည့်ကာ တဟားဟား ရယ်မောလိုက်ရင်း....

"ဟာ....အဘကလဲဗျာ၊ ကျွန်တော် တစ်သက်လုံးတော့ ဘယ်နေသွားနိုင်ပါ့မလဲ၊ အခုလာတာ အရေးကြီးတဲ့ ကိစ္စ တစ်ခုနဲ့ လာတာပါ"

ထို့နောက် ချူးချင်းက ရှဲယီတောက်ကို ပြီးခဲ့သောကိစ္စများနှင့်ပတ်သက်၍ အကျိုးအကြောင်းများကို ရှင်းလင်း ပြောပြလိုက်သည်။

ရှဲယီတောက်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီးမှ....

"ဒီအတွက်တော့ ဘာမှမပူပါနဲ့ဆရာလေး၊ ဒီနေရာကို ဘယ်သူမှ မသိကြသလို ဘယ်သူမှလဲ မလာကြပါဘူး၊ ဆရာလေးဒီမှာ အေးအေးဆေးဆေး အနားယူပြီး ဆေးကုနိုင်ပါတယ်"

ရှဲယီတောက်တို့ ဇနီးမောင်နှံမှာ သမားတော်ကြီး ချင်းဝမ်စိန်၏ မြေးမလေး ချင်းဟိုကိုလည်း လေးစားခင်မင်သွားကြသည်။





"သမီးလေး....အဘတို့ဆီမှာ ဘာမှအားနာနေစရာ မရှိဘူး၊ အဘတို့ဆီမှာလဲ သားသမီးရှိတာမဟုတ်ဘူး၊ သမီးလေးကို အဘတို့သမီးရင်းလို သဘောထားပြီး ပြုစုစောင့်ရှောက်ပါ့မယ်"

ရှဲယီတောက်က ချင်းဟိုကိုပြောလိုက်သည်။ ချင်းဟိုက....

"ကျေးဇူးတင်ပါတယ်ဘဘ၊ ဘဘတို့ကို မြင်လိုက်ရကတည်းက သမီးရဲ့ မိဘအရင်းတွေနဲ့ ပြန်တွေ့ရသလို ထင်မိလိုက်ပါတယ်"

လိမ္မာယဉ်ကျေးသော မိန်းမချောလေး ချင်းဟိုစကားကြောင့် ရှဲယီတောက်တို့ ဇနီးမောင်နှံမှာ အထူးပင် ကျေနပ်ပီတိဖြစ်သွားကြရလေသော့၏။

* * *

ညနေစောင်း....မြူခိုး တောင်ခိုးများက ဝေ့ဝဲ အုံဆိုင်းလာခဲ့လေပြီ။ တောစပ်တစ်နေရာဆီမှ ရေတံခွန်တစ်ခု၏ ရေကျသံ သဲ့သဲ့ကို ကြားနေရသည်။

ကြည်လင်အေးမြသော စမ်းချောင်းရေသည် တသွင်သွင် စီးဆင်းလျက် ရှိနေ၏။

အိပ်တန်းတက်တော့မည့် ငှက်ကလေးများသည် ပျံဝဲလာစ ပြုနေကြလေပြီ။

ငှက်ကလေးများ၏ တကျီကျီ တကျာကျာ အော်မြည်သံ၊ စမ်းချောင်းကလေးဆီမှ ရေစီးသံကလေးများမှာ အထူးပင် နားဝင်ချိုလှပေသည်။

ချူးချင်းနှင့် ချင်းဟိုတို့သည် စမ်းချောင်းကလေးတစ်ခုရှိ ကြီးမားသော ကျောက်တုံးကြီးတစ်တုံးထက်တွင် ယှဉ်တွဲထိုင် နေမိကြသည်။

ချူးချင်းမှာ အဝေးဆီမှ လှမ်းမြင်နေရသော တောင်ပြာ တန်းများဆီသို့ ငေးမျှော်ကြည့်နေမိသည်။

သူက နဂါးနှင့် ကျားတို့ကို အောက်မေ့ လွမ်းဆွတ်နေမိ သည်လား မသိပေ။

ချင်းဟိုက လက်ထဲမှ သစ်ရွက်ကလေးများကို စမ်းချောင်း ထဲသို့ ပစ်ချလျက် ရှိနေသည်။

သူမ ပစ်ချလိုက်သော သစ်ရွက်ကလေးများသည် ရေစီးနှင့် အတူ မျောပါသွားနေကြသည်။

သူမက မျောပါသွားသောသစ်ရွက်ကလေးများကို မျက်စိ တဆုံး လိုက်လံကြည့်နေမိသည်။

သူတို့ ဤလင်းယုန်တောင်ကြားသို့ ရောက်နေခဲ့သည်မှာ တစ်လနီးပါးခန့် ရှိသွားကြရလေပြီ။





ထိုရက်များအတွင်း သူတို့နှစ်ယောက်သည် နွေးထွေးသော ဆက်ဆံမှု၊ တစ်ယောက်နှင့်တစ်ယောက် ကြင်နာယုယမှုများ ကြောင့် သံယောဇဉ်များက တစ်ရစ်ပြီးတစ်ရစ် နှောင်ပတ် ခိုင်မာလာခဲ့ကြသည်။

ချူးချင်းမှာ ချင်းဟို၏ ဂရုတစိုက် ဆေးဝါးကုသပေးမှု ကြောင့် ဒဏ်ရာများအားလုံး ကင်းရှင်းစွာပျောက်ကင်းသွား ခဲ့ရသေပြီ။

တကယ်တော့ ချင်းဟိုမှာ ချူးချင်း၏ အသက်သခင် ကျေး ဇူးရှင်တစ်ယောက် မဟုတ်ပါလား။

ချင်းဟို၏ ကူညီစောင့်ရှောက်ခဲ့မှုကြောင့်သာ ချူးချင်းမှာ ယခုလောက်အထိ အသက်ရှင် နေထိုင်ခြင်းပင် ဖြစ်ပေသည်။

နှစ်ယောက်စလုံးက အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်း ထားး ကြိုးချင်းငြိ ဆိုသည့် စကား အတိုင်း နှစ်ဦးစလုံး၏ အသည်းနှလုံးများမှာ လှုပ်ရှားလာရကာ အသည်းတံခါးလေး များ ပွင့်စပြုလာခဲ့ကြပြီ ဖြစ်၏။

ရှဲယီတောက်နှင့် ကျိယင်ကျောက်တို့ကလည်း နေနှင့်လ၊ ရွှေနှင့်မြပမာ လိုက်ဖက်လှသော ချူးချင်းနှင့် ချင်းဟိုတို့ကို နီးစပ်သွားစေချင်သည်။

ချူးချင်းကလည်း ငယ်ရွယ်နုပျိုကာ ခံ့ညားလှသလို ချင်းဟိုကလည်း ငယ်ရွယ်ပြီး ပြည့်ပြည့်တင်းတင်းကလေးနှင့် ချစ်စရာကောင်းလှပေသည်။

ထို့ကြောင့် ရှဲယိတောက်နှင့် ကျိုယင်ကျောက်တို့က ကြံ့ကြိုက်သည့်အခါတိုင်း ချူးချင်းနှင့်ချင်းဟိုတို့ကို နောက်ပြောင်ကျီစယ်လေ့ရှိ၏။

နှစ်ဦးစလုံးက ဖွင့်မပြောကြသေးသော်လည်း နှလုံးသားများကမူ သိထားနေကြလေပြီ။

ချူးချင်းဖွင့်ပြောလာမည့်နေ့ကို မျှော်တွေးရင်း ချင်းဟိုမှာ ရင်ကလေးတဖိုဖို ဖြစ်နေရသလို ချူးချင်းမှာလည်း သူဖွင့်ပြောလိုက်ပါက ချင်းဟို စိတ်များဆိုးသွားလေမည်လားဟုတွေးကာ စိုးရိမ်စိတ်များ ဝင်နေမိရသည်။

ယခု သူတို့နှစ်ယောက်က စမ်းချောင်းကလေးအတွင်းရှိကြီးမားသော ကျောက်တုံးကြီးတစ်တုံးထက်တွင် အတူယှဉ်တွဲထိုင်နေမိကြရင်း ရင်တထိတ်ထိတ် ဖြစ်နေကြရသည်၊ ကိုယ့်လိပ်ပြာ ကိုယ်မယုံသလို ဖြစ်နေကြရသည်။

ချူးချင်းက အဝေးသို့ငေးနေသလို ချင်းဟိုကလည်း သစ်ရွက်များကို တစ်ရွက်ပြီးတစ်ရွက် ရေထဲသို့ပစ်ချလျက် ရှိ၏။

သူတို့နှစ်ဦး၏ပတ်ဝန်းကျင်တွင် ငှက်ကလေးများ၊လိပ်ပြာကလေးများက တဖျပ်ဖျပ် ပျံဝဲလျက်ရှိနေ၏။

တောနံ့တောင်နံ့ သင်းသင်းကလေးများကလည်း သူတို့နှာဝသို့ ရောက်လာကြသည်။

တောအုပ်အတွင်းမှ ရေသောက်ဆင်းလာသော သမင်ကလေးများ၏ တောက်သံကိုပင် ကြားနေရသည်။





မျောက်ကလေးများက သစ်ပင်ထက်တွင် ပြေးလွှားရင်း သူတို့နှစ်ယောက်ကို ကြည့်သွားကြသည်။

"အစ်ကို"

ချင်းဟိုက ချူးချင်းကို ခေါ်လိုက်သည်။ ထိုအခါကျမှ အသိအာရုံကင်းမဲ့နေသလို ငူငူကြီးဖြစ်နေသော ချူးချင်းမှာ သတိပြန်ဝင်လာရပြီး....

"ဟင်....ညီမ"

ချင်းဟိုက ခစ်ခနဲရယ်မောလိုက်ပြီး....

"အစ်ကို....ဘာဖြစ်နေတာလဲ၊ ငေးငေးငိုင်ငိုင်ကြီးနဲ့ ပါလား"

ချူးချင်းမှာ တွေခနဲဖြစ်သွားရကာ အတန်ကြာ စကားမပြန်နိုင် ဖြစ်သွားရသည်။ အတန်ကြာမှ ချူးချင်းက ချင်းဟိုကို စိုက်ကြည့်လိုက်ပြီး....

"အစ်ကို့ရင်ထဲမှာ ခံစားနေရလို့ပါ၊ ဒီအကြောင်းကို အစ်ကို ထုတ်မပြောဘဲ ကျိတ်မှိတ် ခံစားနေရတာပါ ညီမရယ်"

ချင်းဟိုမှာ ရင်ကလေး ဖိုသွားရသည်။ သူမ မျှော်လင့်ထားသော နေ့ရက်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရပြီမဟုတ်ပါလား။

ချင်းဟိုက ချူးချင်းကို နားမလည်သောအမူအရာကလေးနှင့် စောင်းငဲ့ကြည့်လိုက်ရင်း....

"အစ်ကို....ဒီမှာ ဆေးကုအနားယူတာ တစ်လလောက်ရှိသွားပြီ၊ အစ်ကို့ဒဏ်ရာတွေလဲ ပျောက်ကင်းနေပါပြီ၊ အခုအစ်ကို့မှာ ဘယ်လိုဖြစ်နေလို့လဲ"

ချူးချင်းက....

"အစ်ကို့ရင်ထဲက ဝေဒနာကတော့ ဘာဆေးနဲ့မှကုလို့ရမှာ မဟုတ်ဘူး"

"အနာသိရင် ဆေးရှိပါတယ်အစ်ကိုရယ်၊ ဘာဖြစ်နေလို့လဲ"

ချူးချင်းက မိန်းမချောလေးချင်းဟို၏ ရွှန်းလဲ့သောမျက်နှာ နုနုလေးကို စူးစိုက်ကြည့်လိုက်ရင်း....

"အစ်ကိုပြောရင် ညီမစိတ်ဆိုးမှာလား"

"အစ်ကို့ကို ဘာဖြစ်လို့စိတ်ဆိုးရမှာလဲ၊ ညီမမှာအစ်ကို့ကို စိတ်ဆိုးစရာအကြောင်း မရှိပါဘူး"

"ဒါဖြင့် အစ်ကိုပြောမယ်"

"ပြောပါ"

"ညီမကို အစ်ကိုချစ်တယ်"

"အို"





မိန်းမချောလေးရှက်သွေးဖြာသွားရသည်၊ မျက်နှာကလေးနီမြန်းပြီး ခေါင်းကလေးငုံ့သွားသည်။

"အစ်ကို့ကိုစိတ်ဆိုးသွားပြီလား"

"မဆိုးပါဘူးအစ်ကိုရယ်"

"မဆိုးရင်"

"သွား....သိဘူး"

မိန်းမချောလေးချင်းဟိုက ဟန်ဆောင် ရုန်းလိုက်သော်လည်း ချူးချင်းက သူမ၏လက်ခုံကလေး နှစ်ဘက်ကို ဆုပ်ကိုင်လိုက်ရာ သူမကိုယ်လုံးကလေးက ချူးချင်း ရင်ခွင်အတွင်းသို့ ကျရောက်လာသည်။

ယခုမှပင် ညနေခင်းပန်းခြံကားချပ်လေးမှာ အသက်မဲ့နေရာမှ အသက်ဝင်လှုပ်ရှားလာရလေပြီ။

ခြောက်ကပ်သော ရှုမျှော်ခင်းသည် ယခုမှစိုပြည်လာခဲ့ရချေပြီ။ ပြီးပြည့်စုံသော ပန်းချီကားတစ်ချပ်ဟုခေါ်ရမည်ပင်။

ရင်ခုန်သံလိပ်ပြာကလေးများက အဆက်မပြတ် ပျံဝဲလျက် ရှိကြ၏။ အနမ်းပန်းကလေးများက ငုံနေရာမှ ဖူးပွင့်လာကြလေပြီ။

ငယ်ရွယ်နုပျိုသော ချစ်သူနှစ်ဦး ထူးခြားသောအတွေ့အာရုံတွင် အတန်ကြာမျှနစ်မျောသွားမိကြသည်။

အနမ်းပွင့်ကလေးများ....

ကျီစယ်မှု ယုယမှုပန်းပွင့်ကလေးများ....

နှစ်ကိုယ်ကြား အသည်းစကားများ... စသည် စသည်ဖြင့်၊ အမှောင်ရိပ်များက ကြီးစိုးလာခဲ့လေပြီ။ နှစ်ဦးသား လက်ချင်းတွဲကာ မီးရောင်ကလေး လင်းလက်နေရာအိမ်ကလေး ဆီသို့ ပြန်လာခဲ့ကြသည်၊

နှစ်ဦးစလုံး တစ်ယောက်နှင့်တစ်ယောက် ကြည့်မဝသော မျက်လုံးများနှင့် ကြည့်နေမိသည်။

သစ္စာစကားဆို အသည်းချင်းတပ်ထားခဲ့ကြပြီ မဟုတ်ပါလား။

တစ်ယောက်၏ အသွေး အသက်ကို တစ်ယောက်ကပိုင်ဆိုင်သလို ခံစားနေမိကြရသည်။ လက်ချင်းမြဲမြဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိကြသည်။

''ချစ်တယ်ညီမရယ်''

''ချစ်တယ်အစ်ကိုရယ်''

မချစ်ဖူးတော့ အရူးလိုဆိုသည့်စကားအတိုင်း နှစ်ဦးသား မချစ်ဖူးသေတော့ အရူးပမာ မိုးမမြင်လေမမြင်ဖြစ်နေကြရသေပြီ၊

* * *





လင်းယုန်တောင်ကြား....

လင်းယုန်တောင်ကြားဆိုသည့်အတိုင်း တောင်ကြားတစ်ဝိုက်တွင် လင်းယုန်ငှက်ကြီးများက ပျံဝဲလျက် ရှိနေကြသည်။

နေလုံးက ထန်းတစ်ဖျားရောက်နေလေပြီးသို့ဖြစ်သည့်တိုင် တောင်ကြားတွင်ဖီ မြူခိုးတောင်ခိုးများက လျော့ပါးမသွား။ ဝေ့ဝဲအုံ့ဆိုင်းလျက်ပင် ရှိနေသေးသည်၊

နှစ်လ....

နှစ်လဆိုသောအချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့လေ၏။

ချူးချင်းနှင့် ချင်းဟိုတို့ ဤ လင်းယုန်တောင်ကြားရှိ ရှဲယိတောက်၏နေအိမ်သို့ ရောက်နေခဲ့ကြသည်မှာ နှစ်လတင်းတင်း ပြည့်သွားခဲ့ရလေပြီ။

ထိုနှစ်လအတွင်းမှာပင် သူတို့ နှစ်ယောက်သည် သံယောဇဉ်ကြိုး ရစ်တွယ်ငြိမိကြရင်းမှ ချစ်သူများဘဝသို့ ရောက်ရှိလာခဲ့ရလေပြီ။

ချူးချင်းမှာ ကောင်းမွန်အေးဆေးစွာ အနားယူခဲ့ရသောကြောင့် အားအင်များတိုးပွားလာကာ လင်းယုန်တောင်ကြားမှ ရှားပါးလှသော ဆေးမြစ်၊ ဆေးဝါးများ၊ လင်းယုန်တောင်ထိပ်မှ မျောက်ဝံလူဝံကြီးများဆီမှ ရလာသော သည်း

ခြေ အားဆေးများသုံးဆောင်ရသဖြင့် သူ၏ အတွင်းအားများမှာ ခါတိုင်းထက် နှစ်ဆသုံးဆမျှ တိုးပွားလာခဲ့ရသည်။

သူသည် သိုင်းလောကသို့ပြန်ဝင်ရန် အသင့်ဖြစ်နေလေပြီ။ သူသည် သိုင်းလောကကို စောင့်ရှောက်သူအမည်ရှိ အဘိုးအိုအား ရှာဖွေပြီး သူ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မေးမြန်းရဦးမည် ဖြစ်သည်။

သူ့တွင် တာဝန်ပေါင်းများစွာက ကျန်ရှိနေသေးသည်၊ ပထမတာဝန်မှာ မိဘများအတွက် သွေးကြွေးဆပ်ရန်၊ ဒုတိယတာဝန်မှာ ဝံပုလွေဓားယူရန်၊ တတိယတာဝန်မှာ ထိုဝံပုလွေရတနာဓားကို သိုင်းလောကမှ သစ္စာသမာဓိသတ္တိနှင့်ပြည့်စုံသော အဖြူရောင်သိုင်းဂိုဏ်းချုပ်ကြီးများလက်သို့ အပ်နှံပေးရန်ပင် ဖြစ်သည်။

ယခုသူသည် တာဝန်သုံးရပ်အနက်မှ ဒုတိယတာဝန်ဖြစ်သော ဝံပုလွေဓားကိုသာ ယူဆောင်နိုင်စွမ်း ရှိသေးသည်။

ပထမတာဝန်နှင့် တတိယတာဝန်ကို ကျေပွန်အောင် မဆောင်ရွက်နိုင်သေးပေ။

မိဘများအတွက် သွေးကြွေးဆပ်ရန်နှင့် ဝံပုလွေဓားကို အဖြူရောင်သစ္စာ သမာဓိ သတ္တိနှင့် ပြည့်စုံသော သိုင်းဂိုဏ်းချုပ်ကြီးများ လက်သို့ အပ်နှံပေးရန် တာဝန်ကြီးနှစ်ရပ် ကျန်ရှိနေသေးသည်။





ကျူမင်....

မဟာရန်သူတော်ကြီးကျူမင်။ သူ့မိဘနှစ်ပါးကို ရက်စက်စွာသတ်ဖြတ်ပြီး မိမိကိုလှည့်ဖြား အသုံးချသွားခဲ့သော ရန်သူတော်ကြီးပင် ဖြစ်ပေသည်။

သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်ကိုတော့ သိုင်းလောကတွင် မတွေ့ တွေ့အောင်ရှာဖွေပြီး အမှုန့်ကြိတ် ချေမှုန်းပစ်ရပေမည်။

မိဘနှစ်ပါးအတွက် ကျူမင်ကို ကောင်းကောင်းကြီး သွေးကြွေးဆပ်ရပေမည်။

မေဝှားကိုတော့ သနားမိသည်။ မတတ်နိုင်။ သိုင်းလောကကို အမျိုးမျိုးဒုက္ခပေးကာ အမှောင်လောကကို ကြီးစိုးထားသူ ဒုစရိုက်ထိပ်သီး အမှောင်သခင်ကျူမင်ကို တရားသောဘက် မှန်ကန်မျှတသောဘက်မှ ရပ်တည်ကာ သုတ်သင်ချေမှုန်းပစ်ရပေမည်။

ထို့ကြောင့် ချူးချင်းက ဆုံးဖြတ်ချက်တစ်ရပ် ချလိုက်သည်၊ သူက မကြာမီရက်အတွင်း သိုင်းလောကသို့ ထွက်သွားမည်၊

ချင်းဟိုကို ရှဲယီတောက်တို့ ဇနီးမောင်နှံထံတွင်ပင် အပ်နှံထားခဲ့မည်၊

သိုင်းလောကသို့ ရောက်သည်နှင့် သူကသိုင်းလောကကို စောင့်ရှောက်သူဆိုသည့် အဘိုးအိုကို လိုက်လံရှာဖွေရမည်ဖြစ်ပေသည်။

ချူးချင်းက သူ၏ဆုံးဖြတ်ချက်ကို ရှဲယိတောက်တို့ ဇနီးမောင်နှံအား ဖွင့်ပြောပြလိုက်သည်။

ချင်းဟိုကို ဆက်လက် လက်ခံပြီး စောင့်ရှောက်ပေးပါရန် အကူအညီတောင်းခံလိုက်သည်။

ရှဲယိတောက်တို့ ဇနီးမောင်နှံကလည်း သားသမီးမထွန်းကားပေရာ ချင်းဟိုကို သမီးရင်းပမာ ချစ်ခင်တွယ်တာနေမိကြပြီ ဖြစ်ပေသည်။

ထို့ကြောင့် ရှဲယိတောက်က ချူးချင်းကို....

"လူကလေး....ကိုယ်သွားစရာရှိတာကိုသာ စိတ်အေးလက်အေးနဲ့ ဖြောင့်ဖြောင့် ဖြူးဖြူးသွားပါ၊ ချင်းဟိုကို အဘတို့က သမီးရင်းတစ်ယောက်လို သဘောထားပြီး စောင့်ရှောက်သွားမှာပါ၊ ဒီအတွက် စိတ်ချပါကွယ်"

ချူးချင်းမှာ ချင်းဟိုအတွက် စိတ်အေးသွားရလေပြီ။

ချင်းဟိုကိုစောင့်ရှောက်လိုက်ပါအဘရယ်၊ သူတစ်ယောက်တည်း အားငယ်နေမှာ စိုးလို့ပါ"

ကျိုယင်ကျောက်က....





"ဒေါ်ဒေါ်တို့မှာ သားသမီးက မရှိတော့ အခုလို လူကလေးတို့ရောက်လာတာ အင်မတန်မှ ဝမ်းသာနေကြတာပါကွယ်၊ တစ်သက်လုံး လူကလေးတို့ ဒီမှာနေသွားကြပါစေလို့ ဒေါ်ဒေါ်က အမြဲဆုတောင်းနေတာ၊ ချင်းဟိုအတွက် စိတ်အေးလက်အေးထားပြီးသာ သွားပါ"

ချူးချင်းက စံပုလွေဓားကို ချင်းဟိုထံတွင် အပ်နှံထားရစ်လိုက်သည်။

"ညီမ....ဒီဓားဟာ သိုင်းလောကမှာ အလွန်ကျော်ကြားပြီး သိုင်းလောကသားတိုင်း မက်မောလိုချင်ကြတဲ့ ရတနာဓားဖြစ်တယ်၊ အစ်ကိုပြန်ရောက်မလာမချင်း ဒီဓားကို ညီမစောင့်ရှောက်ထားရစ်ပါ"

ချင်းဟိုက စံပုလွေဓားကို လက်ခံယူရင်း....

"စိတ်ချပါအစ်ကို၊ ဒီစံပုလွေရတနာဓားကို ညီမအသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

ချစ်သူနှစ်ယောက်မှာ မခွဲချင်ဘဲ ခွဲခွာကြရပေတော့မည်၊ ချူးချင်းကလည်း မခွဲခွာချင်သလို ချင်းဟိုကလည်း ချူးချင်းနှင့် မခွဲချင်။

သို့သော် အခြေအနေအရပ်ရပ်က မခွဲခွာချင်၍မဖြစ်၊ ခွဲခွာရမည်ဖြစ်သည်၊ ဤလင်းယုန်တောင်ကြားအတွင်း မည်သည့်သွပ်ရှားမှုမှမရှိဘဲ နေသွားမည်ဆိုပါက သူတို့အတွက်လည်း

အကျိုးမရှိ၊သိုင်းလောကအတွက်လည်း မည်သို့မျှ အကျိုးရှိမည်မဟုတ်ပေ၊ ထို့ကြောင့် ချူးချင်းမှာ အားလုံးကိုနှုတ်ဆက်ကာ လင်းယုန်တောင်ကြားမှ ထွက်ခွာလာခဲ့လေတော့သည်၊

ချင်းဟိုမှာ တောင်ကြား အဝမှနေ၍ ချူးချင်းကို လက်ကလေး တပြပြနှင့် ကျန်ရစ်ခဲ့ရလေတော့၏။ သူမ၏ ချက်ဝန်းအိမ်မှ မျက်ရည်ကြည်များက ရစ်ဝဲလျက်....

✱ ✱ ✱



စာမှတ် ၁၅/၁၃၀၊

## အခန်း (၁၄)

### အသက်ပေးချစ်သူ

"ကျွန်တော့်အဖြစ်အပျက်ကတော့ ဒါပါပဲ အစ်ကိုရာ၊ ဝံပုလွေများခေါ်တဲ့ ရတနာများကို ချင်းဟိုဆီမှာ အပ်ထားခဲ့ပြီး ခရီးထွက်လာတာအခုလို အန္တရာယ်အမျိုးမျိုးနဲ့ တွေ့ကြုံရတာပါပဲ"

ကျောက်ကြုံးဝေ့က ချူးချင်း၏ စကားများကို လေးနက်စွာ နားထောင်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။

ပြီးမှ ကျောက်ကြုံးဝေ့က ချူးချင်းအား မေးမြန်းလိုက်သည်၊

"ဒါလိုရင် ငါ့ညီ အခု ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားသလဲ"

ချူးချင်းက လေးနက်သော လေသံဖြင့်....

"ကျွန်တော့်မှာ တာဝန်သုံးရပ်ရှိနေတယ်၊ ပထမ တာဝန်က မိဘသွေးကြွေး ဆပ်ရမယ်၊ ဒုတိယတာဝန်က ရတနာမြေပုံခေါ်တဲ့ ဝံပုလွေခေါင်း အရယူမယ်၊ တတိယ တာဝန်ကတော့ ဒီဝံပုလွေခေါင်းကို သိုင်းလောကက အဖြူရောင် သိုင်းဂိုဏ်းချုပ်ကြီးတွေလက်ကို အပ်နှံပေးရမယ်....

"ကျွန်တော် ဒီတာဝန်သုံးရပ်အတွက် ဝံပုလွေဖြူတောင်ကိုအသွား နယ်စပ်တောအုပ်ထဲမှာ တွေ့ခဲ့ရတဲ့ သိုင်းလောကကို စောင့်ရှောက်သူလို့ ပြောခဲ့တဲ့ အဘိုးကြီးကို တွေ့ချင်တယ်၊ သူ့ကို သိုင်းလောကမှာ လိုက်ပြီး ရှာရဦးမယ်"

ကျောက်ကြိုးဝေ့က ခေါင်းကို ဆတ်ခနဲညိတ်လိုက်ရင်း....

"ဒီသိုင်းလောကကို စောင့်ရှောက်သူလို့ အမည်ရှိတဲ့ အဘိုးအိုဟာ ချန်အန်းမြို့ဟောင်းမှာ ညီလေးရှာလို့ တွေ့နိုင်မယ်"

"ဟင်"

ကြားလိုက်ရသော စကားကြောင့် ချူးချင်း အားတက်သွားမိသည်။

"ကျွန်တော့်ကို လမ်းညွှန်ပေးပါအစ်ကို၊ သူ့ကို ဘယ်လိုရှာရမှာလဲ"





ကျောက်ကြိုးဝေ့က....

"သူက ချန်အန်းမြို့ဟောင်းမှာ တစ်ပတ်တစ်ခါလောက်ပေါ်လာတတ်တယ်၊ သူ့ကိုတွေ့ချင်ရင် ချန်အန်းမြို့ဟောင်းရဲ့ အရှေ့မြောက်စွန်မှာ ဘုံကျောင်းကြီးတစ်ခု ရှိတယ်။ ဒီ ဘုံကျောင်းက မိုးသကြားဗိမာန် ဘုံကျောင်းလို့ခေါ်တယ်....

"ညီလေးပြောတဲ့ သိုင်းလောကကို စောင့်ရှောက်သူလို့ ဘွဲ့ရတဲ့ အဘိုးကြီးဟာ အဲဒီဘုံကျောင်းကို တစ်ပတ်တစ်ခါ ရောက်လာတတ်တယ်"

ကျောက်ကြိုးဝေ့မှာ သိုင်းလောကတွင် အတော်ကလေး နှံ့စပ်ဟန် တူပေသည်။ ချူးချင်းမှာ အလွန်ဝမ်းသာသွားရပြီး–

"ဟာ....အစ်ကိုက သိုင်းလောကမှာ အတော်နှံ့စပ်တာပဲ၊ အစ်ကို့ကျေးဇူးကိုတော့ ကျွန်တော် မမေ့ပါဘူး၊ ကျွန်တော် ချန်အန်းမြို့ကို လိုက်သွားပါ့မယ်"

ဤတွင် ကျောက်ကြိုးဝေ့က ဝံပုလွေခေါင်းခေါ် ရတနာမြေပုံများနှင့် ပတ်သက်၍ ဆက်လက်ပြောပြလိုက်ပြန်သည်။

"ညီလေး၊ သိုင်းလောကမှာ အင်မတန် ကျော်ကြားပြီး သိုင်းလောကသားတွေ အင်မတန်မှ လိုချင်တပ်မက်နေကြတဲ့ ဒီဝံပုလွေခေါင်းခေါ်တဲ့ ရတနာမြေပုံများအကြောင်းကို အစ်ကို ပြောပြဦးမယ်"

ချုံးချင်းမှာ စိတ်ဝင်စားသွားရကာ....

"ဟုတ်ကဲ့....ပြောပြ ပါ အစ်ကို၊ ကျွန်တော်လဲ ဒီမှာ အကြောင်း ဂဃနဏ သိပ်သိသေးတာ မဟုတ်ဘူး"

ကျော်ကြိုးဇော့က ချောင်းတစ်ချက်ဟန့်လိုက်ရင်း....

"ဒီလိုကွ ညီလေးရ၊ ဒီဝံပုလွေမှားခေါ်တဲ့ ရတနာမြေပုံမှားပေါ်မှာ ဝံပုလွေဘိုးဘိုးက သူပိုင်ဆိုင်တဲ့ မြောက်မြား လှစွာသောရတနာတွေမြှုပ်နှံထားတဲ့ နေရာကို မြေပုံရေးဆွဲပြီး ပြထားခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"အေး....မှားပေါ်မှာ ရေးထွင်းထားတဲ့ မြေပုံအညွှန်းအတိုင်း လိုက်သွားပြီး ရတနာသိုက်ကို တူးဖော်နိုင်မယ်ဆိုရင် ရတနာတွေ အမြောက်အမြား တွေ့ရမှာဖြစ်တဲ့အပြင် အဓိပတိ သိုင်းကိုးကွက်ကိုပါ ရရှိမှာဖြစ်တယ်....

"ဒီအဓိပတိသိုင်း ကိုးကွက်ထဲက သိုင်းကွက်တွေဟာ အင်မတန်မှ ခက်ခဲကြမ်းတမ်းတဲ့အတွက် ဒီသိုင်းကွက်တွေကို သိုင်းလောကက အသက်အရွယ် ကြီးရင့်သူတွေ သင်ကြားလို့ မရဘူးဆိုတာ ဘယ်သူမှ မသိကြဘူး၊ အသက်နှစ်ဆယ်ဝန်းကျင် လူငယ်လူရွယ်တွေကသာ ဒီအဓိပတိ သိုင်းကိုးကွက်ကို သင်ကြားတတ်မြောက်နိုင်မှာ ဖြစ်တယ်"

ထို့နောက် ကျော်ကြိုးဇော့က ဆက်ပြောလိုက်ပြန်သည်။





"ဒီဝံပုလွေမှားခေါ်တဲ့ ရတနာမြေပုံမှားနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက် တစ်ခုကို ငါပြောပြဦးမယ်"

"ဟုတ်ကဲ့....ပြောပါအစ်ကို"

"ဒီအဓိပတိ သိုင်းကိုးကွက် တတ်မြောက်သွားတဲ့ သိုင်းသမားဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းပညာရှင် တစ်ယောက် ဖြစ်လာလိမ့်မယ်....

"ဒီပြိုင်ဘက်ကင်း သိုင်းသမားဟာ သိုင်းလောကမှာ မကောင်းသူပယ်၊ ကောင်းသူကယ် လုပ်ငန်းတွေ ဆောင်ရွက်ရမယ်၊ သိုင်းလောကမှာ ဒုက္ခရောက်နေတဲ့ လူတွေကို ကူညီစောင့်ရှောက်ရမယ်...

"ဒီပြိုင်ဘက်ကင်း သိုင်းသမားဟာ သိုင်းလောကကို စောင့်ရှောက်သူအဖြစ် တွဲခံယူပြီး သိုင်းလောကကို စောင့်ရှောက်ရလိမ့်မယ်"

"ဟုတ်ကဲ့....ဆက်ပြောပါ အစ်ကို"

"နောက်တစ်ချက်ဟာ အင်မတန်အရေးကြီးတဲ့ အချက်ဖြစ်တယ်၊ ဒီအချက်က ဘာလဲဆိုတော့ ဒီအဓိပတိ သိုင်းကိုးကွက်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားတဲ့ သိုင်းသမားဟာ သိုင်းလောကမှာ ဩဇာတိက္ကမ အလွန်ကြီးမားပြီး အင်အားကြီးမားလှတဲ့ အဖြူရောင်သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းကို ထူထောင်ရမယ် ဆိုတာပဲ"

"ဟင်"

ထိုစကားကြောင့် ချူးချင်းမှာ တအံ့တသြ ဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲ အစ်ကို"

"အစ်ကို ရှင်းပြပါ့မယ်၊ ဒါဟာ စံပုလွေမားရဲ့စည်းကမ်းချက်ပဲ၊ သိုင်းလောကက အစွမ်းထက်မြက်တဲ့ အဖြူရောင်သစ္စာဘက်တော်သား သိုင်းပညာရှင်တွေကို စုစည်းပြီး ဒီသိုင်းသမားဟာ ဂိုဏ်းချုပ်အဖြစ် ခေါင်းဆောင်အဖြစ် ခံယူရမည့်အပြင် ဒီရတနာတွေကို ဒီအဖြူရောင် သိုင်းဂိုဏ်းကြီးကပဲ ကိုင်တွယ်အသုံးပြုရမယ်၊ ဒီရတနာတွေကို သိုင်းလောကအကျိုး၊ အများအကျိုးအတွက် ခွဲဝေအသုံးချရမယ်"

"ဟာ....ဒါဆို သိပ်ကောင်းတာပေါ့အစ်ကို၊ သိုင်းလောကအတွက်ရော အများအတွက်ပါ အကျိုးတွေ အများကြီး ဖြစ်ထွန်းလာမှာပဲ"

ချူးချင်းက အားတက်သရော ပြောကြားလိုက်သည်။

ကျောက်ကြိုးဝှေ့က တစ်ချက်ပြုံးလိုက်ပြီး....

"အစ်ကို....ဆက်ပြောပါဦးမယ်၊ အဓိပတိသိုင်းကိုးကွက်ကို သင်ယူဖို့နဲ့ ပတ်သက်ပြီး အစ်ကိုသိသလောက် ပြောပြမယ်၊ ဒီအဓိပတိသိုင်းကိုးကွက်ကိုအသက်အရွယ်ကြီးရင့်တဲ့လူတွေ သင်ကြားလို့ မတတ်မြောက်သလို အသက်ငယ်ရွယ်သူတိုင်းလဲ သင်ကြားလို့တတ်မြောက်မှာ မဟုတ်ဘူး"





"ဘာဖြစ်လို့လဲ အစ်ကို"

"ဘာဖြစ်လို့လဲဆိုတော့ ဒီအဓိပတိသိုင်းကိုးကွက် သင်ယူနိုင်မယ့် လူငယ်ဟာ ခန္ဓာကိုယ်အချိုးအစား ကျနရမယ်၊ စိတ်ဓာတ် ကြံ့ခိုင်ရမယ်၊ သစ္စာသမာဓိ သတ္တိနဲ့လဲ ပြည့်စုံရမယ်၊ ဒီလိုလူမျိုးမှသာလျှင် အဓိပတိသိုင်းကိုးကွက်ကို သင်ကြားခွင့်ရမှာ ဖြစ်တယ်"

ကျောက်ကြိုးဝှေ့ထံမှ ပြတ်သားတည်ကြည်စွာနှင့် ပြောလိုက်သော စကားများကို ကြားလိုက်ရသောအခါ ချူးချင်းမှာ အံ့အားသင့်ရကာ ကျောက်ကြိုးဝှေ့၏မျက်နှာကို မော့ကြည့်လိုက်မိလေတော့၏။

ကျောက်ကြိုးဝှေ့မှာ မည်သူဖြစ်ပါသနည်း။ သိုင်းပညာမှာလည်း တစ်ဖက်ကမ်းခတ်ထူးချွန်ပြီး အတွင်းအားရော ကိုယ်ဖော့ပညာမှာပါ ထိပ်တန်းအဆင့် ရောက်နေလေပြီ။

ထို့ပြင် စံပုလွေမားခေါ် ရတနမြေပုံမားနှင့်ပတ်သက်၍ အတော်ကလေး အတွင်းကျကျသိရှိထားသည်။ သိုင်းလောကကို စောင့်ရှောက်သူဆိုသော အဘိုးအိုနှင့် ပတ်သက်၍လည်း လှုပ်ရှားသွားလာမှုကို တိကျသေချာစွာသိရှိနေသည်။

ဤသို့ဆိုလျှင် ကျောက်ကြိုးဝှေ့သည် မည်သူဖြစ်ပါသနည်း ပလေဠိအတော်ဆန်သော ပုစ္ဆာတစ်ပုဒ်လိုအဖြေရှာရခက်နေရလေတော့သည်။

ချူးချင်းသည် ကျောက်ကြိုးဇွေ့ကို တအံ့တဩနှင့်စူးစိုက်ကြည့်ရင်း....

"အစ်ကို့ကို ကျွန်တော်တစ်ခုလောက် မေးပါရစေ"

"မေးပါ....ဘာများလဲညီလေးရ၊ တို့ချင်း ဘာမှအားနာနေစရာ မလိုပါဘူး၊ ညီရင်းအစ်ကိုလိုသဘောထားပြီး မသိတာရှိရင် မရှင်းတာရှိရင် မေးစမ်းပါ"

ချူးချင်းက....

"ဒီလိုပါအစ်ကို၊ အစ်ကိုက သိုင်းလောကမှာ အတော်ကလေး နှံ့စပ်တယ်၊ သိုင်းပညာမှာလဲ တစ်ဘက်ကမ်းခတ်တူးချွန်တယ်၊ သိုင်းလောကကိုစောင့်ရှောက်သူလို့ နာမည်ခံထားတဲ့ အဘိုးကြီးရဲ့ လှုပ်ရှားမှုကိုလဲ ခရေစေ့တွင်းကျသိထားတယ်"

"နောက်ပြီးတော့ကောလို့"

ကျောက်ကြိုးဇွေ့က ပြုံးပြီး ချူးချင်းစကားကို ဖြတ်မေးလိုက်သည်။

ချူးချင်းက....

"နောက်ပြီးတော့ အစ်ကိုက ဝံပုလွေမားလို့ ခေါ်တဲ့ ရတနာမြေပုံမားနဲ့ပတ်သက်ပြီး အကုန်လုံးသိထားတယ်၊ ဒီမားနဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်တွေ၊ မားရပြီးတော့ဘာဆက်လုပ်ရမယ် စတဲ့ ညွှန်ကြားချက်တွေကအစပေါ့လေ၊ ဒါကြောင့်





အစ်ကိုဟာ ဝံပုလွေမားခေါ်တဲ့ ရတနာမြေပုံမားနဲ့ပတ်သက်နေတဲ့ အဆက်အနွယ်တစ်ယောက်လား၊ ဒါမှမဟုတ် အစ်ကိုကဘာဖြစ်လို့ ဒီ ဝံပုလွေမားနဲ့ ပတ်သက်နေတဲ့ လျှို့ဝှက်ချက်အကြောင်းအချက်တွေကို ကြိုတင် သိမြင်ထားရတာလဲ၊ ဒီအချက်တွေကို ကျွန်တော်မရှင်းလို့ သိချင်လို့ပါ"

ချူးချင်းစကားများဆုံးလျှင်ကျောက်ကြိုးဇွေ့ကလေးနက်သော အပြုံးနှင့်ပြုံးလိုက်ပြီး....

"အချိန်ကျရင် သိလာရမှာပေါ့ညီလေးရာ၊ ခုတော့ စောပါသေးတယ်"

ကျောက်ကြိုးဇွေ့၏စကားများကအဓိပ္ပာယ်ကျယ်ဝန်းကာလေးနက်လှကြောင်းကို ချူးချင်းရိပ်စားမိလိုက်သဖြင့် ထပ်မမေးတော့ပေ။

အတန်ကြာလျှင် ကျောက်ကြိုးဇွေ့က ချူးချင်းကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

ပြီးနောက် ချူးချင်း၏ သိမ္မကိုပံသွန်းထားသည့်အလားအချိုးအဆစ်ကျနသော ခန္ဓာကိုယ်ကို စူးစိုက်အကဲခတ်လိုက်ပြီး....

"ညီလေး....ဝံပုလွေမားခေါ်တဲ့ ရတနာ မြေပုံမားပေါ်က အဓိပတိသိုင်းကိုးကွက်ဟာ မြိုင်ဘက်ကင်းသိုင်းကွက်တွေဖြစ်တယ်၊ ဒီ အဓိပတိသိုင်းကိုးကွက်ကိုတတ်မြောက်တဲ့လူဟာ

သိုင်းလောကမှာ ပြိုင်ဘက်ကင်းကောရာဇ်ဘုရင်တစ်ဆူဖြစ်လာမှာပဲ၊ ညီလေးအနေနဲ့ ပြိုင်ဘက်ကင်းအဓိပတိ သိုင်းကိုးကွက်ကို သင်ကြားခွင့်ရမယ်ဆိုရင် သင်ကြားချင်တဲ့ ဆန္ဒ မရှိဘူးလား''

ကျောက်ကြိုးဇော့ကချူးချင်းကိုစူးစမ်းအကဲခတ်ကြည့်ရင်းက မေးမြန်းလိုက်ခြင်းပင်ဖြစ်သည်၊

ချူးချင်းက ခေါင်းခါယမ်းပြလိုက်ရင်း လေးနက်တည်ကြည်သော လေသံဖြင့်....

''ဒီ အဓိပတိသိုင်းကိုးကွက်ဟာ အင်မတန်မှအဆင့်အတန်းမြင့်မားလွန်းလှပါတယ်အစ်ကိုရယ်၊ ကျွန်တော့်အနေနဲ့ ဒီလောက် အဆင့်မြင့်မားလှတဲ့သိုင်းပညာတွေကို တတ်မြောက်ဖို့မျှော်လင့်မထားမိပါဘူး၊ အရေးအကြီးဆုံး အချက်ကတော့ ဝအခု ကျွန်တော့်ချစ်သူချင်းဟိုသက်ထဲ အပ်ထားရစ်ခဲ့တဲ့ ဝံပုလွေ ရတနာဓားကို သိုင်းလောက က စစ်မှန်တဲ့အဖြူရောင်သိုင်းသမားတွေလက်ထဲအပ်နှံဖို့ပဲဖြစ်ပါတယ်၊ ဒီဓားကို ကျွန်တော် တစ်ယောက်တည်း ကိုယ်ကျိုးအတွက် အသုံးမပြုလိုပါဘူး''

ကျောက်ကြိုးဇော့က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်မိသည်၊

ပြီးနောက် ချူးချင်းကိုချီကျူးလေးစားသောအကြည့်ဖြင့်ကြည့်လိုက်ရင်း....





''အင်း....ညီလေးရဲ့စိတ်ဓာတ်ကတော့ တကယ့်ကို လေးစားချီးကျူးထိုက်ပါပေတယ်၊ သိုင်းလောကမှာ တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာတစ်ယောက်မရှိတဲ့စိတ်ဓာတ်မျိုးပဲ''

ကျောက်ကြိုးဇော့၏ ချီးကျူးစကားပြောသံကို ကြားလိုက်ရလျှင် ချူးချင်းမှာ ကြက်သီးများတဖြန်းဖြန်း ထသွားရလေတော့၏။

ထို့နောက် နှစ်ယောက်သား စားသောက်ကြရင်း အခြားအကြောင်းအရာများကို ပြောင်းလဲ ပြောဆိုနေမိကြသည်၊

နောက်တစ်နေ့နံနက် အရုဏ်ကျင်း အလင်းရောက်သည်နှင့် ချူးချင်းသည် ကျောက်ကြိုးဇော့ကိုနှုတ်ဆက်ကာချန်အန်းမြို့သို့ ခရီးဆက်လက်ထွက်ခွာသွားလေသည်၊

ကျောက်ကြိုးဇော့ကမူ လှေကလေးပေါ်မှနေ၍ ခေါင်းတဆတ်ဆတ်နှင့်ညိတ်ကာ အဓိပ္ပာယ်နက်ရှိုင်းကျယ်ဝန်းသောအပြုံးမျိုးနှင့်ပြုံးရင်း ကျန်ရစ်ခဲ့တော့၏။

* * *

လေပြင်းသည် တဟူးဟူးတိုက်ခက်လျက် ရှိနေ၏။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ရွက်များသည် ကြွေလွင့်ကာ လွင့်မျောလျက် ရှိနေကြလေ၏။

လေပြင်းကြားတွင် မွန်ဂိုမြင်းဖြူကြီး တစ်ကောင်သည် လည်ဆံထဖွားဖွား ခွာသံတဖြောင်းဖြောင်းနှင့် အပြင်းနှင် လျက် ရှိနေ၏။

မြင်းဖြူကြီးထက်မှ လူရွယ်မှာလည်း အဖြူရောင်ပိုးသား ဝတ်စုံကို ဝတ်ဆင်ထားကာ ဓားတစ်လက်ကို ပိုးလွယ်ထား သည်။

လူရွယ်၏ စိုင်းနှင်နေမှုကြောင့် မြင်းဖြူကြီးမှာ လေအဟုန် ကို ဖောက်ထွင်းကာ အပြင်းနှင်လျက် ရှိနေလေ၏။

မွန်ဂိုမြင်းဖြူကြီးထက်မှ လူရွယ်ကား ချူးချင်းပင် ဖြစ် ပေတော့သည်။

သူက ယခု ချန်အန်းမြို့အသွား နက်ရှိုင်းသော တောအုပ် ကြီးရှိ တောလမ်းအတိုင်း မွန်ဂိုမြင်းဖြူကြီးကို အပြင်းနှင်နေ ခြင်းပင် ဖြစ်ပေတော့သည်။

တောလမ်းကလေးမှာကျဉ်းမြောင်းလှသလို လမ်း၏ဝဲယာ တစ်ဘက်တစ်ချက်တွင် မြင့်မားဝေသီကာ အရွက်ဖားဖားကြီး များ အုံ့ဆိုင်းနေသည့် သစ်ပင်ကြီးများက အစီအရီ ရှိနေကြ သည်။

သူသည် တစ်နေ့လုံး ခရီးပြင်းနှင်လာခဲ့ခြင်း ဖြစ်၏။ ညနေ စောင်း မှောင်ရီပျိုးစအချိန်သို့ ရောက်နေလေ၏။ နေလုံးသည် အနောက်ဘက်တောင်တန်းများတွင် မေးတင်စပြုနေလေပြီ၊





သိမ့်မှောင်ရောင် အလင်းရောင်များက မြေပြင်တစ်ဝှမ်းကို ရွှေ ရည်များ ပက်ဖြန်းထားသည့်အလား ရှိနေ၏။

ငှက်အုပ်ကြီးများပင် အိပ်တန်းတက်ရန်ပျံဝဲလာနေကြလေ ပြီ။ အမှောင်ရိပ်က ကြီးစိုးလာပြီမို့ တောအုပ်နှင့် တောင် ကြောများသည် မြူခိုးတောင်ငွေ့များနှင့် အုံ့ဆိုင်းရစ်ဆဝီ နေပြီး ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေ၏။

အဝေးဆီမှ ချွန်းလင်ဘောင်တန်းကြီးသည် နဂါးကြီးတစ် ကောင် အိပ်မောကျနေသကဲ့သို တွေ့မြင်နေရလေ၏။

"ဝေါ....ဝေါ....ဝေါ"

"ဟူး....ဟူး....ဟူး"

အမှောင်ထုက ကြီးစိုးလာရသည့်ကြားမှ မိုးရောလေပါ သည်းထန်စွာ ရွာသွန်းချလာပြန်သည်။

ချူးချင်းမှာ နှင်းကာခမောက်ကြီးနှင့် နှင်းကာဝတ်ရုံလွှာ ကြီး ပါရှိလာ၍ တော်ပေသေးသည်၊

မြစ်းပြေးနေသည့်ကြားမှ မိုး ရေ စက် များ က သူ့ကို တဖြန်းဖြန်း ရိုက်ခတ်လျက်ရှိနေ၏။

ရာသီဥတုကလည်း ဆိုး၊ တစ်နေ့လုံး ခရီးပန်းလာပြီဖြစ်ရာ ချူးချင်းမှာ တစ်ညတာ နားခိုစရာ နေရာတစ်ခုကို အမြန်ဆုံး ရောက်မှ ဖြစ်ပေမည်၊

ထို့ကြောင့် သူက တောအုပ်ကြီးအတွင်း မြင်းကိုအပြင်းနှင်နေရာမှ နားခိုစရာနေရာကို ရှာဖွေကြည့်နေမိသည်။

"ဟင်"

တစ်နေရာမှ တွေ့လိုက်ရသောအရာကြောင့် ချူးချင်း၏ မျက်လုံးများမှာ အရောင်တောက်လက်သွားရသည်။

သူ တွေ့လိုက်ရသောအရာမှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေပြီဖြစ်သည့် အဆောက်အအုံပျက်ကြီးတစ်ခုပင် ဖြစ်သည်။

သူက အားတက်သွားရပြီး အဆောက်အအုံပျက်ကြီးဆီသို့ မြင်းကို အပြင်းနှင်သွားမိသည်၊

အနီးသို့ရောက်၍ကြည့်လိုက်ရာ အဆောက်အအုံပျက်ကြီး တစ်ခုလုံးမှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေပြီး တဝေါဝေါ ရွာသွန်းနေသောမိုးကြောင့် ချုံနွယ်ပိတ်ပေါင်းများဆီမှ ရေများက အောက်သို့ တဖြည်းဖြည်းကျဆင်းလျက် ရှိနေသည်။

ချူးချင်းက မြင်းပေါ်မှလွှားဆင်းလိုက်ပြီး မြင်းကို သစ်ပင် တစ်ပင်တွင် ချည်နှောင်ထားလိုက်သည်။

ပြီးနောက် အဆောက်အအုံပျက်ကြီးအတွင်းသို့ဝင်ရောက်လာခဲ့သည်၊ အဆောက်အအုံကြီးမှာ ရှေးနှစ်ပေါင်း မြောက်မြားစွာကပင် ဆောက်လုပ်ထားခဲ့ကြဟန် တူပေသည်။





နေရာအတော်များများမှာ ပြိုကျပျက်စီးနေပြီး ခေါင်မိုးနေရာများပင် ပေါက်ပြဲကာ မိုးရေများကကျဆင်းလျက်ရှိနေသည်၊

ချူးချင်းမှာ မိုးလုံသော နေရာတစ်ခုကို လိုက်လံရှာဖွေပြီး လှည်းကျင်းကာ တစ်ညတာ စခန်းချရန် ပြင်ဆင်လိုက်ရသည်။

အသင့်ပါလာသော မီးခတ်ကျောက်ကိုဖုတ်၍ သစ်ရွက်ခြောက်၊ ထင်းခြောက်များစုစည်းပြီး မီးမွှေးလိုက်သည်၊

မီးအရှိန်ကြောင့် သူ့တစ်ကိုယ်လုံး နွေးထွေးလာရသည်၊ သူက ခရီးသွားအိတ်ထဲမှ မုန့်ခြောက်နှင့် ရေဘူးကိုထုတ်ကာ အဆာပြေ စားသောက်လိုက်ရသည်၊

စားသောက်ပြီးနောက် ခရီးပန်းလာပြီဖြစ်သဖြင့် လှည်းကျင်းထားသော နေရာတွင် ခရီးသွားအိတ်ကို ခေါင်းအုံးကာ လဲလျောင်းနေလိုက်သည်။

"ဝေါ...ဝေါ...ဝေါ"

အဆောက်အအုံပျက်ကြီး၏ အပြင်ဘက်တွင် မိုးရေလေပါ သည်းထန်စွာ ရွာသွန်းလျက် ရှိသည်။

ထိုစဉ် မိုးသံလေသံများကြားမှ အဝတ်လေတိုးသံများကို ကြားလိုက်ရသည်၊

"ဝှစ်....ဝှစ်....ဝှစ်"

"ဖလပ်....ဖလပ်....ဖလပ်"

ချူးချင်းသည် လဲလျောင်းနေရာမှ သတိကြီးစွာဖြင့် လှုပ်ရှားသံများကို နားစွင့်နေလိုက်သည်။

မကြာပါချေ၊ အမှောင်ရိပ်ထဲမှ လူရိပ် သုံးရိပ်တို့သည် အဆောက်အအုံပျက်ကြီးအတွင်းသို့ လှစ်ခနဲ ရောက်ရှိလာကြသည်။

၎င်းတို့၏ လှုပ်ရှားမှု ဟန်ပန်ကို ကြည့်ရခြင်းအားဖြင့် သိုင်းပညာတွင် အဆင့်မနိမ့်ကြောင်း သိသာနိုင်ပေသည်။

ချူးချင်းကို တွေ့လိုက်သည်နှင့် ထိုလူသုံးဦးတို့သည် ကျယ်လောင်သော အသံကြီးများဖြင့် သံပြိုင်ရယ်မောလိုက်ကြသည်။

"ဟား....ဟား....ဟား"

ချူးချင်းက မျက်မှောင်ကြုတ်ကာ ထိုသူသုံးယောက်ကို စူးစိုက်ကြည့်လိုက်ပြီး....

"ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်ကို ရန်ပြုချင်ရတာလဲ"

ထိုအခါ သုံးဦးအနက်မှ အရပ်ပုပုနှင့်ငနဲက စူးအက်အက်လေသံဖြင့်....

"ငါတို့သုံးယောက်က ငရဲသုံးဖော်ပဲ၊ မင်း မကြားဖူးဘူးလား"

ငရဲသုံးဖော်ဆိုသည်မှာ သိုင်းလောကတွင် သုံးယောက်စုပေါင်းပြီး ရမ်းကားသောင်းကျန်းနေသော ဒုစရိုက်သိုင်းသမား သုံးယောက်တို့၏အမည်ပင်ဖြစ်သည်။





သာမန်လူသာဆိုပါက ဤနေရာတွင် မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ထိတ်လန့်ချောက်ချားသွားရပေမည်။

ယခုမူ ချူးချင်းက မျက်မှောင်ကြုတ်လိုက်ပြီး....

"ဆိုစမ်းပါဦး၊ ခင်ဗျားတို့သုံးယောက်က ကျုပ်ကို ဘာကြောင့် ရန်ရှာချင်ရတာလဲ"

"ဝံပုလွေဓား ကိစ္စပဲ"

"ဝံပုလွေဓားက ကျုပ်ဆီမှာမရှိဘူး"

"မရှိပေမယ့် မင်းသိရမယ်၊ ဓားကို မင်း ဘယ်မှာဝှက်ထားပစ်ခဲ့သလဲ"

ငရဲသုံးဖော်အနက်မှ အရပ်ရှည်ရှည်ငနဲက စူးရှ ခက်ထန်သော လေသံဖြင့် ပြောကြားလိုက်သည်။

ချူးချင်းက မျက်ခုံးနှစ်ဘက် မြှင့်လိုက်ရင်း....

"ဒီ ဝံပုလွေဓားက အခု ကျုပ်လက်ထဲမှာမရှိဘူး၊ ဓားနောက် လိုက်တဲ့ ဝိသမလောဘသားတွေကလဲ ဘယ်လိုမှ သက်ဆိုးရှည်ကြမှာ မဟုတ်ဘူး"

"ဘာစကား"

"ဘာပြောတယ်"

ချူးချင်းစကားကြောင့် ငရဲသုံးဖော်တို့ ဆတ်ဆတ်ခါနာသွားကာ တရှူးရှူးတရှဲးရှားဖြစ်သွားကြရသည်။

"ဟိတ်ကောင်....ဝံပုလွေခွား ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

"အို....ကြာတယ်ကွာ၊ ဒီကောင် အူကြောင်ကြောင်နဲ့၊ ရှင်းပစ် ကြရအောင်"

ပြောပြောဆိုဆို ငရဲသုံးဖော်တို့က ဓားများကိုဝင့်ရင်း ချူးချင်းထံသို့လွှားဝင်လာကြသည်။

"ယား"

"ချွမ်း"

"ချူးချင်းမှာ ငရဲသုံးဖော်တို့ကို နာမည်ကြားလိုက်ရကတည်းက အတော်ရှုံမုန်းခနေမိပြီဖြစ်ရာ သူ့ဓားကို အဆက်မပြတ် ဝှေ့ယမ်းပစ်လိုက်မိသည်။

ငရဲသုံးဖော်တို့၏ ဓားသုံးလက်နှင့် ချူးချင်း၏ဓားတို့ပြင်းထန်စွာ ထိခတ်မိကာ မီးများပွင့်ထွက်သွားရသည်။

"ယား"

"ဝှစ်....ဝှစ်....ဝှစ်"

ငရဲသုံးဖော်တို့က ချူးချင်းကိုဖိုခနေစက်ဆိုင်အနေအထားဖြင့် ထပ်မံတိုက်ခိုက်လိုက်ကြပြန်သည်။

ချူးချင်းက ဓားသုံးလက်ကြားမှ ပျံလွှားငှက်တစ်ကောင်ပမာ ဖောက်ထွက်သွားသည်။





"စွပ်"

"အင့်"

ရုတ်တရက် ဖောက်ထွက်သွားရာမှ လျှပ်ပြက်သလိုဓားချက်ကြောင့် ငရဲသုံးဖော်အနက်မှ ပိန်ပိန်ရှည်ရှည်ငနဲမှာ ရင်ဝတွင် ဓားချက်အထိခံလိုက်ရပြီး ဘုန်းခနဲလဲကျသွားရသည်။

"ဟာ"

"ဟင်"

ကျန် ငရဲနှစ်ဖော်မှာ သူတို့၏ အဖော်ဖြစ်သူကိုကြည့်ကာ မျက်နှာကွက်ခနဲဖြစ်သွားရသည်။

ထို့နောက် နှစ်ယောက်သား ချူးချင်းထံသို့ပြိုင်တူလွှားဝင်လာကြကာ ဝဲယာခွဲပြီး တိုက်ခိုက်လိုက်ကြသည်။

ချူးချင်းက ဓားကိုသွန်လိုက်ပြီး ယာဘက်မှဖြတ်ဝင်လာသော အရပ်ပုပုငနဲအား တစ်ချော် ကိုယ်ပျောက် ဓားကွက်နှင့် ဝှေ့ယမ်းတိုက်ခိုက်ပစ်လိုက်သည်။

"ထန်း"

"အား"

ထို အရပ်ပုပုငနဲမှာ ချူးချင်း၏ဓားနှင့် ဓားခြင်းထိခတ်မိလိုက်သည်နှင့် ဓားကျိုးကာ လူမှာလည်း ဓားချက်ထိပြီး လွင့်စဉ်ထွက်သွားရသည်။

ချူးချင်း၏ခေါးချက်က ထိုသူ၏ ရင်ဘတ်ကို ရှပ်ဆွဲလိုက်သဖြင့် ဝမ်းဗိုက်ပွင့်ထွက်ကာ အသက် ပျောက်သွားရလေပြီ၊

"ဟာ"

နောက်ဆုံးကျန်နေသော သိုင်းသမားမှာ အဖော် နှစ်ယောက်ကိုကြည့်ကာ မျက်နှာ အကြီးအကျယ် ပျက်သွားမိသည်။

"ကိုင်း....ဘယ်လိုလဲ၊ ခင်ဗျားရော ခင်ဗျားအဖော် နှစ်ယောက် နောက်ကိုလိုက်မှာလား၊ ဒါမှမဟုတ်သူတို့အလောင်းတွေယူပြီး ဒီနေရာကနေ ထွက်သွားမှာလား"

ချူးချင်းက လေသံမာမာဖြင့် ပြောလိုက်သည်၊ ထိုနောက်ဆုံးကျန်နေသူမှာ တစ်ခဏမျှ စဉ်းစားလိုက်သည်၊ ပြီးမှ မည်သည့်စကားမှ မဆိုတော့ဘဲ သူ့အဖော်နှစ်ယောက်၏ အလောင်းများထမ်းကာ အဆောက်အအုံ အပြင်ဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာသွားတော့သည်၊

ပြန်လည်တိတ်ဆိတ်သွားပြီးနောက် ချူးချင်းက ဓားကို ပြန်သိမ်းလိုက်သည်။

"ဟူး"

သူက သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ကာ စောစောက နေရာမှာပင် ပြန်လည် လဲလျောင်း နေလိုက်လေတော့သည်၊ မကြာမီမှာပင် သူသည် မျက်ခွံများ လေးလံလာပြီး အိပ်မောကျသွားရလေတော့၏။





ယခုတစ်ကြိမ်တွင်မူ သူသည် အနှောင့်အယှက် ထပ်မတွေ့ရတော့ပေ။

* * *

ချန်အန်းမြို့....

စည်ကားသိုက်မြိုက်ပြီး အရောင်းအဝယ် ကောင်းသော ပြည်နယ် မြို့ကြီးတစ်မြို့ပင်ဖြစ်သည်။

ခရီးလမ်းဆုံကျသဖြင့် ကုန်သည်များ၊ အရောင်းအဝယ်ပွဲစားများ၊ ခရီးသွားသိုင်းသမားများ စသည်ဖြင့် သွားလာဝင်ထွက်သူ များပြားလှပေရာ အရောင်းအဝယ်ကောင်းပြီး စီးပွားရေးအဆင်ပြေသော မြို့ကြီးတစ်မြို့လည်း ဖြစ်၏။

မိုးသိကြားဘုံကျောင်းမှာ ချန်အန်းမြို့မှ နာမည်ကျော်ဘုံကျောင်းကြီးဖြစ်ပြီး ရပ်ဝေးဆီမှ လာရောက်ကန်တော့ကြသော ဘုရားဖူးများနှင့် အထူးစည်ကားလျက် ရှိနေ၏။

ဘုံကျောင်း ခန်းမဆောင်ကြီးအတွင်း အမွှေးတိုင်နံ့များကလည်း တလူလူထွက်ပေါ်လျက် ရှိ၏၊

မီးပူဇော်ထားသော ဆီမီးရောင်များမှာလည်း ဘုံကျောင်းကြီးအတွင်း တဖျပ်ဖျပ်လင်းလက်လျက် ရှိနေ၏၊

မိုးသိကြွစားဘုံကျောင်းအတွင်း ဘုရားဖူးများနှင့်ပြည့်နှက်လျက် ရှိနေ၏။ အချိန်မှာလည်း နှစ်နာရီခန့် ရှိပြီဖြစ်၏။

ဘုံကျောင်းစောင့်ကြီး မာထင်းသည် ဘုံကျောင်းအတွင်း သန့်ရှင်းရေးလုပ်ပြီးနောက် အပြင်ဘက်မြေကွက်လပ် ချယ်ရီပင်ကြီး တစ်ပင်အောက်တွင် ထိုင်ကာ အမောဖြေနေမိသည်။

ယင်းအချိန်မှာပင် သူ့အနီးသို့ လူတစ်ယောက် ရောက်လာ၍မော့ကြည့်လိုက်ရာ အဖြူရောင်ဝတ်စုံနှင့်လူတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

လူရွယ်မှာ ရုပ်ရည်တည်ကြည်ခံ့ညားလှပြီး အသက်မှာ တစ်ဆယ့်ရှစ်နှစ်ခန့်မျှသာ ရှိသေးသည်။

လူရွယ်ကြည့်ရသည်မှာ သိုင်းလောကသား တစ်ယောက်ဖြစ်ဟန်တူပြီး တစ်စုံတစ်ရာကို စုံစမ်းမေးမြန်းလိုဟန်လည်း ရှိ၏။

ဘုံကျောင်းစောင့်ကြီး မာထင်းက လက်ထဲမှ တံမြက်စည်းကို သစ်ပင်တွင် အသာထောင်ထားလိုက်ကာ....

"ဘုရားဖူးလာတာလားမောင်ရင်၊ ဦး ဘာအကူအညီပေးရမလဲ၊ လိုအပ်တာ ပြောပါ။ အမွှေးတိုင်နဲ့ ဖယောင်းတိုင်တွေလိုချင်ရင် ဦးဆောင်ရွက်ပေးပါ့မယ်"

လူရွယ်ကပြုံးကာ အိတ်ထဲသို့ လက်နှိုက်လိုက်သည်။ ပြန်ထုတ်လိုက်သောအခါ ငွေတုံးကလေး တစ်တုံးပါရှိလာသည်။





လူရွယ်က ဘုံကျောင်းစောင့်ကြီး မာထင်းကို ငွေတုံးကလေးပေးလိုက်ရင်း....

"ကျွန်တော် လူတစ်ယောက်ကို လာရှာတာပါ"

မာထင်းက အဖိုးထိုက်တန်လှသော ငွေတုံးကလေးကို အတွင်း အိတ်ထဲသို့ အသာထည့်လိုက်ပြီး....

"မောင်ရင်က ဘယ်သူ့ကိုလာရှာတာလဲ"

"ငွေရောင်ဝတ်စုံနဲ့ အဘိုးကြီးတစ်ယောက်ပါ၊ သူက သိုင်းလောကကို စောင့်ရှောက်သူလို့ အမည်ခံထားပါတယ်၊ သူကဒီနေရာကို တစ်ပတ်တစ်ခါ လာတတ်တယ်လို့ သိရပါတယ်"

မာထင်းက မျက်ခုံးနှစ်ဘက်မြှင့်လိုက်ရင်း....

"ဩော်....မောင်ရင်ပြောတာ ကျုပ်သိပြီ၊ လက်ထဲမှာ သံတောင်ဝှေးကြီး ကိုင်လာတတ်တဲ့ အဘိုးကြီးကိုပြောတာလား၊ သူက ငွေရောင်ဝတ်ရုံလွှာကြီး အမြဲဝတ်ဆင်တတ်ပြီး သူ့ကိုယ်သူ သိုင်းလောကကို စောင့်ရှောက်သူလို့ ပြောနေတယ်မဟုတ်လား"

ချူးချင်းက ခေါင်းညိတ်ပြလိုက်ရင်း....

"ဟုတ်ပါတယ်ခင်ဗျာ၊ သူပါပဲ၊ သူ့ကို ဘယ်လိုတွေ့ရမှာလဲခင်ဗျာ၊ တစ်ဆိတ်လောက် လမ်းညွှန်ပြပါလား"

မာထင်းက....

"အင်း....ဒီအဘိုးကြီးကအတော်ထူးခြားတဲ့လူတစ်ယောက်ပဲ၊ လာရင်လဲ လေတိုက်သလို မမျှော်လင့်ဘဲ ရောက်လာပြီး ပြန်ထွက်သွားရင်လဲ ဖြုန်းခနဲ ထွက်သွားတတ်တယ်၊ သူက လာတတ်ရင် ညဦးပိုင်းအချိန်ကလေးမှ ရောက်လာတတ်တယ်၊ အဘိုးကြီးက ဒီရောက်လာရင် မိုးသိကြားရုပ်တုတော်ကိုပဲ အမြဲပူဇော်တတ်တယ်၊ သူက ဒီမိုးသိကြားရုပ်တုမှာ အမွှေးတိုင်တွေ ထွန်းတယ်၊ ဆီမီးပူဇော်တယ်၊ တရားထိုင်လေ့ရှိတယ်၊ သူ တရားထိုင်ရင် အကြာကြီးပါပဲ၊ အတော် ကို မပြီးနိုင်တော့ဘူး၊ တစ်ခါတလေ ပါးစပ်ကလဲ ဘာတွေပြောနေမှန်း မသိဘူး၊ တတွတ်တွတ်ရွတ်ဆိုနေတော့တာပဲ"

ချူးချင်းမှာ အားတက်သွားရပြီး....

"ဒါဆိုရင် သူ့ ကို ကျွန်တော်ညကျမှ တွေ့ရမှာပေါ့"

မာထင်းက ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ရင်း....

"ဟုတ်ပါတယ်၊ သူ့ ကို မောင်ရင် ညကျမှတွေ့ရမှာ၊ ညကျမှပဲ လာခဲ့ပေါ့"

ချူးချင်းက တစ်ချက်စဉ်းစားလိုက်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

ပြီးနောက် မာထင်းကို နှုတ်ဆက်ကာ ဘုံကျောင်းမှ ပြန်လည် ထွက်ခွာလာခဲ့သည်။

ဘုံကျောင်းနှင့် မလှမ်းမကမ်းတွင် ကြီးမားသော စားသောက်ဆိုင်ကြီး တစ်ဆိုင်က ရှိနေသည်။





ထိုစားသောက်ဆိုင်ကြီးမှာပင် အေးအေးဆေးဆေး စားသောက်ရင်း အချိန်ဖြုန်းကာ ညဦးပိုင်းကျမှပင် မိုးသိကြားဘုံကျောင်းသို့သွားရောက်ပြီး သိုင်းလောကကိုစောင့်ရှောက်သူ အဘိုးအိုကိုတွေ့ဆုံရန် ဆုံးဖြတ်လိုက်မိသည်။

ချူးချင်းသည် သိုင်းလောကကိုစောင့်ရှောက်သူအမည်ခံ အဘိုးအိုကိုရှာဖွေရန် ဤချန်အန်းမြို့သို့ ရောက်လာခြင်းပင်ဖြစ်၏။

သိုင်းလောကကိုစောင့်ရှောက်သူအမည်ခံ ငွေရောင်ဝတ်စုံနှင့် အဘိုးအိုသည် မိုးသိကြားဘုံကျောင်းသို့ ညဦးပိုင်းအချိန်ရောက်မှသာ တွေ့ရပေမည်။

ထို့ကြောင့် ချူးချင်းက ဘုံကျောင်းမှ ထွက်ခွာလာခဲ့ပြီး ဘုံကျောင်းနှင့် မလှမ်းမကမ်းရှိ စားသောက်ဆိုင်ကြီးဆီသို့ ထွက်ခွာလာခဲ့သည်။

စားသောက်ဆိုင်ကြီးမှာ ချန်အန်းမြို့တွင် နာမည်ကျော်စားသောက်ဆိုင်ကြီးဖြစ်ပြီး နှစ်ထပ်အဆောက်အအုံကြီး ဖြစ်သည်။

တံခါးဝ နဖူးစည်းတွင် 'ပင်လယ်နတ်သမီး စားသောက်ဆိုင်ကြီး' ဟု ရွှေစာလုံးကြီးများဖြင့် ရေးထိုးထားသည်။

ပင်လယ်နတ်သမီးစားသောက်ဆိုင်ကြီးမှာ ချန်အန်းမြို့တွင် အရက်နှင့် ဟင်းလျာပွဲများ ချက်ပြုတ်စီမံရာတွင် နာမည်ကျော်

ဖြစ်ပြီး နေရာအကွက်အကွင်း ကောင်းခြင်း၊ နေရာထိုင်ခင်းများ အဆင့်မြင့်သန့်ပြန့်ခြင်း၊ ဆက်ဆံရေး ဖော်ရွေပြေပြစ်ခြင်းများကြောင့် တစ်နေ့လုံး ကုန်သည်ပွဲစားများ၊ သူဌေးသူကြွယ်ကြီးများ၊ မင်းစိုးရာဇာများ၊ ခရီးသွားသိုင်းသမားများနှင့် အမြဲစည်ကားလျက် ရှိနေ၏။

ထို့ပြင် ချန်အန်းမြို့မှ နာမည်ကျော် အဆိုတော်များ၏ တေးသံသာများကလည်း ခန်းမဆောင်ကြီးအတွင်း ငြိမ့်ငြောင်းစွာ ထွက်ပေါ်လျက်ရှိနေ၏။

အဆိုတော်များက သူတို့ကိုယ်တိုင် အခကြေးငွေဖြင့် ကိုယ်တိုင် လာရောက်ဖျော်ဖြေပေးတတ်ကြသည်။

"ကြွပါခင်ဗျာ၊ ကြွပါ"

ချူးချင်းကို တွေ့လိုက်ရသည်နှင့် တံခါးဝမှ စောင့်နေကြသော ဆိုင်လုလင်ကလေးများက ဖော်ရွေသောအပြုံးနှင့် ဆီးကြိုလိုက်ကြသည်။

ချူးချင်းက အပေါ်ထပ်သို့တက်လာပြီး လမ်းမကြီးဘက် မျက်နှာမူနေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

စားပွဲထက်တွင် ဖြူဆွတ်နေသော စားပွဲခင်းနှင့်အတူ ကြွေပန်းအိုးတစ်လုံး ရှိနေသည်။

ကြွေပန်းအိုးထဲတွင် အနီရောင်နှင်းဆီများက မွှေးကြိုင်သင်းပျံ့စွာရှိနေသည်။





အပေါ်ထပ်ဖြစ်သဖြင့် လေနုအေးကလေးများကလည်း တိုက်ခတ်လျက်ရှိ၏။

ချူးချင်းက ဝါးရွက်စိမ်း အရက်တစ်အိုးနှင့် ကြက်ကြော်တစ်ပွဲ၊ ငါးခေါင်းဟင်းချိုတစ်ပွဲ မှာယူလိုက်သည်။

မကြာမီ မွှေးကြိုင်သော အရက်တစ်အိုးနှင့်အတူဟင်းလျာပွဲ နှစ်ပွဲ ရောက်ရှိလာသည်။

ဆိုင်လုလင်ကလေးနှစ်ယောက်က အရက်နှင့် ဟင်းလျာပွဲများကို စားပွဲထက်သို့ချပေးလိုက်ပြီး အရိုအသေပြုကာ ထွက်ခွာသွားကြလေသည်။

ချူးချင်းက ပြတင်းပေါက်မှ လှမ်းမြင်နေရသော ရှုမျှော်ခင်းများကို လှမ်းကြည့်ရင်း အရက်ကို တစိမ့်စိမ့်သောက်နေမိသည်။

ပင်လယ်နတ်သမီး စားသောက်ဆိုင်ကြီးမှ ကြက်ကြော်မှာ ကြွပ်ရွနေပြီး ငါးခေါင်းဟင်းချိုမှာ အထူးပင် အရသာရှိလှပေသည်။

ချူးချင်းသည် အချိန်ကိုစောင့်ရင်း အေးအေးဆေးဆေး စားသောက်နေမိသည်။ အချိန်မှာ ညနေငါးနာရီခန့် ရှိလာလေပြီ။

စားသောက်ဆိုင်ကြီးအတွင်း စားသောက်နေသူများနှင့် ပိုမိုစည်ကားလာသည်။

ဆိုင်ကြီးအတွင်း စားပွဲအားလုံးလိုလိုပင် လူများနှင့် ပြည့်နှက်သွားသည်၊

ညနေပိုင်းရောက်လာသည်နှင့်အမျှ အရက်သောက်သူများ၊ စားသောက်သူများနှင့် အထူးပင် စည်ကားလှပေသည်၊

"ခဏထိုင်မယ်နော် မောင်ရင်"

ရုတ်တရက် သူ့နံဘေးမှ စကားသံတစ်သံ ထွက်ပေါ်လာသည်၊

ချူးချင်းက တအံ့တသြမော့ကြည့်လိုက်ရာ အသက် လေးဆယ် ဝန်းကျင်ခန့်ရှိ ရည်မွန်ခံ့ညားသော သူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်၊

ထိုလူကြီး၏ရုပ်ရည်မှာ ရည်မွန် ခံ့ညားလှသလို ကိုယ်ပေါ်တွင်လည်း အဖိုးတန်အညိုရောင် ပိုးသားဝတ်ရုံလွှာကြီးကို ဝတ်ဆင်ထားသည်။

ကြည့်ရသည်မှာ ချန်အန်းမြို့မှ စီးပွားရေးသမား သူဌေးကုန်သည်ကြီးတစ်ယောက်ဖြစ်ဟန်တူပေသည်။

"ဩော်....ထိုင်ပါခင်ဗျာ၊ ထိုင်ပါ"

ချူးချင်းက ချက်ချင်း မတ်တတ်ရပ်လိုက်ကာ လက်နှစ်ဘက်ဆုပ် အရိုအသေပြုရင်းက ပြောကြားလိုက်သည်၊

ထို ရည်မွန်ခံ့ညားလှသော ပုဂ္ဂိုလ်ကြီးကပြုံးကာကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်၊





ပြီးနောက် ဆိုင်လုလင်တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး အရက်နှင့် စားစရာဟင်းလျာပွဲများ မှာယူလိုက်သည်။

ချူးချင်းမှာ ထို ပုဂ္ဂိုလ်ကြီးမှာကြားလိုက်သောအရက်နှင့် ဟင်းလျာပွဲများကို ကြားလိုက်ရသောအခါ တအံ့တသြဖြစ်ကာ မျက်ခုံးနှစ်ဘက်ပင် မြင့်တက်သွားရသည်။

ထိုပုဂ္ဂိုလ်ကြီးမှာကြားလိုက်သောအရက်နှင့် ဟင်းလျာပွဲများမှာ ရှားပါးပြီး အဖိုးထိုက်တန်လှသော အနှစ်တစ်ထောင် အရက်အိုး၊ ငှက်သိုက်ကြွက်သွေးတို့နှင့်ပေါင်းထားသောတောင်ထိပ် ဆိတ်သား၊ ကမ္ဘာလိပ်ဥပြီးနောက် စသည်ဖြင့်အမျိုးစုံလင်လှပေသည်။

မကြာမီမှာပင် အပူငွေ့များတထောင်းထောင်းထွက်ပေါ်နေသည့် ဟင်းလျာပွဲများနှင့် ကြီးမားသော အရက်အိုးကြီး တစ်အိုး ရောက်ရှိလာခဲ့သည်။

"ကိုင်း....ဦးက မောင်ရင့်ကို ဧည့်ဝတ်ပြုပါရစေလား၊ သုံးဆောင်ပါမောင်ရယ်"

"အို...နေပါစေဗျာ၊ ကျေးဇူးတင်ပါတယ်"

ချူးချင်းက အားနာစွာငြင်းပယ်လိုက်သည်။ ထိုပုဂ္ဂိုလ်ကြီးက ပြုံးရင်း ချူးချင်းအတွက် အရက်တစ်ခွက်ကိုသူကိုယ်တိုင် ငှဲ့ပေးလိုက်ကာ....

"အို....ကျုပ်ကို အားနာစရာမလိုပါဘူးမောင်ရင်၊ ကျုပ်က ဒီဆိုင်မှာ အမြဲစားသောက်နေကျ ဖောက်သည်ကြီး တစ်ယောက်ပါ၊ သုံးဆောင်ပါ"

ချူးချင်းမှာ ထိုပုဂ္ဂိုလ်ကြီးက အတင်းတိုက်တွန်းနေသဖြင့် မလွဲမရှောင်သာတော့ဘဲ ထိုပုဂ္ဂိုလ်ကြီး ညွှန်ခံသော အရက် တစ်ခွက် သောက်လိုက်ရသည်။

သူက အရက်ခွက်ကို ကျောက်စားပွဲကြီးထက်တွင် ပြန်ချထားလိုက်ပြီး....

''ဦးက ဒီမြို့ကလား''

''ဟုတ်ပါတယ်၊ ဦးက ဒီချန်အန်းမြို့မှာ မြို့မျက်နှာဖုံး တစ်ယောက်ဆိုရင်လဲ မမှားဘူးပေါ့ကွယ်၊ ဦးနာမည်က ဆွန်းဟိုပါ၊ ဒီမြို့မှာ ရှေးဟောင်းရတနာပစ္စည်းတွေ အများဆုံး အရောင်းအဝယ်လုပ်နေတဲ့ လူတစ်ယောက်ပါပဲ''

သူဌေးကြီး ဆွန်းဟို့က အရက်သောက်ရင်းက ပြောကြားလိုက်သည်၊

ချူးချင်းက လက်နှစ်ဘက်ဆုပ်ကာ အရိုအသေပြုလိုက်ရင်း....

''ဟုတ်ကဲ့၊ ဦးနဲ့အခုလို သိကျွမ်းရတဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ်၊ ကျွန်တော့်နာမည်က ချူးချင်းပါ၊ လိုစန်းတောင်က လာခဲ့တာပါ''

''ဩော်... မောင်ရင့်နာမည်က ချူးချင်းကိုး၊ တွေ့ရတာ အထူးပဲ ဝမ်းသာမိပါတယ်ကွယ်၊ တူမောင်က ဦးရဲ့ တူတော်



မောင်တစ်ယောက်နဲ့ ရုပ်ချင်း ချွတ်စွပ် တူနေတာကလား၊ ဒါကြောင့် ဦးက မောင့်ရင့်ကို မြင်မြင်ချင်း ခင်မင်မိတာပါ''

သူဌေးကြီး ဆွန်းဟို့က မျက်ခုံးနှစ်ဘက် မြှင့်လိုက်ရင်းက ပြောကြားလိုက်သည်။ ချူးချင်းက....

''ဟုတ်ကဲ့၊ ကျွန်တော်လဲ ဦးကို မြင်မြင်ချင်းပဲ ခင်မင်မိပါတယ်''

ထို့နောက် နှစ်ယောက်သားစားသောက်ရင်း ထွေရာလေးပါး ပြောဆိုနေမိကြသည်၊

အချိန်မှာ တဖြည်းဖြည်း အမှောင်ရိပ်များက သမ်းစ ပြုလာလေပြီ။

စားသောက်ဆိုင်ကြီး အဝမှ ကြီးမားသော ပိုးမီးအိမ်ကြီးနှစ်လုံးမှာလည်း မီးများ လင်းလက်လာပြီဖြစ်သလို ဆိုင်အတွင်း နှစ်ထပ်စလုံးမှာလည်း မီးရောင်များ လင်းလက်လာရသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မိတ်ဖွဲ့ပြောကြားကြရင်းမှ အတော်ကလေး ခင်မင်ရင်းနှီးသွားကြသည်၊

သူဌေးကြီး ဆွန်းဟို့မှာ ယဉ်ကျေးဖော်ရွေလှသူ တစ်ယောက်ဖြစ်ပြီး လူမှုရေး အထူးနားလည်ကာ စိတ်ကောင်းနှလုံးကောင်းရှိသူတစ်ယောက် ဖြစ်ဟန်တူပေသည်၊

ထို့ကြောင့်လည်း ဤမျှ ချမ်းသာကြွယ်ဝနေရခြင်းပင် ဖြစ်ရမည်ဟု ချူးချင်း တွေးလိုက်မိသည်။

စားသောက်နေရင်းနှင့် သူဌေးကြီး ဆွန်းဟို့က ဖော်ရွေသော အပြုံးမျိုးနှင့် တစ်ချက်ပြုံးလိုက်ပြီး....

"ကိုင်း....မောင်ရင့်ကို တစ်လက်စတည်း ဖိတ်ခေါ်ရဦးမယ်၊ အခု ဦးပြန်ရင် ဦးရဲ့စံအိမ်တော်ကြီးကို မောင်ရင် အလည်လိုက်ခဲ့စေချင်တယ်၊ ဟိုမှာ မောင်ရင့်ကို ဦးက ညစာနဲ့ ဂုဏ်ပြုဧည့်ခံဝတ် ပြုပါရစေလား"

ချူးချင်းက အားတုံ့အားနာ ဖြစ်သွားရကာ....

"ဦးရဲ့ ဖိတ်ခေါ်ချက်နဲ့ စေတနာကို ကျွန်တော် အထူး လေးစားပါတယ်....

"ကျွန်တော့်မှာကလဲ ဒီကနေ့ည မိုးသိကြားဘုံကျောင်းမှာ လူတစ်ယောက်နဲ့ တွေ့ဖို့ကိစ္စ ရှိနေလို့ပါ၊ နို့မဟုတ်ရင် ကျွန်တော် ဦးနဲ့ တစ်ပါတည်း လိုက်လာခဲ့ပါတယ်၊ နောက်နေ့မှ ဦးဆီကို ကျွန်တော်လာလို့ မဖြစ်ဘူးလား"

သူဌေးကြီး ဆွန်းဟို့က တဟဲဟဲ ရယ်မောလိုက်ရင်း....

"မောင်ရင်ပြောတဲ့ကိစ္စကို ဦးသိပါတယ်၊ မောင်ရင့်ကို ဦးက မိုးသိကြားဘုံကျောင်းမှာ ကတည်းက တွေ့ပြီးသားပါ၊ ဘုံကျောင်းထဲမှာ မောင်ရင်နဲ့ ကျောင်းစောင့်ကြီးတို့ နှစ်ယောက် အပြန်အလှန် ပြောနေတာတွေကို ဦး ကြားပြီးသားပါ....





"မောင်ရင် ဒီကနေ့ညမှာ နာမည်ကျော်ကြားလှတဲ့ သိုင်းလောကကြီးကို စောင့်ရှောက်သူလို့ ကျော်ကြားနေတဲ့ သိုင်းပညာရှင်ကြီးကို တွေ့ဆုံဖို့ကိစ္စ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"သူဟာ ဒီကနေ့ညမှာ ဘုံကျောင်းကို လာနိုင်မှာမဟုတ်ဘူးကွယ့်"

"ဟင်"

သူဌေးကြီး ဆွန်းဟို့စကားကြောင့် ချူးချင်းမှာ အလွန် အံ့အားသင့်သွားရကာ....

"ဘာဖြစ်လို့လဲ ခင်ဗျာ၊ သူက ဘာဖြစ်လို့ မလာနိုင်ရတာလဲ"

သူဌေးကြီးဆွန်းဟို့က တဟဲဟဲ ရယ်မောလိုက်ရင်းက မျက်ခုံးနှစ်ဘက် မြှင့်လိုက်ကာ....

"သူက ဦးရဲ့ဖိတ်ကြားချက်ကို လက်ခံထားလို့ပါ၊ ဒီကနေ့ညမှာ သူဟာ မိုးသိကြားဘုံကျောင်းကို မလာဘဲ ဦးရဲ့အိမ်ကို လာမှာဖြစ်တယ်၊ ဒါကြောင့် မောင်ရင့်ကို ဦးက ဖိတ်ခေါ်နေရတာပါ"

သူဌေးကြီး ဆွန်းဟို့စကားကြောင့် ချူးချင်းမှာ တွေခနဲ ဖြစ်သွားရသည်။

ချန်အန်းမြို့တွင် အလွန်ကြွယ်ဝချမ်းသာလှသော သူဌေးကြီး ဆွန်းဟို့မှာ စကားတစ်လုံးကို အရမ်းပြောမည်တော့ မဟုတ်ပေ။

သမာဓိရှိပြီး လိမ်ညာမည့်သူ တစ်ယောက်တော့ မဖြစ်နိုင်ပေ။ ချူးချင်းမှာ တွေခနဲဖြစ်ကာ စဉ်းစားလိုက်ရသည်။

မည်သို့ပင်ဖြစ်စေ သူဌေးကြီး ဆွန်းဟို့၏ စံအိမ်တော်သို့ လိုက်ပါသွားမှသာလျှင် သူတွေ့ဆုံလိုသော သိုင်းလောကကို စောင့်ရှောက်သူ အမည်ခံ အဘိုးအိုနှင့် တွေ့ရမည် ဖြစ်ပေသည်။

အဘိုးအိုကလည်း ကနေ့ည သူဌေးကြီး ဆွန်းဟို့အိမ်သို့ လာရောက်မည်ဟုဆိုထားပြန်သည်။

ထို့ကြောင့် ချူးချင်းမှာ ရွေးချယ်စရာနည်းလမ်းမရှိတော့ပေ။

အတန်ကြာစဉ်းစားနေလိုက်ပြီးမှ ချူးချင်းက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး....

"ကောင်းပါပြီ....ဦးနဲ့ကျွန်တော် လိုက်ခဲ့ပါမယ်"

ချူးချင်းစကားကြောင့် သူဌေးကြီးဆွန်းဟို့၏ မျက်နှာမှာ ဝင်းလက်ရွှင်ပြုံးသွားရကာ....

"ကိုင်း....ဒါဆိုရင်လဲ သွားကြစို့၊ တော်ကြာအဘိုးကြီးက အရင်ရောက်နေပြီး ဦးကိုဒေါပွနေဦးမယ်"



ထို့နောက် သူဌေးကြီးဆွန်းဟို့က ကျသင့်ငွေများ ရှင်းပေးလိုက်ပြီး ချူးချင်းကိုခေါ်ကာ ဆိုင်အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

ဆိုင်တံခါးဝသို့ရောက်သည်နှင့် အလွန် အဖိုးထိုက် အဖိုးတန်လှသော ရတနာများ စီခြယ်ထားသည့် မြင်းခြောက်ကောင် ဆွဲသည့် မြင်းရထားကြီးတစ်စင်းက ဆိုင်ရှေ့သို့ ဝေါခနဲ ရောက်ရှိလာခဲ့သည်။

မြင်းခြောက်ကောင်စလုံး မွန်ဂိုမြင်းညိုကြီးများဖြစ်ကြပြီး မြင်းရထားမောင်းသမားမှာလည်း အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားကာ ခမောက်ဝိုင်းကြီးတစ်လုံး ဆောင်းထားသည်။ လက်ထဲတွင် ကျာပွတ်ရှည်ကြီးတစ်ချောင်း ကိုင်ဆောင်ထားသည်။

"ဟဲ....ဟဲ....ဟဲ....ဒီ မြင်းရထားက ဦးရဲ့လက်စွဲတော် မြင်းရထားကြီးပဲ၊ ကိုင်း....တက်ပါမောင်ရင်"

သူဌေးကြီးဆွန်းဟို့ကပြောရင်း တံခါးကို သူကိုယ်တိုင် ဖွင့်ပေးလိုက်သည်။

နှစ်ယောက်စလုံး မြင်းရထားပေါ်ရောက်သည်နှင့် မြင်းရထားကြီးသည်ဆိုင်ရှေ့မှနေ၍မြားတစ်စင်းပစ်လွှတ်လိုက်သည့်အလား ဝေါခနဲ ပြေးထွက်သွားလေတော့သည်။

* * *

သူဌေးကြီးဆွန်းဟို ၏ စံအိမ်တော်ကြီးမှာ ချန်အန်းမြို့စွန်တွင် တည်ရှိနေသည်။

ခြံဝင်းတံတိုင်းမှာ မြင့်မားပြီး နှစ်ထပ်ဖြစ်ကာ ခြံဝင်းကြီးမှာ အထူးပင်ကျယ်ဝန်းလှသည်။

ပန်းဥယျာဉ်ကြီးများအလယ်တွင် သူဌေးကြီးဆွန်းဟို ၏ ခံ့ညားထည်ဝါလှသော စံအိမ်ကြီးကရှိနေသည်။

အိမ်ဂေဟာကြီးမှာ ရဲတိုက်ကြီးတစ်လုံးပမာ လှပစွာတည်ဆောက်ထားပြီး လက်သမား ဆရာကြီးများ၊ ပန်းရံဆရာအကျော်အမော်ကြီးများကလက်စွမ်းပြတည်ဆောက်ထားဟန်တူပေသည်။

“ဂျိမ်း.... ဂျိမ်း”

မြင်းရထားကြီးပြေးလွှားဝင်ရောက်လာသည်နှင့် ခြံတံခါးကြီးများမှာ အသံကြီးများ မြည်ဟည်းကာ ပွင့်ထွက်သွားသည်။

ထို့နောက် ရောင်စုံကျောက်ပြားကြီးများ ခင်းထားသည့် မြင်းပြေးလမ်းအတိုင်း မြင်းရထားကြီး တစ်ဟုန်ထိုး ပြေးနှင်သွားပြန်သည်။

မြင်းရထားမောင်းသမား လူထွားကြီးက ကျာပွတ်သံတရွှမ်းရွှမ်းပေးရင်း မြင်းရထားကိုနှင်လျက်ရှိ၏။



ပန်းဥယျာဉ်ကြီးများအတွင်း ဖြတ်သန်းသွားပြီးနောက် မကြာမီမှာပင် ကြီးမားထည်ဝါလှသော အဆောက်အအုံကြီးရှေ့တွင် မြင်းရထားက ရပ်တန့်သွားသည်။

ထို့နောက် သူဌေးကြီးဆွန်းဟို့က ချူးချင်းကိုအဆောက်အအုံကြီးအတွင်းသို့လိုက်လှဲဖော်ရွေစွာဖြင့် ခေါ်ဆောင်သွားသည်။

အဆောက်အအုံကြီးအတွင်း မီးရောင်များက လင်းထိန်နေသလို တေးသီချင်းများ သီဆိုနေသည်ကို တွေ့လိုက်ရသည်။

သူဌေးကြီးဆွန်းဟို့က ချူးချင်းကို ခန်းမဆောင်ကြီးအလယ်ရှိ ကြီးမားသောစားသောက်ပွဲကြီးဆီသို့ ခေါ်ဆောင်သွားသည်။

“ကျုပ် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးကတော့ ရောက်မလာသေးဘူး၊ သူ့ကိုဒီကပဲကျုပ်တို့နှစ်ယောက် စားသောက်ရင်း စောင့်ကြတာပေါ့”

“ကောင်းပါပြီခင်ဗျာ”

ချူးချင်းကပြောရင်း ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

စားသောက်ပွဲကြီးထက်တွင် အရက်အိုးမျိုးစုံ ဟင်းလျာပွဲမျိုးစုံတို့က စားပွဲကြီးပြည့်လုမတတ်ရှိနေ၏။

သူဌေးကြီးဆွန်းဟို့က ရွှေဖြင့်ပြုလုပ်ထားသော အရက်ခွက် အတွင်းသို့ အရက်များ လောင်းထည့်ပေးလိုက်ကာ....

"သုံးဆောင်လိုက်ပါဦးမောင်ရင်၊ ဒီအရက်က မျောက်ပံ့သွေးနဲ့ ဖော်စပ်ထားတဲ့အရက်ပဲ၊ ဒီအရက်ကို ဟွေမူဆိုးတွေ့ဆီကမှတစ်ဆင့် ရှားရှားပါးပါးရထားခဲ့တာ၊ သောက်ကြည့်လိုက်စမ်းပါဦး"

သူဌေးကြီး ဆွန်းဟို့ကညွှန်းနေသဖြင့် ချူးချင်းက အရက်အနည်းငယ်သောက်ကြည့်လိုက်ရာ အရသာမှာ ထူးခြားပြီး မွှေးကြိုင်သင်းပျံ့လှကြောင်းကို တွေ့လိုက်ရသည်။

"ဟုတ်ကဲ့၊ အရက်ကတော့ အတော့်ကို ကောင်းပါတယ်ဦး၊ ကျွန်တော် သောက်ဖူးသမျှ အရက်တွေထဲမှာတော့ အကောင်းဆုံးပါပဲ"

"အကောင်းဆုံး ဖြစ်ရမှာပေါ့လေ၊ အကောင်းဆုံး ဖြစ်ရမှာပေါ့၊ ဟဲ....ဟဲ....ဟဲ....ကျုပ်ကလဲ အကောင်းဆုံးဖြစ်အောင်လို့ ရှားရှားပါးပါး စီစဉ်ထားခဲ့တာပဲ"

သူဌေးကြီး ဆွန်းဟို့က ချူးချင်းစကားကြောင့် အလွန်သဘောကျသွားရပြီး တဟဲဟဲ ရယ်မောလိုက်ရင်းက ပြောကြားလိုက်သည်။

ပြီးနောက် သူဌေးကြီး ဆွန်းဟို့က တစ်စုံတစ်ရာကို သွားရောက် သတိရလိုက်ဟန်ဖြင့်....





"ကိုင်း....အခု ကျုပ်စံအိမ်တော်မှာရောက်နေတဲ့ ကချေသည်လေးတွေက မောင်ရင့်ကို ဖျော်ဖြေကြပါလိမ့်မယ်၊ သူတို့ရဲ့ ကကွက်တွေကိုကြည့်ပြီး အေးအေးဆေးဆေး စားသောက်ပါ၊ ကျုပ်စံအိမ်တော်ကြီးမှာ မောင်ရင့်အနေနဲ့ ဘာမှ အားနာနေစရာ မလိုပါဘူး"

"ဖြောင်း....ဖြောင်း....ဖြောင်း"

စကားဆုံးသည်နှင့် သူဌေးကြီး ဆွန်းဟို့က လက်ခုပ်သုံးချက်တီးပြီးအချက်ပေးလိုက်ရာ အခန်းတစ်ခန်းထဲမှ အနီရောင်ပိုးဂါဝန်ရှည်ကြီးများနှင့် မိန်းမချောလေးဆယ်ဦးထွက်ပေါ်လာကြပြီး စင်ပေါ်သို့တက်လာကြသည်။

မိန်းမချောလေးများကစင်ပေါ်သို့ရောက်သည်နှင့် သူဌေးကြီး ဆွန်းဟို့နှင့် ချူးချင်းတို့ကို အရိုအသေပြုလိုက်ကြသည်။

သူဌေးကြီး ဆွန်းဟို့က ကချေသည်မိန်းမချောလေးများကို....

"ကိုင်း....ဟောဒီက ငါ့မိတ်ဆွေ ချူးချင်းကို ဂုဏ်ပြုတဲ့အနေနဲ့ မင်းတို့ရဲ့ လိပ်ပြာယပ်တောင်ကကွက်တွေကို ကပြဖျော်ဖြေစမ်းပါ"

မိန်းမချောလေးများက သူဌေးကြီး ဆွန်းဟို့ စကားဆုံးသည်နှင့် အင်္ကျီလက်စများ ဝှေ့ယမ်းပစ်လိုက်ရာ သူမတို့၏ ဖော့ဖယောင်းပမာ ပျော့ပျောင်းချောမွတ်သော လက်ချောင်း

များအတွင်းသို့ ဆင်စွယ်ဖြင့်ပြုလုပ်ထားသော ယပ်တောင်ကလေးများ ရောက်ရှိလာသည်။

သူဌေးကြီး ဆွန်းဟိုကက အချက်ပေးလိုက်သည်နှင့် မိန်းမချောလေးများက ယပ်တောင်ကလေးများ ဝှေ့ယမ်းကာ စတင်ကပြလိုက်ကြသည်။

မိန်းမချောလေးများက ဒေါင်းမင်းသမီးယိမ်း နေစကြာကကွက်များနှင့် ကပြဖျော်ဖြေနေကြသည်။

ချူးချင်းမှာ မိန်းမချောလေးများ၏ နုးညံ့သိမ်မွေ့သော ကကွက်များကိုကြည့်ရင်း ချီးမွမ်းနေမိသည်။

သူဌေးကြီး ဆွန်းဟိုက ချူးချင်းအတွက် အရက်တစ်ခွက် ထပ်မံကမ်းပေးလိုက်ရင်းက....

''ဘယ့်နှယ်လဲမောင်ရင်၊ ကချေသည်လေးတွေရဲ့ ကကွက်တွေက အံ့မခန်း လောက်စရာ မကောင်းပေဘူးလား၊ မပြောင်မြောက်ပေဘူးလား''

ချူးချင်းက သူဌေးကြီး ဆွန်းဟို ကမ်းပေးလိုက်သော အရက်ခွက်ကို လှမ်းယူလိုက်ရင်း....

''ဟုတ်ကဲ့၊ သူတို့ကလေးတွေရဲ့ အနုပညာအရည်အသွေးကတော့ တကယ့်ကို ထူးခြား ပြောင်မြောက်လှပါပေတယ်ခင်ဗျာ၊ တကယ့်ကို ကြည့်ကောင်းလှပါတယ်''





သူဌေးကြီး ဆွန်းဟိုက တဟဲဟဲရယ်မောလိုက်ရင်း....

''ဟဲ... ဟဲ....ဟဲ၊ ဒါက မောင်ရင့်ကို တစ်ခမ်းတစ်နား ဂုဏ်ပြုကပြတဲ့ ကကွက်တွေ ဖြစ်နေလို့ ဒီလောက်တောင် ကောင်းနေတာကွယ့်၊ ကျုပ်က တော်ရုံလူတွေကို ကပြဖျော်ဖြေမှုနဲ့ ဧည့်ခံတာ မဟုတ်ဘူး၊ သူတို့က နောက်ထပ် ကကွက်အမျိုးမျိုးပြောင်းပြီး ကပြပါလိမ့်မယ်''

သူဌေးကြီး ဆွန်းဟို စကားမှာ မှန်ကန်လှပေသည်၊ မိန်းမချောလေးများက ဒေါင်းမင်းသမီး အက၊ နေစကြာကကွက်များ ပြီးဆုံးသည်နှင့် မြူခိုးဇေ့ခြည်အက၊ နှင်းဆီပန်း အက၊ ရွက်ကြွေလိပ်ပြာအက စသောအကများနှင့် ဆက်လက် ဖျော်ဖြေလိုက်ကြပြန်သည်၊

အကမျိုးစုံ စုံလင်သည်အထိ သူစောင့်မျှော်နေသည့် သိုဇီးလောကကို စောင့်ရှောက်သူအမည်ရှိ အဘိုးအိုက ပေါ်ကမလာသေးပေ။

ထိုအချိန်တွင် ချူးချင်းမှာ သူဌေးကြီး ဆွန်းဟို တိုက်ကျွေးဧည့်ခံသော အရက်ငါးခွက်ခန့်သောက်ပြီး ဖြစ်နေသည်။

ရှားပါးလှသောမျောက်ဝံသားမှာလည်းအထူးပင်အရသာတွေ့လှပေသည်။

ခန်းမဆောင်ကြီးအတွင်း သီဆိုသူက သီဆို၊ ကပြသူက ကပြနှင့် နတ်ဘုံနတ်နန်းကြီးပမာ ဖြစ်ပေါ်လျက် ရှိ၏။

**အချိန်**မှာ တဖြည်းဖြည်းနှင့် ကုန်ဆုံးလာပြီး ညဆယ်နာရီခန့်ပင် ရှိလာခဲ့ရလေပြီ။

သိုင်းလောကကို စောင့်ရှောက်သူ အမည်ရှိ အဘိုးအိုကြီး၏ အရိပ်အရောင်ကိုပင် မတွေ့ရသေးပေ။

ထို့ကြောင့် ချူးချင်းမှာ လည်ပင်းတဆန့်ဆန့်ဖြစ်နေရလေပြီ၊ နောက်ဆုံးတွင် ချူးချင်းမှာ စိတ်မရှည်တော့ဘဲ သူဌေးကြီးဆွန်းဟို့ကို ဖွင့်ပြောလိုက်ရတော့သည်။

"ဦး....ကျွန်တော်တို့ စောင့်နေတဲ့ အဘိုးကြီးလဲ နောက်မလာသေးပါလား"

သူဌေးကြီးဆွန်းဟို့က တဟားဟား ရယ်မောလိုက်ပြီး စူးရှတောက်လက်သော မျက်လုံးအစုံဖြင့် ချူးချင်းကို စူးစိုက်ကြည့်လိုက်သည်။

ထိုအကြည့်ကြောင့် ချူးချင်းရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

ယခင်အချိန်က စားသောက်နေကြစဉ် စကားပြောနေကြစဉ် တစ်ချိန်လုံး သူဌေးကြီးဆွန်းဟို့က သူ့ကို ဤသို့သော အကြည့်မျိုး တစ်ခါမှ မကြည့်ခဲ့ဖူးပါချေ။

ယခုမှ ပြောင်းလဲသွားသော သူဌေးကြီးဆွန်းဟို့၏ ထူးခြားသော အကြည့်ကြောင့် ချူးချင်းမှာ ရင်ထဲတွင် ထိတ်





ခနဲဖြစ်ကာ တစ်မျိုးတစ်မည် ခံစားလိုက်ရခြင်းပင် ဖြစ်ပေတော့သည်။

သူဌေးကြီး ဆွန်းဟို့က တဟားဟား ရယ်မောလိုက်ပြီးမှ....

"မောင်ရင်....ဒီမေးခွန်းမျိုးကို နောက်ထပ်မေးနေစရာ မလိုတော့ဘူးကွယ့်"

"ခင်ဗျာ....ဘာဖြစ်လို့လဲဦး"

ချူးချင်းမှာ သူဌေးကြီး ဆွန်းဟို့စကားကို အဓိပ္ပာယ်နားမလည်ဘဲ တအံ့တဩပြန်မေးလိုက်မိသည်။

သူဌေးကြီးဆွန်းဟို့၏ အပြုံးမှာ လျှို့ဝှက်နက်နဲလွန်းလှပေသည်။ သိပ်သည်းလွန်းလှပေသည်။

သူဌေးကြီး ဆွန်းဟို့က အေးစက်စက် တစ်ချက် ပြုံးလိုက်ရင်း....

"သိုင်းလောက စောင့်ရှောက်သူလို့ ခေါ်တဲ့အဘိုးကြီးဟာ ဒီကို ရောက်မလာနိုင်တော့ပါဘူး၊ တကယ်လို့ ရောက်လာရင်လဲ မောင်ရင်နဲ့သူ တွေ့နိုင်မှာ မဟုတ်တော့ဘူးကွယ့်"

ချူးချင်းမျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားရသည်၊ မျက်ခုံးအစုံမှာလည်း အထက်သို့ မြင့်တက်သွားရသည်၊

သူက သူဌေးကြီး ဆွန်းဟို့ပြောနေသော စကားများ၏ နက်ရှိုင်းသော အဓိပ္ပာယ်ကို သဘောပေါက် နားလည်စွမ်း မရှိသေးပေ၊

ချူးချင်းက သူဌေးကြီး ဆွန်းဟို့ကို စူးစိုက်ကြည့်လိုက်သည်။ သူဌေးကြီးဆွန်းဟို့ကလည်း ချူးချင်းကို အဓိပ္ပာယ်ကျယ်ဝန်းနက်ရှိုင်းသော အေးစက်စက်မျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်။

ချူးချင်းက သူဌေးကြီးဆွန်းဟို့ကို အံ့အားသင့်သောမျက်လုံးများဖြင့် စူးစိုက်ကြည့်ရင်း....

"ဦးပြောတာတွေကို ကျွန်တော်ကောင်းကောင်းသဘောမပေါက်ဘူး၊ ဦးပြောတော့ ဒီအဘိုးကြီးကို ဖိတ်ခေါ်ထားတယ်ဆို"

"ဟုတ်တယ်လေ၊ ငါကသူ့ကိုဖိတ်ထားတာပဲ၊ ဒါပေမယ့် သူရောက်လာတဲ့အချိန်မှာ မင်းက သူ့ကို တွေ့နိုင်မှာမဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုရင် မင်းကမကြာခင်မှာ လူသေတစ်ယောက်ဖြစ်တော့မှာ မို့လို့ပဲ"

"ဟင်"

ကြားလိုက်ရသော စကားကြောင့် ချူးချင်းအံ့အားသင့်သွားရသည်။ ကျောချမ်း ခါးပြမှန်းသိဆိုသလို ယခုမှ သူဌေးကြီးဆွန်းဟို့မှာ သူတော်ကောင်း ဟန်ဆောင်ထားသော





မိတ်ဆွေဟန်ဆောင်ထားသောရန်သူကြီးတစ်ယောက် ဖြစ်နေကြောင်းကို ချူးချင်းရိပ်စားလိုက်မိရလေပြီ။

သူအံ့အားသင့်နေစဉ်မှာပင် သူဌေးကြီး ဆွန်းဟို့က သရော်ပြုံး လှောင်ပြုံး တစ်ချက်ပြုံးလိုက်ပြီး....

"ချူးချင်း....မင်းမှာ ငါခတ်လိုက်တဲ့ပင့်ကူအဆိပ်မိသွားပြီ၊ ဒီအဆိပ်ဟာ အပြင်းထန်ဆုံး လျှို့ဝှက်ပင့်ကူနက် အဆိပ်ပဲ၊ ဒီလျှို့ဝှက် ပင့်ကူနက်အဆိပ်မိလိုက်တဲ့လူဟာ နာရီပိုင်းအတွင်း နှလုံးသွေးထဲကို အဆိပ်ရောက်သွားတာနဲ့ အသက်ရှုကျပ်ပြီး မချိမဆန့် သေသွားအန်သေရမှာပဲ၊ စောစောက မင်းသောက်လိုက်တဲ့အရက်ထဲမှာ လျှို့ဝှက်ပင့်ကူနက် အဆိပ်တွေပါတယ်၊ ဟား....ဟား....ဟား"

သူဌေးကြီးဆွန်းဟို့ အမည်ခံ ပင့်ကူနက်ဂိုဏ်းသားက ထိုကဲ့သို့ပြောကြားရင်းက သဘောကျသွားဟန်ဖြင့် သည်းလှိုက်အူလှိုက် ရယ်မောလိုက်သည်။

"ဟင်"

ချူးချင်းမှာ အံ့သြထိတ်လန့်သွားရကာ အသက်ကို ပြင်းပြင်း တစ်ချက် ရှူရှိုက်ပြီး အတွင်းအားနှင့် နှလုံးသွေးများကို စစ်ဆေးကြည့်လိုက်ရာ မိမိ၏ ခန္ဓာကိုယ်အတွင်း၌ ပြင်းထန်သော အဆိပ်တစ်မျိုး တိုးဖောက်လျက် ရှိနေပြီဖြစ်ကြောင်းကို စစ်ဆေးတွေ့ရှိလိုက်ရလေတော့၏။

ချူးချင်းမှာ ထောင်းခနဲဒေါသထွက်သွားရပြီး သူဌေးကြီးဆွန်းဟို့ကို စူးဝါးစွာ စူးစိုက်ကြည့်လိုက်ကာ....

"ဟင်....ခင်ဗျားဟာ လက်စသတ်တော့ ကလိန်ချုံကြီး တစ်ယောက်ပဲ၊ သူတော်ကောင်းဟန်ဆောင်ထားတဲ့ လူယုတ်မာကြီးတစ်ယောက် ဖြစ်နေပါလား၊ ခင်ဗျားကို ကျုပ်သတ်မယ်၊ ကိုင်း...."

စကားဆုံးသည်နှင့် ချူးချင်းက ဝုန်းခနဲခုန်ထကာ သူဌေးကြီး ဆွန်းဟို့ ကို ခုန်လွှားတိုက်ခိုက်ပစ်လိုက်သည်။

"ယား"

"ဖြောင်း"

သူဌေးကြီး ဆွန်းဟို့ ကလည်း ခုန်ထလိုက်ပြီး ရင်ဝဆီသို့ ဟူးခနဲ တိုးဝင်လာသည့် ချူးချင်း၏ လက်ဝါးကို သူ့လက်ဝါးဖြင့် ပြန်လည် ရိုက်ထုတ်ပစ်လိုက်သည်။

လက်ဝါးနှစ်ခု ဆုံတွေ့လိုက်ပြီး ဝုန်းခနဲ မြည်ဟည်းသွားရသည်။ ယင်းအချိန်မှာပင် စင်ပေါ်မှ ကပြဖျော်ဖြေနေကြသော ကချေသည် မိန်းကလေးများက လွှားဆင်းလာကြကာ ချူးချင်းကို ဝိုင်းရံ တိုက်ခိုက်လိုက်ကြသည်။

"ယား....ယား....ယား"

မိန်းမချောလေးများက ယပ်တောင်များကို ဝှေ့ယမ်းရင်း ချူးချင်း၏ ခန္ဓာကိုယ်မှ အရေးပါသော သွေးကြောနေရာများကို တိုက်ခိုက်လိုက်ကြသည်။

"ဝှစ်—ဝှစ်....ဝှစ်"

ချူးချင်းမှာ မိန်းမချောလေးများ၏ ပြင်းထန်သော တိုက်ခိုက်မှုများကို အမြန်ဆုံး ရှောင်တိမ်းပေးနေရသည်။





"ဖြောင်း....ဖြောင်း....ဖြောင်း"

ရုတ်တရက် သူဌေးကြီး ဆွန်းဟို့ က လက်ခုပ်သုံးချက် ဆင့်တီး၍ အချက်ပေးလိုက်ရာ အပြင်ဘက်မှ အနက်ရောင်ဝတ်စုံနက် သိုင်းသမားဆယ်ယောက် ပြေးဝင်လာကြပြီး ချူးချင်းကို ဝိုင်းရံ တိုက်ခိုက်လိုက်ကြပြန်သည်။

ချူးချင်းမှာ များပြားလှသော ရန်သူများကြားတွင် ပိတ်မိနေပြီး အတတ်နိုင်ဆုံး ကြိုးစားကာကွယ်ပေးနေရသည်။

ဓားလှံလက်နက်များမှာ သူ့ဝန်းကျင်တွင် ဖွေးဖွေးလက်တောက်ပနေသလို ဓားလေတိုးသံများမှာလည်း တစ်ဟူးဟူး ဖြစ်ပေါ်လျက် ရှိ၏။

ချူးချင်းမှာ သူဌေးကြီးဆွန်းဟို့ ကို အဓိကထား တိုက်ခိုက်နေသည်၊ သူသည် သူ့ကို လိမ်လည်လှည့်ဖျားကာ ခေါ်ဆောင်လာပြီးအဆိပ်ခတ် လုပ်ကြံသော သူဌေးကြီး ဆွန်းဟို့ ကို အတော်ကလေး ရှုံမုန်းမိကာ စိစိညက် ချေမှုန်းပစ်ရန် စိတ်ထဲမှ ရည်ရွယ်ထားမိသည်။

ထို့ကြောင့် သူက ဝိုင်းရံထားသည့်ကြားမှ အတင်းထိုးဖောက်ကာ သူဌေးကြီး ဆွန်းဟို့ ဆီသို့ မရောက်ရောက်အောင် ခုန်ပျံဝင်ရောက်ရင်း တရကြမ်း တိုက်ခိုက်နေမိသည်။

"ဝုန်း"

"ဖြောင်း"

သူဌေးကြီးဆွန်းဟို့ ၏ သိုင်းပညာအဆင့်ကလည်း မသေးငယ်လှပေ။ သူ၏ ပြင်းထန်သော အတွင်းအား လက်ဝါးရိုက်

ချက်များနှင့်အတူ ချူးချင်းကို တန်ပြန်တိုက်ခိုက်လျက် ရှိနေ၏။

ထို့ကြောင့် ချူးချင်းမှာ တစ်ဘက်က သူဌေးကြီး ဆွန်းဟို့နှင့် ပြင်းထန်စွာ တိုက်ခိုက်နေရသလို တစ်ဘက်မှလည်း အစောင့်သိုင်းသမားများ၊ ကချေသည် မိန်းကလေးများ၏ တိုက်ခိုက်မှုများကိုလည်း အထူး သတိထား ကာကွယ်ရှောင်တိမ်းပေးနေ၏။

သိုင်းကွက်နှစ်ရာကျော် တိုက်ခိုက်ပြီးနောက် ချူးချင်းမှာ ရုတ်တရက် မိုက်ခနဲဖြစ်သွားကာ မျက်လုံးများ ပြာဝေသွားရသည်။

ခန္ဓာကိုယ်ထဲမှ အဆိပ်တန်ခိုး စတင်ပြလာခဲ့လေပြီ။

"ဝုန်း"

ယင်းအချိန်မှာပင် သူဌေးကြီး ဆွန်းဟို့၏ လက်ဝါးရိုက်ချက် တစ်ချက်က ပခုံးတစ်ဘက်သို့ ဖြတ်ရိုက်မိလိုက်ပြီး ချူးချင်းမှာလည်း နောက်သို့ လွင့်စဉ်ထွက်သွားရသည်။

သူ ပြန်ထရန် ကြိုးစားလိုက်စဉ်မှာပင် သူ့ရင်ခေါင်းတစ်လျှောက် အောင့်တက်လာပြီး ခြေလက်များ မလှုပ်ရှားချင်သလို ဖြစ်သွားရသည်။

"ဝုစ်"

ရုတ်တရက် သူဌေးကြီးဆွန်းဟို့က သူ့ရှေ့သို့ လေတိုက်သလို ခုန်ပျံရောက်ရှိလာပြီး လက်ထဲမှ ဓားတစ်လက်ဖြင့် ချူးချင်း၏ လည်မျိုကို ထောက်ထားလိုက်သည်။



"ဟဲ... ဟဲ....ဟဲ၊ မင်းဘာတတ်နိုင်သေးသလဲ၊ အခုတော့ မင်း ငါ့လက်ထဲ ရောက်နေပြီ မဟုတ်လား"

သူဌေးကြီးဆွန်းဟို့က ပြောရင်း သူ၏ အစောင့်သိုင်းသမားများဘက်သို့ မျက်ရိပ်တစ်ချက် ပြလိုက်သည်။

ချူးချင်းမှာ အဆိပ်မိထားပြီး ဖြစ်သဖြင့် အားအင်များ တဖြည်းဖြည်း ဆုတ်ယုတ်လာရသလို ခေါင်းထဲမှာလည်း မူးဝေလာရသည်။

အစောင့်သိုင်းသမားနှစ်ယောက်က ချူးချင်းအနီးသို့ လျှင်မြန်စွာ ရောက်လာကြပြီး ချူးချင်းကို ကြိုးများဖြင့် တုပ်နှောင်ထားလိုက်ကြသည်။

ကြိုးနှင့် သေချာစွာ တုပ်နှောင်ထားလိုက်ပြီးနောက် သူဌေးကြီးဆွန်းဟို့က ချူးချင်းကို စူးစိုက်ကြည့်ကာ ဟဟားဟား ရယ်မောလိုက်ပြီး....

"ချူးချင်း....ငါတို့က အမှောင်လောက သခင်ကြီးဖြစ်တဲ့ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်ရဲ့ လက်ရုံးသိုင်းသမားတွေပဲ၊ ငါတို့ဟာ သိုင်းလောကမှာ ဘုရင်ကောရာဇ်တွေပဲ ဖြစ်တယ်....

"ငါတို့ကို သိုင်းလောကမှာ မော်ကြည့်ဝံ့တဲ့လူတွေတောင် မရှိဘူး၊ ငါတို့ သွေးပင့်ကူဂိုဏ်းချုပ်ကြီးကို အံတုပြီး စော်ကားဝံ့တာ မင်းတစ်ယောက်တည်းပဲ ရှိသေးတယ်....

ပန်းသက်ဆောင်စာပေ

"အခု မင်းကိုယ်ထဲမှာ ရောက်နေတဲ့ ပင့်ကူအဆိပ်ဟာ တဖြည်းဖြည်းပျံ့နှံ့လာပြီ၊ မင်းရဲ့နှလုံးသွေးတွေနဲ့ အဆိပ်ဟာ ပိုပြီး နီးလာပြီ၊ ဒါကြောင့် အဆိပ်တံခိုးတွေ ပြနေတာပဲ"

"စကားကြော ရှည်တယ်ဗျာ၊ ခင်ဗျား ဘာလိုချင်သလဲ၊ အမြန်ပြောစမ်းပါ"

ချူးချင်းက စိတ်မရှည်တော့ဘဲ ဆွန်းဟိုကို အော်ဟောက်ပြောကြားလိုက်သည်၊ ဆွန်းဟိုက လှောင်ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"မင်း သိပါတယ်ကွာ၊ ငါတို့လိုချင်တာ ဝံပုလွေဓား ခေါ်တဲ့ ရဘနာမြေပုံဓားပဲ၊ ဒီဓား ထုတ်ပေးမလား၊ ဒါမှမဟုတ် ဓားရှိတဲ့နေရာကို ပြောမလား၊ အဲဒီလိုမှမဟုတ်ရင် မင်းဟာ မကြာခင်မှာ ပင့်ကူအဆိပ်တက်ပြီး မချိမဆန့်သေရတော့မယ်"

ချူးချင်းက အေးစက်စက် တစ်ချက်ရယ်မောလိုက်ကာ....

"ဒီဓားကတော့ ခင်ဗျားတို့ လက်ထဲကို ဘယ်တော့မှ မရောက်ဘူးဆိုတာ မှတ်ထားပါ၊ ကျုပ်သေသွားတာတောင် ဒီဓားကို ရမှာမဟုတ်ဘူး"

"ဟိတ်ကောင်....မင်း တော်တော်ခေါင်းမာပါလား၊ မင်း အဆိပ်ဖြေဆေးလိုချင်ရင် ဓားဘယ်မှာရှိတယ်ဆိုတာ မြန်မြန်ပြော"

ချူးချင်းက ခေါင်းခါယမ်းလိုက်ရင်း....





"ကျုပ် ဘယ်တော့မှ မပြောဘူး၊ သေသွားလဲ ဂရုမစိုက်ဘူး"

"ဝုန်း"

ယင်းအချိန်မှာပင် အဆောက်အအုံ ခန်းမတံခါးကြီးမှာ ကြမ်းတမ်းစွာပွင့်ထွက်သွားပြီး လူနှစ်ယောက် ထွက်ပေါ်လာကြသည်။

တစ်ယောက်မှာ အနက်ရောင်ဝတ်ရုံလွှာကြီးကို ဝတ်ဆင်ထားပြီး တစ်ယောက်မှာ အညိုရောင်ဝတ်ရုံလွှာကြီးကို ဝတ်ဆင်ထားသည်။

အနက်ရောင်ဝတ်ရုံလွှာကြီးဝတ်ဆင်ထားသူမှာသွေးပင့်ကူဂိုဏ်းချုပ်ကြီးဖြစ်သူ သံမဏိနတ် ကျားပွတ် ကျူမင်ဖြစ်ပြီး အညိုရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်မှာ သွေးပင့်ကူဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်ပင် ဖြစ်ပေတော့သည်။

အမှောင်လောကသခင်ကြီး သံမဏိနတ်ကျားပွတ် ကျူမင်ကို ဖြုန်းခနဲ တွေ့မြင်လိုက်ရလျှင် ခန်းမဆောင်ကြီးအတွင်း ရောက်ရှိနေကြသူအားလုံးက ခါးများညွတ်ကာ အရိုအသေပြုလိုက်ကြရသည်။

"ဟိတ်....လူယုတ်မာကြီး၊ ထမင်းဝဝ စားထားကွ"

ချူးချင်းက ကျူမင်ကို တွေ့လိုက်သည်နှင့် စူးရှခက်ထန်သော လေသံဖြင့် အော်ဟောက်ပြောကြားလိုက်သည်။

ကျူမင်က အေးစက်စက်ရယ်မောရင်း....

"ဟဲ... ဟဲ၊ ငါက မသေနိုင်သေးပါဘူးကွ၊ မင်းကသာ မကြာခင်မှာ ပင့်ကူအဆိပ်ကြောင့် တစ်ကိုယ်လုံးမည်းပြာပြီး အသက်ပျောက်တော့မှာပါ"

ချူးချင်းက ကျူမင်ကို စူးစိုက်ကြည့်ရင်း....

"ခင်ဗျားဟာ တော်တော်ရက်စက် ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်မိဘတွေကိုလဲ ရက်ရက်စက်စက် သတ်ခဲ့တယ်၊ ကျုပ်ကိုလဲ အသုံးချဖို့ ကြိုးစားခဲ့တယ်၊ ဒီဝံပုလွေများကို ခင်ဗျား ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားလိုက်ပါ"

ကျူမင်က တဟဲဟဲရယ်မောရင်း....

"ခေါင်းမမာချင်စမ်းပါနဲ့ကွာ၊ ဘာဖြစ်လို့ ခေါင်းမာချင်ရတာလဲ၊ မင်းအသက်ကို မနှမြောဘူးလား၊ ဒီမြေပုံ ဘယ်မှာရှိတယ်၊ ဘယ်သူ့ဆီမှာ အပ်ထားသလဲ၊ ဒီအကြောင်းပြောပြရင် မင်း အသက်ချမ်းသာမှာပါ၊ ငါက ချက်ချင်း အဆိပ်ဖြေဆေး ထုတ်ပေးလိုက်မှာပါ"

ယင်းအချိန်မှာပင် ချူးချင်းခေါင်းထဲတွင် တရိပ်ရိပ် မူးတက်လာပြီး နားထဲတွင် လေသံများ တဝှီးဝှီး ကြားလာရသည်။

သူ့ ရင်ခေါင်းတစ်လျှောက် အောင့်တက်လာပြီး လည်ချောင်းတစ်လျှောက် ပျို့တက်လာသည်။

"ဝေါ့"



သူက မခံမရပ်နိုင်တော့သဖြင့် တစ်ချက်ထိုးအန်ကြည့်လိုက်ရာ ပါးစပ်ထဲမှ နီရဲသောသွေးတစ်ပွက်က ရုတ်ခြည်းထွက်ကျလာသည်။

"ဟား... ဟား....ဟား"

"ဟား....ဟား....ဟား"

ယင်းအဖြစ်အပျက်ကိုကြည့်ကာ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်နှင့် သွေးပင့်ကူဂိုဏ်းသားများက သဘောကျသွားကာတဟားဟား ရယ်မောလိုက်ကြသည်။

ချူးချင်းနားထဲတွင်မူ စူးစူးဝါးဝါးနိုင်လှသော ရယ်မောသံများမှာ မကောင်းဆိုးဝါးကောင်များ၏ ရယ်မောသံများ အလား စိတ်ထဲတွင် ထင်မှတ်လိုက်မိရလေသည်။

ကျူမင်က တဟားဟားရယ်မောလိုက်ပြီး....

"ချူးချင်း....မင်းက ငယ်ပါသေးတယ်၊ အခုမှ သိုင်းလောကထဲကို ဝင်မလို့ ကြံရွယ်ကာစပဲ ရှိသေးတယ်၊ ငါတို့မှာ သိုင်းလောကထဲကို နှံ့စပ်ပြီး အလွန်အစွမ်းကြီးမားတဲ့ သိုင်းဂိုဏ်းကြီးကိုတောင် တည်ထောင်ထားပြီးပြီ....

"ငါတို့ရဲ့ ဂိုဏ်းခွဲတွေဟာ နေရာအနှံ့အပြား၊ မြို့တိုင်းရွာတိုင်းမှာ ရှိနေတယ်၊ အခု ဒီချန်အန်းမြို့မှာလဲ အများကြီးပဲ၊ ဒီသူဌေးကြီး ဆွန်းဟို့ဟာလဲပဲ ငါတို့ရဲ့ သွေးပင့်ကူဂိုဏ်းက အားထားရတဲ့ ဂိုဏ်းဝင်တစ်ယောက်ပဲ"

ထို့နောက် ကျူမင်က ဆက်ပြောလိုက်ပြန်သည်။

"ချူးချင်း....မင်းကိုတော့ ငါသနားပါတယ်၊ မင်းမိဘတွေက ငါ့ရဲ့ဖိတ်ကြားချက်ကိုလက်မခံခဲ့တဲ့အပြင် ငါ့အင်မတန်အားဘားရတဲ့ ငါ့ရဲ့ လက်ရုံးသုံးယောက်ကိုလဲ သတ်ဖြတ်ခဲ့တယ်....

"ဒါကြောင့် ငါက မင်းရဲ့မိဘတွေကို သတ်ပတ်ခဲ့ရတယ်၊ မင်းကိုလဲ ကျူပင်ခုတ်ကျူငုတ်မကျန်ရလေအောင် အမြန်ဆုံးရှင်းပစ်မှဖြစ်မယ်။ ဒါပေမယ့် မင်းမှာ မျှော်လင့်ချက်တစ်ခုတော့ ရှိသေးတယ်။ ဝံပုလွေမားထုတ်ပေးမယ်ဆိုရင် မင်းအသက် ချမ်းသာရာရလိမ့်မယ်၊ ကိုင်း....ဘယ်လိုလဲ"

ချူးချင်းက ခေါင်းခါယမ်းလိုက်ကာ ခက်ထန်တင်းမာသော လေသံဖြင့်

"ခင်ဗျားလို လူယုတ်မာ တစ်ယောက်ရဲ့ လက်ထဲကို ဒီလိုအဖိုးတန်မားတစ်လက်ရောက်သွားရင် ကျားကိုအတောင်တပ်ပေးလိုက်သလိုဖြစ်သွားတော့မှာပေါ့....

"ခင်ဗျားလို ဒုစရိုက်သမားနဲ့ ဒီမားက မတန်ပါဘူး၊ ခင်ဗျားသိထားဖို့က ကျုပ်အသေခံသွားမယ်၊ မားတော့မရဘူး"

"ဟင်"

ကျူမင်မှာ တင်းမာပြတ်သားလှသော ချူးချင်းစကားကြောင့် ဒေါသခနဲဒေါသထွက်သွားရပြီး မျက်လုံးအစုံမှာ မီးဝင်းဝင်း တောက်လုမတတ် စူးရှ တောက်လက်သွားရသည်။





"ကိုင်း....ဒီလောက်ခေါင်းမာတဲ့ကောင် မြေတိုက်ခန်းထဲကို သွားပြီးထည့်ထားလိုက်စမ်းကွာ၊ မကြာခင်မှာ သူ့ဘာသာ ပင့်ကူအဆိပ်တက်ပြီး မချိမဆန့်သေသွားရလိမ့်မယ်"

ကျူမင်၏ အမိန့်ပေးသံဆုံးသည်နှင့် အစောင့် သိုင်းသမားများက ချူးချင်းကိုတွန်းထိုးဆွဲခေါ်သွားကြသည်၊

"ဂျိမ်း"

မြေတိုက်တံခါးကိုဖွင့်လိုက်သည်နှင့် အောက်သို့ နိမ့်ဆင်းသွားသော ကျောက်လှေကားထစ်များကို တွေ့လိုက်ရသည်။

မြေအောက်မှ ထွက်ပေါ်နေသော အနံ့အသက်များမှာ ဆိုးရွားလှပေသည်။

သွေးပင့်ကူဂိုဏ်းသားများက ချူးချင်းကိုမြေအောက်ခန်းသို့ ခေါ်ဆောင်သွားကြသည်။

"ကျွီ"

မြေတိုက်ခန်းကြီး တစ်ခုသို့အရောက် သိုင်းသမားများက တံခါးကိုဖွင့်လိုက်ပြီး ချူးချင်းကို အတွင်းသို့ ဆောင့်တွန်းထည့်ထားလိုက်ကြသည်။

"ဝုန်း"

ချူးချင်းမှာ မြေတိုက်ခန်းအတွင်းသို့ ပစ်လဲကျသွားရသည်။

မကြာမီမှာပင် သူသည်ခေါင်းထဲ၌မူးဝေနောက်ကျိလာပြီး သတိမေ့မျောသွားရလေတော့၏။

* * *

သူ မည်မျှကြာအောင် သတိမေ့မျောသွားသည်မသိ။

"အစ်ကို....အစ်ကို"

သူ့နားထဲသို့ခေါ်လိုက်သောအသံတစ်သံကြောင့်ပြန်လည် သတိဝင်လာရသည်။

သို့သော် သူက ခေါင်းမူးဝေ နောက်ကျိနေ၍ မျက်လုံးများ မဖွင့်နိုင်သေးပေ။

"ရော့အစ်ကို....ဒီဆေးလုံး မျိုချလိုက်"

အသံရှင်က ထပ်မံပြောလိုက်ပြန်သည်။ ချူးချင်းမှာအိပ်မက်မက်နေသလိုဖြစ်နေသည်။

အသံရှင်ကပြောပြီး ဆေးလုံးတစ်လုံးကို ချူးချင်းပါးစပ်ထဲ ထည့်ပေးလိုက်သည်။

ချူးချင်းကဝေဒနာဆိုးခံစားနေရသဖြင့် ဘာမျှမစဉ်းစားတော့ဘဲပါးစပ်ထဲရောက်လာသော ဆေးလုံးကို မျိုချပစ်လိုက်သည်။

ဆေးလုံးမှာ အလွန်အစွမ်းထက်လှပေသည်။ ဆေးသောက်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် သူ စောစောကခံစားနေရသော ဝေဒနာများ၏ သုံးပုံနှစ်ပုံခန့်မှာ ပျောက်ပြီးသက်သာသွားရသည်။

သို့သော် အဆိပ်က အလျဉ်းတော့ပျောက်မသွား။ အနည်းငယ် ဆက်လက်ခံစားနေရဆဲဖြစ်၏။

သူက ဝေဒနာသက်သာပြီးမျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ရာ---





"ဟင်....မေဝှား"

သူက ဆေးတိုက်ကျွေးလိုက်သူကို တွေ့လိုက်ရသောအခါ အထူးပင့်အံ့အားသင့်သွားရပြီး နှုတ်မှ ရေရွတ်လိုက်မိသည်၊

မှန်ပေသည်။

သူ့ကို ရောဂါဝေဒနာ သက်သာရလေအောင် ဆေးလုံးလာရောက်တိုက်ကျွေးသူမှာ အခြားမဟုတ်ဘဲ ကျူမင်၏သမီးချောကလေး သွေးနှင်းဆီမယ် မေဝှားဖြစ်နေ၏။

"ဟုတ်ပါတယ်အစ်ကို....ညီမပါ"

မေဝှားက ချူးချင်းကို စိုးရိမ်တကြီးနှင့်ကြည့်ရင်းက ပြောလိုက်သည်၊ ချူးချင်း အံ့အားသင့်နေစဉ်မှာပင် မေဝှားက....

"အစ်ကို ဘာမှမစိုးရိမ်ပါနဲ့၊ ဖေဖေမသိအောင် ညီမ အစ်ကို့ကို လာကယ်တာ၊ အစ်ကို ဒီကနေ လွတ်အောင် ညီမ ကူညီပေးမယ်"

မေဝှားကပြောရင်း ချူးချင်းကိုယ်ပေါ်မှ ကြိုးများကို ဓားနှင့် ဖြတ်တောက်ပေးလိုက်သည်။

မေဝှားတိုက်သော ဆေးလုံးမှာ ပင့်ကူနက် အဆိပ်ဖြေဆေးမဟုတ်ပေ။ ခံစားနေရသော ရောဂါဝေဒနာ သက်သာသွားရုံအဆင့်လောက်သာ ရှိသည်။ အဆိပ်ဖြေဆေးမှာ ကျူမင်ထံတွင် ရှိနေ၍ ရရှိရန် မလွယ်ကူလှပေ။

"ကိုင်း....အစ်ကို၊ အချိန်ရှိတုန်းညီမတို့ပြေးကြရအောင်"
"ဟင်....ညီမလိုက်မလို့လား"
"လိုက်ခဲ့မယ်အစ်ကို၊ ဒီမကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကို မေဝှား မနှစ်မြို့တော့ဘူး၊နဂိုကတည်းက မေဝှားဒီအလုပ်တွေကို မကြိုက်တာပါ"

"ကိုင်း....ဒါဆိုရင် သွားကြရအောင်"

ထို့နောက် နှစ်ယောက်သား အပေါ်သို့ တက်လာခဲ့ကြသည်။ ညဉ့် နှစ်ချက်တီး ကျော်ပြီဖြစ်၏၊ ခန်းမဆောင်ကြီးတစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေ၏။

နှစ်ယောက်သား အစောင့်များ မရိပ်မိရအောင် ကိုယ်ဖော့ပညာသုံးကာ အပြင်သို့ ထွက်လာခဲ့ကြသည်။
မကြာမီ သူတို့သည် စံအိမ်ကြီးအပြင်ဘက် ပန်းဥယျာဉ်ကြီးအတွင်းသို့ ထွက်လာခဲ့ကြသည်။

"ဝှစ်....ဝှစ်....ငှစ်"
"ဟူး....ဟူး....ဟူး"
"ဖလပ်....ဖလပ်....ဖလပ်"

ရုတ်တရက် သူတို့ဝန်းကျင်မှ အဝတ်လေတိုးသံပေါင်းများစွာ ထွက်ပေါ်လာပြီး လေးဘက်လေးတန်တွင် လူရိပ်သဏ္ဌာန်များ ထွက်ပေါ်လာကြသည်။





"ဟား....ဟား....ဟား"
"ဟား....ဟား....ဟား"
ဝိုင်းရံထားသူများက သူတို့နှစ်ယောက်ကို ကြည့်ကာ သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်ကြသည်။

ချူးချင်းနှင့် မေဝှားတို့က ဝိုင်းရံထားသူများကို ကြည့်လိုက်ရာ ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်၊ ကိုယ်ပျောက်ပင့်ကူလေးဖော်၊ သူဌေးကြီးဆွန်းဟိုနှင့် သွေးပင့်ကူဂိုဏ်းသားများဖြစ်နေကြသည်ကို တွေ့လိုက်ရလေတော့၏။

"ဂိုဏ်းခွဲမှူးကြီးဖန်းပူဖိန်က မေဝှားကို ချူးချင်းနှင့်အတူ တွေ့လိုက်ရလျှင် လွန်မင်းစွာ စိတ်ဆိုးသွားပြီး....

"ဟိတ်....မေဝှား၊ မင်းက ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အာဏာကို ဖီဆန်ပြီး သစ္စာဖောက်တာလား"
"မေဝှားက နှုတ်ခမ်းထောင့်ကိုတွန့်လိုက်ရင်း စူးရှသောလေသံဖြင့်....
"ဒါကတော့ ရှင်ထင်ချင်သလို ထင်နိုင်တယ်၊ အစ်ကိုချူးချင်းကိုတော့ ရှင်တို့လက်ထဲမှာ အသေမခံနိုင်ဘူး"
"တောက်"
ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်မှာ ခံပြင်း ဒေါသထွက်စွာဖြင့် တောက်သံပြင်းပြင်း ခေါက်လိုက်ကာ....

"ဟိတ်....မေဝ္ဝား၊ မင်းကငါ့ကို အံတုပြီး သစ္စာဖောက်တာလား၊ သစ္စာဖောက်သူမှန်သမျှ ဘယ်လိုဘဝမျိုးရောက်သွားမယ်ဆိုတာ မင်းသိဘယ်မဟုတ်လား၊ မင်း သူ့ကိုထားရစ်ခဲ့ပြီး ဒီနေရာကနေ ခုချက်ချင်း ထွက်သွားလိုက်ပါ"

"မသွားဘူး၊ ကျွန်မမသွားဘူး၊ ရှင့်ကိုသတ်ပြီးတော့မှ ကျွန်မသွားမယ်"

"ယား"

စကားအဆုံး မေဝ္ဝားက ကြောင်ရိုင်းမ တစ်ကောင်အလား ခုန်ပျံကာ ခါးကို တရစပ် ဝှေ့ယမ်းရင်း ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်ကို ပြင်းထန်စွာ တိုက်ခိုက်လိုက်လေတော့၏။

"ဝှစ်....ဝှစ်....ဝှစ်"

"ဝှီး....ဝှီး....ဝှီး"

ခါးရိပ်ခါးငွေ့များသည် ဖန်းပူဖိန်တစ်ကိုယ်လုံးကို ပိုက်ကွန်ကြီး တစ်ခုပမာ အုပ်ဆိုင်းထားလိုက်လေ၏။

ဖန်းပူဖိန်ကလည်း မေဝ္ဝားခုန်ပျံဝင်လာသည်နှင့် သူ့ခါးကို အသင့်ပြင်ထားလိုက်ပြီး လေပြီ။

သူ၏ ကွေ့ကွေ့ကောက်ကောက် အရုပ်ဆိုးလှသော မြွေခါးနှင့် မေဝ္ဝား၏ ခါးတို့မှာ ပြင်းထန်စွာ ထိခတ်မိလိုက်





ပြီး မီးများပွင့်ထွက်သွားရသည်။ မေဝ္ဝားမှာ ဂိုဏ်းချုပ်ကြီးကျူမင်၏ မွေးစားသမီးဖြစ်သဖြင့် ဖန်းပူဖိန်မှာ အရမ်းမတိုက်ခိုက်ဝံ့ပေ။

ထို့ကြောင့် ဖန်းပူဖိန်မှာ မေဝ္ဝားကိုညှာတာတိုက်ခိုက်နေရပြီး အတတ်နိုင်ဆုံး ရှောင်တိမ်းပေးနေရသည်။

ယင်းအချိန်မှာပင် ချူးချင်းကမာန်သွင်းလိုက်ပြီး မေဝ္ဝားဘက်မှ ပါဝင်ကာ ဖန်းပူဖိန်ကို ဝင်ရောက် တိုက်ခိုက်လိုက်သည်၊

"ဝှီး"

ချူးချင်း၏ပြင်းပြသောလက်ဝါးရိုက်ချက်ကို ဖန်းပူဖိန်မှာ အတတ်နိုင်ဆုံး ကြိုးစားရှောင်တိမ်းပေးလိုက်ရသည်၊

ပြီးနောက် တခါိန်တည်းမှာပင် ဒေါသအလွန်ကြီးနေသော ဖန်းပူဖိန်သည် ခန္ဓာကိုယ်ကိုဝှီးခနဲလှည့်ပတ်လိုက်ပြီး ချူးချင်း၏ ရင်ဝကို ပြင်းထန်သော အဆိပ်လက်ဝါးဖြင့် ရိုက်ပစ်လိုက်သည်၊

"ဝှီး"

"အစ်ကိုသသိထား၊ အဆိပ်လက်ဝါး"

ရုတ်တရက် မေဝ္ဝားက အော်ဟစ်ရင်းစိုးရိမ်တကြီးဖြင့်ဖန်းပူဖိန်နှင့် ချူးချင်းကြားသို့ အတင်းဖြတ်ဝင်လာကာ ဖန်းပူဖိန်

၏ ပြင်းထန်သော အဆိပ်လက်ဝါးရိုက်ချက်ကို သူမ၏ လက်ဝါးအစုံဖြင့် ကာစကွယ်ပေးလိုက်သည်။

"ဖြောင်း"

"ဝုန်း"

"အား"

ပြင်းထန်သောလက်ဝါးရိုက်ချက်ကြောင့် မေဝှားမှာ စူးရှစွာ အော်ဟစ်ရင်း နောက်သို့လွင့်စဉ်ထွက်သွားရသလို ချူးချင်းမှာလည်း မေဝှား တွန်းထုတ်လိုက်သော အရှိန်ကြောင့် နောက်သို့ယိမ်းယိုင်ထွက်သွားရသည်။

မေဝှားမှာ နောက်သို့လွင့်စဉ်ထွက်သွားရပြီး မြေပေါ်တွင် လဲကျသွားရသည်။

ချူးချင်းက စိုးရိမ်တကြီးနှင့် မေဝှားကို ပြေး၍ပွေ့ထူကြည့်လိုက်သည်။

မေဝှား၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ဖန်းပူဖိန်၏ အဆိပ်လက်ဝါးရိုက်ချက်ကို မမျှော်လင့်ဘဲ အရိုက်ခံလိုက်ရသဖြင့် အတွင်းဒဏ်ရာ ပြင်းထန်စွာရရှိသွားရလေပြီ။

"ဟင်"

ဖန်းပူဖိန်ကိုယ်တိုင်မှာလည်း ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သွားရသောကြောင့် အလွန်အမင်း အံ့သြ ထိတ်လန့်ကာ နောက်သို့ ခုန်ဆုတ်လိုက်မိသည်။





သူသည် တစ်စုံတစ်ရာကို တွေးတောမိပြီး ထိတ်လန့်ကာ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားရလေသည်။

"အဟွတ်....အဟွတ်....အဟွတ်"

မေဝှားသည် ချောင်းတဟွတ်ဟွတ်ဆိုးလာပြီး ပါးစပ်မှ သွေးများအန်ထွက်လာရသည်။

နှုတ်ခမ်းကလေးများ တလှုပ်လှုပ်ဖြစ်လာပြီး တစ်စုံတစ်ရာကို ဖွင့်ပြောလိုက်ဟန်တူသည်။

"ညီမ....ဘာမှမပြောမနေနဲ့တော့ မောနေရယ်"

ချူးချင်းက သူမရင်ကို လက်ဖြင့်အသာဖိထားရင်း ပြောလိုက်သည်။

မေဝှားကအားတင်းရင်း....

"ညီမ သေရတော့မှာပါ အစ်ကိုရယ်၊ ဒီအဆိပ်လက်ဝါးအကြောင်း မေဝှားကောင်းကောင်းသိပါတယ်၊ မေဝှားမနေရတော့ပါဘူး"

"အို....ညီမ ဘာမှမဖြစ်စေရဘူး၊ အခုပဲ အစ်ကို ညီမကို ခေါ်သွားပြီး ဆေးကုပေးမယ်"

မေဝှားက ခေါင်းကလေးခါယမ်းပြလိုက်ကာ....

"မဖြစ်နိုင်ပါဘူးအစ်ကိုရယ်၊ မေဝှားကိုယ်ကို မေဝှားပဲ သိပါတယ်"

မေဝှားကပြောရင်း မျက်ရည်များစီးကျလာသည်။ သူမက ချူးချင်း၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ဖန်းပူဖိန်နှင့် သွေးပင့်ကူဂိုဏ်းသားများမှာလည်း မမျှော်လင့်သောဖြစ်ရပ်ကြောင့် ကြောင်အမ်းအမ်း ဖြစ်နေကြရလေ၏။

မေဝှားသာ တစ်စုံတစ်ခု ဖြစ်သွားပါက ဖန်းပူဖိန်တစ်ယောက်ကျူမင်၏လက်ချက်ဖြင့် သက်သာလိမ့်မည် မဟုတ်ပေ။

မကြာမီ မေဝှားသည် အားနည်းလာကာ အမောဖောက်လာသည်။

ပါးစပ်မှကျလာသောသွေးများပင် ညိုညစ်ညစ်ဖြစ်လာသည်။

"အစ်ကို"

"ဟင်"

"ညီမကိုချစ်ရဲ့လားဟင်"

"ချစ်ပါတယ်ညီမရယ်"

"ညီမ....အစ်ကို့ကို အသက်နဲ့ရင်းပြီး ချစ်....ချစ်"

မေဝှားက စကားကို ဆုံးအောင်ပင် မပြောနိုင်ရှာတော့။ စကားမဆုံးမီမှာပင် ပါးစပ်ထဲမှ သွေးတစ်ပွက် အန်ထွက်ကျ





လာပြီးနောက် ချူးချင်းလက်ပေါ်မှာပင်အသက်ပျောက်သွားရလေတော့သည်။

"ဟင်....ညီမ....ညီမ"

ချူးချင်းကစိုးရိမ်တကြီးခေါ်လိုက်သော်လည်း မေဝှားက ပြန်လည်မထူးနိုင်တော့ပေ။

သူမက အလွန်ချစ်သော ချူးချင်းနှင့်တကွ လူ့လောကကြီး တစ်ခုလုံးကို ကျောခိုင်းသွားခဲ့ပြီဖြစ်၏။

"ဟင်"

ချူးချင်းမှာ မေဝှား အသက်ဆုံးနေပြီကိုတွေ့လိုက်ရသောအခါ အထူးပင် ဝမ်းနည်းကြေကွဲမိကာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိရလေ၏။

"တောက်"

သူက အံကိုကြိတ်လိုက်ရင်း မတ်တတ်ရပ်ကာ ဖန်းပူဖိန်ကို ရင်ဆိုင်လိုက်သည်။

"ဖန်းပူဖိန်....ခင်ဗျားဟာ တော်တော်ယုတ်မာ ရက်စက်တဲ့ လူပါလား၊ ခု ဒီမှာကြည့်စမ်း၊ မေဝှားသေသွားပြီဗျ၊ ဒါ....ဒါ ခင်ဗျားလက်ချက်၊ ခင်ဗျားလက်ချက်၊ ခင်ဗျားကို ကျုပ်သတ်မယ်"

"အေး....ငါကလဲ မင်းကိုသတိမှာပါပဲ၊ ကိုင်း...."

စကားဆုံးသည်နှင့် ဖန်းပူဖိန်က အဆိပ်လက်ဝါးကိုဝှီးခနဲ ဝှေ့ယမ်းလိုက်ကာ ချူးချင်းထံသို့ လွှားဝင်လိုက်သည်။

"ယား"

"ဝှီး"

ချူးချင်းကလည်း ဖန်းပူဖိန်ကို အသေတိုက်ခိုက်တော့မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ရာ လေထဲသို့လွှားတက်ပြီး လက်ဝါးနှစ်ဘက်ကို ရှေ့သို့ဆန့်ထုတ်ပစ်လိုက်သည်။

"ဟူး"

"ဝှီး"

ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် ဖန်းပူဖိန်မှာ အလွန်သဘောကျသွားရပြီး စိတ်ထဲမှကျိတ်၍ရယ်မောလျှောင်ပြောင်လိုက်မိသည်။

သူ၏ ပြင်းထန်သော အဆိပ်လက်ဝါးရိုက်ချက်နှင့်သာ ဆုံတွေ့လိုက်ပါက ချူးချင်းတစ်ယောက် မေဝှားကဲ့သို့ မခံမဆန့်ဝေဒနာခံစားရကာသွေးတပွက်ပွက်အန်ပြီး ချက်ချင်းအသက်ပျောက်သွားရမည် ဖြစ်ပေသည်။

ထို့ကြောင့် ဖန်းပူဖိန်က ၎င်းသမျှ အတွင်းအားများကို စုစည်းကာ လက်နှစ်ဘက်ဆီသို့ ပို့လွှတ်ပြီး ပြင်းထန်သော



အဆိပ်လက်ဝါးရိုက်ချက် တစ်ချက်တည်းဖြင့် ချူးချင်း တစ်ယောက် နှလုံးကွဲအက်ကြေမွကာ ဇီဝိန်ချုပ်သွားစေရန် ရိုက်ပစ်လိုက်လေတော့၏။

"ယား"

"ဝှီး"

"ဝုန်း"

ထိုသို့ နှစ်ယောက်သား ပြင်းထန်စွာရင်ဆိုင်ပြီး လက်ဝါးချင်း ထိခတ်တွေ့ဆုံလုဆဲဆဲ အချိန်ကလေးမှာပင် ရုတ်တရက် လျှပ်ပြက်သလို ဝင်းလက်သွားပြီး လူရိပ်တစ်ရိပ်က သူတို့နှစ်ယောက်ကြားသို့ ထိုးဝင်ရောက်ရှိလာကာ ဖန်းပူဖိန်၏ လက်ဝါးကို ကြားမှနေ၍ ရိုက်ထုတ်ပစ်လိုက်သည်။

"အိုး"

ဖန်းပူဖိန်မှာ ထိုမမျှော်လင့်ဘဲ ဝင်လာသည့်လူ၏လက်ဝါးရိုက်ချက်ကြောင့် လက်နှစ်ဘက်စလုံး ကျိုးကြေလုမတတ်ခံစားလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့ကာစူးဝါးစွာဖြင့် တစ်ချက် အော်ဟစ်လိုက်သည်။

အော်ဟစ်လိုက်ပြီးသည်နှင့် ဖန်းပူဖိန်သည် နေခက်သို့ လွင့်စဉ်ထွက်သွားရလေသည်။

"ဟင်"

"ဟာ"

"အို"

မမျှော်လင့်သောဖြစ်ရပ်ကြောင့် နံဘေးမှ ကြည့်နေကြသူများပင် တဟာဟာ တဟင်ဟင်ဖြစ်ကာ တိတ်သန့်အံ့ဩသွားကြရတော့၏။

ချူးချင်းကိုယ်တိုင်မှာလည်း မိမိမျက်စိကိုပင်မိမိမယုံကြည်နိုင်သေးကာအောင် ဖြစ်သွားရသည်။

သူတို့နှစ်ယောက်ကြားသို့ ရုတ်တရက် ဖြတ်ဝင်ပြီး တိုက်ခိုက်နိုင်စွမ်းရှိသူမှာ တော်ရုံသိုင်းပညာမျိုးနှင့် မဖြစ်နိုင်ပါချေ။

ထို့ပြင် အဆိပ်လက်ဝါးသခင် ဖန်းပူဖိန်လို လူမျိုးကို နောက်သို့ လွင့်စဉ်သွားအောင် တိုက်ခိုက်နိုင်စွမ်း ရှိသည်မှာလည်း ထိပ်တန်းအဆင့်ထက်ကျော်လွန်သော ပုဂ္ဂိုလ်မျိုးမှသာလျှင် စွမ်းဆောင်နိုင်ပေလိမ့်မည်။

ဖန်းပူဖိန်ရော ချူးချင်းပါ မမျှော်လင့်ဘဲ ရောက်လာပြီး တိုက်ခိုက်သူကို စူးစိုက်ကြည့်လိုက်မိသည်။

လေတိုက်သလို၊ ကြယ်ကြွေသလိုဖြတ်ဆင်းရောက်ရှိလာသူမှာ တစ်ကိုယ်လုံး စိန်ပွင့်ကလေးများ တဖျပ်ဖျပ်တောက်ပနေသကဲ့သို့ တောက်လက်နေသော အနက်ရောင် ညခရီးသွားကိုယ်ကျပ်ဝတ်စုံကို ဝတ်ဆင်ထားသည်။





မျက်နှာမှာလည်း မျက်နှာဖုံးစွပ်ထားရာ မည်သူမည်ဝါမှန်း မသိရပေ။

ထို မျက်နှာဖုံးစွပ်သိုင်းသမား၏လက်ချက်ဖြင့် ဖန်းပူဖိန်မှာ အတော်ကလေး ခံလိုက်ရသည်။

သူ့လက်မောင်းနှစ်ဘက်မှာ အရိုးများ ကျိုးကြေလုမတတ် ပြင်းထန်သော ဝေဒနာကို ခံစားနေရသည်။

ထို့ကြောင့် ဖန်းပူဖိန်မှာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့လျက်ရှိနေရလေ၏။

ဖန်းပူဖိန်၏ ပြင်းထန်လှသော အဆိပ်လက်ဝါး ရိုက်ချက်နှင့် ထိထိမိမိကြီး ဆုံတွေ့လိုက်ရသော်လည်း ထိုမျက်နှာဖုံးစွပ်သိုင်းသမားမှာ မည်သို့မျှ ဖြစ်သွားဟန် မတူပေ။

"ဟိတ်....မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ငါတို့ လုပ်ငန်းကို ဝင်ရှုပ်ရတာလဲ"

ဖန်းပူဖိန်က ထိုမျက်နှာဖုံးစွပ်သိုင်းသမားကို စူးရှခက်ထန်သော လေသံဖြင့် အော်ငေါက်ပြောကြားလိုက်သည်။

မျက်နှာဖုံးစွပ် သိုင်းသမားက အေးစက်စက်လေသံဖြင့် တဟဲဟဲ ရယ်မောလိုက်ပြီး....

"ဟဲ....ဟဲ....ဟဲ၊ ငါဘယ်သူလဲဆိုတာ မင်းသိဖို့ မလိုပါဘူး၊ ငါ့အလုပ်က ချူးချင်းကို ဒီနေရာကနေ ကယ်ထုတ်သွားဖို့ပဲ"

"ဟင်"

ဖန်းပူဖိန်မှာ ထိုသူ၏ စကားကြောင့် ယောင်းခနဲ ဒေါသထွက်သွားရပြီး....

"ကောင်းပြီ၊ မင်းမှာ အစွမ်းဘယ်လောက် ရှိသလဲဆိုတာ ကြည့်ရသေးတာပေါ့၊ ကိုင်း—"

စကားဆုံးသည်နှင့် ဖန်းပူဖိန်က အတွင်းအားစုစည်းကာ ထိုသူ့ ထံသို့ ခုန်ပျံဝင်ရောက်ရင်း ပြင်းပျသော လက်ဝါး ရိုက်ချက်ဖြင့် ဟူးခနဲ ရိုက်ချပစ်လိုက်လေသည်။

"ယား"

"ဝိုး"

ထိုမျက်နှာဖုံးစွပ် သိုင်းသမားကမူ လုံးဝ မတုန်မလှုပ်၊ လှုပ်မယှက်နှင့် ကျောက်ရုပ်တစ်ရုပ်ပမာ ရှိနေသည်။

ဖန်းပူဖိန် သူ့ရှေ့သို့ ရောက်လာကာမှ လက်ဝါးနှစ်ဘက်ကို ဇွေ့ယမ်းကာ တိုက်ခိုက်ပစ်လိုက်သည်။

"အား"

"ဖြောင်း"

"ဝုန်း"

လက်ဝါးရိုက်သံနှင့်အတူ ဖန်းပူဖိန်မှာ လေထဲသို့ မြောက်တက်သွားသည်။





"အား"

စူးရှကျယ်လောင်လှစွာ အော်ဟစ်လိုက်သော ဖန်းပူဖိန်၏ အသံနက်ကြီးကလည်း ကြောက်ခမန်းလိလိ ပေါ်ထွက်လာသည်။

"ဘုန်း"

လေထဲသို့ တစ်ချက်မြောက်တက်သွားပြီးနောက် ဖန်းပူဖိန်မှာ မြေပေါ်သို့ ဝုန်းခနဲ ခွေးကျ ကျလာသည်။ ခွေးကျ ကျလာပြီးနောက် ဖန်းပူဖိန်မှာ တစ်ကိုယ်လုံး အကြောဆွဲသလို တတွန့်တွန့် တလိမ်လိမ်ဖြစ်ကာ ပါးစပ်မှ ညိုမည်းသောသွေးများ အခဲလိုက် အခဲလိုက် အန်ကျပြီး အသက်ပျောက်သွား ရလေတော့၏။

"ဟာ"

"ဟင်"

ဖန်းပူဖိန် မချိမဆံ့ အသက်ပျောက်သွားသည်ကို မြင်လိုက်ရလျှင် နံဘေးမှ ရပ်ကြည့်နေသော ကိုယ်ပျောက်ပင့်ကူလေးဖော်၊ သူဌေးကြီးဆွန်းဟို့နှင့် သွေးပင့်ကူဂိုဏ်းသားများမှာ ထိတ်လန့်အံ့သြသွားကြရတော့၏။

ယခုရောက်နေသော သူတို့လူစုထဲတွင် ဖန်းပူဖိန်မှာ ဝါအရင့်ဆုံးနှင့် သိုင်းပညာအဆင့် အမြင့်မားဆုံးဖြစ်သည်။

ယခု ဖန်းပူဖိနပ် မရှုမလှ သေဆုံးသွားသည်ကို မြင်လိုက်ရသောကြောင့် သူဌေးကြီး ဆွန်းဟို့တို့လူစုမှာ မျက်လုံး မျက်ဆန်ပြူးကာ တုန်လှုပ်ချောက်ချားကုန်ကြရခြင်းပင် ဖြစ်ခဲ့တော့၏။

"ဝိုင်းထား....မလွတ်စေနဲ့"

"နှစ်ယောက်စလုံး သတ်ပစ်"

ချက်ချင်းပင် သူဌေးကြီး ဆွန်းဟို့က အော်ဟစ်အမိန့်ပေးလိုက်ရာ ကိုယ်ပျောက်ပင့်ကူလေးဖော်နှင့် သွေးပင့်ကူ ဂိုဏ်းသားများက မျက်နှာဖုံးစွပ် သိုင်းသမားနှင့် ချူးချင်းတို့ကို ထွက်ပေါက် လုံးဝမရှိအောင် စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံထားလိုက်ကြသည်။

"ဟဲ....ဟဲ....ဟဲ"

မျက်နှာဖုံးစွပ် သိုင်းသမားက ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ကာ သဘောကျသွားဟန်ဖြင့် အေးစက်စက် ရယ်မောလိုက်သည်။

"လာ....ချူးချင်း၊ သွားကြစို့"

ထို့နောက် မျက်နှာဖုံးစွပ်သိုင်းသမားက ချူးချင်း၏ လက်တစ်ဘက်ကို ဆွဲလိုက်ပြီး ဝိုင်းရံထားသည့်ကြားမှ ဖောက်ထွက်သွားသည်။





"ဖြောင်း....ဖြောင်း....ဖြောင်း"

"အား....အင့်....အိုး"

ရှေ့မှ ပိတ်ဆို့တိုက်ခိုက်လိုက်သည့် ကိုယ်ပျောက်ပင့်ကူလေးယောက်အနက် သုံးယောက်မှာ မျက်နှာဖုံးစွပ် သိုင်းသမား၏ လက်ဝါးရိုက်ချက်ကြောင့် အော်ညည်းကာ နောက်သို့ လွင့်စဉ်ထွက်သွားရသည်။

ကျန် ကိုယ်ပျောက်ပင့်ကူတစ်ယောက်ကိုမူ မျက်နှာဖုံးစွပ် သိုင်းသမားက အင်္ကျီလည်ကုပ်မှ ဆုပ်ကိုင်ထားပြီး....

"ကိုင်း....သွားပေတော့"

"ဝုန်း"

"အား"

မျက်နှာဖုံးစွပ်သိုင်းသမားက စကားဆုံးသည်နှင့် လက်တစ်ဘက် ဝှေ့ယမ်းပစ်လိုက်ရာ ထို ချုပ်ကိုင်ခံထားရသော ကိုယ်ပျောက်ပင့်ကူမှာ အဝေးသို့ လွင့်ထွက်သွားပြီး သစ်ပင်ကြီး တစ်ပင်နှင့် ဝင်ဆောင့်မိလိုက်ကာ အသက်ပျောက်သွားရင်လသည်။

"ဟာ"

"ဟင်"

"အို"

သူဌေးကြီး ဆွန်းဟိုနှင့် သွေးပင့်ကူ ဂိုဏ်းသားများမှာ ကြောက်စရာကောင်းလောက်အောင် သိုင်းပညာ အဆင့်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသဖြင့် ထိတ်လန့်ချောက်ချား မိကြရင်း နောက်သို့ ယောင်ယမ်းကာ ဆုတ်လိုက်မိကြသည်။

သွေးပင့်ကူဂိုဏ်းမှ နာမည်ကျော်ကိုယ်ပျောက်ပင့်ကူ လေးဖော်ကို တစ်ချက်တည်းနှင့် အပြတ်ရှင်းနိုင်သော သိုင်းပညာ အဆင့်မှာ မသေးငယ်လှပေ။ ထိပ်တန်းအဆင့်ကိုပင် ကျော်လွန် နေပြီ ဖြစ်၏။

ယခု ဖန်းပူဖိန်ရော ကိုယ်ပျောက်ပင့်ကူ လေးဖော်တို့ပါ မရှုမလှ၊ မချိမဆန့် အသက်ပျောက်သွားကြပြီဖြစ်ရာ မျက်နှာ ဖုံးစွပ် သိုင်းသမားနှင့် ချူးချင်းတို့နောက်ကို မည်သူကမှ အရဲစွန့်ပြီး လိုက်ပါတိုက်ခိုက်ကြမည် မဟုတ်ပေ။

လိုက်ပါတိုက်ခိုက်သူမှာလည်း မျက်စိတစ်မှိတ်လျှပ်တစ်ပြက် အတွင်း မရှုမလှ အသက်ပျောက်သွားရမည်မှာ သေချာလှပေ သည်။

"ချူးချင်း....သွားကြစို့"

အလယ်အူကြောင်းပွင့်ပြီး ရန်သူများ ဝါးအစည်းပြေ သလို ဖရိုဖရဲဖြစ်သွားသည်နှင့် မျက်နှာဖုံးစွပ်သိုင်းသမားက ချူးချင်းလက်ကိုဆွဲကာ နေရာမှ မြားတစ်စင်းပစ်လိုက်သည့် ပမာ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။





ချူးချင်းမှာ ထိုသူဆွဲခေါ်သွားရာနေစကျ်သို့လေသိတ ဟူး ဟူးသာ ကြားရပြီး လိုက်ပါသွားရသည်။

"လိုက်ဟေ့....လိုက်ကြ"

"မလွတ်စေနဲ့"

သူဌေးကြီးဆွန်းဟိုနှင့် သွေးပင့်ကူ ဂိုဏ်းသားများက နောက်မှအော်ဟစ်ကာ ပြေးလိုက်လာကြသည်။

သို့သော် မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် မျက် နှာဖုံးစွပ် သိုင်းသမားရော ချူးချင်းပါ မီးခိုးငွေ့များ လေ ထဲတွင် လွင့်မျောသွားကြသည့်ပမာတစ်မုဟုတ်ချင်း ပျောက် ကွယ်သွားကြလေတော့သည်။

ယင်းအချိန်မှာပင် အရှေ့ဘက် မိုးကောင်းကင်ဆီမှ နီရဲ သော အရုဏ်ဦး ရောင်ခြည်များကပင် ယှက်သမ်းစ ပြုလာခဲ့ လေပြီ။

"တောက်"

သူဌေးကြီးဆွန်းဟိုမှာ ပါးစပ်ထဲရောက်ခါနီးမှ ပြုတ်ကျ သွားသော ထမင်းလုပ်ကြောင့် ခံပြင်းနေသည့်အလားအကြီး အကျယ် ခံပြင်းဒေါသထွက်သွားမိရသည်။

"ဒုက္ခပါပဲ ဂိုဏ်းချုပ်ကြီးလာရင်တော့ ငါ့ကိုသတ်တော့ မှာပါပဲ"

ဆွန်းဟိုမှာ အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ အလွန် စိုးရိမ်ထိတ်လန့်ချောက်ချားသွားမိရသည်။

ယခု ဂိုဏ်းချုပ်ကြီးကျုံမင်၏ သမီးချောကလေး မေဝှား၊ ဂိုဏ်းခွဲမှူးကြီးဖန်းပူဖိန်နှင့် ကိုယ်ပျောက် ပင့်ကူလေးဖော်တို့ မချိမဆန့်အသက်ပျောက်သွားကြရုံမျှမက ချူးချင်းပါ လွင့်မြောက်သွားခဲ့ရလေပြီ။

ထို့ကြောင့်ပင်ဆွန်းဟို့မှာအကြီးအကျယ်တုန်လှုပ်ချောက်ချား သွားရခြင်းပင်ဖြစ်ပေတော့သည်။

* * *



အခန်း (၁၅)

---

## နတ်ဆေးကိုယ်တော်ရသေ့ကြီး

ချူးချင်းမှာ ပင့်ကူအဆိပ်တက်လာပြီဖြစ်၍သတိရတစ်ချက် မရတစ်ချက်ဖြစ်နေရသည်။

အမှောင်ထုတွင် ချူးချင်းကိုကယ်တင်လာသောဝတ်စုံနက်သည် ကိုယ်ဖော့ပညာဖြင့် တဟုန်ထိုးပြေးလျက်ရှိနေ၏။

ဝတ်စုံနက်သည် ချူးချင်းကို ပခုံးတွင်ထမ်းကာ ပြေးလွှားနေသည်။

ထိုသို့ အချိန်ကြန့်ကြာမည်ဆိုပါက ချူးချင်းအသက်ဆုံးရှုံးသွားရပေမည်။

ထမင်းတစ်အိုးချက်ခန့်အကြာတွင် တောအုပ်ကြီး တစ်ခု အစပ်ရှိ တောင်ကြီးတစ်လုံးခြေရင်းသို့ရောက်ရှိလာခဲ့ကြသည်။

တောအုပ်ကြီးတစ်ခုလုံး မှောင်ပိန်း တိတ်ဆိတ်လျက်ရှိနေသည်။

တောင်ခြေတောစပ်တစ်နေရာတွင်မီးရောင်ကလေးတလက်လက်ကို တွေ့မြင်နေရသည်။

ထိုမီးရောင်ကလေး လင်းလက်နေရာဆီသို့ ဝတ်စုံနက်က ချူးချင်းကိုထမ်းခေါ်လာခဲ့သည်။

ထိုမီးရောင်ထွက်ပေါ်နေသောနေရာမှာ ရှေးဟောင်းနက်ကွန်းကြီးတစ်ခုဖြစ်နေသည်။

နက်ကွန်းကြီးအတွင်းတွင် ကြီးမားလှသောမိုးသိကြားရုပ်ထုကြီးနှင့် ကွမ်ကောင်း နတ်မင်းကြီး၏ ရုပ်ထုကြီးရှိနေသည်။

မိုးသိကြားရုပ်ထုကြီးနှင့် ကွမ်ကောင်းနတ်မင်းကြီး၏ ရုပ်ထုကြီးများရှေ့မှ ကြီးမားသော ကြေးအိုးကြီးများ အတွင်းတွင် အမွှေးတိုင်ကြီးများက အခိုးအငွေ့များနှင့် တလူလူတက်လျက် ရှိနေကြသည်။

ပျားဖယောင်းတိုင် အနီကြီးသုံးတိုင်မှာလင်းလက်တောက်လက်လျက် ရှိနေ၏။





ရှေးဟောင်း ရုပ်ထုကြီး အတွင်းတွင် ချောက်ချားစရာကောင်းလှအောင်ပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

မိုးသိကြားရုပ်တုကြီးနှင့် ကွမ်ကောင်းနတ်မင်းကြီး ရုပ်ထုတို့ဘက်သို့ မျက်နှာမူကာ အနီရောင် ဝတ်ရုံကြီးကို ခြုံလွှမ်းထားသော အဘိုးအိုတစ်ဦးက တရားထိုင်လျက်ရှိနေသည်။

အဘိုးအို၏မျက်နှာနှင့် ခန္ဓာကိုယ်ဘက်သို့ ပျားဖယောင်းတိုင် အနီးကြီးသုံးတိုင်ဆီမှ မီးအလင်းရောင်များက တဖျပ်ဖျပ် ကျရောက်လျက်ရှိ၏။

"ဝှစ်"

"ဟူး"

"မကြာမီမျက်နှာဖုံးစွပ်ဝတ်စုံနက်သည် မေ့လျော့နေသော ချူးချင်းကို ပခုံးထက်တွင်ထမ်းထားရင်းမှ ရှေးဟောင်း နက်ကွန်းကြီး၏ တံခါးဝသို့ ကျရောက်လာသည်။

"ဝံပုလွေဘိုးဘိုး ရွေးချယ်ထားသူ ပါလာခဲ့ပြီမဟုတ်လား ဟေ့"

တံခါးဝကိုကျောခိုင်းပြီး တရားထိုင်နေသော အဘိုးအိုက လှည့်မကြည့်ဘဲ မေးမြန်းလိုက်သည်။

မျက်နှာဖုံးစွပ်ဝတ်စုံနက်က ချူးချင်းကို ထမ်းထားရင်းမှ တံခါးဝမှာပင် ဒူးထောက် အရိုအသေပြုလိုက်ကာ....

"ပါလာခဲ့ပါပြီဆရာကြီး"

"အိမ်း....ငါ့ရှေ့ခေါ်လာခဲ့စမ်း"

အဘိုးအိုကပြောလိုက်ပြီး တံခါးဝဘက်သို့ မျက်နှာမူလိုက်သည်။

မျက်နှာဖုံးစွပ်ဝတ်စုံနက်က ချူးချင်းအား ထမ်းခေါ်လာပြီး အဘိုးအိုရှေ့တွင် အသာချပြလိုက်သည်။

"ဟင်"

လျှို့ဝှက်ပင့်ကူအဆိပ်ကြောင့် သတိရတစ်ချက်မရတစ်ချက်ဖြစ်နေသည့် ချူးချင်းမှာ အဘိုးအိုမျက်နှာကိုတွေ့လိုက်ရသည်နှင့် ဝမ်းသာအားတက်သွားမိသည်။

ထိုအဘိုးအိုသည် အခြားသူမဟုတ်ပေ၊ သူ တပင်တပန်းလိုက်ရှာနေသော သိုင်းလောကကို စောင့်ရှောက်သူ အမည်ရှိ အဘိုးအိုဖြစ်သောကြောင့်ပင်တည်း။

ချူးချင်းက ဝမ်းသာအားရဖြင့် အဘိုးအိုအားခေါ်လိုက်ရန် ပါးစပ်ဟလိုက်စဉ်မှာပင် ရုတ်တရက် ပင့်ကူအဆိပ်က နှလုံးကို ဝင်ဆောင့်လိုက်သဖြင့် ပါးစပ်မှသွေးတစ်ပွက်အန်ထွက်လာကာ ဇက်ကျိုးကျသွားရသည်။

အဘိုးအိုက ချူးချင်းအား တစ်ချက် စမ်းသပ်ကြည့်လိုက်သည်။





ပြီးနောက် စိုးရိမ်မကင်းမျက်နှာဖြင့် ဝတ်စုံနက်ဘက်လှည့်လိုက်ကာ....

"သူ့အတွက်စိုးရိမ်ရတယ်၊ ငါတို့ နတ်ဆေးတောင်စခန်းကို အမြန်ဆုံးသွားကြမှဖြစ်မယ်"

"အမိန့်အတိုင်းပါဆရာကြီး"

ဝတ်စုံနက်က အဘိုးအိုကိုဒူးထောက်အရိုအသေပြုရင်းက တရိုတသေ လေးစားစွာပြောကြားလိုက်သည်။

"ဝှစ်"

မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် အဘိုးအိုက အနီရောင် ဝတ်ရုံလွှာကြီးကို တချက်ဝှေ့ယမ်းပစ်လိုက်ပြီးအပြင်ဘက်သို့ လွှားထွက်သွားသည်။

အဘိုးအိုမှာ ရိပ်ခနဲပျောက်ကွယ်သွားသည်။

ဝတ်စုံနက် သိုင်းသမားကလည်း ချက်ချင်းပင် မေ့မျောသတိလစ်နေသော ချူးချင်းကို ပခုံးထက်တွင်ထမ်းကာ အဘိုးအိုထွက်သွားရာ လမ်းကြောင်းအတိုင်း ခုန်ပျံထွက်ခွာသွားလေတော့၏။

* * *

နတ်ဆေးတောင်။

နတ်ဆေးတောင် ဆိုသည့်အတိုင်း အစွမ်းထက်လှသည့် ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတို့နှင့် တစ်တောင်လုံး ဖုံးလွှမ်း ပေါက်ရောက်လျက်ရှိနေ၏။

ထိုတောင်မှ ပွင့်သော ပန်းများမှာလည်း ဆေးပင်များမှ ပွင့်သည့် ပန်းများဖြစ်သဖြင့် ဤလေကို ရှူရှိုက်ရသည်နှင့် အသက်ရှည် ကျန်းမာသည်ဟု သိုင်းလောကတွင် ဆိုစမှတ် ပြုကြလေ၏။

ထူးခြားချက်မှာ ဤနတ်ဆေးတောင်ပေါ်တွင် မည်သည့် အဆိပ်ကို မဆို နိုင်နင်းသည့် မိုးသိကြားအဆိပ်ဖြေဆေးပင် ရှိနေခြင်းပင်ဖြစ်၏။

ထိုဆေးပင်မှ ဆေးသီးသည် အဆိပ်အားလုံးကို နိုင်နင်း ၏။ မည်သည့်အဆိပ်ကိုမဆို ဖြေနိုင်စွမ်း ရှိ၏။

ထို့ကြောင့်ပင် သိုင်းလောကကို စောင့်ရှောက်သူ အမည်ရှိ အဘိုးအိုသည် ပြင်းထန်သော ပင့်ကူအဆိပ်မိထားသည့် ချူးချင်းကို ဤနတ်ဆေးတောင်သို့ ခေါ်ဆောင်လာခဲ့ခြင်းပင် ဖြစ်ပေသည်။

ကြီးမားလှသည့် နတ်ဆေးတောင်၏ တောင်ခွပ်လပ် တစ်နေရာတွင် ရှေးဟောင်း ရသေ့ကျောင်းကြီး တစ်ကျောင်း တည်ရှိနေ၏





ထိုကျောင်းတွင် ကျောင်းထိုင် ရသေ့အိုကြီးတစ်ပါးသာ ရှိပြီး ထိုရသေ့ကြီး၏ ဘွဲ့အမည်မှာ နတ်ဆေးကိုယ်တော် ကြီး ဘိုးသက်ရှည် တံဖန်ယိဖြစ်၏။

နတ်ဆေးကိုယ်တော်ကြီး ဘိုးသက်ရှည် တံဖန်ယိသည် ကား တစ်ချိန်က ဝံပုလွေဘိုးဘိုးနှင့် သွေးသောက် ညီအစ်ကို လည်းဖြစ်၊ ဂိုဏ်းတူ ညီအစ်ကိုလည်း ဖြစ်ပေသည်။

ယခု ပင့်ကူအဆိပ်မိကာ သတိလစ် မေ့မျောနေသည့် ချူးချင်းမှာ နတ်ဆေးကိုယ်တော်ရသေ့ကြီး တံဖန်ယိ၏ ရသေ့ကျောင်းတော်အတွင်းသို ရောက်ရှိနေရလေပြီ၊

ချူးချင်း၏ အခြေအနေမှာ အတော်ပင် ဆိုးရွားနေလေပြီ၊ မျက်နှာသာမက တစ်ကိုယ်လုံး သွေးဆုတ်သလိုဖြစ်ကာ ဖြူဖပ်ဖြူရော် ဖြစ်နေရလေပြီ။

ပါးစပ်မှ အန်ထွက်သော သွေးများကြောင့် ရင်ဘတ် တစ်ခုလုံး ရွှဲရွှဲစို နီမြန်းလျက် ရှိနေ၏။

ချူးချင်းသည် ကျောင်းခန်းအတွင်း ခုတင်တစ်လုံးထက် တွင် သတိလစ် မေ့မျောနေလေသည်၊

ခုတင်အနီး ရပ်နေသူ နှစ်ယောက်မှာ နတ်ဆေးကိုယ် တော် ရသေ့ကြီးနှင့် သိုင်းလောကကို စောင့်ရှောက်သူ အမည်ခံ အဘိုးအိုတို့ပင်ဖြစ်ကြသည်၊

နတ်ဆေးကိုယ်တော်ရသေ့ကြီး တုံဖန်ယိက အညိုရောင်ဝတ်ရုံလွှာကြီးကို ဆင်မြန်းထားပြီး မုတ်ဆိတ်ညိုညိုကြီးများက ရင်ဘတ်အထိအောင် ရှည်လျားစွာ ရနေကြသည်။

နတ်ဆေးကိုယ်တော် ရသေ့ကြီးက ချူးချင်းကို တစ်ချက်စမ်းကြည့်လိုက်ပြီး သိုင်းလောက စောင့်ရှောက်သူ အဘိုးအိုကို....

"ခင်ဗျားတို့ နည်းနည်းကလေး အရောက်နောက်ကျရင် ဒီသူငယ်ဟာ အသက်ပျောက်သွားမှာ သေချာတယ်"

နတ်ဆေးကိုယ်တော် ရသေ့ကြီးက ပြောရင်း အင်္ကျီလက်စကြီးတစ်ဘက်အတွင်းမှ မိုးသိကြား အဆိပ်ဖြေ ဆေးသီးများ ထုတ်ယူလိုက်သည်။

မိုးသိကြား အဆိပ်ဖြေ ဆေးသီးများမှာ မိုးသိကြားနတ်ဆေးပင်မှ ခူးဆွတ်ထားခြင်းဖြစ်သည်။

မိုးသိကြား အဆိပ်ဖြေ ဆေးသီးများမှာ မီးကျည်းခဲပမာ နီရဲတောက်ပလျက်ရှိ၏။

ထို့နောက် နတ်ဆေးကိုယ်တော်ရသေ့ကြီးက မိုးသိကြားအဆိပ်ဖြေ ဆေးသီးမှ အရည်ညှစ်ကာ ချူးချင်း၏ ပါးစပ်အတွင်းသို့ အစက်များ ချပေးလိုက်သည်။





တစ်ခဏအတွင်းမှာပင် ချူးချင်း၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော အသားအရည်နှင့် မျက်နှာမှာ သွေးရောင် ပြန်လည်လွှမ်းလာခဲ့သည်။

ထိုမြင်ကွင်းကို တွေ့လိုက်ရသည်နှင့် သိုင်းလောကစောင့်ရှောက်သူ အဘိုးအို၏မျက်နှာမှာ ဝင်းလက်သွားရသည်။

နတ်ဆေးကိုယ်တော်ရသေ့ကြီး တုံဖန်ယိက တဟဲဟဲရယ်မောလိုက်ကာ....

"ဟဲ... ဟဲ၊ ဘာမှ မစိုးရိမ်ပါနဲ့တော့လေ၊ ခင်ဗျားတို့ အရောက်မြန်တဲ့အတွက် စိုးရိမ်စရာ မရှိတော့ပါဘူး"

"အင်း....ကျုပ်လဲသူ့အတွက် စိုးရိမ်နေမိတာပါပဲ"

သိုင်းလောက စောင့်ရှောက်သူ အဘိုးအိုက တိုးညင်သော လေသံဖြင့် ပြောကြားလိုက်သည်။

ထို့နောက် နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယိက နတ်ဆေးအဆိပ်ဖြေ ဆေးသီးများမှ အရည်ညှစ်ကာ ချူးချင်း၏ ပါးစပ်အတွင်း ထပ်မံ၍ ထည့်ပေးလိုက်ပြန်သည်။

ချူးချင်းမှာ အသက်မှန်မှန် ပြန်ရှူလာသည်။ မကြာမီ သတိပြန်ရလာကာ မျက်လုံးအစုံ ပွင့်လာသည်။

"ဟော....သူ သတိရလာပြီ"

သိုင်းလောကစောင့်ရှောက်သူအမည်ခံ အဘိုးအိုက ချူးချင်း သတိပြန်ရလာသည်ကိုတွေ့လိုက်ရသဖြင့် ဝမ်းသာအားရနှင့် ပြောကြားလိုက်သည်။

"တဲ.... ဟဲ....မစိုးရိမ်ပါနဲ့တော့လေ၊ သူ မသေတော့ပါဘူး"

နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယီက တဟဲဟဲ ရယ်မောရင်းက ပြောလိုက်သည်။

ချူးချင်းမှာစိုးရိမ်စရာမရှိတော့ပေ။ သတိကောင်းကောင်း ရလာပြီဖြစ်၏။

သူ့ခန္ဓာကိုယ်ထဲမှ ပင့်ကူအဆိပ်မှာလည်း မိုးသီကြား အဆိပ်ဖြေဆေးသီးအစွမ်းကြောင့် လွင့်စဉ်ပျက်ပြယ်သွားကြရလေပြီ။

နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယီက ရယ်မော ပြောကြားရင်းမှ မိုးသီကြားအဆိပ်ဖြေဆေးသီးများ ထပ်မံ ထုတ်ကာ အရည်ညှစ်ပြီး ချူးချင်းပါးစပ်ထဲသို့ ဆေးစက်များ အဆက်မပြတ် ချပေးလိုက်သည်။

အဖြစ်အပျက်မှာ ယုံကြည်မှုကင်းမဲ့စရာကောင်းလောက်အောင်ပင် ဖြစ်၏။

ထမင်းတစ်အိုး ချက်ခန့်အကြာတွင် ချူးချင်းသည် ယခင်





ကအတိုင်း အားအင်များ ပြည့်ဝလာကာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသည်။

ထို့ပြင် ပိုမိုထူးခြားသောအချက်မှာ သူ၏အတွင်းအားမှာ ယခင်ကထက် ပိုမိုတိုးပွားလာပြီး အင်အားများမှာ ဒီရေအလား တစ်ဟုန်ထိုး တိုးပွားလာခြင်းပင်ဖြစ်၏။

လူကောင်းပကတိဖြစ်လာပြီး အင်အားများ တိုးပွားလာသည်နှင့်အမျှ ချူးချင်းသည် လှဲအိပ်နေရာမှ ချက်ချင်းထလိုက်သည်။

"ဖြည်းဖြည်းလူလေး၊ သိပ်စိတ်လောမကြီးပါနဲ့"

ချူးချင်းကို ဖေးမလိုက်ရင်းမှ သိုင်းလောကစောင့်ရှောက်သူ အဘိုးအိုက ပြောကြားလိုက်သည်။

"ကျွန်တော့်အသက်ကို ကယ်တင်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်လှပါတယ်"

ချူးချင်းက ပြောလိုက်ရင်း နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယီနှင့် သိုင်းလောကစောင့်ရှောက်သူ အဘိုးအိုတို့ကို လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

ချူးချင်းကိုကြည့်ကာ နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယီနှင့် သိုင်းလောကစောင့်ရှောက်သူ အဘိုးအိုတို့မှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ပြုံးလိုက်မိကြသည်။

ချူးချင်းက နတ်ဆေးကိုယ်တော် ရသေ့ကြီးကို ဂါရဝပြု လိုက်ပြီး....

"ကျွန်တော့်အသက်ကို ကယ်တင်ပေးတဲ့အတွက် ဘဘ ရသေ့ကို အထူးပဲ ကျေးဇူးတင်ပါတယ်"

နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယိက တစ်ချက် ပြုံးလိုက်ပြီး....

"ဘဘတို့က မင်းအသက်ကိုကယ်တာ ကျေးဇူးတင်စရာ မလိုပါဘူး၊ ဘဘတို့မှာ တာဝန်ရှိတဲ့အတွက် လူကလေး အသက်ကို ကယ်တင်ပေးရတာပါ"

"ဟင်"

ရုတ်တရက် မထင်မှတ် မမျှော်လင့်သောစကားကြောင့် ချူးချင်းမှာ တအံ့တသြဖြစ်သွားရသည်။

ချူးချင်းမှာ တအံ့တသြဖြင့်....

"ဘဘတို့က ဘယ်လိုတာဝန်မျိုးများရှိနေလို့ ကျွန်တော့် အသက်ကို ကယ်ရတာပါလဲ"

သိုင်းလောကစောင့်ရှောက်သူအမည်ခံ အဘိုးအိုက....

"ဒီ[illegible]ကွယ့် လူကလေး၊ ဘိုးဘိုးရှင်းပြမယ်၊ ဘိုးဘိုးတို့ က သိုင်းလောကကိုစောင့်ရှောက်နိုင်ဖို့အတွက် ဝံပုလွေဘိုးဘိုး မသေမီက ကတိခံထားကြတဲ့သူတွေ ဖြစ်တယ်....





"အဓိပတိသိုင်းကိုးကွက်ကို ဆက်လက်သင်ကြားပေးနိုင်ဖို့ အတွက် သစ္စာသမာဓိနဲ့ပြည့်စုံပြီး ခန္ဓာကိုယ်အချိုးအဆက်ကျ တဲ့ လူငယ်တစ်ယောက်ကို ဘဘတို့က လိုက်လံရှာဖွေခဲ့ကြ တယ်၊ နောက်ဆုံးတော့ ဒီသူငယ်ကို ဘဘတို့က ရှာဖွေတွေ့ရှိ ခဲ့ကြရတယ်"

ထိုသို့ တွေ့ပြီဟု ကြားလိုက်ရလျှင် ချူးချင်းမှာ အံ့သြ ဝမ်းသာသွားရကာ....

"ဟင်....တွေ့ပြီ ဟုတ်လား၊ ဘယ်သူလဲ ဘဘ"

ချူးချင်းအမေးကြောင့် နတ်ဆေးကိုယ်တော် ရသေ့ကြီး တုံဖန်ယိနှင့် သိုင်းလောကစောင့်ရှောက်သူအမည်ခံ အဘိုးအို တို့သည် ချူးချင်းခန္ဓာကိုယ်ပေါ်သို့ ကျေနပ်သောအပြုံးများ နှင့် ပြိုင်တူကြည့်လိုက်မိကြသည်။

ခဏကြာမှ သိုင်းလောကစောင့်ရှောက်သူ အဘိုးအိုက ချူးချင်းကို စူးစိုက်ကြည့်လိုက်ပြီး လေးနက်တည်ကြည်သော လေသံဖြင့်....

"တခြားသူ ဟုတ်ပါရိုးလားကွယ်၊ ဟောဒီလူကလေးပဲ ပေါ့"

"ဟင်"

ကြားလိုက်ရသော စကားကြောင့် ချူးချင်းမှာ အလွန် အံ့သြ ဝမ်းမြောက်သွားမိလေတော့၏။

ချူးချင်းမှာပထမတွင် သူ့နားသူပင်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရသည်။

အံ့သြဝမ်းသာလွန်းသဖြင့် သူ့တစ်ကိုယ်လုံးလေထဲမြောက်တက်သွားသလို ခံစားလိုက်ရသည်။

သိုင်းလောက စောင့်ရှောက်သူ အဘိုးအိုက....

"ဝံပုလွေဘိုးဘိုးဟာ သူမသေခင်မှာ ဘဘတို့ကို သေချာစွာ မှာကြားထားခဲ့တယ်၊ အဓိပတိသိုင်းကိုးကွက်ကို သင်ကြားပေးနိုင်ဖို့အတွက် သစ္စာသမာဓိ သတ္တိနဲ့ပြည့်စုံတဲ့ လူငယ်တစ်ယောက် ရှာဖွေရမယ်....

"ဒီလူငယ်ကို အဓိပတိသိုင်းကိုးကွက် တတ်မြောက်အောင် သင်ကြားပေးပြီး သိုင်းလောကကို ဆက်လက်စောင့်ရှောက်ခိုင်းရမယ်....

"ဒါကြောင့် ဘဘတို့က သူမှာကြားထားခဲ့တဲ့အတိုင်း သိုင်းပညာထူးချွန်ပြီး သစ္စာသမာဓိ သတ္တိနဲ့ ပြည့်စုံတဲ့ လူငယ်တစ်ယောက်ကို လိုက်လံရှာဖွေခဲ့ကြတယ်....

"နောက်ဆုံးမှာ အမှန်တရားကို မြတ်နိုးပြီး စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူကလေးကို ရှာဖွေတွေ့ရှိခဲ့ကြရတယ်၊ ဘဘတို့ လူကလေးရဲ့စိတ်ဓာတ်ကို အမျိုးမျိုး ရှာဖွေစမ်းသပ်ပြီးမှ အဓိပတိသိုင်းကိုးကွက် သင်ကြားပေးဖို့ ဆုံးဖြတ်ခဲ့ကြတာပဲ"





"ကျွန်တော်တော့ မယုံနိုင်စရာပါပဲခင်ဗျာ၊ ဒီလောက် သိုင်းလောကကြီးတစ်ခုလုံး လိုချင်တပ်မက်မောတဲ့ အဖိုးတန် ပညာရပ်တွေကို သင်ကြားခွင့်ရမယ်ဆိုတာ မျှော်လင့်မထားမိပါဘူး....

"ကိုင်း....ဒါဆိုရင် ကျွန်တော်က ဝံပုလွေများကို လင်းယုန်တောင်ကြားက ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆီမှာ အပ်နှံထားရစ်ခဲ့တယ်....

"ဒီဓားကို သိုင်းလောကက စစ်မှန်တဲ့ အဖြူရောင် သိုင်းပညာရှင်ကြီးတွေလက်ကို အပ်နှံပေးရမှာဖြစ်ပါတယ်၊ ကျွန်တော် အခုပဲ သွားယူပါ့မယ်"

ပြောပြောဆိုဆို ချူးချင်းက အပြင်သို့ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် သိုင်းလောကစောင့်ရှောက်သူ အမည်ခံ အဘိုးအိုက လက်ကာပြလိုက်ပြီး....

"လူကလေးသွားနေရတာ ပင်ပန်းပါတယ်၊ သွားစရာမလိုတော့ပါဘူး"

ချူးချင်းမှာ အဘိုးအိုစကားကြောင့် တအံ့တသြ ဖြစ်သွားရသည်၊ ယင်းအချိန်မှာပင် အဘိုးအိုက တစ်ဘက်သို့ လှည့်လိုက်ပြီး....

"ကိုင်း....မင်းတို့မောင်နှမ အခန်းထဲ ဝင်လာခဲ့နိုင်ကြပါပြီ"

ချူးချင်းမှာလည်း တအံ့တဩဖြင့် အသိုးအို လှမ်းပြောလိုက်သောဘက်သို့ ကြည့်လိုက်မိသည်။

"ဟင်"

တွေ့လိုက်ရသော မြင်ကွင်းကြောင့် ချူးချင်း ကိုယ့်မျက်စိကိုပင် ယုံကြည်နိုင်စွမ်း မရှိအောင် ဖြစ်သွားရသည်။ အံ့ဩဝမ်းသာခြင်းလည်း ဖြစ်မိရသည်။

အပြင်ဘက်မှ ဝင်လာသူ နှစ်ယောက်သည်ကား အခြားသူများမဟုတ်။ ကျောက်ကြူးဝေ့နှင့် ချူးချင်း၏ ချစ်သူမိန်းမချောလေး ချင်းဟိုတို့ ဖြစ်နေသောကြောင့်ပင်တည်း။

ချူးချင်းမှာ ကျောက်ကြူးဝေ့နှင့် ချင်းဟိုတို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အလွန်အံ့အားသင့်ကာ ကြက်သေသေသွားရခြင်းပင် ဖြစ်ပေတော့၏။

"အစ်ကို"

"ညီလေး"

မိန်းမချောလေး ချင်းဟိုက တအံ့တဩဖြစ်နေသော ချူးချင်းကို ပြုံး၍ခေါ်လိုက်သလို ကျောက်ကြူးဝေ့ကလည်း လှမ်းခေါ်လိုက်သည်။





"အို....ညီမချင်းဟို၊ အစ်ကိုကြီး ကျောက်ကြူးဝေ့"

နောက်မှ ချူးချင်းကသတိဝင်လာပြီး ချင်းဟိုနှင့် ကျောက်ကြူးဝေ့တို့ကို ပြန်လည်နှုတ်ဆက်လိုက်မိသည်။

သူတို့သုံးဦးမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ အပြုံးပန်းများ ဝေဆာသွားရသည်။

ဤအပြုံး သုံးပွင့်သည်ကား နတ်ဆေးတောင်ကြီးတွင် အစီအရီ ဖူးပွင့်နေကြသော ပန်းများ၏ အလှထက် အဆပေါင်းများစွာ သာလွန်လှပနေသယောင်ခင် မှတ်ထင်ရလေတော့၏။

* * *

နေခြည်နုက နှင်းလွှာပြင်ကို ဖောက်ထွင်းကာ မြားများကျဆင်းနေသည့်အလား လင်းဖြာကျဆင်းနေလျက် ရှိနေ၏။

တောင်ခိုးမြူခိုးတို့က မပြယ်တပြယ်။ အိပ်တန်းမှထလာကြသည့် ငှက်ကလေးများကလည်း စိုးစီစိုးစီနှင့် သာယာသော အသံလွင်လွင်ကလေးများဖြင့် နံနက်ခင်းအလှကို တေးဆိုလျက် ရှိနေကြ၏။

ပန်းခင်းကြီးများကို ဖြတ်သန်းတိုက်ခတ်လာသည့် နံနက်ခင်း လေနုအေးကို ရှူရှိုက်ရသည်မှာ ခန္ဓာကိုယ်မှ အညစ်အကြေးများ လွင့်စဉ်သွားသလို ခံစားလိုက်ရလေ၏။

လန်းဆတ်သော လေနုအေးကြားတွင် လုလင်ပျိုနှင့် လုံမပျိုတို့သည် ရပ်လျက်ရှိကြသည်။

ယခု သူတို့ရောက်ရှိနေသော နေရာမှာ နတ်ဆေးတောင်ကြီး၏ ပန်းပေါင်းစုံ ဖူးပွင့်နေသည့် တောင်ခါးပန်းနေရာကြီးပင် ဖြစ်ပေတော့၏။

သူတို့ရောက်ရှိနေသည့် နေရာမှ လှမ်းမျှော်ကြည့်လိုက်လျှင် တိမ်လိုင်းဖြူဖြူများသည် ဂွမ်းပုံကြီးများ ဖုံးဖိထားသည့်အလား တွေ့မြင်နေရသည်။

အချို့ တိမ်လိုင်းတိမ်မျှင်များသည် လေယူရာသို့ တရွေ့ရွေ့ လွင့်မျောပါလျက် ရှိနေ၏။

လေတစ်ချက်ဝေ့လိုက်သည်နှင့် ပန်းရိုင်းခင်းကြီးများသည် လှိုင်းလုံးကြီးများ လိမ့်ဆင်းသွားသည့်ပမာ တအိအိတန့်နွဲ့၍သွားကြသည်။

အဝေးဆီမှ မှိုင်းညို့ညို့ တောင်တန်းပြာကြီးများသည် နဂါးကြီးများ ဝပ်ဆင်းလဲလျောင်းနေသည့်ပမာ ရှိနေကြလေသည်။





နတ်ဆေးတောင်ကြီးခြေရင်း စိမ်းမြမြ မြက်ခင်းပြင်ကြီးများသည် အစိမ်းရောင် မြေကမ္ဗလာကော်ဇောကြီးတစ်ချပ်ကို ဖြန့်ကြက်ထားသည့်အလား မျက်စိတစ်ဆုံး ကြည့်မဆုံးအောင် ရှိနေ၏။

လုလင်ပျိုနှင့် လုံမပျိုတို့သည် ထူးဆန်းအံ့သြဖွယ်ကောင်းလှသော ရှုမျှော်ခင်းကြီးများအတွင်း အာရုံနစ်မျောနေမိရာမှ ပြန်လည်သတိဝင်လာကြကာ တောင်ခါးပန်းရှိ ကျောက်တုံးကြီးတစ်တုံးတွင် အတွဲယှဉ်တွဲ ထိုင်လိုက်ကြသည်။

ဤလုလင်ပျိုနှင့် လုံမပျိုတို့ကား အခြားသူများ မဟုတ်ပေ။

တချိန်တွင် သိုင်းလောက၌ လျှမ်းလျှမ်းတောက် အောင်မြင် ကျော်ကြားလာမည့် ချူးချင်းနှင့်မိန်းမချောလေးချင်းဟိုတို့ပင် ဖြစ်ကြပေသည်။

မိန်းမချောလေး ချင်းဟိုသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူမ၏ နက်မှောင်ပျော့ပျောင်း ရှည်လျားသော ဆံပင်များကို ရွှေရောင်ပဝါစဖြင့် သေသပ်စွာ စည်းနှောင်ထားသည်။

သူမ၏မျက်နှာ နုနုကလေးသည် ထွက်ပြူကာစ နေမင်း၏ အလင်းရောင်ခြည်အောက်တွင် နုဝင်းစိုဖပ်နေကာ ကြည့်မဝအောင် ရှိနေရလေ၏။

နူးညံ့သော လေနုအေးအောက်တွင် မိန်းမချောလေး ချင်းဟိုသည် ကောင်းကင်ဘုံမှ သက်ဆင်းလာသည့် နတ်သမီးကလေး တစ်ပါးအလား မှတ်ထင်ရလောက်ပေသည်။

ချူးချင်းမှာ မိန်းမချောလေး ချင်းဟိုကို ကြည့်မဝသော မျက်လုံးများနှင့် စူးစိုက်ကြည့်နေမိသည်။

ချင်းဟိုကလည်း ယောကျာ်းပီသကာ တည်ကြည်ခံ့ညားလှသည့် ချူးချင်းကိုကြည့်ကာ ပီတိများ ဖြာနေရသည်။

ဤသို့ သစ္စာသမာဓိနှင့်ပြည့်စုံသော ယောကျာ်းကောင်း တစ်ယောက်ကို သူမ၏အသည်းနှလုံးတွင် မေတ္တာရှင်အဖြစ် ရွေးချယ်ထားသဖြင့်လည်း သူမအဖို့ ကံကောင်းလှသည်ဟု ဆိုရမည်ပင်။

မိန်းကလေးတစ်ယောက်အဖို့ ဖြောင့်မတ်တည်ကြည်ပြီး သစ္စာသမာဓိ သတ္တိနှင့်ပြည့်စုံသော အဖော်မွန်တစ်ယောက် ရဖို့ဆိုသည်မှာ လွယ်ကူသော ကိစ္စတစ်ရပ် မဟုတ်ပါချေ။

ထို့ကြောင့် ချင်းဟိုကလည်း ချူးချင်းကို တမြတ်တနိုး ပြန်ကြည့်နေမိခြင်း ဖြစ်ပေသည်။

အတန်ကြာမှ ချူးချင်းက....

"အစ်ကိုတော့ အခုအဖြစ်အပျက်တွေဟာ အိမ်မက် မက်နေသလိုပါပဲညီမရယ်၊ ကိုယ့်ကိုယ်ကိုတောင် သိပ်မယုံချင်တော့ဘူး"





ချင်းဟိုက ကြည်လင်သော လေသံကလေးဖြင့်....

"ညီမလဲ အစ်ကို့လိုပါပဲ၊ အိမ်မက်ဆိုးကြီးတွေထဲကနေ လန့်နိုးလာခဲ့ရတဲ့ လူတစ်ယောက်လိုပါပဲ"

"ဒါနဲ့ ညီမတို့ မောင်နှမက ဝံပုလွေဘိုးဘိုးနဲ့ ဘယ်လိုများ ဆက်နွယ်ပတ်သတ်နေတာလဲ"

ညီမတို့မောင်နှမ နှစ်ယောက်က တောင်ထိပ်ဝံပုလွေလို့ ခေါ်တဲ့ သိုင်းလောက စောင့်ရှောက်သူ ဘိုးဘိုးရဲ့တပည့် ဂိုဏ်းတူ မောင်နှမတွေပါ....

အစ်ကိုက ဝံပုလွေဘိုးဘိုးရဲ့ ညာလက်ရုံးကြီးဖြစ်တဲ့ တောင်ပေါ်ဝံပုလွေရဲ့ တပည့် မဟုတ်လား"

"ဟုတ်ပါတယ်၊ အစ်ကိုက ရှစ်နှစ်သားလောက်ကတည်းက လုံစန်းတောင်ပေါ်ကို ရောက်နေပြီး တောင်ပေါ်ဝံပုလွေ ဆရာကြီးဆီမှာ သိုင်းပညာတွေ ဆယ်နှစ်ဆယ်မိုး သင်ကြားခဲ့ရပါတယ်၊ ဖေဖေက အစ်ကို့ကို ဆရာကြီးဆီပို့ထားပြီး သိုင်းပညာတွေ သင်ယူစေခဲ့တာပါ။ အစ်ကိုကလဲ ဆရာကြီးအပင်ပန်းခံပြီး သင်ကြားပေးတာတွေကို ကြိုးစားပြီး သင်ယူခဲ့ပါတယ်"

ချင်းဟိုက သက်ပြင်းကလေးတစ်ချက် ရှိုက်လိုက်ရင်း....

"အခု ညီမတို့ မောင်နှမနဲ့ အစ်ကိုက ဂိုဏ်းတူမောင်နှမတွေ ဖြစ်နေကြပါပြီ၊ အဓိက ဆရာသခင်ကတော့ ဝံပုလွေ

ဘိုးဘိုးပါပဲ၊ ဝံပုလွေဘိုးဘိုးကမှတစ်ဆင့် ပေါက်ဖွားလာတဲ့ တပည့်သားမြေးတွေပါ၊ အစ်ကို့ဆရာသခင်က တောင်ပေါ်ဝံပုလွေ၊ ညီမတို့မောင်နှမရဲ့ဆရာသခင်က တောင်ထိပ်ဝံပုလွေပါ၊ ဒီတော့ ဆရာတွေကလဲတူ၊ ဂိုဏ်းကလဲတူနေပါတယ်''

''ဒီလိုဆိုရင် ညီမတို့ရဲ့ ဆရာသခင် တောင်ထိပ် ဝံပုလွေဟာ သိုင်းလောကကို စောင့်ရှောက်သူ ဘိုးဘိုးပဲပေါ့''

ချင်းဟိုက ခေါင်းကလေး ညိတ်လိုက်ရင်း....

''ဟုတ်ပါတယ် အစ်ကို၊ ညီမတို့ရဲ့ ဆရာသခင်က တောင်ထိပ်ဝံပုလွေပါ၊ သူက ဝံပုလွေ ဘိုးဘိုးရဲ့ ဘယ်လက်ရုံးကြီးပါ၊ ဝံပုလွေဘိုးဘိုးက သူကွယ်လွန်ခါနီးမှာ ဆရာသခင်ကို သေသေချာချာ မှာကြားထားခဲ့တယ်၊ ဝံပုလွေဓားပေါ်မှာ အဓိပတိ သိုင်းကိုးကွက်ကို ရေးထိုးပြီး ဓားအတွက် သိုင်းလောကမှာ သစ္စာသမာဓိသတ္တိနှင့် ပြည့်စုံတဲ့ သိုင်းသမားလူငယ်တစ်ယောက် ရှာဖွေရမယ်၊ ဒီလူငယ်ဟာ အဓိပတိသိုင်းကိုးကွက်ကို သင်ကြားရယူနိုင်ဖို့အတွက် ပြည့်စုံတဲ့ခန္ဓာကိုယ် အချိုးအဆစ် ကျနရမယ်၊ ဒါမှသာ အဓိပတိ သိုင်းကိုးကွက်ကို ဒီလူငယ်ဟာ သင်ကြားတတ်မြောက်မှာဖြစ်တယ်၊ ဒီအဓိပတိ သိုင်းကိုးကွက်ကို တော်ရုံလူသင်ကြားလို့ မတတ်မြောက်နိုင်ဘူး....





''နောက်တစ်ချက်က အဓိပတိ သိုင်းကိုးကွက် သင်ကြားပေးပြီးတာနဲ့ ဒီသိုင်းသမားဟာ သိုင်းလောကရဲ့ အဓိပတိပြိုင်ဘက်ကင်း သိုင်းပညာရှင်တစ်ယောက် ဖြစ်လာရမယ်၊ ဒီတော့ ဒီသိုင်းသမားဟာ တစ်ယောက်တည်း ရပ်တည်နေတာထက် သိုင်းလောကရဲ့အမှုအခင်းတွေ၊ သိုင်းလောကရဲ့ပြဿနာတွေ ဖြေရှင်းပေးနိုင်ဖို့ သိုင်းလောကကို စောင့်ရှောက်နိုင်ဖို့အတွက် အင်အားကြီးမားတဲ့ အဖြူရောင်သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း ထူထောင်ရမယ်၊ သိုင်းဂိုဏ်းချုပ်ကြီးအဖြစ် သူဟာ တာဝန်ယူရမယ်''

''အဲဒါ အစ်ကို့ကို ပြောနေတာမဟုတ်လား''

''ဟုတ်တယ်လေ....အဲဒါ အစ်ကို့ကို ပြောနေတာပဲပေါ့၊ အစ်ကိုလုပ်ဆောင်ရမယ့် တာဝန်တွေပဲ၊ အစ်ကို့ကို ညီမတို့မောင်နှမနှစ်ယောက်နဲ့ တောင်ထိပ်ဝံပုလွေတို့ကတိတ်တဆိတ်လိုက်ပါဆောင်စောင့်ရှောက်ခဲ့လို့သာ အစ်ကိုဒီလောက်အထိ အသက်ရှည်နေတာ သိရဲ့လား''

ချင်းဟိုက မျက်စောင်းကလေးဝေ့ကာ ပြောကြားလိုက်သည်။

ချူးချင်းက ရယ်မောရင်း....

''ဟုတ်ပါတယ်ဗျာ.... ဟောဒီကအစ်ကို့ရဲ့ အသက်သခင် ကျေးဇူးရှင်မလေးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊

နောက်ပြီး အကိုကြီးကျောက်ကြိုးဝှေ့ရဲ့ ကျေးဇူးတွေကလဲ အစ်ကို့အပေါ်မှာ ဆပ်မကုန်နိုင်လောက်အောင် ကြီးမားလွန်းလှပါတယ်''

ထိုစကားကို ချူးချင်းက လေးနက်တည်ကြည်စွာဖြင့်ပြောကြားလိုက်ခြင်းဖြစ်သည်။

ယင်းအချိန်မှာပင် ချင်းဟိုက တစ်နေရာသို့ ညွှန်ပြလိုက်ပြီး....

''ဟော....ဟိုမှာ အစ်ကိုကြီးတောင်လာနေပြီ''

ချူးချင်းက ဝမ်းသာအားရဖြင့် ချင်းဟို ညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်ရာ တောင်ခါါးပန်းဆီသို့ ကိုယ်ဖော့အားဖြင့် တက်လာနေသော ကျောက်ကြိုးဝှေ့ကို လှမ်းမြင်လိုက်ကြရသည်။

''ဝှစ်''

''ဟူး''

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ကျောက်ကြိုးဝှေ့သည် သူတို့ရောက်ရှိနေရာ တောင်ခါါးပန်းဆီသို့ ပျံလွှားတစ်ကောင်အလား ရောက်ရှိလာခဲ့၏။

''ဟေး....ညီလေး''





ကျောက်ကြိုးဝှေ့က ချူးချင်းကို ဝမ်းသာအားရစွာဖြင့် ခေါ်လိုက်သည်။

ချူးချင်းက ကျောက်ကြိုးဝှေ့ကို လက်နှစ်ဘက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး....

''အစ်ကိုကြီး''

ကျောက်ကြိုးဝှေ့က ချူးချင်းကို ခင်မင် ရင်းနှီးသောအကြည့်နှင့် ကြည့်လိုက်ပြီး....

''ညီလေး....မင်းကို ဘဘရသေ့ကြီးနဲ့ ဆရာကြီးတို့က အခေါ်ခိုင်းလိုက်လို့ပါ၊ မင်းအတွက် ဝမ်းသာစရာပဲကွ''

''ဘယ်လိုဖြစ်လို့လဲ အစ်ကိုကြီးရဲ့''

''တခြားတော့ဟုတ်ပါရိုးလားညီလေး၊ ညီလေးကို အဓိပတိသိုင်းကိုးကွက် သင်ကြားပေးဖို့ပဲပေါ့၊ ဘဘရသေ့ကြီးနဲ့ ဆရာကြီးတို့က ညီလေးကိုကျန်းမာရေးပြည့်စုံနေပြီဖြစ်တဲ့အတွက် ဒီကနေ့မနက်ဘဲစပြီး သင်ကြားပေးလိမ့်မယ်၊ ဒါကြောင့်လာခေါ်တာ၊ ကိုင်း....လာ၊ဟိုမှာဆရာကြီးတို့စောင့်နေကြတယ်''

''ဟင်''

''အို''

ကျောက်ကြုံးဌေ့စကားကြောင့် ချူးချင်းရော ချင်းဟိုပါ တအုံ့တသြဖြစ်ကာ အလူန် ဝမ်းမြောက်သွားမိကြရသေတော့၏။

* * *



အခန်း (၁၆)

## ဖိတ်စာနီ ရောက်လာခြင်း

အမှောင်စံအိမ်....

အမှောင်လောကသခင်ကြီးကျူမင်၏ ရဲတိုက်ကြီးပမာ ခံ့ညား ထည်ဝါလှသော အဆောက်အအုံကြီးပင်ဖြစ်ပေသည်၊

အမှောင်လောကသခင်ကြီး သွေးပင့်ကူဂိုဏ်းချုပ်ကျူမင်သည် သိုင်းလောကတစ်ခုလုံးကို သူတစ်ယောက်တည်း လက်ဝါးကြီးအုပ် စိုးမိုးချယ်လှယ်ရန် ကြံရွယ်နေသူဖြစ်၏။

သူ့လက်အောက်တွင် မြောက်မြားလှစွာသော အနက်ရောင် သိုင်းသမားများ၊ဒုစရိုက်သမားများ၊ အစွမ်းထက်မြက်သော အနက်ရောင်သိုင်းသမားမျိုးစုံတို့ရှိနေကြသည်။

ကျူမင်သာ သိုင်းလောကမှပျောက်ကွယ်သွားမည် ဆိုပါက ထို အနက်ရောင် ဒုစရိုက်သမားများသည်လည်း ဝါး အစည်းပြေသကဲ့သို့ ဖရိုဖရဲပြန့်ကျဲကာကျဆုံးကုန်ကြရမည်သာ ဖြစ်ပေသည်။

ယခု ကျူမင်က ရှေ့မှ မားမားမတ်မတ်ရပ်ကာ ကျောက်တိုင်ကြီးပမာ၊ ခံတပ်ကတုတ်ကြီးတစ်ခုပမာ ကာကွယ်ပေးနေသည့်အတွက် အနက်ရောင် ဒုစရိုက် သိုင်းလောကသားများ အသက်ရှူချောင်နေရခြင်းပင် ဖြစ်ပေတော့သည်။

ယခု အမှောင်လောက၏ အနက်ရောင်သိုင်းဂိုဏ်းချုပ်ကြီး ကျူမင်သည် ကြီးမားလှသော ကျားသစ်ရေခင်းထားသည့် ဆင်စွယ် ကုလားထိုင်ကြီးထက်တွင် ခံ့ညားထည်ဝါစွာဖြင့် ထိုင်လျက်ရှိနေ၏။

သူသည် စိန်ပန်းပွင့်များ တဖျပ်ဖျပ် တောက်ပနေသကဲ့သို့သော အနက်ရောင် ဝတ်ရုံလွှာကြီးကို ခြုံလွှမ်းဝတ်ဆင်ထားပြီး တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေဟန် တူပေသည်။

သူ၏ ဝဲယာ တစ်ဘက်တစ်ချက်စီတွင် သူ၏ သက်တော်စောင့် ကိုယ်ရံတော် သိုင်းသမားများက အစီအရီ ကျောက်ရုပ်များပမာ မလှုပ်မယှက် ရပ်လျက် ရှိနေကြလေ၏။

ထိုလူတို့သည် သူတို့၏ ဂိုဏ်းချုပ်ကြီး ကျူမင်က မျက်နှာတစ်ချက် ညို့းသွားသည်နှင့် သေမလောက် ကြောက်ရွံ့သွားသူများလည်း ဖြစ်ကြပေသည်။





အမှောင်စံအိမ်ကြီး၏ ကြီးမားကျယ်ဝန်းလှသော ခန်းမဆောင်ကြီးအတွင်း၌ သွေးပင့်ကူဂိုဏ်းသားများက နံရံများ တစ်လျှောက် လေးဘက်လေးတန်တွင် စီတန်းရပ်နေကြသည်။

များပြားလှသော သွေးပင့်ကူဂိုဏ်းသားများသည် ခန်းမဆောင်ကြီး၏လေးဘက်လေးတန်တွင် ကျောက်ရုပ်များပမာ မလှုပ်မယှက် ရပ်လျက်ရှိနေကြသည်။

ထိုသူများအားလုံးက လက်နက်ကိုယ်စီ ကိုင်ဆောင်ရင်း ဂိုဏ်းချုပ်ကြီး၏ ပတ်ပတ်လည်တွင် စောင့်ကြပ်လျက် ရှိနေကြ၏။

အမှောင်စံအိမ်ကြီး အတွင်းသာမက အပြင်ဘက်တွင်မှာပါ အင်အားက အထူးများပြားလှသည်။

အခန်းဆယ် ကိုးခန်း ပါသော ကျောက် တံ တား ကြီး အထက်တွင်လည်းကောင်း၊ ကျောက်လှေကားထစ်များထက်တွင်လည်းကောင်း၊ စံအိမ်တံခါးမကြီးရှေ့တွင်လည်းကောင်း ခြံဝင်းအတွင်းနှင့် ခြံဝင်းကြီး ပတ်ပတ်လည်တွင် လည်းကောင်း မျက်ခြည်မပြတ် စောင့်ကြပ်လျက် ရှိနေကြ၏။

အမှောင်စံအိမ်ကြီးအတွင်း ဂိုဏ်းချုပ်ကြီးကျူမင်က ဂိုဏ်းခွဲမှူးကြီးများ၊ ဂိုဏ်းခွဲမှူးများနှင့် အရေးတကြီး တိုင်ပင်နေသည် မဟုတ်ပါလား။

ယင်းအချိန်မှာပင် မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ကြရ

သဖြင့် ခြံဝင်းပတ်ပတ်လည်နှင့် ခြံဝင်းကြီးအတွင်း စောင့်ကြပ်နေကြသော သွေးပင့်ကူဂိုဏ်းသားများ လှုပ်လှုပ်ရှရှ ဖြစ်သွားကြလေသည်။

မကြာမီ နဂါးကိုးကောင် ကျောက်တံတား၏ တစ်ဘက်ထိပ်ဆီသို့ မွန်ဂိုမြင်းနက်ကြီးတစ်ကောင် အပြင်းစိုင်းနှင်းလာသည်ကို တွေ့မြင်လိုက်ကြရသည်။

မွန်ဂိုမြင်းကောင်း မြင်း သန့် များ အ နက် ဤသို့သော အရောင်အဆင်းမျိုးမှာ အလွန်ရှားပါးပြီး အဖိုးတန် မြင်းကောင်းတစ်စီးပင် ဖြစ်၏။

မွန်ဂိုမြင်းနက်ကြီးမှာ နတ်မြင်းပျံဘစ်ကောင်အလား လည်ဆံတဖွားဖွား ခွာသံတဖြောင်းဖြောင်းနှင့် အပြင်းနှင်လာလျက် ရှိနေ၏။

မြင်းနက်ကြီး စီးလာသူကိုလည်း ကြည့်လိုက်ပါဦး။ ခရမ်းရောင် သိုင်းကိုယ်ချပ်ဝတ်စုံကို လှပသေသပ်စွာ ဝတ်ဆင်ထားသည့် သိုင်းသမားတစ်ယောက် ဖြစ်နေသည်။

ထိုသူက အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး မေးရိုးကားကား၊ ဥပမိရုပ်ကောင်းကောင်းဖြစ်ကာ မျက်လုံးအစုံမှာ စူးရှတောက်ပလှပေသည်။

ထူးခြားချက်မှာ ထိုသူ၏ခါးစည်းကြိုးတွင် အနီရောင်ဖိတ်စာတစ်ခု ထိုးလာနေခြင်းပင် ဖြစ်၏။





ဖိတ်စာနီ....

မှန်ပေသည်။ ဖိတ်စာနီမှာ သိုင်းလောကတွင် အလွန်သေရေးရှင်ရေးကြုံမှ အသုံးပြုသော ဖိတ်စာဖြစ်၏။

အန္တရာယ်၏အရိပ်အငွေ့နှင့် မကင်းသော ရန်ငြိုးရန်စနှင့် ပတ်သက်သော သွေး ရောင် လွှမ်း သည့် ဖိတ် စာ ဟု လည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပေသည်။

ဖိတ်စာနီ ရောက်ရှိလာပါက သွေးညှိနံ့လွှမ်းကာ သွေးချောင်းစီးသော ဖြစ်ရပ်များ သိုင်းလောကတွင် ဖြစ်ပေါ်လာလေ့ရှိ၏။

ထို့ကြောင့် ဖိတ်စာနီမှာ သိုင်းလောကတွင် မနှစ်မြို့စရာကောင်းသော စိန်ခေါ်ဖိတ်စာတစ်ရပ် ဖြစ်နေသောကြောင့်ပင်တည်း။

ဖိတ်စာနီသည် စိန်ခေါ်ခြင်း၏ အထိမ်းအမှတ်သင်္ကေတပင် ဖြစ်၏။

ထို့ကြောင့် ယခု မွန်ဂိုမြင်းနက်ကြီးအပေါ်မှ သိုင်းသမားတွင် ပါရှိလာသော ဖိတ်စာနီကို မြင်လိုက်ရသည်နှင့် သွေးပင့်ကူဂိုဏ်းသားများအားလုံး အုတ်အုတ်ကျက်ကျက်နှင့် လှုပ်လှုပ်ရှရှ ဖြစ်ကုန်ကြရခြင်းပင်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် မွန်ဂိုမြင်းနက်ကြီးသည် လေတိုက်ခတ်သည့်အလား နဂါးကိုးကောင် တံတား၏ တစ်ဘက်ထိပ်သို့ လျင်မြန်စွာ ရောက်ရှိလာလေတော့၏။

"ဟိတ်....ရပ်လိုက်စမ်း"

ချက်ချင်းပင် တံတားစောင့်တပ်ဖွဲ့က အော်ငေါက်ပြီး မြင်းစီးသမားလူစိမ်းကို ဝိုင်းရံထားလိုက်ကြလေသည်။

မြင်းစီးသမားလူစိမ်းက သူ့ကို အထပ်ထပ် ဝိုင်းရံထားသော်လည်း မျက်နှာတစ်ချက်ကလေးမှ မပျက်။ ထိုသူက စူးရှခက်ထန်သော လေသံဖြင့်....

"ဟိတ်....မင်းတို့ဂိုဏ်းချုပ်ကြီး ကျူမင် ဘယ်မှာလဲ"

"အောင်မာ....မင်းက ရာရာစစ၊ ငါတို့ဂိုဏ်းချုပ်ကြီးကို မေးရအောင် မင်းက ဘာကောင်မို့ လို့လဲ"

သွေးပင့်ကျူဂိုဏ်းခွဲမှူးတစ်ယောက်က စူးဝါးသော အသံဖြင့် အော်ဟစ်ပြောကြားလိုက်သည်။

"ဟဲ... ဟဲ....ဟဲ"

မြင်းပေါ်မှ သိုင်းသမားက တဟဲဟဲရယ်မောလိုက်ပြီး....

"မင်းတို့ဂိုဏ်းချုပ်ကြီးက ငါဘယ်သူလဲဆိုတာ သိရရင် ချက်ချင်းအခေါ် လွှတ်မှာပါ၊ နောက်ပြီး မင်းတို့လို ဆက်ဆံ





ရေး မပြေပြစ်တဲ့အတွက်လဲ အပြစ်ပေးခံရဦးမယ်၊ မကြောက်ဘူးလား"

ထို လူစိမ်းသိုင်းသမား၏စကားကြောင့် သွေးပင့်ကျူဂိုဏ်းခွဲမှူးမှာ မျက်နှာတစ်ချက် တွေခနဲ ဖြစ်သွားရကာ....

"ဆိုစမ်းပါဦး၊ ဒီလောက် ကြီးကျယ်နေရအောင် ခင်ဗျားက ဘယ်သူမို့ လို့လဲ"

လူစိမ်းသိုင်းသမားက မြင်းပေါ်မှနေ၍ပင် ခါးကြားမှ ထိုးထားသော ဖိတ်စာကိုဖြုတ်ယူလိုက်ပြီး ဂိုဏ်းခွဲမှူးဆီသို့ ပစ်ပေးလိုက်ကာ....

"ဟောဒီ ဖိတ်စာနီကို မင်းတို့ သွေးပင့်ကျူဂိုဏ်းချုပ်ကြီး ကျူမင်လက်ထဲရောက်အောင် သွားထည့်လိုက်၊ သူက ငါ့ကို မလွဲမသွေ ခေါ် ခိုင်းလိုက်လိမ့်မယ်"

"ဟင်"

ဂိုဏ်းခွဲမှူးမှာ အယောင်ယောင်အမှားမှားဖြင့် ထိုသူ ပစ်ပေးလိုက်သောဖိတ်စာကို ဖမ်းယူလိုက်ရင်းက ခေါင်းနပန်းများ ကြီးသွားမိရသည်၊ ကြက်သီးမွေးညင်းပင် တဖြန်းဖြန်း ထသွားမိရသည်။

ကျောချမ်း ဓားပြမှန်းသိဆိုသကဲ့သို့ စင်စစ် ဤကြေးစက် စရာကောင်းလှသော ဖိတ်စာနီသည် သူတို့၏ အင်အားကြီး

မစားလှသော မဟာအနက်ရောင် သိုင်းဂိုဏ်းချုပ်ကြီးကျူမင် အတွက် ဖြစ်နေရလေပြီ။

ထိုသို့ ခေါင်းထဲသို့ လျှပ်တစ်ပြက် အတွေးဝင်ရောက်လာမိသည်နှင့် တစ်ပြိုင်နက် ဂိုဏ်းခွဲမှူးမှာ ခြေလက်များပင် တုန်တုန် ယင်ယင်ဖြစ်ကာ လက်ထဲမှဖိတ်စာနီပင်လွှတ်ကျလုမတတ် ဖြစ်သွားရလေတော့၏။ ဒူးများပင် ကွေးညွှတ်ကျလုမတတ် ဖြစ်သွားရသည်။

"ဟား....ဟား....ဟား"

သွေးပင့်ကူဂိုဏ်းခွဲမှူး၏ ပုံသဏ္ဌာန်ကိုကြည့်ကာ မြင်းထက်မှ သိုင်းသမားက အေးစက်စက်လေသံဖြင့် လှောင်ရယ် တစ်ချက်ရယ်မောလိုက်သည်။

ပြီးမှ....

"ဒါက ဘယ်လိုဖြစ်သွားရတာလဲကွ၊ ဒီဖိတ်စာပေါ့ပေါ့ကလေး တစ်ခုကိုတောင် နိုင်အောင်မကိုင်နိုင်ဘီတော့ဘူးလား။ ကိုင်း....မင်းတို့ဂိုဏ်းချုပ်ကြီးကို အမြန်ဆုံးသွားပြီး ပို့လိုက်ချေ"

ဂိုဏ်းခွဲမှူးမှာ လူစိမ်းသိုင်းသမား၏ စကား ကြောင့် အတော်ကလေး ကျွမြီးတိုသွားရသည်။

ဂိုဏ်းခွဲမှူးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....





"ဟင့်.... မစီးကြည့်ရတာ သိုင်းပညာလေး မတောက်တခေါက်နဲ့ သိုင်းလောကမှာ အတော်ကလေး စွာကျယ်ကျယ် လုပ်ခနပုံရတယ်....

"ဖိတ်စာနီကိုအားနာလို့ မင်းကို အသာတကြည့်ကြည့်နေတာ၊ ဖိတ်စာနီသာပါမလာရင် ခုလောက်ဆို မင်း အသက် ပျောက်သွားပြီ....

"ကောင်းပြီ၊ မင်း ဒီနေရာကနေ ဘယ်မှထွက်မသွားနဲ့၊ ငါဒီဖိတ်စာနီကို ဂိုဏ်းချုပ်ကြီးဆီသွားပြီးဆက်သလိုက်မယ်"

"ကောင်းပါပြီဗျာ၊ သွားပြီး ဆက်သလိုက်ပါ"

"ဖြော်....ဒါနဲ့ မင်းဘယ်သူဘယ်ဝါဆိုတာ ပြောစမ်းပါဦး၊ တော်ကြာ ဂိုဏ်းချုပ်ကြီးက ငါ့ကို အပြစ်တင်နေဦးမယ်"

မြင်းစီးသိုင်းသမားက အေးစက်စက် တစ်ချက်ပြုံးလိုက်ရင်း....

"ဝံပုလွေတမန်တော်ဆိုရင် လုံလောက်ပါပြီ"

"တော်တော်ကြီးကျယ်တဲ့ကောင်၊ ဟိတ်....သူ့ကို ဘယ်မှ ထွက်မသွားစေနဲ့၊ ဝိုင်းထား"

ဂိုဏ်းခွဲမှူးက သူ့လူများဘက်သို့ အော်ငေါက် အမိန့်ပေးလိုက်ရင်း မြင်းတစ်စီးအပေါ်သို့ လွှားတက်ကာ နဂါးကိုးကောင် တံတားကြီးတစ်ဘက်သို့ အမြန်စီးနှင်းသွားသည်။

ဂိုဏ်းခွဲမှူးလက်ထဲတွင်အလွန်အရေးကြီးသော သွေးရောင်လွှမ်းသည့် ဖိတ်စာနီက ပါရှိလာလေပြီ။

ဤသည်ကိုကြည့်ကာ မြင်းစီးသမား လူစိမ်းသိုင်းပညာရှင်က ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

ပြီးနောက် သူက ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

ပတ်ဝန်းကျင် ကျောက်ဆောင် ကျောက်တုံးများကြားမှ ချောင်းမြောင်း ကြည့်ရှုနေကြသော သွေးပင့်ကူ ဂိုဏ်းသားများ၊ ချုံနွယ် ပိတ်ပေါင်းများကြားမှ လက်နက်ပုန်းများ အသင့်ကိုင်ဆောင်ထားသော ပင့်ကူဂိုဏ်းသားများကိုတွေ့မြင်နေရသည်။

ထို့ပြင် နဂါးကိုးကောင် တံတားစောင့်တပ်ဖွဲ့က မြင်းစီးသမားကို ဂိုဏ်းခွဲမှူးအမိန့်အတိုင်း စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံထားလိုက်ကြသည်။

မြင်းစီးသမားက ဤမျှလောက် အန္တရာယ်များပြားကာ ရန်သူများ ပတ်ပတ်လည် ဝိုင်းရံထားသည့်ကြားသို့ သူတစ်ယောက်တည်း ရောက်ရှိနေသော်လည်း ကြောင်ခြေ တစ်ချက်မျှ မပျက်သည့်အပြင် တုန်လှုပ်ချောက်ချားခြင်းမျိုး အလျဉ်းမရှိချေ။



ခရမ်းရောင်ဝတ်စုံရှင်မြင်းစီးသမစ်းကြည့်ရသည်မှာ အေးဆေး တည်ငြိမ်လှပြီး ပတ်ဝန်းကျင်ရှုမျှော်ခင်းများကို အပန်းဖြေ ကြည့်ရှုနေသည့်လူတစ်ယောက်အသွင် တွေ့မြင်နေရလေသည်။

ထို့ကြောင့် ဝိုင်းရံထားကြသောလက်နက်အသီးသီး ဆွဲကိုင်ထားကြသည့် သွေးပင့်ကူဂိုဏ်းသားများမှာတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြောင်အမ်းအမ်းပင် ဖြစ်နေကြရလေတော့၏။

တကယ်တမ်းဆိုလျှင် ဤနေရာတွင် မည်သူမဆို နောက်သို့တွန့်ခနဲ မျက်နှာလေးကွက်ခနဲတစ်ချက်တော့ အမှန်ပျက်သွားရမည်မှာ မြေကြီးနှင့်သက်ခတ်မလွဲကောန်ပင် ဖြစ်ရပေသည်။

ယခုမူ ခရမ်းရောင်ဝတ်စုံရှင်မြင်စီးသမားသည် အလွန်သတ္တိကောင်းသော သိုင်းသမားတစ်ယောက် ဖြစ်နေလေပြီတကား။

ထို့ကြောင့်ပင် ဝိုင်းရံထားသော သွေးပင့်ကူ ဂိုဏ်းသားများမှာ အချိန်ကြာလာသည်နှင့်အမျှ တည်ငြိမ်အေးဆေးမှုအပြည့်ရှိနေသော ခရမ်းရောင်ဝတ်စုံရှင် မြင်းစီးသိုင်းသမားကို ကြည့်၍ တိတ်တခိုးချောက်ချား တုန်လှုပ်လာကြရခြင်းပင်ဖြစ်ပေတော့သည်။

ခရမ်းရောင်ဝတ်စုံရှင်ကမူ မြင်းထက်မှနေ၍ လှမ်းမြင်နေ

ရသော အမှောင်စံအိမ်ကြီးနှင့် အမှောင်စံအိမ် ဝန်းကျင်မှ ရှုခင်းများကို အေးဆေးစွာကြည့်မိသည်၊ စိတ်အေးလက်အေး ခရီးထွက်လာသူတစ်ယောက်လို ဖြစ်နေသည်။

အမှောင်စံအိမ်ကြီး ကြည့်ရသည်မှာ မကောင်းဆိုးဝါး ကောင်ကြီးများစံမြန်းရာဘုံဗိမ္မာန်ကြီးတစ်ခုပမာထင်မှတ်ရပြီး မြူခိုးများကဝေ့ဝဲနေကာ စံအိမ်ပတ်ပတ်လည်တွင် စွန်ငှက်ကြီးများက အော်မြည် ပျံသန်းလျက် ရှိနေကြပေတော့သည်။

* * *

အမှောင်စံအိမ်....

အမှောင်စံအိမ်သခင် သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်က သူ မည်သို့ဆက်လက်၍ သိုင်းလောကကြီးတစ်ခုလုံးကို သူတစ်ယောက်တည်း လက်ဝါးကြီးအုပ်ရမည်။

ကြီးမားသောရာဇဝတ်မှုများကိုမည်သို့ဖန်တီးလုပ်ဆောင်ရမည်၊ သိုင်းလောကကို မည်သို့မည်ပုံ ဒုက္ခပေးရမည်များကို သူ၏ထက်မြက် စွမ်းပကားကြီးမားလှသော ဉာဏ်နီ ဉာဏ်နက်များနှင့်တွေးတော အကြံထုတ်လျက်ရှိနေ၏။





သူက မိန်းမချောလေး တစ်ယောက် လာရောက်ဆက်သလိုက်သော မွှေးကြိုင်သင်းပျံ့လှသည့် အရက်ခွက်ကို လှမ်းယူလိုက်ရင်းက ခေါင်းကိုဆတ်ပြလိုက်သည်။

မိန်းမချောလေးက ဂိုဏ်းချုပ်ကြီး ကျူမင်ကို အရိုအသေပြုလိုက်ပြီး နောက်သို့ ဖြည်းညင်းစွာ ပြန်လည်ဆုတ်ခွာသွားသည်။

ဂိုဏ်းချုပ်ကြီးကျူမင်က အတော်ကလေး ဇိမ်ခံတတ်သည့် ငနဲကြီး တစ်ယောက်ပင်ဖြစ်သည်။

သူ့အနီးတွင် မိန်းမချောလေးများက အရက်အိုးများ၊ အရက်ခွက်များ တင်ထားသည့် ငွေလင်ပန်းများ၊ အမြည်းဟင်းလျာပွဲများ စသည်ဖြင့် အသီးသီးလိုလေသေးမရှိ အသင့်ကိုင်ဆောင်ကာ ရပ်လျက်ရှိနေကြသည်။

မိန်းမချောလေးများကိုလည်း အထင်မသေးနှင့်၊ အရေးကြုံလာပါက တိုက်ခိုက်မှု စွမ်းရည်အပြည့်နှင့် ကျားရဲမလေးများပမာ ခက်ထန်ကြမ်းကြုတ်စွာ တိုက်ခိုက်တတ်သည့် သိုင်းသမားများအဖြစ်သို့ လျင်မြန်စွာပြောင်းလဲသွားတတ်ကြသည်။

တစ်ချိန်က ချူးချင်း သူဌေးကြီးဆွန်းဟို့၏ စံအိမ်တော်တွင် ကပြဖျော်ဖြေခဲ့သော ဒေါင်းမင်းသမီးအက၊ နေစကြာအက၊ ပန်းရွှေလိပ်ပြာအကများဖြင့် ဖျော်ဖြေခဲ့သော မိန်းမချောကလေးများသည် ချူးချင်းနှင့် သူဌေးကြီး ဆွန်းဟို့

တို့ တိုက်ခိုက်ကြသောအခါ ကပြဖျော်ဖြေမှုကို ရပ်ပြီး သူဌေးကြီး ဆွန်းဟို့ဘက်မှ နေ၍ ချူးချင်းကို တိုက်ခိုက်ကြသည် မဟုတ်ပါလား။

ထို့ကြောင့် လှသော နှင်းဆီပွင့်ကလေးများသည် ဆူးအပြည့်နှင့် ရှိနေတတ်ကာ အကိုင်မကျွမ်းကျင်ပါက လက်စူးပြီး သွေးထွက်သွားမည်မှာ မလွဲဧကန်ပင် ဖြစ်ပေတော့၏။

ယခုလည်း သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်၏ နံဘေးမှာ ရှိနေသော မိန်းမချောကလေးများသည် ဖော့ဖယောင်းပမာ ပျော့ပျောင်းသူကလေးများ ဖြစ်ကြသော်လည်း အရေးကြုံလာပါက သံမဏိပမာ မာကျောလာမည့် သူကလေးများပင် ဖြစ်ကြပေတော့၏။

ထို့ကြောင့်လည်း သံမဏိနတ်ကျားပွတ် ကျူမင်က ဤသိုင်းပညာရှင် မိန်းကလေးများကို အလိုလိုက် အကြိုက်ဆောင်ကာ လိုလေသေး မရှိရလေအောင် ဖြည့်စွမ်းပေးထားပြီး သွေးပင့်ကူဂိုဏ်းကြီးအတွင်းသို့ စည်းရုံးခေါ်ဆောင်ထားရခြင်းပင် ဖြစ်ပေတော့သည်။

မိန်းမချောလေးများကလည်း ကျူမင် အတွက်ဆိုလျှင် အသက်ပင်ပေးရပေးရ စွန့်စားတိုက်ခိုက်မည့် သူကလေးများ ဖြစ်ကြသည်။





သံမဏိ နတ်ကျားပွတ်သခင်ကျူမင်က အရက်ကို တစိမ့်စိမ့် သောက်ရင်းက မျက်လုံးများ မှေးစင်းထားလိုက်မိသည်။

"ဝုန်း"

"ဂျိမ်း"

ရုတ်တရက် ခန်းမဆောင် တံခါးကြီးပွင့်ထွက်သွားသံကြောင့် မှေးစင်းနေသည့် ဂိုဏ်းချုပ်ကြီးကျူမင်၏ မျက်လုံးများမှာ အနည်းငယ် ကျယ်သွားရသည်။

"အလို"

အံ့ဖွယ်သူရဲမြင်ကွင်းကြောင့် ဂိုဏ်းချုပ်ကြီး ကျူမင်၏ မျက်ခုံးအစုံမှာ အထက်သို့မြင့်တက်သွားရသလို မျက်လုံးအစုံမှာလည်း ပြူးကျယ်ဝိုင်းစက်သွားမိရသည်။

တံခါးမကြီး၏ အဝတွင် သွေးပင့်ကူဂိုဏ်းခွဲမှူး တစ်ယောက် ပေါ်ပေါက်လာသည်။

ထိုဂိုဏ်းခွဲမှူး လက်ထဲတွင် အနီရောင်ဖိတ်စာ တစ်ခုက ပါရှိလာသည်။

ဝင်လာသော ဂိုဏ်းခွဲမှူးကြောင့် အံ့သြတုန်လှုပ်သွားရခြင်းမဟုတ်။

ဂိုဏ်းခွဲမှူးလက်ထဲမှအရောင်တဖိတ်ဖိတ်တောက်ပနေသည့် အနီရောင် ဖိတ်စာကြောင့်ပင် ဖြစ်ပေသည်။

အနီရောင်ဖိတ်စာ....

အနီရောင်ဖိတ်စာကို မြင်လိုက်ရသည်နှင့် ဂိုဏ်းချုပ်ကြီး ကျူမင်၏ နှာခေါင်းဝတွင် အန္တရာယ်၏ အနံ့အသက် အရိပ်အငွေ့များကို ခံစားလိုက်မိရသည်။

ဤအနီရောင်ဖိတ်စာ သို့မဟုတ် သိုင်းလောက အခေါ် အားဖြင့် ဖိတ်စာနံ့သည် တစ်စုံတစ်ယောက်က မိမိအား စိန်ခေါ်စာ ပေးပို့လိုက်ပြီ ဖြစ်ကြောင်းကိုလည်း ကျူမင်က ချက်ချင်း ရိပ်စားမိလိုက်သည်။

ဤသို့ဆိုလျှင် မိမိလိုအင်အားကြီးမားပြီး သိုင်းပညာ ထိပ်တန်းကျလှသည့် ဂိုဏ်းချုပ်ကြီးလိုပုဂ္ဂိုလ်မျိုးကြီး တစ်ယောက်အား မည်သို့သောပါမှားမျိုးက စိန်ခေါ်ဖိတ်စာပို့ခိုင်းလိုက်ရပါသနည်း။

"ဟင်း....ဟင်း....ဟင်း"

သံမဏိနတ်ကျားပွတ် ကျူမင်က စိတ်ထဲမှ ကျိတ်တွေးကာ သဘောကျသွားမိရင်း တဟဲဟဲကျိတ်ရယ်လိုက်မိသည်။

သိုင်းလောကတွင် ဖိတ်စာ သို့မဟုတ် စိန်ခေါ်စာကို မိမိက လက်ခံလျှင်လည်းရသည်၊ လက်မခံလျှင်လည်းရသည်၊ ငြင်းပယ်ပစ်လိုက်လျှင်လည်းရသည်။

မိမိနှင့် အင်အားတူညီပြီး လက်ရည်မျှမှ မိမိက လက်ခံမည်ဖြစ်သည်။ သို့မဟုတ်ပါက မိမိက တစ်ဘက်သတ် အနိုင်ကျင့် တိုက်ခိုက်သလိုဖြစ်ပြီး သိက္ခာကျလှပေသည်။

"ဟင်း....ဟင်း....ဟင်း"

ကျူမင်က ထပ်တွေးမိလိုက်ရင်းက လက်ကျန်အရက်ကို တစ်ချိုက်တည်း မော့ပစ်လိုက်ကာ အရက်ခွက်ကို နောက်ဘက်သို့ ပစ်ပေးလိုက်သည်။

မိန်းမချောလေးတစ်ယောက်က အရှိန်ပြင်းစွာ ပစ်လွှင့်လာသော အရက်ခွက်ကို ပန်းတစ်ပွင့် ခူးဆွတ်လိုက်သည့်အလား အေးဆေးလွယ်ကူစွာဖြင့်ပင် ဖမ်းယူထားလိုက်သည်။

ယင်းအချိန်မှာပင် ဖိတ်စာနီ သယ်ဆောင်လာသော ဂိုဏ်းခွဲမှူးသည် သံမဏိနတ် ကျားပွတ်ရှေ့မှောက်သို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ရောက်ရှိလာခဲ့ပြီဖြစ်၏။

ခန်းမဆောင်ကြီးအတွင်းမှ ရှိနေကြသော မြောက်မြားလှစွာနှင့် မျက်လုံးအားလုံးတို့သည် ထိုဂိုဏ်းခွဲမှူးဆီသို့သာ စုပြုံကျရောက်လျက် ရှိနေကြလေ၏။

ဂိုဏ်းခွဲမှူးက ကျူမင်ကို ဦးညွှတ်အရိုအသေ ပြုနေလိုက်သည်။

ကျူမင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"ဝမ်ကွေ့၊ ဘာအကြောင်းထူးလို့လဲ"

ဝမ်ကွေ့ ဆိုသည့် ဂိုဏ်းခွဲမှူးက လက်ထဲမှ ဖိတ်စာနီကို ကျူမင်အား မပေးမရဲနှင့် ဆက်သလိုက်ပြီး....

"နဂါးကိုးကောင် တံတားထိပ်မှာ ခရမ်းရောင်ဝတ်စုံနဲ့ လူတစ်ယောက် ရောက်လာပြီး ဒီဖိတ်စာ ပို့ခိုင်းလိုက်ပါတယ်"

ချက်ချင်းပင် သံမဏိနတ်ကျားပွတ် ကျူမင်၏ မျက်လုံးများမှာ ကျဉ်းမြောင်းသွားရသည်။

ကျူမင်၏ ပြောင်းလဲသွားသော အမူအရာကြောင့် ဝမ်ကွေ့ ဆိုသည့် ဂိုဏ်းခွဲမှူးကြီးမှာ မျက်နှာ ကွက်ခနဲပျက်သွားကာ တစ်ကိုယ်လုံး လူသေကောင် တစ်ကောင်ပမာ အေးစက်တောင့်တင်းသွားရသည်။

ကျူမင်၏ မျက်နှာထက်တွင် လူသတ်လိုသည့် အရိပ်အငွေ့များက ယှက်သမ်းဖြစ်ပေါ်နေသည် မဟုတ်ပါလား။

ကျူမင်က လူတစ်ယောက် သတ်တော့မည်ဆိုလျှင် သူ့မျက်နှာက ဤကဲ့သို့ ခက်ထန်ကြမ်းကြုတ်သွားရလေသည်။

သူက မည်သူ့ကို သတ်ချင်စိတ် ပေါက်သွားရပါသနည်း။

ဖိတ်စာနီ လာရောက်ပို့ပေးသည့် ဂိုဏ်းခွဲမှူးကိုလား၊ သို့တည်းမဟုတ် တံတားထိပ်မှ စောင့်ကျန်ရစ်ခဲ့သည့် ခရမ်းရောင်ဝတ်စုံရှင်ကိုလား။





သို့မို့ကြောင့်ပင် ဝမ်ကွေ့ ဆိုသည့် ဂိုဏ်းခွဲမှူးမှာ ကျောချမ်းကာ တုန်လှုပ်ချောက်ချားသွားရခြင်းပင် ဖြစ်ပေတော့သည်။

ယင်းအချိန်မှာပင် သံမဏိနတ်ကျားပွတ် ကျူမင်ထံမှ တဟဲဟဲနှင့် အေးစက်စက် ရယ်မောလိုက်သံတစ်ချက်က မမျှော်လင့်ဘဲ ထွက်ပေါ်လာကာ....

"နေစမ်းပါဦး၊ ဖိတ်စာလာပို့တဲ့ကောင်က ဘယ်သူတဲ့လဲကွ၊ ဘယ်ဂိုဏ်းကလဲ"

ဝမ်ကွေ့က ခေါင်းခါယမ်းပြလိုက်ပြီး....

"သူက ဘယ်ဂိုဏ်းကဆိုတာကိုတော့ မပြောပါဘူး၊ ဒါပေမယ့် သူ့ကိုယ်သူ ဝံပုလွေတမန်တော်လို့ ပြောရင် လုံလောက်ပြီလို့ မှာကြားလိုက်ပါတယ်"

"ဝံပုလွေတမန်တော်....ဝံပုလွေတမန်တော်"

ဝံပုလွေတမန်တော်ဟူသော စကားလုံး ကြားလိုက်ရသည်နှင့် ဝံပုလွေမားကို ဖျတ်ခနဲ သတိရလိုက်မိသည်။

တစ်ဆက်တည်းမှာပင် အဓိပတိသိုင်းကိုးကွက်၊ မြောက်မြားလှစွာသော ရတနာများ၊ ချူးချင်း၊ ဝံပုလွေတောင်၊ ထိုမှတစ်ဆင့် သမီးကလေး မေဝှား၊ ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်၊

ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့အထိ တစ်ဆင့်ပြီးတစ်ဆင့် တရိပ်ရိပ် ပြန်လည်မြင်ယောင်လာမိရသည်။

ထို့ကြောင့် သံမဏိနတ်ကျားပွတ် ကျူမင်၏ မျက်နှာမှာ ခက်ထန်ကြမ်းကြုတ်သွားလိုက်၊ ဝမ်း နည်း ကြေကွဲ မှုတို့ဖြင့် မှိုင်းဆိုင်းငေးငိုင်တွေဝေသွားလိုက် အံဘကြိတ်ကြိတ်၊ လက်သီးတဆုပ်ဆုပ် ဖြစ်နေရသည်။

ဂိုဏ်းချုပ်ကြီး ကျူမင်ကိုကြည့်ကာ ကျန်ဂိုဏ်းခွဲမှူးများ၊ ဂိုဏ်းသားများမှာ အထိတ်တလန့်ဖြစ်ကာ တိတ်တခိုးလေး တုန်လှုပ်ချောက်ချား နေကြရလေတော့၏။

ဓံပုလွေတမန်တော်ဆိုကတည်းက ဓံပုလွေခါးနှင့် ဆက်စပ်နေသော သူတစ်ယောက် ဖြစ်နေရလေပြီ။

ထို့ပြင် ဓံပုလွေခါးရသွားသော ချူးချင်းနှင့်လည်း ပတ်သက်နေရပေမည်။

သို့သော် မိမိသည် ထိုဓံပုလွေတမန်တော်ဆိုသည့် ပုဂ္ဂိုလ်ကို ယနေ့အချိန်အထိ တစ်ခါမှ တွေ့မြင်သိကျွမ်းခဲ့ဖူးခြင်း မရှိပေ။

ဤသို့ဆိုလျှင် ဤစိန်ခေါ်ဖိတ်စာနီသည် မည်သူက ကိုယ်စားလှယ် စေလွှတ်၍ ပေးပို့ခိုင်းလိုက်ရသနည်း။





သံမဏိနတ်ကျားပွတ် ကျူမင်သည် ဦးနှောက်ခြောက်ခံကာ ဆက်လက်တွေးတောစဉ်းစားခြင်း ပြုမနေတော့ဘဲ ဖိတ်စာနီမှ လှပသေသပ်စွာ စည်းနှောင်ထားသော အနီရောင်ပိုးကြိုးကို ဖြတ်ကာ ဖိတ်စာကို ဖွင့်၍ကြည့်ရှုလိုက်လေသည်။

"သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်သိစေရန်"

ကျွန်ုပ်သည် သင့်အား မိဘနှစ်ပါးအတွက် သွေးကြွေးဆပ်ရန် တရားမျှတ တောင်ပေါ်တွင် ကိုးလပိုင်း ကိုးရက်နေ့နံနက်၌ တစ်ယောက်ချင်း သိုင်းပညာချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် စိန်ခေါ်လိုက်သည်။

ဓံပုလွေဖြူ ချူးချင်း။

"ဟား....ဟား....ဟား"

သံမဏိနတ်ကျားပွတ်ကျူမင်သည် ဖိတ်စာနီကိုဖွင့်ကာကြည့်ရှုလိုက်ပြီးနောက် စူးရှကျယ်လောင်သောလေသံဖြင့် တဟားဟား ရယ်မောလိုက်သည်။

သူ၏ စူးရှကျယ်လောင်လှသော ရယ် မော သံ ကြီး မှာ ခန်းမဆောင်ကြီး တစ်ခုလုံးကိုရိုက်ခတ်ပြီး ပဲ့တင်ထပ်သွားရသည်။

သူ၏ အူလှိုက်သည်းလှိုက် သဘောကျ ရယ်မောလိုက်မှု

ကြောင့် ကျန်လူများမှာ တုန်လှုပ်ချောက်ချားသွားကြရပြန်သည်။

ကျူမင်သည် မည်သည့်အတွက်ကြောင့် ဤမျှ လောက် သဘောကျကာ အူ လှိုက် သည်း လှိုက် ရယ်မောလိုက်ရပါသနည်း။

ဤမျှ ကြောက်စရာကောင်းလှသော ဖိတ်စာနီပေါ်မှ စာလုံးများကို မြင်တွေ့ရလျှင် မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ထိတ်လန့်ကြောက်ရွံ့သွားရမည့်အစား သဘောကျကာ ရယ်မောလိုက်သည့်အတွက် သွေးပင့်ကူဂိုဏ်းခွဲမှူးများနှင့် ဂိုဏ်းသားများမှာ အံ့သြတုန်လှုပ်သွားကြရခြင်းပင် ဖြစ်ပေတော့သည်။

သံမဏိနတ်ကျားပွတ် ကျူမင်က လက်တစ်ဘက်ဖြင့် ယမ်းပစ်လိုက်ရာ ဖိတ်စာနီမှာ လေထဲသို့မြောက်တက်သွားပြီး အမှုန့်များအဖြစ်သို့ ပြောင်းလဲသွားကာ အောက်သို့တဖွဲဖွဲကျဆင်းသွားကြလေသည်။

ကျူမင်၏ အတွင်းအားမှာ နက်ရှိုင်းကြီးမားလှကြောင်းကို အားလုံးက မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြလေတော့သည်။

သူတို့၏ ဂိုဏ်းချုပ်ကြီးကိုလည်း အထင်ကြီးသွားမိကြသည်။





"ချူးချင်း....ချူးချင်း၊ မင်းက အခုတော့ ဝံပုလွေဖြူ ချူးချင်းတောင် ဖြစ်နေပြီကိုး၊ မင်းကို ငါ့အစောကြီးကတည်းက သတ်လိုက်ရင် ခုလောက်ထိပြဿနာတွေဖြစ်လာမှာမဟုတ်ဘူး....

"ခုတော့ ငါ့သမီးကလေးလဲ ဆုံးပါးသွားခဲ့ရပြီ၊အားကိုးရတဲ့ လက်ရုံးတပည့်တွေလဲ ကျဆုံးခဲ့ရပြီ၊ တောက်...."

ကျူမင်က အရှုးတစ်ယောက်ပမာ နှုတ်မှ တတွတ်တွတ် ပြောကြားရင်း အဆုံးတွင် တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်မိသည်။

သူ့တောက်ခေါက်လိုက်သံကြီးကြောင့် အားလုံးမှာထိတ်လန့်သွားကြရပြန်သည်။

ကျူမင်၏မျက်နှာမှာ သုန်သုန်မှုန်မှုန် ဖြစ်လာသည်။
အတိတ်မှ အရိပ်ဇာတ်ကြောင်းများကို တရိပ်ရိပ် ပြန်လည်မြင်ယောင်လာဟန် တူပေသည်။

သိုင်းလောကမှ ဟာသ်စမောင်နှံခေါ်သည့် ချူးအင်းနှင့် ယိဖိန့်တို့ ဇနီးမောင်နှံကို မိမိက သွေးပင့်ကူဂိုဏ်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ပုံ....

ချူးအင်းနှင့် ယိဖုန့်တို့က ဖိတ်ခေါ်ချက်ကို လက်မခံဘဲ ငြင်းပယ်ခဲ့ပုံ....

ထို့နောက်တွင် အချင်းများကာ သွေးပင့်ကူဂိုဏ်းခွဲမှူး သုံးယောက်နှင့် ချူးအင်းတို့ ဇနီးမောင်နှံ တိုက်ခိုက်ကြပုံ....

ချူးအင်းတို့ ဇနီးမောင်နှံ လက်ချက်ဖြင့် ဂိုဏ်းခွဲမှူး သုံးယောက် ကျဆုံးသွားပုံ....

ထို့နောက် သွေးပင့်ကူဂိုဏ်းမှ ရန်စကိုကြောက်သဖြင့် ချူးအင်းနှင့် ယိဖုန့်တို့သည် ရှစ်နှစ်သားအရွယ် သားငယ် ချူးချင်းကို ခေါ်ဆောင်ကာ တိတ်တဆိတ် ထွက်ခွာသွားကြပုံ....

မိမိက တပည့်များလွှတ်၍ စုံစမ်းခိုင်းရာတွင် ချူးအင်းနှင့် ယိဖုန့်တို့သည် စုကျွားရွာတွင်ဇာတ်မြှုပ်နေထိုင်ကြကြောင်း၊ သားကလေး ချူးချင်းမှာမူ လုံစန်းတောင်ထိပ်တွင် သိုင်းပညာရပ်များ သင်ကြားနေပုံများကို စုံလင်စွာ သိရှိခဲ့ရသည်။

ထိုမှတစ်ဆင့် မိမိတို့သည် စုကျွားရွာသို့ရောက်လာကြပြီး ချူးအင်းနှင့် ယိဖုန့်တို့ကို တိုက်ခိုက်သုတ်သင်ပစ်လိုက်ကြပုံ....

ချူးချင်းရောက်လာသောအခါ မိမိက မသတ်ဘဲ ဝံပုလွေဓားရရန်အတွက် အသုံးချပြီး လှည့်ကွက်ဆင်ခဲ့ပုံများကို တရေးရေး မြင်ယောင်လာမိရသည်။

"တောက်....ဒီကောင့်ကို အဲဒီကတည်းက ကျူပင်ခုတ် ကျူငုတ်မကျန်ရလေအောင် တစ်ခါတည်း သုတ်သင်ပစ်ခဲ့ရရင် အကောင်းသား"





ကျူမင်မှာ စိတ်ထဲမှ မချင့်မရဲဖြစ်ကာ ထိုအချိန်ကာလက ချူးချင်းအား မိမိအနေနှင့် သတ်လိုပါက ကြက်ကလေး တစ်ကောင်ပမာ အလွယ်တကူသတ်နိုင်ပါလျက်နှင့် မသတ်ခဲ့လိုက်မိသည့်အတွက် အထူးပင် နောင်တရသွားမိရတော့၏။

တစ်ဆက်တည်းမှာပင် သူသည် အဓိပတိ သိုင်းကိုးကွက်နှင့် ဝံပုလွေဓားကို ဖျတ်ခနဲ သတိရလိုက်ပြီး ကျောရိုးတစ်လျှောက် စိမ့်တက်သွားမိသည်၊

ယခု ချူးချင်းက အဓိပတိသိုင်းကိုးကွက်ကို သင်ကြားတတ်မြောက်ပြီး မိဘများအတွက် သွေးကြွေးဆပ်ရန် မိမိကို စိန်ခေါ်လာခဲ့လေပြီ၊

ဤသည်မှာလည်း ကိုယ့်အတတ်နှင့်ကိုယ်စူးခြင်းပင် ဖြစ်ပေသည်။

အကြောင်းမှာ မိမိကပင် ချူးချင်းကို မိဘများအတွက် သွေးကြွေးဆပ်နိုင်ရန် ဝံပုလွေတောင်သို့စေလွှတ်ပြီး အဓိပတိ သိုင်းကိုးကွက်ပါရှိသော ဝံပုလွေဓားကို ယူဆောင်ခိုင်းလိုက်ခြင်းပင် ဖြစ်၏။

စင်စစ် မိမိကဝံပုလွေဓားကို မိမိလက်သို့ရောက်လာမည်ဟု မျှော်လင့်ထားခဲ့မိသည်။

သို့သော် ဝံပုလွေမစားက ကြာမှ အချောင်ပျောက်ပြီး ချုံးချင်းလက်သို့ရောက်ကာ ချုံးချင်းမှာ မမျှော်လင့်ဘဲ အဓိပတိ သိုင်းကိုးကွက် ရရှိသွားခဲ့လေပြီ။

အဓိပတိသိုင်းကိုးကွက်မှာ သိုင်းလောကတွင် ပြိုင်ဘက်ကင်း သိုင်းကွက်များဖြစ်ပြီး ထိုသိုင်းကွက်များတတ်မြောက်ထားသူကို မည်သူကမျှယှဉ်ပြိုင်စွံကြမည်မဟုတ်ပေ။

ယှဉ်ပြိုင်သူသည် ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့်သာတူသွားပေလိမ့်မည်။

ယခု ချုံးချင်းက မိမိကို အဓိပတိသိုင်းကိုးကွက်နှင့် မလွဲမသွေယှဉ်ပြိုင်တိုက်ခိုက်မည်ဖြစ်၏။

ထိုသို့တိုက်ခိုက်လာသောအခါ မိမိသည် မည်သည့်သိုင်းကွက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရပါမည်နည်း။

ထိုအချက်ကိုစဉ်းစားမိလိုက်သည်နှင့် ကျူမြင်သည် မျက်စိမျက်နှာ အကြီးအကျယ်ပျက်ကာ ကတုန်ကယင်ဖြစ်ပြီးချွေးသီးချွေးပေါက်ကြီးများပင် ဖြိုင်ဖြိုင် ကျဆင်းလာရလေတော့၏။

သွေးကြွေး....

ကြွေးထဲတွင် အဆိုးဆုံးသောကြွေးပင်တည်း။ သွေးကြွေးမှာ ရှောင်လွှဲမရသော ကြွေးမျိုးမဟုတ်ပါလား။





ကျူမြင်မှာ ရင်တလှပ်လှပ်ဖြစ်လာကာ အရက်တစ်ခွက်ယူပြီး အမြန်ဆုံးမော့သောက်ပစ်လိုက်ရသည်။

"အား"

ထိုအခါကျမှကျူမြင်မှာ နေသာ ထိုင်သာ ရှိသွားရပြီး ကတုန်ကယင်ဖြစ်နေမှုများမှာလည်း အနည်းငယ် သက်သာသွားရသည်။ သို့ဖြစ်သည့်တိုင် သူ့စိတ်များကငြိမ်သက်မှု သိပ်မရှိသေး။

သူက နောက်ထပ် အရက်တစ်ခွက် သောက်လိုက်တော့မှ အတော်ကလေးသက်သာရာရသွားသည်။ စိတ်များလည်းတည်ငြိမ်သွားသည်။

မည်သို့ပင်ဖြစ်စေ....

မိမိသည် သိုင်းလောကမှ အလွန်အင်အားကြီးမားလှသော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း၏ခေါင်းဆောင် အဓိပတိဂိုဏ်းချုပ်ကြီး တစ်ယောက်ပင်ဖြစ်၏။

မိမိလို ဝါရင့် အတွေ့အကြုံ ရင့်ကျက်ပြီး သိုင်းလောက အတွေ့အကြုံရော၊ တိုက်ပွဲအတွေ့အကြုံပါ ရင့်ကျက်လှသည့် ဂိုဏ်းချုပ်ကြီး တစ်ယောက်အား စိန်ခေါ်လာသည့် နောက်ပေါက် လူသစ်ကလေးတစ်ယောက်အား မိမိက ဘာကြောင့်ဂရုစိုက်နေရပါမည်နည်း။

"ဟား....ဟား....ဟား"

ထိုသို့တွေးလိုက်မိသည်နှင့် ကျူမင်သည် ရှုံးသွပ်သွားသူ တစ်ယောက်ပမာ တဟားဟား ရယ်မောလိုက်ပြန်လေ၏။ သူ့ကိုကြည့်ရသည်မှာ အရူးကြီးတစ်ယောက်ပင် ဖြစ်နေသည်။

မျက်နှာက ခက်ထန်ကြမ်းကြုတ်သွားလိုက်၊ ဝင်းလက်သွားလိုက်၊ ပြုံးရိပ်ပြုံးယောင်သမ်းလိုက်၊ တောက်ခေါက်လိုက်၊ ရယ်မောလိုက်နှင့် တစ်ယောက်တည်း အမျိုးမျိုးဖြစ်နေသည်။

သိုင်းလောကသို့ ယခုမှ ခြေချမည်ကြံရွယ်သည့် လူငယ်လူသစ်တစ်ယောက်ဖြစ်သည့်ချူးချင်း၏ စိန်ခေါ်မှုကို မိမိက ငြင်းပယ်လိုက်ပါက သိုင်းလောကအလယ်တွင် မိမိသည်သိက္ခာ အကြီးအကျယ်ကျကာ အဟားခံရသူတစ်ယောက် ဖြစ်ပေတော့မည်။

ထို့ကြောင့် မိမိအနေဖြင့် ၉ လပိုင်း ၉ ရက်နေ့တွင်တရားမျှတသော တောင်ပေါ်သို့သွားရောက်ပြီး ချူးချင်းအားတစ်ယောက်ချင်း အပြတ်ရှင်း တိုက်ခိုက်သုတ်သင်မည်ဟုဆုံးဖြတ်ချက် ချလိုက်မိလေ၏။

ကျူမင်မှာ ကောက်ကျစ်စဉ်းလဲသူတစ်ယောက်ပီပီ ချူးချင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေစဉ်အတွင်း နံဘေးမှ ကြည့်နေသောပရိသတ်မရိပ်မိရလေအောင်ယုတ်မာညစ်ပတ်သောနည်းမျိုးစုံနှင့်လည်း တိတ်တဆိတ်တိုက်ခိုက်မည်ဖြစ်၏။





သူက နည်းပရိယာယ်ကြွယ်သူ တစ်ယောက်လည်းဖြစ်၏။ ရန်သူတစ်ယောက်နှင့် တိုက်ခိုက်နေစဉ်အတွင်း ဘေး ပရိသတ် မတွေ့မမြင်ရလေအောင် လက်နက်ပုန်းနှင့် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းလည်းရှိ၏။

ထို့ကြောင့်ပင် ကျူမင်မှာ ဤမျှလောက် သက်ဆိုးရှည်နေခြင်းပင်ဖြစ်ပေသည်။

တိုက်ပွဲတစ်ပွဲတွင် သူ ရှုံးနိမ့်သွားတော့မည့်အရေးမြင်လျှင် သူက ညစ်ပတ်ယုတ်မာသောနည်းမျိုးစုံကို အသုံးပြုကာ တစ်ဘက် ရန်သူကို ချေမှုန်းပစ်တတ်သည်ချည်းဖြစ်၏။

ထို့ပြင် ဘေးပရိသတ်တွင် သူက သူ့တပည့်များကို ရောနှောစေပြီး နံဘေးမှမသိမသာကူညီစေမည်။

တစ်ခါတစ်ရံ လူအုပ်ကြားမှ လက်နက်ပုန်းများသည် သူနှင့် ယှဉ်ပြိုင်နေသော ယှဉ်ပြိုင်ဘက်၏အသက်ကို နှုတ်ယူသွားတတ် ပေမည်။

ကျူမင်ကထိုသို့တွေးတောမိလိုက်သည်နှင့်တစ်ပြိုင်နက် စိုးရိမ် စိတ်များ တစ်မုဟုတ်ချင်း လွင့်ပျောက်သွားရလေတော့၏။

ယခုအချိန်မှာပင် ကျူမင်က တစ်စုံတစ်ရာကိုသွားရောက်သတိရလိုက်မိပြီး....

"ဝမ်ကွေ့....ဖိတ်စာလာပို့တဲ့ ဟိုကောင် သူ့ကိုယ်သူ ဝံပုလွေတဇန်တော်ဆိုတဲ့ကောင်ကို ငါ့ဆီကိုခေါ်လာခဲ့စမ်း"

"ကောင်းပါပြီဂိုဏ်းချုပ်ကြီးခင်ဗျား"

ဝမ်ကွေ့ဆိုသော ဂိုဏ်းခွဲမှူးက ဂိုဏ်းချုပ်ကြီး ကျူမင်ကို အရိုအသေပေးလိုက်ကာ အပြင်သို့ သုတ်သုတ်ဆုတ်ခွာ၍ ပြန်လည်ထွက်သွားလေသည်။

ကျူမင်က အရက်ကိုတစိမ့်စိမ့်သောက်ရင်း အတွေးနယ်ချဲ့ကာ ကျန်ရစ်ခဲ့သည်။

မကြာမီ ဝမ်ကွေ့ဆိုသောဂိုဏ်းခွဲမှူးက ခရမ်းရောင်ဝတ်စုံနှင့် လူတစ်ယောက်ကို ခန်းမဆောင်ကြီးအတွင်းသို့ ခေါ်ဆောင်လာခဲ့သည်။

ထိုသူကို ကြည့်ရသည်မှာ ဆေးင့်ကြွားကြွားနိုင်သည်ဟု ကျူမင် ထင်မှတ်မိသည်။

ခရမ်းရောင်ဝတ်စုံရှင်သည် အမှောင်စံအိမ်ကြီး အတွင်းသို့ ဝင်ရောက်လာပုံမှာ ပြတိုက်ကြီးတစ်ခုအတွင်း အေးအေးဆေးဆေး ဝင်ရောက် လည်ပတ်ကြည့်ရှုရန်လာသည့် ပုံစံမျိုးဖြစ်နေသည်။

ရန်သူ့နယ်မြေအတွင်းသို့ရောက်ရှိလာသည့် ပုံသဏ္ဌာန်မျိုး မရှိ၊





ပကတိ အေးဆေးတည်ငြိမ်လှပေသည်၊

ထိုသူ ဝင်ရောက်လာသည်နှင့် ခန်းမဆောင်ကြီးအတွင်းမှ အသင့်ရှိနေကြသော သွေးပင့်ကူဂိုဏ်းသားများသည် ဓား လှံများကို အသင့်ပြင်ထားလိုက်ကြသည်၊

လေးသမားများကလည်း မြားများကို လေးညို့ပေါ်သို့ အသင့်တင်ထားကာ ချိန်ရွယ်ထားလိုက်ကြသည်။

ခရမ်းရောင်ဝတ်စုံရှင်သည် မြောက်မြားလှစွာသော သွေးပင့်ကူဂိုဏ်းသားများအလယ်တွင် တစ်ယောက်တည်း ထီးထီးမားမား ရှိနေ၏၊

သို့သော် ခရမ်းရောဗ်ဝတ်စုံရှင်သည် အမူအရာ တစ်ချက်ကလေး မပျက်၊ ပကတိ အေးဆေး တည်ငြိမ်လှပေသည်၊

သူ့ကိုယ်ပေါ်တွင် မည်သည့် လက်နက်မှလည်း မတွေ့ရပေ၊

ဤအချက်ကပင် အတော့်ကို ထူးဆန်းနေ၏။

ရန်သူ့နယ်မြေသို့ထိုးဖောက်ဝင်ရောက်လာပြီး ရန်သူများ အထပ်ထပ်ဝိုင်းရံနေသည့် အန္တရာယ်များကြားတွင် မည်သည့် လက်နက်မှ ယူဆောင်မလာခြင်းမှာ အတော်ထူးဆန်းသည့် အချက်တစ်ရက်ကင် ဖြစ်၏။

ခရမ်းရောင်ဝတ်စုံရှင်က ဂိုဏ်းချုပ်ကြီး ကျူမင်ရှေ့တွင် ခပ်တည်တည်နှင့် ရပ်နေသည်။

သိုင်းလောကမှ သိုင်းဂိုဏ်းချုပ်ကြီး တစ်ယောက်ဟူ၍လည်း အသိအမှတ်ပြုပုံမပေါ်ဘဲ အရိုအသေလည်း မပြုပေ။

သံမဏိနတ်ကျားပွတ် ကျူမင်က ခရမ်းရောင် ဝတ်စုံရှင်ကို စူးစိုက်ကြည့်ရင်း အကဲခက်နေသလို ခရမ်းရောင်ဝတ်စုံရှင်ကလည်း ကျူမင်ကို စူးစိုက်ကြည့်လျက် ရှိနေ၏။

ထိုသူ၏အကြည့်သည် မိမိ၏တစ်ကိုယ်လုံးကို ဖောက်ထွင်းသွားသည့်အလား မှတ်ထင်ရလောက်အောင် စူးရှ တောက်လက်လှပေသည်။

ကြည့်ရသည်မှာ ထိပ်တန်းအဆင့်မြင့် သိုင်းသမား တစ်ယောက် ဖြစ်ဟန်တူပေသည်။

ကျူမင်က ထိုသူကို စူးစိုက်ကြည့်လိုက်ပြီး....

"ဝံပုလွေတမန်တော်ဆိုတာ မင်းလား"

"ဟုတ်တယ်....ကျုပ်ပဲ"

ခရမ်းရောင်ဝတ်စုံရှင်က လေသံပြတ်ပြတ်ဖြင့် ပြန်လည်အဖြေပေးလိုက်သည်။

ခရမ်းရောင်ဝတ်စုံရှင်၏လေသံကြောင့် ကျူမင်၏မျက်နှာမှာ တင်းခနဲ ဖြစ်သွားရသည်။





ကျူမင်က ထောင်းခနဲ ဖြစ်သွားသော ဒေါသစိတ်ကို အတတ်နိုင်ဆုံး ထိန်းထားလိုက်ပြီး....

"မင်းတို့ဂိုဏ်းက ဝံပုလွေဂိုဏ်းလား"

"ဟုတ်တယ်"

"မင်းစကားပြောတာ ရင့်သီးလှချည်လား"

"ကျုပ်က ဒီလိုပဲ ပြောတတ်တယ်"

"မင်း ကြည့်ရတာ သိုင်းပညာမှာ အတော်ကလေး ထိပ်တန်း အဆင့်မြင့်တတ်ကျွမ်းထားပုံရတယ်၊ ဒါပေမယ့် မင်းကိုယ်မှာ ဘာလက်နက်မှလဲ မတွေ့ရပါလား"

"ရှမ်း"

ရုတ်တရက် ဖြူဝင်းသော ဓားအလင်းတန်းကြီး တစ်ခု ထွက်ပေါ်လာပြီးနောက် ခန်းမဆောင်ကြီးတစ်ခုလုံး လေပြင်း တစ်ချက်ဝေ့တိုက်သွားကာ လူအားလုံး အေးစိမ့်စိမ့်ဖြစ်သွားကြရသည်။

အားလုံးမှာ တုန်လှုပ်ချောက်ချားသွားကြရသည်။

ခရမ်းရောင်ဝတ်စုံရှင် ဓားထုတ်လိုက်ပုံကို မည်သူမှ မမြင်လိုက်ကြရပေ။

ကျူမင်ကိုယ်တိုင်ပင် မတွေ့လိုက်ရ။

ထို့ကြောင့် ကျူမင်မှာ မိမိမျက်စိကိုပင် မိမိမယုံကြည်နိုင်လောက်အောင် ဖြစ်သွားရသည်။

ထိုသူ၏ကိုယ်ပေါ်တွင် မည်သည့်လက်နက်မှ ယူဆောင်လာခြင်း မတွေ့ရဘဲ ယခု ဓါးက မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း။

စင်စစ် ထိုဓားမှာ ခရမ်းရောင်ဝတ်စုံရှင်က သူ့ခါးတွင် ပတ်ထားခဲ့ခြင်းပင် ဖြစ်၏။

ပျော့ပျောင်းပါးလွှာသော ခါးပတ်ဓားဖြစ်ကာ သိုင်းလောကတွင် အလွန်ကျော်ကြားသော ရတနာဓားတစ်လက်ပင် ဖြစ်ပေ၏။

ဓားသွိုင်းများသည် ထုန်ခါနေသော ခန်းမဆောင်ကြီးတစ်ခုလုံး ဖြူဝင်းသော ဓားရိပ်ဓားငွေ့များက တဖျပ်ဖျပ် တောက်လက် ရိုက်ခတ်လျက်ရှိနေပေတော့သည်။

ဝံပုလွေဘမန်တော်၏ လက်ထဲတွင် ဖြူဝင်းတောက်ပနေသော ခါးပတ်ဓားက ရောက်ရှိနေလေပြီ။

ကျူမင်က မထမတွင် မျက်နှာ ကွက်ခနဲ ပျက်သွားပြီးနောက်မှ ဤလို ဆိုလိုက်သည်။

"ဟဲ....ဟဲ၊ မင်းဓားက ဓားကောင်းပါပဲ၊ ငါက မင်းခါးမှာ ဓားတစ်လက် ပတ်ထားလိမ့်မယ်လို့ မထင်ခဲ့မိဘူး"





ကျူမင်က အရှက်ပြေ ပြောလိုက်သည်။

"ရွှမ်း"

ရုတ်တရက် ဝံပုလွေတမန်တော်က ဓားကိုင်လက်ကို ဝှေ့ယမ်းလိုက်ရာ ခါးပတ်ဓားမှာ မြွေတစ်ကောင်ပမာ ပြန်လည်ခွေခေါက်ရင်း ခါးဆီသို့ ပြန်ပတ်ထားလိုက်လေတော့၏။

အံ့ဖွယ်သူရဲမြင်ကွင်းမို့ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်နှင့်တကွ သွေးပင့်ကူဂိုဏ်းသားများအားလုံး တိတ်တခိုးကလေး တုန်လှုပ်ချောက်ချားသွားမိကြရလေတော့၏။

ဝံပုလွေတမန်တော်ဆိုသည့် ခရမ်းရောင် ဝတ်စုံရှင်က ခါးပတ်ဓား ပြန်သိမ်းလိုက်ပုံမှာ အလွန်မြန်ဆန်လွန်းလှသဖြင့် ဓားဝှေ့ယမ်းလိုက်သည်ကိုသာ မြင်လိုက်ရပြီး ဓားကခါးတွင် ပြန်ပတ်မိသွားသည်ကို မည်သူမျှ မမြင်လိုက်ရပေ။

ကျူမင်က ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ရင်း စိတ်ထဲတွင်....

"အင်း....ဝံပုလွေဂိုဏ်းက တမန်တော် သိုင်းသမားက ဒီလောက်တောင် အစွမ်းထက်နေတယ်ဆိုတော့ ဂိုဏ်းချုပ်ရဲ့ သိုင်းပညာကတော့ အတိုင်းအဆ မရှိလောက်အောင် ကြီးမားနေမှာပဲ"

ကျူမင်က ကျိတ်၍ တွေးလိုက်မိသည်။ ပြီးနောက် ခရမ်းရောင် ဝတ်စုံရှင်ကို....

"ကိုင်း....မင်းတို့ဂိုဏ်းက စိန်ခေါ်ဖိတ်စာနီကို ငါလက်ခံလိုက်ပါပြီ၊ ချူးချင်းကို ပြောလိုက်ပါ၊ ကိုးလပိုင်း ကိုးရက်နေ့ကျရင် တွေ့မယ်လို့"

"ကောင်းပြီ"

ခရမ်းရောင်ဝတ်စုံရှင်က စကားဆုံးသည်နှင့် ချာခနဲ လှည့်ကာ ထွက်ခွာသွားလေတော့သည်၊

သူ့ကို မည်သူကမှ တားဆီးဝံ့သူ တစ်ယောက်မှ မရှိတော့ပေ။ ကျူမင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်းက ကျန်ရစ်ခဲ့ရသည်၊

* * *

ကွမ်းကျိုးမြို့၊

စည်ကားလှသော မြို့တစ်မြို့ဖြစ်သည်။

နေမွန်းတည့်ချိန်ဖြစ်၍ လမ်းမကြီးထက်တွင် လူသွား လူလာ ကျဲပါးလျက် ရှိနေ၏၊

ပြင်းထန်သော နေပူရှိန်ကြောင့် လမ်းမကြီးထက်တွင် ရေ





ငွေ့များအလား တံလှပ်များက တငြိုးငြိုးတလျှံလျှံ ထိုးထွက်လျက်ရှိနေ၏။

ယင်းအချိန်မှာပင် လမ်းမကြီးထက်တွင် ခမောက်ဝိုင်း ဆောင်းထားသော လူလေးယောက်တို့ ရင်ပေါင်တန်း လျှောက်လာကြသည်။

ထိုလေးယောက်တို့သည် ပူပြင်းလှသော နေမင်းကို မမှုသည့်အလား စကားတပြောပြောနှင့် အေးအေးဆေးဆေးစွာ လျှောက်လာလျက် ရှိနေကြ၏၊

ထိုလေးယောက်တို့သည်ကား အခြားသူများ မဟုတ်ကြပေ။

တစ်ချိန် ချူးချင်းကို မြစ်ဆိပ်တွင် အသေအကြေ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသော သေမင်းလေးဖော်တို့ပင် ဖြစ်ကြသည်၊

ထိုအချိန်က သေမင်းလေးဖော်လက်မှ ချူးချင်းကို ကျောက်ကြိုးငွေ့က ကယ်တင်ကာ လှေကလေးနှင့် ခေါ်ဆောင်သွားခဲ့ရသေးသည်၊

သေမင်းလေးဖော်တို့သည် ယခု အရက်ဆိုင် တစ်ဆိုင် အတွင်းမှ ထွက်လာခဲ့ကြခြင်းပင် ဖြစ်သည်၊

သူတို့က အရက်ကြိုက်နှစ်သက်သူများဖြစ်ကြရာ အရက်ကို သောက်မဝသူများလည်း ဖြစ်ကြသည်။

သူတို့သောက်ခဲ့သော ဆိုင်နာမည်ကလည်း သောက်မဝ အရက်ဆိုင်ဟူ၍ပင် ဖြစ်၏။

သူတို့က မည်မျှသောက်သောက် မူးသူများ မဟုတ်ကြပေ။

နေ့စက်ဆုံး ဆိုင်တစ်ဆိုင်လုံးရှိ အရက်များ ကုန်စင်အောင် သောက်စေကာမူ မူးလဲမည့်သူများ မဟုတ်ကြပေ။

သိုင်းလောကတွင် သူတို့ကို သမင်းလေးဖော်ဘွဲ့ အမည် အပြင် သောက်မဝလေးဖော်ဟူ၍ပင် ဘွဲ့နာမည် ပေးထားကြ သေးသည်။

ယခု သမင်းလေးဖော်တို့သည် ကွမ်းကျူးမြို့၏ မင်းလမ်း မကြီးအတိုင်း အရှေ့စူးစူးသို့ လျှောက်လာကြသည်။

သူတို့သည် အရက်ရှိန်ကလေးဖြင့် စကားကို ဖောင်ဖွဲ့ပြော လာကြ၏။

သမင်းလေးဖော်တို့မှာ နဖူးတွင် ဖုကြီးထွက်နေသည့် သမင်းသခင် မောက်လျှံ၊ ဒုတိယသမင်းမှာ ဇီးကွက်မျက် လုံးလို ပြူးကြောင်ကြောင်နှင့် သမင်းတစ္ဆေ ထင်းမောင် ဖြစ်၏။

တတိယ ငနဲမှာ သိန်းငှက်နှုတ်သီးလို နှာခေါင်း ကောက် ကောက်နှင့် သမင်းအပြုံးရှင် လျူခိုဖြစ်သည်။





ငါးခူမျက်လုံးလို မျက်လုံးမှေးမှေးနှင့် ပုဂ္ဂိုလ်မှာ သမင်းနံ့ပါတ်လေး သေမင်းအရိပ်ဟု နာမည်ကြီးနေသည့် စူတု ပင် ဖြစ်၏။

သူတို့လေးယောက်တို့သည် ပုံသဏ္ဌာန်ခြင်း ကွဲပြားသလို စိတ်နေသဘောထားခြင်းလည်း မတူညီကြပေ။

ပုံသဏ္ဌာန်ချင်းရော စိတ်နေသဘောထားချင်းပါ မတူညီ ကြသည့် ဤလေးယောက်တို့ ယခုလို လက်တွဲနေကြခြင်းမှာ အကြောင်းကို ထူးခြားသော ဖြစ်ရပ်ပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ သူတို့လေးယောက်ကတော့ သိုင်းလော ကတွင် သမင်းလေးဖော်ဟု ဆိုးသွမ်း သောင်းကျန်းလျက် ရှိနေကြသည်၊ ဒုစရိုက်သမားများလည်း ဖြစ်ကြသည်။

တစ်ချိန်က သူတို့သည် ချူးချင်းကို လိုက်လံ ရှာဖွေကာ တိုက်ခိုက်ပြီး ဝံပုလွေဓားကို ရယူရန် ကြိုးစားခဲ့ကြသည်။

သို့သော် ထိုအချိန်က ချူးချင်းလက်ထဲတွင် ဝံပုလွေဓား လည်း မတွေ့ရပေ။

ထိုအချိန်က တိုက်ခိုက်ခဲ့ကြရာတွင် ချူးချင်းသည် အရေး နိမ့်ကာ သူတို့လက်ထဲသို့ ကျရောက်လုဆဲ အချိန်ကလေးမှာ ပင် လူတစ်ယောက်က လျှပ်တစ်ပြက် ဝင်ရောက်လာပြီး ချူး

ချင်းကိုကယ်တင်ကာ မြစ်ရေစီးအတိုင်း လှေကလေးနှင့် ထွက်ခွာသွားခဲ့သည်။

သူတို့သည် ကမ်းပေါ်မှနေ၍ အော်ဟစ် ဆဲရေးတိုင်းထွာရင်း ကျန်ရစ်ခဲ့ကြရသည်။

ထိုအဖြစ်အပျက်ကို တွေးမိတိုင်း သူတို့သည် တောက်တခေါက် ခေါက်ဖြစ်ခဲ့ကြသည်။

ချူးချင်းကိုလည်း ဒေါသဖြစ်၊ ဟိုကယ်တင်ရှင် ပုဂ္ဂိုလ်ကိုလည်း အကြီးအကျယ် ဒေါသဖြစ်ခဲ့ကြရသည်။

ထိုသူသာ ဝင်မရှုပ်၊ ဝင်မကယ်ပါက ချူးချင်းသည် မိမိတို့လက်သို့ မလွဲမသွေ ကျရောက်ပြီး ဝံပုလွေဓားနှင့် ပတ်သက်၍ အတော်ကလေး နီးစပ်သော အနေအထားသို့ ရောက်ရှိသွားရပေလိမ့်မည်။

သေမင်းလေးဖော်တို့သည် တံလှပ်ခိုး တံလှပ်ငွေ့များအကြား တရိပ်ရိပ်လျှောက်လာကြသည်၊

ယင်းအချိန်မှာပင် သူတို့နှင့် မျက်နှာချင်းဆိုင်မှ လူတစ်ယောက် လျှောက်လာသည်ကို လှမ်းမြင်လိုက်ကြရသည်၊

ထိုသူသည် ချောမော ခံ့ညားသော ဥပမိရုပ်ရှိသည့် လူ





ရွယ်တစ်ယောက် ဖြစ်ကာ အဖြူရောင် ပိုးသားဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည်။

နေပူရှိန် ပြင်းသဖြင့် ထိုလူရွယ်ကလည်း သူတို့ကဲ့သို့ ခေါင်းတွင် ခမောက်ပြန့်တစ်လုံး ဆောင်းထားသည်။

နီးကပ်လာသည်နှင့်အမျှ ထိုလူရွယ်၏ ရုပ်သွင်ကို ပီပြင်စွာ တွေ့လာရသောအခါ သေမင်းလေးဖော်တို့မှာ အံ့အားသင့်လွန်းသဖြင့် လေးယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြရလေတော့၏။

မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော လူရွယ်သည်ကား အခြားသူမဟုတ်ပေ။ သူတို့အခဲမကျေ ဖြစ်နေသော ချူးချင်းဖြစ်နေသောကြောင့်ပင်တည်း။

ချူးချင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်နှင့် သူတို့လေးယောက်သည် ခြေလှမ်းများ ရပ်တန့်ကာ လမ်းကို ရင်ဘောင်တန်း ပိတ်ရပ်လိုက်ကြသည်၊

ချူးချင်းကလည်း သူတို့ကို အဝေးမှပင် မြင်လိုက်သည်လား မမြင်တွေ့၍လား မသိပေ။ ရှေ့သို့သာ အေးဆေးစွာ လျှောက်လာသည်၊ သေမင်းလေးဖော်တို့ ရှေ့သို့ရောက်သောအခါ သူက ပြုံးပြီးရပ်နေလိုက်သည်၊

သူ့ အမူအရာကြောင့် သေမင်း လေးဖော်တို့မှာ တအံ့တသြဖြစ်သွားကြရသည်၊

တကယ်ဆိုလျှင် ချူးချင်းအနေဖြင့် သိုင်းပညာ နိမ့်ကျသူဖြစ်ရာ သေမင်းလေးဖော်ကို တွေ့လိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွားရမည်။ သို့မဟုတ် တွေ့လိုက်ရသည်နှင့် အဝေးသို့ ထွက်ပြေးရမည်သာဖြစ်သည်။

ယခုမူ ချူးချင်းက လုံးဝကြောက်ရွံ့တုန်လှုပ်ဟန် မပြဘဲ သူတို့ရှေ့တွင်ပင် ခပ်ပြုံးပြုံးနှင့်ပင် ရပ်နေလိုက်သောကြောင့် ဖြစ်သည်။

ထို့ကြောင့်ပင် သေမင်းလေးဖော်တို့မှာ ကြောင်အမ်းအမ်းဖြစ်သွားကြကာ အံ့သြမှင်တက်မိသွားကြခြင်းပင် ဖြစ်ပေတော့သည်၊

"အို....နောင်ကြီးတို့ပါလား၊ နေကောင်းကြတယ်နော်"

သူတို့အံ့အားသင့်နေစဉ်မှာပင် ချူးချင်းထံမှ ပြက်ရယ်ပြု ပြောလိုက်သောစကားသံက ထွက်ပေါ်လာသည်။

ချူးချင်း၏ပြက်ရယ်ပြုပြောလိုက်သံကြောင့် သေမင်းလေးဖော်တို့မှာ ဒေါသယမ်းအိုး ပေါက်ကွဲ ကုန်ကြရတော့၏။

"ဟိတ်ကောင်....မင်း ဘာအူကြောင်ကြောင် ပြောနေ





တာလဲ၊ ငါတို့ မင်းကို လိုက်ရှာနေတာကွ၊ မင်းကိုသတ်ရမယ်၊ အသက်မသေချင်ရင် ၄၀ ပုလွေမား ထုတ်ပေး"

သေမင်းနံပါတ်တစ် သေမင်းသခင် မောက်လျံက လွမား ကို ရှမ်းခနဲ ဆွဲထုတ်လိုက်ရင်းက ချူးချင်းကို အော်ငေါက်ပြောကြားလိုက်သည်။

ချူးချင်းက ဟက်ခနဲ ရယ်မောလိုက်ရင်း....

"ခင်ဗျားတို့က ကျွန်တော့်ကို အရင်တစ်ခါတုန်းကလို ဝိုင်းပြီးအနိုင်ကျင့် တိုက်ခိုက်ကြဦးမလို့လား၊ ဒီမင်းလမ်းမကြီး ပေါ်မှာ ခင်ဗျားတို့ မတရားလုပ်လို့မရဘူး၊ ကျွန်တော် လမ်းသွားလမ်းလာတွေကို အော်ပြီး အကူအညီ တောင်းလိုက်မယ်၊ ဘယ်လိုလဲ"

သေမင်းတစ္ဆေ ထင်းမောင်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း....

"ဟိတ်ကောင်....ဒီတစ်ခါတော့ မင်းကို ဘယ်သူမှ လာ ကယ်မှာ မဟုတ်တော့ဘူး၊ အရင်တစ်ခါကတော့ မင်း အတော်ကို ကံကောင်းသွားတယ်၊ မင်း တော်တော် အူကြောင်ကြောင်နိုင်တဲ့ကောင်ပဲ"

သေမင်းအရိပ် ဝူတုက စိတ်မရှည်ဟန်ဖြင့်....

"ဟာ....အစ်ကိုကြီးတို့၊ ဒီကောင်ဟာ ငါးဖယ်လို ထုလေမာလေဆိုတဲ့ ကောင်စားမျိုးဖြစ်ရမယ်၊ ဒီကောင့်ကို အရင်ဖမ်းပြီးမှ ဝိပုလွေမ်ား စစ်မေးရအောင်လား"

"ဟုတ်တယ် ချကွ"

"သတ်ပစ်"

စကားဆုံးသည်နှင့် သေမင်းလေးဖော်တို့က ချူးချင်းထံသို့ တစ်ပြိုင်တည်းလေးဘက်လေးတန်မှလွှားဝင်တိုက်ခိုက်လာကြသည်။

"ယား....ယား....ယား"

"ဟူး"

ရုတ်တရက် ချူးချင်းက သူတို့ကြားမှ လျှပ်ပြက်သလို ပျောက်ကွယ်သွားပြီး နောက်ကျောဘက်သို့ရောက်သွားသည်။

"ဟင်....ဒီကောင် ဘယ်ရောက်သွားပါလိမ့်"

"ဟာ....ဘယ်ရောက်သွားပြီလဲ"

သေမင်းလေးဖော်တို့မှာ တရကြမ်း လိုက်လံတိုက်ခိုက်ရင်း တအံ့တသြဖြစ်နေကြရသည်။

သူတို့က ချူးချင်း၏သိုင်းပညာအဆင့်ကို ယခင်ကအတိုင်းပင် မှတ်ထင်ထားမိကြသည်။





ချူးချင်းက ယခု အဓိပတိသိုင်းကိုးကွက်တက်မြောက်ထားပြီ ဖြစ်ကြောင်းကို မသိရှိထားကြသေးပေ။

"ယား"

"ဝှီး"

သေမင်းလေးဖော်တို့မှာ မည်မျှလောက်ပင်တိုက်တိုက် ချူးချင်း၏ ခန္ဓာကိုယ်ကိုမဆိုထားနှင့် အင်္ကျီစကလေးကိုပင် ထိအောင် တိုက်ခိုက်နိုင်စွမ်းမရှိကြပါချေ။

ချူးချင်းမှာ သူတို့လေးယောက်ကြားတွင် နဂါးတစ်ကောင် ရေထဲတွင် လူးလွန့်ကစားနေသည့်ပမာပေါ်လာလိုက် ငုတ်လျှိုးသွားလိုက်၊ ပျောက်သွားလိုက်နှင့် ရှိနေရသည်။

ယခု သေမင်းလေးဖော်တို့၏အဖြစ်မှာ မကောင်းဆိုးဝါးတစ်ကောင်နှင့် ယှဉ်ပြိုင် တိုက်ခိုက်နေရသကဲ့သို့ ဖြစ်နေကြသည်။

လေကို လိုက်ဖမ်းနေကြသကဲ့သို့သို့လည်း ဖြစ်နေကြရ၏။ ချူးချင်းက ဖမ်းလို့မမိ၊ တိုက်ခိုက်လို့မထိ ဖြစ်နေသည်။ နောက်ဆုံးတွင် သေမင်းလေးဖော်တို့မှာ ခြေကုန်လက်ပန်းကျပြီး မောဟိုက်လာကြရသည်။

ခြေလက်များ မသှုပ်ရှားချင်လောက်အောင် ဖြစ်လာကြရသည်။

လေးယောက်စလုံး ချွေးသီးချွေးပေါက်ကြီးများ ဖြိုင်ဖြိုင်ကျဆင်းကာ ချူးချင်းကို မယုံကြည်နိုင်သောအကြည့်နှင့်ကြည့်နေမိကြသည်။

သေမင်းအပြုံးလျှုခိုက် ခက်ထန် တင်းမာသော လေသံဖြင့်....

"ဟိတ်ကောင်....ရှောင်ပြေးမနေပါနဲ့ကွ၊ သတ္တိရှိရင် ငါတို့ကို ပြန်ပြီး ရင်ဆိုင်တိုက်ခိုက်လိုက်စမ်းပါ"

ချူးချင်းက ဟက်ခနဲရယ်မောလိုက်ပြီး....

"ကောင်းပြီလေ၊ ခင်ဗျားတို့ကို ကျွန်တော်သက်ညှာတဲ့အနေနဲ့ သိုင်းကွက်တစ်ကွက်တည်းနဲ့ လဲကျသွားရုံလောက်သာ တိုက်ခိုက်လိုက်ပါ့မယ်"

"တော်....တော် သူဝါးဝတဲ့ကောင်ကွာ"

"လေကျယ်တာပဲ"

"ဟား....ဟား....သိုင်းကွက်တစ်ကွက်တည်းနဲ့ ငါတို့လိုနာမည်ကြီး လေးယောက်ကို လဲကျအောင်တိုက်ခိုက်မလို့တဲ့"

"ချကြဟေ့"

ချူးချင်းစကားကြောင့် သေမင်းလေးဖော်တို့ကချူးချင်းကို ပြက်ရယ်ပြုလိုက်ကြသည်၊





သေးမင်းနံပါတ်လေး သေမင်းအရိပ်မှုတုက ချူးချင်းကိုကြည့်ကာ တဟားဟား ရယ်မောလိုက်ပြီး....

"ကောင်းပြီချူးချင်း....မင်းက ငါတို့ကို သိုင်းကွက်တစ်ကွက်တည်းနဲ့ အလဲတိုက်ခိုက်နိုင်မယ်ဆိုရင် ငါတို့ကမင်းစကားကို နာခံပါ့မယ်၊ သိုင်းကွက်တစ်ကွက်တည်းနဲ့ ငါတို့ကို အလဲမတိုက်နိုင်ဘူး ဆိုရင်တော့ မင်းအသက်ကို ဖက်နဲ့သာထုပ်ထားလိုက်ပေတော့၊ လာပြီဟေ့"

"ယား"

"ယား....ယား....ယား"

"ဟူး....ဟူး....ဟူး"

သေမင်းလေးဖော်တို့က ကြုံးဝါး အော်ဟစ် မာန်သွင်းလိုက်ကြပြီးနောက် ချူးချင်းကို ပြိုင်တူ တိုက်ခိုက်လိုက်ကြသည်။

ချူးချင်းက ဒီတစ်ခါတော့ လုံးဝရှောင်တိမ်းပေးခြင်းမပြုတော့၊ သေမင်းလေးဖော်တို့တစ်ပြိုင်တည်းလွှားဝင်လာသည်နှင့် ချူးချင်းက ကိုယ်ကို မြေပေါ်တွင် စက်ဝိုင်းသဏ္ဍာန်လှည့်ပတ်ကာ လက်နှစ်ဘက် ဝှေ့ယမ်းပစ်လိုက်သည်၊

သူ အသုံးပြုလိုက်သောသိုင်းကွက်မှာ အဓိပတိ သိုင်းကိုး

ကွက် အတွင်းမှ အစွမ်းထက်မြက်သော သရဲလေးကောင်ဂူဝင် သိုင်းကွက်ပင် ဖြစ်ပေတော့သည်။

"ဖြောင်း"

"ဖြောင်း....ဖြောင်း....ဖြောင်း"

"အား"

"အင့်"

"အိုး"

"အောင်မယ်လေး သေပါပြီဗျ"

လက်ဝါးရိုက်သံလေးချက် ဆက်တိုက် ထွက်ပေါ်လာပြီး နောက် တဝှီးဝှီးလည်ပတ်နေသောလူရိပ်များ အတွင်းမှ စူးစူး ဝါးဝါး အော်ဟစ်ညည်းညူးသံကြီးလေးခုကကြောက်ခမန်း လိလိ ထွက်ပေါ်လာသည်။

လူရိပ်လေးရိပ်သည် ပေါက်ကွဲသွားသော ယမ်းစများ အလား အပြင်ဘက်သို့လွင့်စဉ်ထွက်သွားကြသည်။

သေမင်းလေးဖော်စလုံး ချူးချင်း၏ သရဲလေးဖော်ဂူဝဇီ သိုင်းကွက်ကြောင့် လက်နက်များ လက်ထဲမှ လွင့်စဉ်ထွက်သွား ရကာ လူများမှာလည်း ဘေးဘက်လေးတန်သို့ ကိုင်ပေါက် ခြင်း ခံလိုက်ရသကဲ့သို့ ဖြစ်သွားကြရပြီး လွင့်စဉ်ကာ မြေ ပေါ်တွင် လိမ့်ဆင်းသွားကြရလေသည်။





သေမင်းလေးဖော်တို့မှာ မြေပေါ်တွင် လက်နက်တခြား လူတခြား လိမ့်ဆင်းတွက်သွားကြပြီးနောက် တစ်ခဏမျှ အော် ဟစ် ညည်းညူနေလိုက်မိကြသည်။

"အောင်မယ်လေး....သေပါပြီဗျ"

"အရိုးတွေ ကျိုးကုန်ပါပြီ"

"ငါ့ဇက်ကြီး ကျိုးသွားပြီလား မသိဘူး"

"သေရပါတော့မယ်"

သေမင်းလေးဖော်တို့မှာ မချိမဆံ့ဝေဒနာကြောင့် အော် ဟစ် ညည်းညူနေကြလေ၏။

ချူးချင်းက သူတို့အနီးသို့လျှောက်လာကာ တဟဲဟဲ ရယ် မောလိုက်ပြီး....

"ဟဲ....ဟဲ....လူတတတွေအပေါ်မှာ နှိပ်စက်ပြီး ကိုယ့် အလုည့်ကျတော့ နာမှန်း သိနေကြပါလား၊ သိပ်လဲအော်မနေ ကြနဲ့လေ၊ ခင်ဗျားတို့ မရှက်ဘူးလား၊ သေသွားတာမှမဟုတ် ဘဲ၊ ဘာဖြစ်လို့ လမ်းလယ်ခေါင်မှာ အော်ဟစ်လူးလှိမ့်နေ ကြရတာလဲ"

"ဟာ"

"ဟင်"

"အို"

ထိုအခါကျမှ သေမင်းလေးဖော်တို့မှာ အစားတင်းကာ မအော်ကြတော့ဘဲ လမ်းပေါ်တွင် ဒယီးဒယိုင်နှင့် ထရပ်လိုက်ကြသည်။

လေးယောက်စလုံး ချူးချင်း၏လက်ဝါးရိုက်ချက်ကြောင့် အင်္ကျီများ စုတ်ပြဲသွားကြရကာ ရင်ဘတ်များမှာအောင့်လျက်ရှိနေကြသည်။

သူတို့က ချူးချင်းကို မယုံကြည်နိုင်သော အကြည့်များဖြင့် ကြည့်ရင်း ရင်ဘတ်ကို လက်ဖြင့် အသီးသီးဖိထားကြရလေပြီ။

သူတို့အနေဖြင့် ချူးချင်းကို ယှဉ်ပြိုင်တိုက်ခိုက်၍ အနိုင်ရတော့မည်မဟုတ်ကြောင်း သိလိုက်ကြရလေပြီ။

ချူးချင်း၏ သိုင်းပညာက သူတို့၏သိုင်းပညာထက် အဆပေါင်းများစွာ သာလွန်မြင့်မားလျက် ရှိနေ၏။

ထို့ကြောင့် သူတို့အနေဖြင့် ချူးချင်းကို ဆက်လက် တိုက်ခိုက်လိုစိတ် မရှိတော့ပေ။

နံပါတ်တစ်သေမင်း မောက်လျှံက ချူးချင်းကို စူးစိုက်ကြည့်လိုက်ပြီး....





"ချူးချင်း....မင်း ဘာဖြစ်လို့ ဒီလောက်တောင် သိုင်းပညာတွေ တိုးတက်နေရတာလဲ၊ ငါတို့လိုလူမျိုးလေးယောက်ကိုတောင် မင်းက သိုင်းကွက်တစ်ကွက်တည်းနဲ့ အလဲတိုက်နိုင်စွမ်းရှိတယ်ဆိုတော့ မင်းရဲ့ သိုင်းပညာဟာ ခန့်မှန်းလို့မရလောက်အောင် နက်ရှိုင်းမြင့်မားနေပြီပဲ"

ချူးချင်းက တဟဲဟဲရယ်မောလိုက်ရင်း....

"ကျွန်တော်က ချူးချင်းပေမယ့် အရင်ချူးချင်း မဟုတ်တော့ဘူး၊ အဓိပတိသိုင်းကိုးကွက်ကို တတ်မြောက်ထားတဲ့ ဝံပုလွေဖြူ ချူးချင်း ဖြစ်နေပြီပဲ"

"ဟာ"

"ဟင်"

"အို"

ကြားလိုက်ရသောစကားကြောင့် သေမင်းလေးဖော်တို့မှာ အလွန်အမင်း အံ့ဩတုန်လှုပ်သွားကာ နောက်သို့ပင်ယိမ်းယိုင်ယမ်းပြီး ဆုတ်လိုက်မိကြလေတော့၏။ ချူးချင်းက လက်ကာပြလိုက်ပြီး....

"ခင်ဗျားတို့ ဘာမှ မကြောက်ပါနဲ့လေ၊ ခင်ဗျားတို့ကို ကျွန်တော် ဘာမှမလုပ်ပါဘူး၊ ကျွန်တော်က အမှန်တရားလမ်းကြောင်းပေါ်က သစ္စာဘက်တော်သား အဖြူရောင်သိုင်း

သမားတစ်ယောက်ပါ၊ ကျွန်တော်ကလူတစ်ဘက်သားကို အနိုင်အထက် မတရားမလုပ်ပါဘူး”

ထိုအခါကျမှ သေမင်းလေးဖော်တို့မှာ အသက်ရှူချောင်သွားဟန်ဖြင့် သက်ပြင်းအသီးသီး ချလိုက်မိကြလေတော့၏။

သေမင်းလေးဖော်တို့၏ ပုံသဏ္ဌာန်မှာ သနားဖွယ်ထက် ရယ်စရာပင် ကောင်းနေသည်။

အဝတ်အစားများက ဖရိုဖရဲ၊ ဆံပင်များက ပြေလျော့ကာ ဖရိုဖရဲဖြစ်နေကြသည်။

သေမင်းနံပါတ်တစ် မောက်လျှံက ချူးချင်းကို လက်နှစ်ဘက်ဆုပ် အရိုအသေပြုလိုက်ပြီး....

“ချူးချင်း....မင်းစိတ်ဓာတ်ကို ငါတို့က ချီးကျူးဂုဏ်ပြုမိပါတယ်၊ မင်း ဘယ်လိုဘယ်လို ဝံပုလွေဓားရပြီး အဓိပတိ သိုင်းကိုးကွက်ကို တတ်မြောက်သွားရတာလဲ”

ချူးချင်းက ဝံပုလွေဓားရပြီး အဓိပတိသိုင်းကိုးကွက်ကို သင်ကြားတတ်မြောက်ပုံများကို အကျဉ်းချုပ် ပြောပြလိုက်သည်။

ချူးချင်း ပြောပြမှုများကို သေမင်းလေးဖော်တို့မှာ တအံ့တသြဖြင့် ငြိမ်သက်စွာ နားထောင်နေမိကြသည်။

သူ့စကား ဆုံးသွားကာမှ သေမင်းလေးဖော် ခေါင်းဆောင် မောက်လျှံက....





“အင်း....ငါတို့လေးယောက်က ဒီကနေ့မှ အလွန်ဝေးလံတဲ့ မြောက်ပိုင်းနယ်စပ်က ပြန်ရောက်လာကြတာ၊ မင်း သိုင်းလောကထဲရောက်ပြီး အဓိပတိ သိုင်းကိုးကွက် တတ်မြောက်နေပြီဆိုတာ မသိကြဘူး၊ မင်းသာ အဓိပတိသိုင်းကိုးကွက် တတ်မြောက်ထားမှန်းသိရင် မင်းအနားတောင် မကပ်ဘူး”

ချူးချင်းက လေးနက်တည်ကြည်သောလေသံဖြင့်....

“ကိုင်း....အခုတော့သိပြီမဟုတ်လား၊ ကျုပ်က အခုသိုင်းလောကမှာ မကောင်းသူပယ်၊ ကောင်းသူကယ်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်၊ ဒုစရိုက်သမားမှန်ရင် ဘယ်သူ့ကိုမှ ချမ်းသာမပေးဘဲ အပြတ်ရှင်း သုတ်သင်ပစ်ရမှာပဲ၊ ဒီတော့ ခင်ဗျားတို့ကို ကျုပ် တစ်ခုမေးမယ်”

“ဘာများလဲ”

“ခင်ဗျားတို့ လေးယောက်ရဲ့ သိုင်းပညာနဲ့ အများအတွက် အကျိုးပြုလုပ်ငန်းတွေဆောင်ရွက်မလား၊ ဒါမှမဟုတ်ဒုစရိုက်လုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်မလား၊ ဒီနှစ်လမ်းမှာ ကြိုက်တဲ့လမ်းသာရွေးပေတော့”

ချူးချင်းမေးခွန်းကြောင့်သေမင်းလေးဖော်တို့မှာအတော်ကလေး အကျပ်ရိုက်သွားကြရသည်။

ချူးချင်းက....

"ပျက်အစဉ် ပြင်ခဏဆိုတဲ့စကား ရှိတယ် မဟုတ်လား၊ ပျက်နေတာကိုပြင်လိုက်ရင် ခဏလေးနဲ့ပြင်လို့ရပါတယ်၊ ပျက်နေတာကို ဆက်ပြီး အပျက်အတိုင်းထားရင် အမြဲတမ်း လမ်းမှားပေါ် ရောက်နေတော့မှာပေါ့"

"အင်း"

ထိုအခါကျမှ သေမင်းလေးဖော်တို့မှာ သဘောပေါက်ကာ မာန်လျှော့လိုက်ကြရလေတော့၏။

သေမင်းခေါင်းဆောင်မောက်လျှံက သက်ပြင်းမှုတ်ထုတ်လိုက်ပြီး....

"အင်း....ငါတို့လေးယောက်လဲ မကောင်းမှု ဒုစရိုက် လုပ်ငန်းတွေ လုပ်ခဲ့ဘာအတော်များပါပြီ၊ ဒီကနေ့တော့မင်းနဲ့ကျမှပဲ ခရုအခွံ ကျွတ်သလိုကျွတ်ရတော့တယ်ကွာ...."

"ကောင်းပါပြီကွာ၊ ငါတို့လေးယောက် ဒီကနေ့ကစပြီး အမှန်တရားဘက်က ရပ်တည်ပြီး သိုင်းလောကအကျိုး ဆောင်ရွက်ပါတော့မယ်"

"ဟာ....ဝမ်းသာလိုက်တာ နေစင်ကြီးတို့ရာ"

ချူးချင်းမှာ သေမင်းလေးဖော်တို့၏ ဝန်ခံ ကတိစကားများ ကြားလိုက်ရသောအခါ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိရလေတော့၏။





ထို့နောက် ချူးချင်းက....

"ကိုင်း....နောင်ကြီးတို့ကို တလက်စတည်း ဖိတ်ကြားခဲ့ရဦးမယ်"

"ဘာများလဲ"

"ကိုးလပိုင်းကိုးရက်နေ့ကျရင် တရားမျှတတောင်ထိပ်မှာ ကျွန်တော်တို့ ဖိတ်စာနီစိန်ခေါ်ပွဲရှိတယ်"

"ဟာ....တယ်ဟုတ်ပါလားကွ ညီလေးရ၊ ဘယ်သူနဲ့များလဲ"

မောက်လျှံက မျက်ခုံးနှစ်ဘက်မြှင့်ရင်းက အသံသြသြကြီးနှင့် မေးမြန်းလိုက်သည်။

ချူးချင်းက....

"ကျွန်တော့်မိဘတွေအတွက် သွေးကြွေးဆပ်ဖို့ပါ၊ သွေးပင့် ကူဂိုဏ်းချုပ် ကျူမင်နဲ့ပါပဲ"

"ဟာ—ဒီပွဲဟာ သိုင်းလောကမှာ အလွန်ကြည့်ရခဲတဲ့ပြိုင်ပွဲကြီးပဲကွ၊ ဒါမျိုး နှစ်ပေါင်းတစ်ရာအတွင်း တစ်ခါမှ မရှိဖူးသေးဘူး၊ စိတ်ချ ငါတို့လာခဲ့မယ်"

"ကိုင်း....ကျွန်တော့်ကို ခွင့်ပြုကြပါဦး"

"ကောင်းပါပြီဗျာ....ကောင်းပါပြီ"

ထို့နောက်သေမင်းလေးဖော်တို့မှာထွက်ခွာပျောက်ကွယ်သွားသော ချူးချင်းကို တအံ့တသြကြည့်ကာ ကျန်ရစ်ခဲ့ကြလေတော့၏။

ချူးချင်း ပျောက်ကွယ်သွားမှ မောက်လျှံက အသံသြသြကြီးဖြင့်....

"ငါတော့ အိပ်မက်မက်နေသလားတောင် ထင်မိတယ်၊ တို့အဖြစ်ဟာ တကယ်ပဲနော်"

သူ့စကားကြောင့် ကျန်သုံးယောက်မှာ တဟားဟား ရယ်မောလိုက်မိကြသည်။

သေမင်းအပြုံးရှင်လျူခိုက....

"ချူးချင်းဟာ မကြာခင်မှာ သိုင်းလောက တစ်ခုလုံးရဲ့ အဓိပတိဖြိုင်ဘက်ကင်းသိုင်းသမားတစ်ယောက်ဖြစ်လာတော့မယ်၊ ကျုပ်တို့သူ့စကားကိုလိုက်နာကြမှဖြစ်မယ်"

"ဟုတ်တယ်....ကျွန်တော်တို့က ကတိအတိုင်း မလိုက်နာဘူးဆိုရင် သူက ကျွန်တော်တို့ကိုလိုက်ရှာပြီးသတ်ပစ်မှာသေချာတယ်"

ဝူတုကပြောလိုက်သည်။

သေမင်းတစ္ဆေထင်းမောဇီက....

"ကိုင်း...ကျုပ်တို့အင်္ကျီတွေလဲစုတ်ပြဲကုန်ပြီ၊ ဈေးတန်းထဲသွားပြီး အင်္ကျီအသစ်တွေ သွားဝယ်ကြမှ ဖြစ်မယ်၊ ပြီးမှ သောက်မဝအရက်ဆိုင်ဘက် ခြေညီညီ ပြန်လှည့်ကြတာပေါ့၊ ကျုပ်အကြံ မကောင်းဘူးလား"





"ဟစ....သိမ်ကောင်းတာပေါ့ကွာ၊ လာ သွားကြစို့"

သေမင်းလေးဖော်ခေါင်းဆောင် မောက်လျှံက သောက်မဝဆိုသည့် စကားကိုကြားလိုက်ကြသည်နှင့် ထောက်ခံပြောဆိုကာ ဦးဆောင်ထွက်ခွာသွားလေတော့သည်။

မကြာမီမှာပင် နေပူရှိန်အောက်တွင် သေမင်းလေးဖော်တို့သည် တရိပ်ရိပ်ထွက်ခွာ ပျောက်ကွယ်သွားကြလေတော့၏။

သူတို့လေးဖော်၏ မှောင်မိုက်နေသောအနာဂတ်မှာ ယခုအခါ အလင်းရောင်သမ်းကြောင်းများ စတင်ပေါ်ထွက်လာပြီ ဖြစ်ပေတော့သည်။

* * *

## အခန်း (၁၇)

---

### သိုင်းလောကသခင် အောင်ပွဲဆင်

၉ လပိုင်း ၉ ရက်နေ့ ...

ရာသီဥတု ကောင်းမွန် သာယာသော နေ့တစ်နေ့ပင်ဖြစ်သည်။

တရားမျှတတောင်....

တရားမျှတသောတောင်ကြီးမှာ မြင့်မားသော တောင်ကြီးတစ်လုံးဖြစ်ပြီး တောင်ထိပ်တွင် ကျယ်ဝန်းသော မြေကွက်လပ်ကြီးတစ်ခုကရှိနေ၏။





ထိုမြေကွက်လပ်ကျယ်ကြီးအတွင်း ယခုအခါသိုင်းလောကသားများနှင့် ပြည့်နှက်လျက်ရှိနေ၏။

ယနေ့သည်ကား သိုင်းလောက၏အကြီးမားဆုံး စိန်ခေါ်ပွဲကြီး ကျင်းပမည့်နေ့ကြီးတစ်နေ့ပင် ဖြစ်ပေတော့၏။

မြေကွက်လပ်ကြီးအလယ်တွင် စင်မြင့်ကြီးတစ်ခု ရှိနေ၏၊ စင်မြင့်မှာ အနီရောင်ဆေးများနှင့်ခြယ်သထားပြီး အခင်းမှာလည်း အနီရောင်ကတ္တီပါဖြင့်ပင် ခင်းကျင်းထားသည်၊

တရားမျှတတောင်ပေါ်သို့ ယခုအခါသိုင်းဂိုဏ်းကြီးအသီးသီးမှ ဂိုဏ်းချုပ်ကြီးများ၊ သိုင်းလောကသားများ သိုင်းလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ စုံညီစွာရောက်ရှိနေကြလေပြီ။

မြေကွက်လက်ကြီးပတ်ပတ်လည်ဘွင်အလံများလွှင့်ထူထားသည်။

ထိုအလံများမှာ သွေးပင့်ကူဂိုဏ်းမှအလံများနှင့် ဝံပုလွေဂိုဏ်းမှ အလံများပင်ဖြစ်ပေတော့၏။

တရားမျှတတောင်ပေါ်တွင် အဘယ်ကြောင့်ဤမျှလောက်ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပပြီး သိုင်းလောကသားများနှင့် အုံးအုံးကျွတ်ကျွတ်ဖြစ်နေရပါသနည်း။

အကြောင်းမှာ အမှောင်လောကသခင်ကြီးအမည်ရှိ သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်အားသိုင်းလောကမှနောက်ပေါက်လူသစ်ဝံပုလွေဖြူချူးချင်းဆိုသူက စိန်ခေါ်ထားခြင်းကြောင့်ပင် ဖြစ်ပေတော့၏။

ထို စိန်ခေါ်ယှဉ်ပြိုင်ပွဲတွင် သိုင်းလောက အသီးသီးမှ ထင်ရှားသောသိုင်းဂိုဏ်းချုပ်ကြီးများ၊ ထင်ရှားသောပုဂ္ဂိုလ်ကြီးများက ဒိုင်လူကြီးများအဖြစ် ကွပ်ကဲ ကြီးကြပ်ကြမည် ဖြစ်၏။

ရှောင်လင်၊ ဝူတန်၊ ဝူမိန်၊ ဘစ်ကျုံ၊ဝေ့ကျုံး၊နဂါးစိမ်း၊ မီးအိမ်နီ၊ ထိုက်ကျိ စသော သိုင်းလောကမှ ထင်ရှားသည့် သိုင်းဂိုဏ်းချုပ်ကြီးများနှင့် အဓိပတိပုဂ္ဂိုလ်ကြီးများစုံလင်စွာ ရောက်ရှိနေကြလေပြီ။

ဂိုဏ်းချုပ်ကြီးများနှင့် ပုဂ္ဂိုလ်ကြီးတို့သည် ယခုအခါ အကဲဖြတ်ရန် သတ်မှတ်ထားသော ကုလားထိုင်ကြီးများထက်တွင် ထိုင်လျက်ရှိနေကြ၏။

စင်မြင့်ထက်တွင် နှစ်ဘက်ဂိုဏ်း အထိမ်းအမှတ်အလံများ တလူလူလွင့်ထူထားသည်။

စင်မြင့်ကြီး၏ တစ်ဘက်တွင် သွေးပင့်ကူဂိုဏ်းသားများ ရှိနေကြသည်။





ဝံပုလွေဂိုဏ်းဘက်တွင် တောင်ထိပ်ဝံပုလွေအမည်ခံ သိုင်းလောက စောင့်ရှောက်သူ အဘိုးအို၊ နတ်ဆေးကိုယ်တော်ရသေ့ကြီး၊ ကျောက်ကြိုးဝေ့၊ မိန်းမချောလေး ချင်းဟိုနှင့် ဝံပုလွေဂိုဏ်းသားများ ရှိနေကြသည်။

စိန်ခေါ်သူ ဝံပုလွေဖြူ ချူးချင်းကိုတော့ မတွေ့ရသေးပေ။

သွေးပင့်ကူ ဂိုဏ်းဘက်တွင် လက်ထောက်ဂိုဏ်းချုပ်ကြီးများ၊ ဂိုဏ်းသားများ စုံညီစွာ ရောက်ရှိနေကြလေပြီ။

သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်ကိုတော့ မတွေ့ရသေးပေ။

သံမဏိနတ်ကျာပွတ် ကျူမင်တစ်ယောက် မည်သည့်နေရာကို ရောက်ရှိနေပါသနည်း။

နေလုံးက တဖြည်းဖြည်းနှင့် မြင့်တက်လာလေပြီ။

မြေကွက်လပ်ကျယ်ကြီးတစ်ခုလုံး သိုင်းလောကသားများနှင့် အုတ်အုတ်ကျက်ကျက်ဖြစ်လျက်ရှိ၏။

ပြိုင်ပွဲစတင်မည့်အချိန်သို့ ကျရောက်လာလေပြီ။

သိုင်းလောကသားအားလုံး၏အကြည့်မှာ အနီရောင် စင်မြင့်ဆီသို့သာ စုပုံကျရောက်လျက် ရှိနေကြ၏။

သူတို့သည် သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်၏ သိုင်းပညာအဆင့်နှင့် စံပုလွေဖြူ ချူးချင်း၏သိုင်းပညာအဆင့်ကို ဤပြိုင်ပွဲတွင် အကဲခတ်လိုကြ၍ ဖြစ်သည်။

အခြား တူးခြားချက်တစ်ရပ်မှာ ဤ ပြိုင်ပွဲသည် အဖြူရောင် သိုင်းလောကသားတစ်ဦးနှင့် အနက်ရောင် သိုင်းဂိုဏ်းချုပ်ကြီး တစ်ယောက်တို့၏ စိန်ခေါ်ပွဲလည်း ဖြစ်၏။

တစ်နည်းအားဖြင့် အဖြူရောင်သိုင်းလောကနှင့် အနက်ရောင် သိုင်းလောက၏ အားစမ်းပြိုင်ပွဲဆိုလျှင်လည်းမှားမည် မဟုတ်ပေ။

ထို့ကြောင့်ပင် ဤနေရာသို့ ယခု သိုင်းလောကမှ အဖြူရောင် သိုင်းလောကသားများရော အနက်ရောင်သိုင်းလောကသားများပါ စုံလင်စွာရောက်လာခြင်းပင် ဖြစ်ပေသည်။

"ဒူ....ဒူ...ဒူ"

စူဘန်းဂိုဏ်းချုပ်ရသေ့ကြီး ချည်ကျည်က ပြိုင်ပွဲအချိန်ကျရောက်ပြီ ဖြစ်ကြောင်းကို ငွေမောင်းကြီးများ တီးခတ်၍ အချက်ပေးလိုက်သည်။

ငွေမောင်းသံများ ထွက်ပေါ်လာသည်နှင့် အရှေ့ဘက်တောစပ်မှ လူရိပ်တစ်ရိပ် ဖြုန်းခနဲ ထွက်ပေါ်လာသလို





အနောက်ဘက်တောစပ်မှ လူရိပ်တစ်ရိပ်ကလည်း ဖြုန်းခနဲ ထွက်ပေါ်လာခဲ့သည်။

သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကသားများက ဆန့်ကျင်ဘက် နေရာနှစ်ခုမှထွက်လာသည့် လူရိပ်နှစ်ရိပ်ဆီသို့ လှမ်းကြည့်လိုက်မိကြသည်။

အရှေ့ဘက်တောစပ်ဆီမှ တရိပ်ရိပ် ပြေးထွက်လာသူမှာ အလွန်လျင်မြန်လှပြီး လေထဲတွင် မီးခိုးငွေ့တစ်ငွေ့ လွင့်မျောလာသည့်ပမာ တွေ့မြင်နေရသည်။

အနောက်ဘက် တောစပ်ဆီမှ ထွက်ပေါ်လာသူမှာလည်း လေထဲတွင် အစက်အပြောက်တစ်ခုသဖွယ် နိမ့်ချည်မြင့်ချည်နှင့် ပြေးလွှားလာနေသည်။

နှစ်ဘက် နှစ်ယောက်စလုံးက သိုင်းလောသားများ ရှေ့မှောက်တွင် ထိပ်တန်းကိုယ်ဖော့ပညာရပ်ကို ဖော်ထုတ်အစွမ်းပြပြီး လာနေကြခြင်းပင် ဖြစ်သည်။

အရှေ့ဘက်တောစပ်ဆီမှ မီးခိုးငွေ့တစ်ငွေ့ ပမာတရိပ်ရိပ် လွင့်မျောနေသူမှာ စံပုလွေဖြူဘွဲ့ခံ ချူးချင်းဖြစ်ပြီး ဆွတ်ဆွတ်ဖြူသော အဖြူရောင် ပိုးသားဝတ်စုံကို ဝတ်ဆင်ထားသည်။

အနောက်ဘက်တောစပ်ဆီမှ ထွက်ပေါ်လာသူမှာ သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်ပင် ဖြစ်၏။

ကျူမင်က စိန်ပွင့်များ တဖျပ်ဖျပ် တောက်လက်နေသည့် အလား တောက်လက်နေသည့် အနက်ရောင်ဝတ်ရုံလွှာကြီးကို ဝတ်ဆင်ထားလေသည်။

"ဟေး....ဝံပုလွေဖြူချူးချင်းကွ"

"ဟေး....သွေးပင့်ကူဂိုဏ်းချုပ်ကြီးကွ"

နှစ်ဘက်ဂိုဏ်းသားများသည် သူတို့၏ခေါင်းဆောင်များကို တွေ့လိုက်ရသည်နှင့် ဆူညံစွာ အော်ဟစ်လိုက်ကြလေတော့သည်။

"ဝှစ်... ဝှစ်.... ငှစ်"

"ဟူး....ဟူး....ဟူး"

အဝတ်လေတိုးသံများနှင့်အတူ လူရိပ်နှစ်ရိပ်သည် ပြိုင်ပွဲစင်မြင့်ကြီးထက်သို့ ပျံလွှားငှက်များပမာ ကျရောက်လာကြလေသည်။

သိုင်းဂိုဏ်းချုပ်ကြီးများ အားလုံးနှင့် သိုင်းလောကသားအားလုံးတို့မှာ ဝံပုလွေဖြူချူးချင်းနှင့် သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်တို့၏ ထိပ်တန်းကိုယ်ဖော့ပညာကို တအံ့တသြ ချီးကျူးမိလိုက်ကြလေ၏။





ချူးချင်းနှင့် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီးကျူမင်တို့က ပြိုင်ပွဲ စင်မြင့်ကြီးထက်သို့ ရောက်လာကြသည်။

အကဲခတ် ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်မည့် သိုင်းလောကမှ ထင်ရှားသောပုဂ္ဂိုလ်ကြီးများနှင့် သိုင်းဂိုဏ်းကြီးများမှ ဂိုဏ်းချုပ်ကြီးများကို အရှိအသေ ပြုလိုက်ကြသည်။

ပြိုင်ပွဲစင်မြင့်ကြီးထက်တွင် စိန်ခေါ် ယှဉ်ပြိုင်မည့်သူ နှစ်ဦးစလုံး ရောက်လာကြပြီ ဖြစ်ရာ သိုင်းလောကသား ပရိသတ်အားလုံး မီးကို ရေနှင့် ဖြန်းလိုက်သည့်အလား တိတ်ဆိတ်ငြိမ်သက်သွားကြလေတော့၏။

ချူးချင်းနှင့် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ခက်ထန်တင်းမာစွာ စူးစိုက်ကြည့်နေမိကြသည်။

"မင်းက ဘယ်လို ယှဉ်ချင်သလဲ"

ကျူမင်က ပြတ်သား သောလေသံဖြင့် ချူးချင်းကို မေးမြန်းလိုက်သည်။

ချူးချင်းကလည်း ပြတ်သားသော လေသံဖြင့်....

"ခင်ဗျား ကြိုက်သလို ယှဉ်ပြိုင်နိုင်ပါတယ်"

"ကောင်းပြီ....မင်းနဲ့ငါ လက်နက်မဲ့ ယှဉ်ပြိုင်ကြမယ်၊ ဘယ်လိုပုံစံ ယှဉ်ပြိုင်မလဲ"

ချူးချင်းက ပြတ်သားသော လေသံဖြင့်…

"သုံးချီပြိုင်မယ်၊ သုံးချီဟာ ပွဲပြတ်ပဲ"

"သိပ်ကောင်းတာပေါ့ကွာ၊ ဒါမှလဲ အချိန်တိုတို ပွဲပြီးသွားတာပေါ့"

စင်မြင့်၏ နံဘေးမှ သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကသား အားလုံးတို့သည် ချူးချင်းနှင့် ကျူမင်တို့နှစ်ယောက် အပြန်အလှန် ပြောဆိုနေကြသော စကားများအားလုံးကို ကြားနေကြရသည်။

သူတို့အားလုံးသည် ကျူမင်အား ရင်ဘောင်တန်းကာ ပြောဆိုပြီး လက်နက်မဲ့ယှဉ်ပြိုင်မည့် ချူးချင်းအား တိတ်တဆိတ် ကျိတ်၍ ချီးကျူးနေမိကြ၏။

ရှောင်လင်၊ ဝူတန်၊ ဝူမိန်၊ ထိုက်ကျိ၊ ဘစ်ကျု စသော သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများက သူတို့နှစ်ယောက်၏ စိန်ခေါ်ယှဉ်ပြိုင်ပွဲကို သုံးချီသတ်မှတ်ပေးလိုက်ကြသည်။

သုံးချီအတွင်း အရှုံးအနိုင်ပေါ်အောင် ပြတ်သားစွာ တိုက်ခိုက်ကြရမည် ဖြစ်၏။

သံမဏိနတ်ကျာပွတ် ကျူမင်က သူ၏ အဆစ် တစ်ဆယ့်နှစ်ဆစ်ပါသော သံမဏိနတ်ကြာပွတ်ကို အင်္ကျီလက်စကြီး





အတွင်းမှ ထုတ်ကာ သူ၏လက်ထောက် ဂိုဏ်းချုပ်ကြီး တစ်ယောက်ဆီသို့ ပစ်ပေးလိုက်သည်။

ပြီးနောက် သူက ချူးချင်းကို စူးစိုက် ကြည့်လိုက်ပြီး….

"ကိုင်း….မင်းမသေခင်မှာ မှာစရာရှိတာတွေကို မှာကြားသွားနိုင်တယ်"

ချူးချင်းက ခနဲ့ပြုံး တစ်ချက်ပြုံးလိုက်ရင်းက….

"ကိစ္စမရှိပါဘူး၊ ခင်ဗျားကိုယ် ခင်ဗျားပဲ ဂရုစိုက်ပါ"

"ဒူ"

ပထမအချီ စတင်ရန် အချက်ပေးလိုက်လေပြီ။

"ဟေး….ချူးချင်းကွ"

"ဟေး….ဂိုဏ်းချုပ်ကြီးကွ"

ဝံပုလွေဂိုဏ်းသားများနှင့် သွေးပင့်ကူ ဂိုဏ်းသားများ၏ အော်ဟစ် အားပေးသံကြီးများက တစ်ခဲနက် ထွက်ပေါ်လာကြသည်၊

"ဝိုး….ဝိုး….ဝိုး"

"ဟူး….ဟူး…. ဟူး"

စလျှင်စချင်းပင် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်က လက်ဝါးနှစ်ဘက် ဝှေ့ယမ်းပစ်လိုက်သည်။

လက်ဝါးနှစ်ဘက် ဝှေ့ယမ်းပစ်လိုက်သည်နှင့် ပြင်းထန်သောလက်၏လေတိုးမှုကြောင့်ဝန်းကျင်တစ်ခုလုံးလေမုန်တိုင်းကျလာသည့်အလား လေသံများက တဝေါဝေါပေါ်လာကာ လေပြင်းတစ်ချက် ဝှေ့ယမ်းဖြစ်ပေါ်လာလေသည်။

"ဟူး"

ချူးချင်းကလည်း လက်ဝါးနှစ်ဘက်ကို တိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်သည်။

သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်က ချူးချင်း လက်ဝါးဝှေ့ယမ်းဟန်နှင့် လှုပ်ရှားဟန်များကို စူးစိုက်ကြည့်လိုက်သည်။

အဓိပတိ သိုင်းကိုးကွက်ကို ထုတ်သုံးမည်ဆိုပါက မိမိအနေဖြင့် အခြားနည်းလမ်းရှာကာ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ရပေမည်။

"ယား"

ရုတ်တရက် သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်က လက်ဝါးနှစ်ဘက် ဝှေ့ယမ်းလိုက်ပြီး ချူးချင်းထံသို့ လှမ်းဝင်ကာ တောင်ဖြိုလက်ဝါးရိုက်ချက်ဖြင့် ချူးချင်းကို ဟူးခနဲရိုက်ချပစ်လိုက်သည်။





"ဖြောင်း"

"ဝုန်း"

ချူးချင်းကလည်း မိုးနဂါးလက်ပြင်းရိုက်ချက်ဖြင့် တုံ့ပြန်လိုက်သည်။

လက်ဝါးများ ပြင်းထန်စွာ ဆုံတွေ့ကာ ဝုန်းခနဲ မြည်းဟည်းပြီး အခိုးအငွေ့များ ထွက်ပေါ်သွားရသည်။

"ဖြောင်း....ဖြောင်း....ဖြောင်း"

နှစ်ယောက်စလုံးက ဆက်တိုက်ဆိုသလိုပင် လက်ဝါးရိုက်ချက် သုံးချက်ကို ဆက်တိုက်ရိုက် တိုက်ခိုက်ပစ်ကြသည်။

လက်ဝါးချင်း ပြင်းထန်စွာ ဆိုင်ရိုက်လိုက်ကြပြီးနောက် နှစ်ယောက်စလုံး အထက်သို့ မြောက်တက်သွားကြသည်။

ချူးချင်းက လေထဲမှာပင် ကျွမ်းတစ်ပတ် ပစ်လိုက်ကာ ဟသ်ာခရဆင်းသိုင်းကွက်ဖြင့် ကျူမင်၏ငယ်ထိပ်ဆီသို့ လက်ဝါးရိုက်ချက်ဖြင့် ဟူးခနဲ ရိုက်ပစ်လိုက်သည်။

ကျူမင်ကလည်း ထိပ်တန်းအဆင့်မြင့် ဂိုဏ်းချုပ်ကြီး တစ်ယောက်ပီပီ ငယ်ထိပ်ပေါ်သို့ မိုးကျလာသော လက်ဝါးလေတိုးသံ ကြားလိုက်ရသည်နှင့် ကိုယ်ကိုပုပေးလိုက်ပြီး လက်ဝါးကို အထက်သို့ တစ်ချက်ရိုက်တင်ပစ်လိုက်သည်။

"ဖြောင်း"

နှစ်ယောက်စလုံး လေထဲမှာပင် ချာချာလည်ထွက်သွားရကာ စင်ပေါ်သို့ ပျံလွှားငှက်များအလား ကျလာကြရသည်။

ချူးချင်းက အဓိပတိသိုင်းကိုးကွက်ကို ထုတ်သုံးဟန်မတွေ့ရသေးပါချေ။

လူချင်း ပြန်ပူးကပ်သွားသည်နှင့်တစ်ပြိုင်နက် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်က စွန်လက်သည်း ပညာဖြင့် လက်ချောင်းများကို ချူးချင်း၏မျက်နှာဆီသို့ ရုတ်တရက် ကုတ်ချလိုက်သည်။

"ဟာ"

"ဟယ်"

အောက်မှကြည့်နေသူများပင် အထိတ်တလန့်ဖြစ်ကာ လန့်ဖျပ်သွားမိလိုက်ကြလေ၏။

ချူးချင်း၏ မျက်နှာဆီသို့ ရုတ်တရက် ကုတ်ချလာသော ကျူမင်၏စွန်လက်သည်းကုတ်ဆွဲလက်ချောင်းများကိုတွေ့လိုက်ရသည်နှင့် ကိုယ်ကိုနောက်သို့ အမြန်ဆုံးလှန်ချကာ ရှောင်တိမ်းပေးလိုက်ရသည်။

"ဝှီး....ဝှီး....ဝှီး"





ကျူမင်၏လျှပ်တစ်ပြက်တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ဖြစ်သလို ချူးချင်း၏ ရှောင်တိမ်းသွားပုံမှာလည်း အံ့မခန်း လောက်အောင် မြန်ဆန်လွန်းလှပေသည်။

အကယ်၍သာ ကျူမင်၏ စွန်လက်သည်းကုတ်ဆွဲ လက်ချောင်းများနှင့်သာ အကုတ်ခံလိုက်ရပါက ချူးချင်း၏မျက်နှာမှာ အပေါက်ငါးပေါက် ဖြစ်ပေါ်သွားမည် ဖြစ်၏။

"ယား"

ချူးချင်းက ပြန်လည်လွှားဝင်လာသည်။

ကျူမင်က အသင့်စောင့်နေသည်။

ချူးချင်းက ခုန်ပျံဝင်ရောက်လာပြီး သည်တစ်ကြိမ်တွင်တော့ ခြေရော လက်ပါ ပူးတွဲတိုက်ခိုက်ပစ်လိုက်ခြင်းပင် ဖြစ်သည်။

"ဟူး"

နဂါးမြူတစ်ကောင် လူးလွန့် ဝင်ရောက်လာသည့်ပမာ တွေ့မြင်လိုက်ရသည်။ အနဂါးအမြီးယမ်းသိုင်းကွက် ဖြစ်သည်။

နဂါးအမြီးယမ်းရိုက် လက်တိုက်ကွက်ပညာရပ် ဖြစ်၏။

လျှပ်တစ်ပြက် ခြေကန်ချက်ရော လက်သိုင်းကွက်များကပါ

ကျူမင်၏ ကိုယ်ပေါ်သို့ အဆက်မပြတ် တဖွဲဖွဲကျရောက်လာသည်။

ကျူမင်၏ သိုင်းပညာကလည်း အံ့မခန်းလောက်စရာပင် ဖြစ်သည်။

ချူးချင်း၏ လျှပ်တစ်ပြက် တိုက်ခိုက်လာသော ခြေကန်ချက်နှင့် လက်သိုင်းကို အမြန်ဆုံး ရှောင်တိမ်းပေးသွားသည်။

သိုင်းကွက်ငါးဆယ်ကျော်လာသည်အထိ ပထမတစ်ချီမှာ အနိုင်အရှုံး အဖြေမပေါ်။

တစ်ယောက်ကိုတစ်ယောက် လဲကျသွားအောင် တိုက်ခိုက်နိုင်စွမ်း မရှိ။

ထို့ကြောင့် သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများက ဤပထမတစ်ချီကိုလက်ရည်တူ သရေပွဲအဖြစ် သတ်မှတ်လိုက်ကြလေတော့၏။

ဒုတိယ အချီ....

ဒုတိယအချီစသည်နှင့် ပွဲက ပိုကြမ်းလာသည်။

ကျူမင်က အဆိပ်ပင့်ကူ လက်ဝါးရိုက်ချက်များကို ထုတ်ဖော် အသုံးပြုလာသလို ချူးချင်းကလည်း အဓိပတိ သိုင်းကိုးကွက်ကို စတင်အသုံးပြုလာသည်။





"ဖြောင်း"

"ဓုန်း"

လက်ဝါးချင်းဆုံတွေ့ကာ နှစ်ယောက်စလုံး၏ ခန္ဓာကိုယ်များမှာ တုန်ခါသွားကြရသည်။

လက်ဝါးချင်း ပူးကပ်ထားမိကြရင်းမှ စက်ဝိုင်းပမာ တဝှီးဝှီး လည်ပတ်သွားကြရသည်။

"ဝုန်း"

အတန်ကြာမှ နောက်သို့ နှစ်ယောက်စလုံး လွင့်စဉ်ထွက်သွားကြရသည်။

တစ်ဆက်တည်းမှာပင် ရှေ့သို့ပြန်တက်လာကြပြီး ရင်ဆိုင်တိုက်ခိုက်လိုက်ကြပြန်သည်။

ဒုတိယအချီမှာအတော်ကလေး ကြည့်ကောင်းသော ပွဲပင် ဖြစ်သည်။

နှစ်ယောက်စလုံးကလည်း ပညာကုန်ထုတ်ကာ တိုက်ခိုက်လာကြခြင်း ဖြစ်သည်။

နှစ်ယောက်စလုံး၏ လက်ဝါးရိုက်သံများမှာ မိုးချုန်းသံများအလား စူးရှကျယ်လောင်လျက် ရှိနေ၏။

သိုင်းကွက် တစ်ရာကျော်လာသည်နှင့် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်က ချူးချင်းထံသို့ လွှားဝင်လိုက်ကာ အဆိပ်တစ်ထောင် လက်ဝါးရိုက်ချက်ဖြင့် ချူးချင်းရင်ဝအား ရိုက်ထုတ်ပစ်လိုက်လေသည်၊

ချူးချင်းကလည်း မျက်စိလျှင်လျင် ထားသူပီပီ သူ၏ လက်ဝါးနှစ်ဘက်ကို ရင်ရှေ့တွင် ကာထားရာမှ ရှေ့သို့ဆန့်ထုတ်ပစ်လိုက်ရာ....

"ဝုန်း"

နှစ်ယောက်စလုံး ပြိုင်တူနောက်သို့ လွင့်စဉ်ထွက်သွားကြရသည်။

လဲကျသွားသူက ချူးချင်း။ မားမားမတ်မတ်ရပ်နေသူက သွေးပင့်ကူ ဂိုဏ်းချုပ်ကြီးကျူမင်။

နှစ်ယောက်သား နောက်သို့ လွင့်စဉ်ထွက်သွားကြပြီးနောက် ကျူမင်က ဘာမှမဖြစ်ဘဲ ချူးချင်းက လဲကျသွားခြင်းဖြစ်သည်။

သို့သော် ချူးချင်းက ပြန်ခုန်ထလာသည်။

"ဟေး....ဂိုဏ်းချုပ်ကြီးကွ"

သွေးပင့်ကူ ဂိုဏ်းသားများက သူတို့၏ ဂိုဏ်းချုပ်ကြီးကို အော်ဟစ်ကာ အားပေးလိုက်ကြသည်။





ဝံပုလွေဂိုဏ်းသားများမှာ ချူးချင်းအတွက် စိုးရိမ်သွားမိကြသည်၊

သို့သော် ချူးချင်း ဘာမှမဖြစ်ဘဲ ပြန်ထလာနိုင်သည်ကို တွေ့လိုက်ရတော့မှ စိတ်အေးသွားမိကြသည်၊

"ချူးချင်းကွ....ချူးချင်း"

ဝံပုလွေဂိုဏ်းသားများက ချူးချင်းကို အော်ဟစ်အားပေးလိုက်ကြသည်၊

ယခု ဒုတိယအချိန်တွင် သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်က အရေးသာသွားသလို ဖြစ်သည်၊

သို့သော် အနိုင်အရှုံးက အဖြေပေါ်မလာပေ၊

ဒုတိယအချိန်မှာလည်း တစ်ယောက်ကိုတစ်ယောက် အနိုင်မကျဲနိုင်သဖြင့် ဂိုဏ်းချုပ်ကြီးများက သရေပွဲအဖြစ်သတ်မှတ်ပေးလိုက်ကြရပြန်သည်၊

ကျူမင်မှာ ချူးချင်း၏ အဓိပတိ သိုင်းကွက်ကိုးကွက်ကို အထင်မကြီးဖြစ်သွားရသည်။

ချူးချင်းက အဓိပတိ သိုင်းကိုးကွက်ကို ကျွမ်းကျင်စွာ တတ်မြောက်မထားဟု သူယူဆလိုက်မိသည်။

ယခု နောက်ဆုံးပွဲချီမှာ အသေအကြေ တိုက်ခိုက်ရမည့် ပွဲစဉ်ပင်ဖြစ်၏။

သူတို့နှစ်ဦး သဘောတူထားသည်မှာလည်း သုံးချီဖြစ်ပေရာ ယခုပွဲစဉ်မှာ သေရေးရှင်ရေး အရေးကြီးသည့် ပွဲစဉ်ပင် ဖြစ်၏။

သိုင်းလောကသားများမှာ ဤမျှ အစွမ်းထက် အင်အားကြီးမားလှသည့် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျုမင်ကို လက်ရည်တူ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သိုင်းလောကမှ လူသစ် ချူးချင်းကို ကြည့်ကာ တအံ့တသြဖြစ်နေကြရလေတော့၏။

သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများတို့သည် ချူးချင်းကို တိတ်တခိုးလေး ချီးကျူးနေမိကြလေ၏။

"ဒူ....ဒူ....ဒူ...."

တတိယ အချီ စတင်ရန် အချက်ပေး မောင်းသံ ထွက်ပေါ်လာလေပြီ။

"ယား"

ကျုမင်က အင်္ဂျီလက်စကြီးနှစ်ဘက် ဝှေ့ယမ်းရင်း ချူးချင်းထံသို့ လွှားဝင်လာသည်။





အင်္ဂျီလက်စကြီးနှစ်ဘက်အတွင်းမှ မည်သူမှ မြင်နိုင်စွမ်း မရှိသည့်သေးငယ်လှသော ဖုန်မှုန့်ပမာဏလောက်သာ ရှိသည့် အဆိပ်မှုန့်ကလေးများက ချူးချင်း မျက်နှာဆီသို့ တစ်ဟုန်ထိုး လွင့်ပျံလာခဲ့၏။

ထိုအဆိပ်မှုန့်များကို ကျုမင်က နောက်မှ လက်ဝါးရိုက်ချက်ဖြင့် တွန်းထုတ်ပစ်လိုက်ရာ အဆိပ်မှုန့်များက ချူးချင်းဆီသို့ ပိုမိုမြန်ဆန်သော အရှိန်အဟုန်ဖြင့် ပြေးဝင်သွားသည်။

ကျုမင်က ယုတ်မာကောက်ကျစ်သော အကြံအစည်ဖြင့် အဆိပ်မှုန့်များ တိတ်တဆိတ် ပစ်လွှတ်လိုက်သည်ကို သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကသားများ မည်သူမှ မရိပ်မိကြပေ။

"ဟူး"

ချူးချင်းက လက်ဝါးနှစ်ဘက်ကို ရှေ့သို့ဝှေ့ယမ်းပစ်လိုက်ရာ လက်ဝါးမှ ဖြစ်ပေါ်လာသော လေအဟုန်အားကြောင့် အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာသော အဆိပ်မှုန့်များသည် တစ်မုဟုတ်ချင်းမှာပင် အဝေးသို့ လွင့်စဉ်ထွက်သွားရလေတော့၏။

"ဖုန်း"

ထို့နောက် နှစ်ယောက်သား လက်ဝါးချင်း ဆိုင်ရိုက်မိကာ လက်ဝါးအစုံမှာ ပူးကပ်သွားမိကြသည်။

လက်ဝါးချင်း ပူးကပ်လိုက်မိကြပြီးနောက် နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်လိုက်မိကြသည်။

အတွင်းအားချင်း ဆိုင်ရိုက်ပစ်လိုက်ကာ နှစ်ယောက်စလုံး နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်လိုက်သည်၊

ထို့နောက် သည်တစ်ကြိမ်တော့ နောက်ဆုံးလက်ဝါးရိုက်ချက်ကို ထုတ်သုံးရန်ဟန်ပြင်လိုက်ကြသည်။

ကျူမင်က ပင့်ကူအားမာန် အဆိပ်လက်ဝါး ရိုက်ချက်ဖြင့် နောက်ဆုံးတိုက်ခိုက်ရန် ဟန်ပြင်လိုက်သလို ချူးချင်းကလည်း အဝိတိသိုင်းကိုးကွက်အတွင်းမှ တတိယသိုင်းကွက်ဖြစ်သော မိုးချုန်းလက်ဝါး ရိုက်ချက်ကို အသုံးပြုရန် ဟန်ပြင်လိုက်ရလေတော့၏။

စလျှင်စချင်းပင် နှစ်ယောက်စလုံးက ရှိသည့်အတွင်းအားကို လက်ဝါးတွင် စုစည်းထားလိုက်ကြသည်။

ပြီးနောက် ရှေ့သို့ခုန်ပျံဝင်ရောက်ကာ လက်ဝါးချင်းဆိုင်ရိုက်ပစ်လိုက်ကြသည်။





"ဝုန်း"

"အိုး"

ချူးချင်း၏ မိုးချုန်းသံကြီးတမျှ ကျယ်လောင်သော လက်ဝါး ရိုက်ချက်နှင့်အတူ ကျူမင်၏စူးဝါးစွာအော်ဟစ်လိုက်သံကြီးကပါ တစ်ဆက်တည်းထွက်ပေါ်လာသည်။

လက်ဝါးချင်း ဆိုင်ရိုက်မိလိုက်ကြပြီးနောက် သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်သည် မိုးကြိုးပစ်ချခြင်း ခံလိုက်ရသူ တစ်ယောက်အလား စင်မြင့်ကြမ်းပြင်ပေါ်သို့ဘုန်းခနဲလဲကျသွားရလေတော့၏။

"ဟာ"

"ဟယ်"

"အို"

ရုတ်တရက် သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်တစ်ယောက် မချိမဆန့်အော်ဟစ်ပြီး စင်ပေါ်သို့ ဘုန်းခနဲလဲကျသွားသည်ကို မြင်လိုက်ရသောအခါ အားလုံးမှာ တအံ့တသြဖြစ်သွားကြရလေတော့၏။

"ဟေး....ချူးချင်းကွ"

"ဝံပုလွေဖြူကွ"

"ဝံပုလွေဂိုဏ်းကွ"

"ဒါမှ အဖြူရောင် သိုင်းသမားကွ"

တစ်ခဏကြာမှ အားလုံးမှာ သတိပြန်ဝင်လာကြပြီး ချူးချင်းကို အော်ဟစ်ချီးကျူး ဂုဏ်ပြုလိုက်ကြလေ၏၊

ချူးချင်း အောင်ပွဲခံလိုက်သည်နှင့် အဖြူရောင်သိုင်းလောကသားများ၊ အမှန်တရားဘက်တော်သားများ၊ ဝံပုလွေ ဂိုဏ်းသားများ၊ သိုင်းလောကစောင့်ရှောက်သူအဘိုးအို၊ နတ်ဆေးကိုယ်တော် ရသေ့ကြီး၊ ကျောက်ကြိုးဝှေ့နှင့် ချင်းဟိုတို့မှစ အားရဝမ်းသာ အော်ဟစ်ဂုဏ်ပြုလိုက်မိကြလေ၏။

ယင်းအချိန်မှာပင်....

"ဝှစ်....ဝှစ်....ဝှစ်"

"ဝှီး....ဝှီး....ဝှီး"

ရုတ်တရက် သွေးပင့်ကူဂိုဏ်းသားများက ကြိုတင် စီစဉ်ထားကြသည့်အတိုင်း လက်နက်ပုန်းများကို တရစပ်ပစ်လွှတ်ကာ ချူးချင်းကို ပစ်ခတ်တိုက်ခိုက်လိုက်ကြသေသည်။

"ဖြန်း....ဖြန်း....ဖြန်း"





ရုတ်တရက် သိုင်းလောက စောင့်ရှောက်သူ ဘိုးဘိုးနှင့် နတ်ဆေးကိုယ်တော်ရသေ့ကြီးတို့က စင်ပေါ်သို့ လွှားတတ်လာပြီး အင်္ကျီလက်စကြီးများကို ဝှေ့ယမ်းပစ်လိုက်ရာ သွေးပင့်ကူ ဂိုဏ်းသားများက တဟုန်ထိုးပစ်လွှတ်လိုက်သည့် လက်နက်ပုန်းများမှာ အဝေးသို့ လွင့်စဉ်ထွက်သွားကြရလေတော့၏။

"ဟိတ်....ဝိုင်းထား"

"တစ်ယောက်မှ မလွတ်စေနဲ့"

ချက်ချင်းပင်ကျောက်ကြိုးဝှေ့နှင့်ဝံပုလွေဂိုဏ်းသားများ၊ အဖြူရောင် သစ္စာဘက်တော်သားများ ပူးပေါင်းပြီး သွေးပင့်ကူဂိုဏ်းမှ လုပ်ကြံသူ သိုင်းသမားများကို ချုပ်ကိုင်ဖမ်းဆီးထားလိုက်ကြလေသည်။

သွေးပင့်ကူဂိုဏ်းသားများမှာလည်း ခေါင်းဆောင်ကျဆုံးသွားပြီဖြစ်ရာ ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ဖြစ်သွားကြရပြီး အဖြူရောင်သိုင်းလောကသားများအဖြစ်သို့ ခံယူမည်ဖြစ်ကြောင်း ကတိပြုလိုက်ကြရလေတော့၏။

အနက်ရောင် သိုင်းလောကသားများမှာလည်း သူတို့၏ အရှင်သခင်အမှောင်လောကသခင်ကြီးကျူမင်ကျဆုံးပြီဖြစ်ရာ

စကားမဆိုဝံ့တော့ဘဲ နေရာမှနေ၍ တိတ်ဆိတ်စွာ ထွက်ခွာသွားကြလေကုန်၏။

အဖြူရောင် သိုင်းလောကသားများ၏ မဟာအောင်ပွဲကြီးပင် ဖြစ်ပေတော့၏။

သိုင်းလောကကို အမျိုးမျိုးဒုက္ခပေး နှောင့်ယှက်နေသော အနက်ရောင် အမှောင်သခင်ကြီးကျူမင်နှင့်တကွ သွေးပင့်ကူဂိုဏ်းကြီးမှာ နိဂ္ဂုံတံသွားရလေပြီ။

ကျူမင်မှာ ချူးချင်းအသုံးပြုလိုက်သော အဓိပတိ သိုင်းကိုးကွက်ဖြစ်သော မိုးချုန်းလက်ဝါးရိုက်ချက်ကို ပြင်းထန်စွာ ထိမှန်ခံလိုက်ရပြီး ပြန်မထနိုင်တော့ဘဲ ကျဆုံးခဲ့ရလေပြီ။

"ဟင်း"

ချူးချင်းမှာ မိဘနှစ်ပါးအတွက် သွေးကြွေးကိုလှလှပပကြီး ပြန်ဆပ်လိုက်ရပေရာ ရင်ထဲတွင် အလွန်အမင်းပေါ့ပါးသွားရလေတော့၏။

ကျေနပ်ပီတိများကလည်း သူ့တစ်ကိုယ်လုံး ဖုံးလွှမ်းထားလျက် ရှိ၏။

"ဟေး....ဟေး....ဟေး"

"ဟေး....ဟေး....ဟေး"





အမှန်တရားဘက်တော်သားများ၏ ကြွေးကြော်သံ၊ အော်ဟစ်သံများမှာ မိုးချုန်းသံကြီးများအလား တရားမျှတတောင်ပေါ်တွင် ပဲ့တင်ထပ်သွားရသည်။

ဒုစရိုက်သမားများမှာ ချူးချင်း၏ သိုင်းပညာစွမ်းရည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီဖြစ်ရာ တုန်လှုပ်ခြောက်ခြားသွားကြရလေတော့သည်။

ယင်းအချိန်ကလေးမှာပင် သိုင်းလောကစောင့်ရှောက်သူ ဘိုးဘိုးက စင်မြင့်ထက်မှနေ၍ လက်ကို ဝှေ့ယမ်းပြလိုက်ရာ အားလုံးမှာ စိတ်ပါဝင်စားစွာဖြင့် တိတ်ဆိတ်စွာ ငြိမ်သက်သွားကြလေတော့၏။

သိုင်းလောကစောင့်ရှောက်သူ ဘိုးဘိုးက သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောကမှ ထင်ရှားသော ပုဂ္ဂိုလ်များကို အရိုအသေပြုလိုက်ပြီး သိုင်းလောကသားများဘက်သို့ လှည့်လိုက်ကာ....

"အခုအချိန်ကစပြီး သိုင်းလောကကို ဆက်လက် စောင့်ရှောက်ဖို့အတွက် အဖြူရောင် သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းကို ထူထောင်လိုက်ပါပြီ....

"ဒီ အဖြူရောင်သိုင်းဂိုဏ်းကြီးရဲ့ နာမည်ကတော့ ဝံပုလွေဖြူဖြစ်ပြီး ဂိုဏ်းချုပ်ကတော့ ဝံပုလွေဖြူချူးချင်းပဲ ဖြစ်ပါတယ်....

"ဂိုဏ်းအထိမ်းအမှတ်အဖြစ် ဟောဒီ ဝံပုလွေခေါင်းကိုဂိုဏ်းချုပ်ကြီး ချူးချင်းကို အပ်နှံမှာ ဖြစ်ပါတယ်"

သိုင်းလောကစောင့်ရှောက်သူအတိုးအိုက စကားဆုံးသည်နှင့် သိုင်းလောကသားတိုင်း အလွန်မက်မောလိုချင်ကြသည့် ဝံပုလွေခေါင်းခေါင်ရတနာမြေပုံခေါင်းကို ချူးချင်းလက်သို့ အပ်နှံပေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ကျန်းမာပါစေ"

"ဂိုဏ်းချုပ်ကြီး ချမ်းသာပါစေ"

"ဂိုဏ်းချုပ်ကြီး အသက်ရာကျော် ရှည်ပါစေ"

ချူးချင်းလက်ထဲသို့ ဂိုဏ်းချုပ်အထိမ်းအမှတ် ဝံပုလွေခေါင်းရောက်ရှိလာသည်နှင့် ဝံပုလွေဂိုဏ်းသားများက တညီတညွတ်တည်း ကြွေးကြော် အော်ဟစ်လိုက်ကြသည်။

သူတို့၏ ဟစ်အော် ကြွေးကြော်သံများမှာ တရားမျှတတောင်ကုန်းကြီးတစ်ခုလုံးကို သိမ့်သိမ့်တုန်မတတ် ရိုက်ခတ်ပဲ့တင်သွားရလေတော့၏။

ရှောင်လင်၊ ဝူတန်၊ ဝူမိန်၊ ထိုက်ကျိ စသော သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းလောက အဓိပတိကြီးများကလည်း ဝံပုလွေဖြူဂိုဏ်းကို အသိအမှတ်ပြုလိုက်ပြီး ဂိုဏ်းချုပ်ကြီးတစ်ယောက်အဖြစ် ခန့်အပ်လိုက်ကြလေသည်။





ချူးချင်းက စင်မြင့်ထက်မှနေ၍....

"ကျွန်တော်တို့ရဲ့ ဝံပုလွေဖြူဂိုဏ်းမှာ ဒုတိယဂိုဏ်းချုပ်အဖြစ် အစ်ကိုကြီး ကျောက်ကြုံးဝေ့ကို ကျွန်တော်က ခန့်အပ်လိုက်ပါတယ်"

"ဟေး"

"ဟေး"

"ဟေး"

သဘောတူ ကြွေးကြော်လိုက်သံများက ဆူညံသွားပြန်သည်။

ချူးချင်းစကားကြောင့် သိုင်းလောက စောင့်ရှောက်သူဘိုးဘိုး၊ နတ်ဆေးကိုယ်တော် ရသေ့ကြီး၊ ကျောက်ကြုံးဝေ့နှင့် ချင်းဟိုတို့မှာ အပြုံးပန်းများ ဝေသွားရသည်။

ကျောက်ကြုံးဝေ့နှင့် ချူးချင်းတို့မှာ တစ်ယောက်လက်တစ်ယောက် တင်းကျပ်စွာဆုပ်ကိုင်ထားလိုက်မိကြရင်း အပြုံးချင်း ဖလှယ်မိကြသည်။

ယင်းအချိန်မှာပင်....

"ဂိုဏ်းချုပ်ကြီး"

မိန်းမငယ်လေး ချင်းဟိုက အနီးရောက်လာပြီး ချူးချင်း

ကို ဂိုဏ်းချုပ်ကြီးဟု တရိုတသေခေါ်ကာ ဦးညွှတ် အရိုအသေပြုလိုက်သည်။

ချူးချင်းက လက်ကာပြလိုက်ပြီး....

"အို....ညီမ၊ ခါတိုင်း ခေါ်နေကျအတိုင်းပဲ အစ်ကိုလို့ ခေါ်ပါ၊ ဂိုဏ်းချုပ်ကြီးလို့ ခေါ်နေစရာမလိုပါဘူး"

ထို နောက် သူတို့သုံးယောက် လက်ချင်းမြဲမြဲတွဲကာ ရပ်နေမိလိုက်ကြသည်။

မကြာမီ ဝံပုလွေဂိုဏ်းသားများက တဖွဲဖွဲ ရောက်ရှိလာကြပြီး ချူးချင်းကို ၎င်းတို့၏ ဂိုဏ်းချုပ်ကြီးအဖြစ် လာရောက်ဂါရဝပြုကြလေတော့၏။

ဤသည်ကိုကြည့်ကာ သိုင်းလောကသားများ၊ သိုင်းဂိုဏ်းချုပ်ကြီးများ၊ သိုင်းလောကကိုစောင့်ရှောက်သူ ဘိုးဘိုးနှင့် နတ်ဆေးကိုယ်တော် ရသေ့ကြီးတို့မှာ အပြုံးပန်းများ ဝေဆာသွားကြရလေတော့၏။

* * *





မိုးမခ တောင်ကုန်း....

မိုးမခတောင်ကုန်းဆိုသည့်အတိုင်း မိုးမခပင်များက မိန်းမပျိုကလေးများ စီတန်းရပ်နေသည့်အလား လှပစွာ ပေါက်ရောက်လျက် ရှိနေကြ၏။

မိုးတိတ်သွားပြီဖြစ်၍ တောင်ကုန်းတစ်ခုလုံး မြေသင်းနံ့ တလှူလှူ ထွက်ပေါ်နေကာ အအေးဓာတ်ကစိမ့်ဖြာလျက် ရှိနေသည်။

တောင်ကုန်းပေါ်မှ မိုးမခပင်များ ခြေရင်းတွင် မြေပုံအသစ်ကလေးတစ်ခုက ရှိနေသည်။

မြေပုံကလေးအပေါ်သို့ မိုးမခပွင့်ကလေးများ တဖွဲဖွဲ ကြွေသက်ဆင်းလျက် ရှိနေကြ၏။

လေအဝှေ့ဝယ် မြေပုံကလေးအပေါ်မှ မိုးမခပွင့်ကလေးများသည် မြေပုံပေါ်တွင် လူးလှိမ့်လှုပ်ရှားသွားကြလေသည်။

မြေပုံကလေး၏ခေါင်းရင်းတွင် မှတ်တိုင်တစ်ခုက စိုက်ထူထားသည်။

မှတ်တိုင် ပျဉ်ပြားထက်တွင် သွေးနှင်းဆီမယ် မေဇွားဟု ရေးသားထားသည်။

မြေပုံကလေးသည် ချူးချင်းကို အသက်ပေးချစ်သွားသော

သွေးနှင်းဆီမယ် မေဝှား၏ လဲလျောင်းရာ နေရာကလေးပင် ဖြစ်ပေတော့သည်။

မြေပုံကလေး၏ဝန်းကျင်တွင် မြေသင်းနံ့များ၊ မိုးမခပင် အနံ့ကလေးများက သင်းထုံလျက် ရှိနေ၏။

ယင်းအချိန်မှာပင် တောင်ကုန်းထက်သို့ လုလင်ပျို တစ်ယောက်နှင့် လုံမပျိုတစ်ယောက်တို့ ဖြည်းညင်းစွာတက်ရောက်လာကြလေသည်။

လုလင်ပျိုနှင့် လုံမပျိုတို့က မြေပုံကလေးရှေ့ ရောက်သည်နှင့် အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို ထွန်းညှိကာ မေဝှားအတွက် ဆုမွန်ကောင်းများ တောင်းပေးလိုက်ကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

လေတိုးသံ တဟူးဟူးကြားနေရသည်မှအပ အခြား မည်သည့် အသံကိုမျှ မကြားရပေ။

မိုးမခပွင့်ကလေးများသည် တဖွဲဖွဲကျဆင်းလျက် ရှိနေကြသည်။

အမွှေးတိုင်နှင့် ဖယောင်းတိုင် အငွေ့များသည် မြေပုံကလေး ခေါင်းရင်းတွင် တလူလူနှင့် ရှိနေကြ၏။





ကြာပန်းမယ် ချင်းဟိုက လက်နှစ်ဘက်ဆုပ်ကာ....

"ညီမလေး မေဝှား၊ အစ်ကိုချင်းအသက်ကို ညီမလေးက အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့တဲ့အတွက် မမ တစ်သက်လုံး ညီမလေးကို ကျေးဇူးတင်သွားမှာပါ၊ ညီမလေးအသက်နဲ့ လဲပြီး ဆောင်ရွက်ခဲ့တဲ့လုပ်ရပ်ကို မမ ဘယ်တော့မှ မမေ့ပါဘူး ကွယ်"

ကြာပန်းမယ် ချင်းဟိုကပြောရင်း သွေးနှင်းဆီမယ် မေဝှားအတွက် ကောင်းမွန်ရာရောက်စေရန် ဆုမွန်ကောင်းများ တောင်းပေးလိုက်သည်။

ချူးချင်းဘာလည်း တိုင်တည်ပြီး မေဝှားအတွက် ဆုမွန်ကောင်း တောင်းပေးလိုက်လေသည်။

ထို့နောက် နှစ်ယောက်သား မိုးမခပွင့်ကလေးများ ဖုံးလွှမ်းနေသည့် မြေပုံကလေးကို စူးစိုက်ကြည့်နေမိကြသည်။

သွေးနှင်းဆီမယ် မေဝှားသည်ကား ဤ မြေပုံကလေး အတွင်း ငြိမ်းအေးချမ်းသာစွာဖြင့် ထာဝရ အိပ်စက်လျက် ရှိနေလေပြီ။

"နေရစ်ခဲ့တော့ မေဝှားရေ"

"နေရစ်ခဲ့တော့ ညီမရေ"

ထို့နောက် ချစ်သူနှစ်ဦးတို့က ဝမ်းနည်းကြေကွဲစွာဖြင့် မြေပုံကလေးကို ကျောခိုင်း ထွက်ခွာသွားကြလေတော့၏။

မြေပုံကလေးအပေါ်သို့ မိုးမခပွင့်ကလေးများက တဖွဲဖွဲ အဆက်မပြတ် ကြွေသက်လျက်။ ။

ပြီးပါပြီ

မောင်နှင်းဆွေ